
www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ်–၇၆၁/၂၀၀၀ (၁၀)၊ မျက်နှာဖုံးခွင့်ပြုချ
၃၇/၂၀၀၁ (၁)၊ ပထမအကြိမ်၊ မတ်လ ၂၀၀၁ ခုနှစ်၊ အုပ်ရေ–၅၀၀အုပ်၊
ပန်းချီမောင်မောင်သိုက်၊ ကာလာခွဲ မြကျွန်းသာ၊ အတွင်းနှင့် မျက်နှာဖုံးအား
(၀၅၄၄၉–မြ)၊ ဟံသာပုံနှိပ်တိုက်–၁၁၊ ၁၂၅လမ်း။ မင်္ဂလာတောင်ညွန့်
မောင်နှင်းဆွေ (၀၉၈၃–မြ)၊ ပန်းလက်ဆောင်စာပေ ၅၁၆ (ခ)၊ ပုလဲ (
ရပ်ကွက်၊ မ/ဥက္ကလာပ၊ ရန်ကုန်မြို့မှ ထုတ်ဝေပါသည်။
စာအုပ်တန်ဖိုး–၃၀၀/–

BURMESE CLASSIC .com

လျှို့ဝှက်ဆန်းကြယ်စာတည်းတစ်ဦးပြုစုသည့်

# လျှို့ဝှက်ဆန်းကြယ်ကမ္ဘာနယ်

## SIR ARTHUR CONAN DOYLE

# THE LOST WORLD

www.burmeseclassic.com

www.burmeseclassic.com

## ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

စည်းကမ်းလိုက်နာ သားကောင်းကွာ
စည်းကမ်းရှိမှ တိုးတက်မည်
စည်းမျဉ်းကိုက်ညီ သားကောင်းသည်

နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေ ပေါ်ပေါက်ရေးသည်
ပြည်ထောင်စုသားအားလုံး၏ ပဓာနကျသော
တာဝန်ဖြစ်သည်။

### ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ် ချေမှုန်းကြ။

## အမှာစာ

အင်္ဂလိပ်လူမျိုး ကမ္ဘာကျော်စာရေးဆရာကြီး ဆာအာသာကိုနင်ဒွိုင်း၏ THE LOST WORLD ဝတ္ထုကို "လျှို့ဝှက်ဆန်းကြယ်ကမ္ဘာနယ်" အမည်ဖြင့် ပြန်ဆိုလိုက်ပါသည်။ ဤဝတ္ထုကို ၁၉၅၁-၅၂ ခန့်လောက်က တက္ကသိုလ်ဝင်တန်းအတွက် သင်ကြားပြဋ္ဌာန်းခဲ့ပါသည်။ အကျဉ်းချုံးထားသော ထိုပြဋ္ဌာန်းစာအုပ်ကို ဆရာတက်တိုး၊ ဆရာရဲစိုးတို့ ဘာသာပြန်ခဲ့ကြသည်ကို မှတ်မိပါသည်။ ယခုအပိုင်း၌ ဘာသာပြန်စာပေများတွင်ကျယ်လာသောအခါ ထိုစာအုပ်ကို ပြန်သတိရမိသည်။ သိပ္ပံပညာနောက်ခံထားသော စွန့်စားခန်း[illegible] လူငယ်လူရွယ်များကို ရဲရင့်နိုးကြားသော စိတ်ဓာတ်[illegible] ဆောင်ပေးနိုင်စွမ်းသော ဝတ္ထုတစ်ပုဒ်ဖြစ်ပါသည်။ [illegible] ဘာသာပြန်ထုတ်ဝေခဲ့သည်မှာ (နှစ်-၄၀)[illegible]

[illegible]

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ရာ ထိုစာအုပ်များ ရှားပါးနေပါပြီ။ မျက်မှောက်ခေတ်လူငယ်စာဖတ်ပရိသတ်များ ဖတ်ရှုနိုင်ခွင့်ကြုံရန် မလွယ်ကူပါ။ ထို့ကြောင့်ပင် ထပ်မံပြန်ဆိုလိုက်ခြင်း ဖြစ်ပါသည်။

ယခုပြန်ဆိုရာတွင် ယခင်ကျောင်းသုံးပြဋ္ဌာန်းခဲ့သော အကျဉ်းချုံးစာအုပ်မှချည်း ပြန်ဆိုခြင်းမဟုတ်ပါ၊ စာအုပ်အရွယ်အစား အနေတော်ဖြစ်စေရန်အတွက် လည်းကောင်း၊ ရသအား (အကျဉ်းချုံးစာအုပ်ထက် ပိုမိုကောင်းစေရန်အတွက်လည်းကောင်း၊ အချို့သော အခန်းတို့ကို မူရင်းစာအုပ်မှ ပြန်ဆိုလိုက်ပါသည်။

ဤစာအုပ်အကြောင်းကို လိုအပ်သမျှဖော်ပြပြီးလျှင် မူလစာရေးဆရာကြီးအကြောင်း အနည်းငယ်ဖော်ပြလိုပါသည်။ မူလစာရေးဆရာ ဆာအာသာကိုနင်ဒွိုင်းမှာ ၁၈၅၉ ခုနှစ် ဖွားမြင်၍ ၁၉၃၀ ပြည့်နှစ်၌ကွယ်လွန်ခဲ့သော စာရေးဆရာကြီး ဖြစ်ပါသည်။ ဆရာကြီး ဖန်တီးလိုက်သော စုံထောက်ကြီးရှားလော့ဟုမ်းမှာ ကမ္ဘာ့စာဖတ်ပရိသတ်၏အသည်းစွဲ ဖြစ်ခဲ့ရပါသည်။ ရှားလော့ဟုမ်းဝတ္ထုများကို စာရေးဆရာကြီး ရွှေဥဒေါင်းက "စုံထောက်မောင်စံရှား" အမည်ဖြင့် မှီငြမ်းရေးသားကာ မြန်မာစာဖတ်ပရိသတ်သို့ တင်ဆက်ခဲ့ရာ အောင်





မြင်လှပါသည်။ စုံထောက်မောင်စံရှားသည် ပရိသတ်၏ အသည်းစွဲဇာတ်ကောင် ဖြစ်ပါသည်။

ဆရာကြီးရွှေဥဒေါင်း၏ /ကျေးဇူးကြောင့် ကိုနင်ဒွိုင်းကို စုံထောက်စာရေးဆရာကြီးဟု မြန်မာစာဖတ်ပရိသတ်က သိထားကြပါသည်။ သို့သော် ကိုနင်ဒွိုင်းသည် စုံထောက်စာပေတစ်မျိုးတည်းကိုသာ ရေးသားခဲ့သည် မဟုတ်ပါ။ ပင်တိုင်ဇာတ်ကောင် ပရော်ဖက်ဆာချလင်ဂျာနှင့် သိပ္ပံပညာရေးရာဝတ္ထုများ၊ ရာဇဝင်နောက်ခံ ဝတ္ထုများနှင့် လောကီပညာဟု ခေါ်ဆိုခဲ့ကြသော စုန်းကဝေ၊ တစ္ဆေ၊ ဝိဉာဉ်အကြောင်းဝတ္ထုများ၊ ဘဏီဝေး ဒီးယားဂျရက် စွန့်စားခန်းဝတ္ထုများကိုပါ ရေးသားခဲ့ပါသည်။ မည်သည့်အကြောင်းအရာကိုပင် ရေးသားသည်ဖြစ်စေ ကိုနင်ဒွိုင်းမှာ ဇာတ်လမ်းဇာတ်ကွက်တည်ဆောက်ပုံကောင်းမွန်ခြင်း၊ အချိတ်အဆက်မိခြင်း၊ ဇာတ်ကောင်စရိုက်သရုပ်ဖော်ပီပြင်ခြင်း စသည်တို့ကြောင့် သူ့ဝတ္ထုတို့မှာ စာဖတ်သူများကို ကောင်းစွာဖမ်းစားနိုင်ကြသည်ဖြစ်ပါသည်။



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

## ၄ လျှို့ဝှက်ဆန်းကြယ်စာတည်းတစ်ဦး

ယခု"လျှို့ဝှက်ဆန်းကြယ်ကမ္ဘာနယ်"ဝတ္ထုကို လွန်ခဲ့သော နှစ် (၄၀)ကျော်က ဖတ်ရှုခဲ့ကြသော ယခုလူကြီးပိုင်း ရောက်လာကြသည့် ပရိတ်သတ်များ ပြန်လည်စားမြုံ့ ပြန်နိုင်ကြပြီး မဖတ်ကြရသေးသော ပရိသတ်လည်း ဆရာကြီးကိုနင်ဒွိုင်း၏ ကျော်ကြားသောဝတ္ထုတစ်ပုဒ် ကိုမြည်စမ်းအရသာခံနိုင်ကြလိမ့်မည်ဟု ယုံကြည်ပါ သည်။

## လျှို့ဝှက်ဆန်းကြယ်စာတည်းတစ်ဦး



BURMESE CLASSIC .com

## အခန်း (၁)

### ရှုံ့စားမှုကို ရှာဖွေခြင်း

ဂလက်ဒစ်၏ဖခင်ဖြစ်သူ မစ္စတာဟာန်ဂါတင်မှာ [illegible] ကို ပတ်ဝန်းကျင်နှင့် လိုက်လျောညီထွေဖြစ်အောင် [illegible] ဆိုင်တတ်သူတစ်ယောက် ဖြစ်ပါပေသည်။ သူ့ပုံမှာ အမွှေးအမျှင် ထူထူနှင့် ပုံမကျပန်းမကျ သတ္တဝါကြီးတစ်ကောင်နှင့် တူပါသည်။ စိတ်သဘောကောင်းမွန်သည်မှန်သော်လည်း ဘယ်တော့မျှ [illegible] သူ့ကိုယ်ရေးကိုယ်တာကိစ္စ၌သာ စိတ်ဝင်စား၊ ဦးစား[illegible] သူဖြစ်ပါ၏။ အကယ်၍ ကျွန်တော့်ကို ဂလက်ဒစ်[illegible] [illegible] ကြဉ်သွားစေမည့် အကြောင်းတစ်ခုရှိမည်ဆိုပါလျှင် [illegible] သည် ထိုကဲ့သို့သော ပုဂ္ဂိုလ်မျိုးကို ယောက္ခ[illegible] ကြောက်ရွံ့ခြင်းသာ ဖြစ်ပေလိမ့်မည်။ တစ်ပတ်လျှင် [illegible]



www.burmeseclassic.com

www.burmeseclassic.com



သူ့အိမ်သို့ ကျွန်တော်လာနေခြင်းကို မစ္စတာဟာန်ဂါတင်က သူ နှင့်တွေ့ဆုံလို၍ သူကျွမ်းကျင်လှသော ငွေကြေးသွန်းလုပ်သည့် အကြောင်းပြောဆိုသည်များကို နားထောင်ချင်၍မှတ်ထင်ယုံ ကြည်နေသည်ကို ကျွန်တော်သိပါသည်။

ကျွန်တော်သည် တစ်နာရီမျှလောက် သို့မဟုတ် တစ်ည နေလုံးလိုလို သူတဖျစ်တောက်တောက်ပြောနေသည့် ငွေကြေး တန်ဖိုးကျဆင်းသည့်အကြောင်း၊ နိုင်ငံခြားငွေလဲလှယ်မှုအခြေ အနေအကြောင်း စသည်တို့ကို နားထောင်နေရပါသည်။ သူပြော ဆိုချက်များအပေါ်တွင် ကျွန်တော်၏ပေါ့ပေါ့ဆဆအဖြေများ ကိုကြားရလျှင် ဤအကြောင်းအရာများနှင့် ပတ်သက်၍ ဟုတ္တ ပတ္တိဆွေးနွေး၍ ဖြစ်မည်မဟုတ်ကြောင်း သူသိပါတော့သည်။ သူ သည် ကုလားထိုင်မှထလိုက်ပြီး အစည်းအဝေးတစ်ခု တက်ရောက် ရန် အဝတ်လဲဖို့ထွက်သွားပါသည်။

နောက်ဆုံးတွင် ကျွန်တော်နှင့် ဂလက်ဒစ်တို့နှစ်ဦးတည်း သာကျန်ရစ်ခဲ့ကြပါသည်။ အဆုံးအဖြတ်ဖြစ်စေမည့် အချိန်ကား ရောက်ရှိလာပါပြီ။ တစ်ညနေလုံးလိုပင် ကျွန်တော်သည် ရုတ် တရက် ရန်သူကိုဝင်ရောက်စီးနင်းတိုက်ခိုက်ရန် အချက်ပြလိုက် မည်ကို စောင့်ကြည့်နေရသည့် စစ်သားတစ်ဦး၏ခံစားရမှုမျိုး ရင်ဝယ်ဖြစ်ပေါ်နေပါ၏။ အောင်မြင်မှုသရဖူကို ဆောင်းရမည်





လော၊ သို့မဟုတ် အရှုံးကိုပင် ရင်ဆိုင်ရမည်လော။

အနီရောင် ခန်းဆီးနောက်ခံရှေ့၌ ထိုင်လျက်ရှိသော ဂလက်ဒစ်၏ပုံပန်းမှာ နူးညံ့သလောက် တင့်တယ်ခံ့ထည်ပါ ပေသည်။ အလှဘုရင်မလေးတစ်ပါး ပါပေတည်း။ ယခုထိလည်း လက်လှမ်းမမီနိုင်သေးပါကကား။ ကျွန်တော်တို့သည် ရင်းနှီး သောမိတ်ဆွေများ ဖြစ်ကြပါသည်။ မိတ်ဆွေရင်းချာများမှန် သော်လည်း ကျွန်တော်နှင့် သတင်းစာတိုက်၌ လုပ်ဖော်ကိုင်ဖက် ဖြစ်သော သတင်းထောက်တစ်ဦးကဲ့သို့ကား အချင်းချင်းပွင့်လင်း ခြင်း၊ ကြင်နာခြင်း၊ ရဲဘော်စိတ်ရှိခြင်းမျိုးအဆင့်ထိကား မရောက်ရှိပါချေ။ ကျွန်တော်နှင့် ဆက်ဆံရေးတွင် ဂလက်ဒစ် တစ်ယောက် စိတ်အေးချမ်းသာရှိနေခြင်းကိုလည်း အနှောင့်အ ယှက် မဖြစ်စေလိုသောဆန္ဒ ကျွန်တော်၌ရှိနေပါသည်။ ဆန့်ကျင် ဘက်လိင်အပေါ်၌ တပ်မက်သောစိတ်နှင့် ချစ်မိပြီဆိုသည်နှင့် အားငယ်စိုးထိတ်ခြင်း၊ မိမိကိုယ်မိမိ မယုံကြည်ခြင်း စသည်တို့ သည် အပေါင်းအဖော်အဖြစ်နှင့် ပါလာကြပါတော့သည်။ ကမ္ဘာအစ ပထမကပင် အချစ်နှင့်အမွေမှု ဟူသည် လက်တွဲလာ ခဲ့ကြပေသည်။

အကြင်တစ်စုံတစ်ယောက်က ရှူးရှူးရဲရဲမကြည့်ဘဲ၊ စထောက်မညှာမပြောပဲနှင့် ရုံဖန်ရံခါ မျက်လွှာချနေမည်။



www.burmeseclassic.com

www.burmeseclassic.com



မျက်လုံးချင်းဆုံရာမှ ရှောင်လွှဲလိုက်မည်။ အသံကလေး ကတုန်ကယင်နှင့် မပွင့်တပွင့်ပြောမည်။ ကိုယ်အမူအရာ မဝံ့မရဲရှိမည် ဆိုပါလျှင် ထိုလက္ခဏာတို့ကား အချစ်၏ရှေ့ပြေးနိမိတ်တို့ပါပေတည်း။ ကျွန်တော်၏ တိုတောင်းသေးသော အသက်ပိုင်းမှာပင် ကျွန်တော်သည် ထိုအချက်များကို လေ့လာသိရှိမိပါသည်။ သို့မဟုတ် လူသားတို့၏ခံစားချက်သဘာဝကို အမွေဆက်ခံခဲ့သည်ဟု ဆိုနိုင်ပါလိမ့်မည်။

ဂလက်ဒစ်တွင် မိန်းမတစ်ယောက်၏ ရှိအပ်သော အရည်အချင်းမှန်သမျှ အားလုံးပြည့်စုံပါသည်။ အချို့က သူ့ကိုအေးစက်စက်မာကျောကျောနှင့်ဟု ဆိုကြပါသည်။

ထိုအဆိုကို ကျွန်တော်လက်မခံပါ။ အသားအရေမှာ အရေ့တိုင်းသူဆန်ဆန် အညိုရောင်လေးသန်းနေပါသည်။ ဆံပင်တို့က နက်မှောင်နေပြီး ဝိုင်းစက်သည့်မျက်လုံးအစုံက ရွှန်းစိုတောက်ပနေပါသည်။ ထူထဲသောနှုတ်ခမ်းလွှာက လှပစွာ ရှိနေပါသည်။ သူ့တွင်ရှိအပ်သော ဆန္ဒဇောကို အထင်းသား ဖော်ပြနေသည့်အရာမှာလည်း ထိုလှပသော နှုတ်ခမ်းလွှာတို့ပင်ဖြစ်ပါ၏။ သို့သော် ကျွန်တော်သည် ထိုနှုတ်ခမ်းလွှာတို့၌ တည်ရှိအပ်သော လျှို့ဝှက်မှုကိုကား ထိုအချိန်အထိ မရိပ်စားခဲ့သေးကြောင်း ဝန်ခံရပါလိမ့်မည်။





မည်သို့ပင်ဖြစ်စေ ယခုကား ကျွန်တော်၏အချစ်ကို ဖွင့်ဟရပါတော့မည်။ သူကခြင်းဆန်းကောင်းငြင်းဆန်ပါလိမ့်မည်။ ချစ်သူတစ်ယောက်အဖြစ် လက်မခံနိုင်စေဦးတော့ အစ်ကိုအစ်ဦးကဲ့သို့ သဘောထားလက်ခံမည်ဆိုလျှင် တော်လှပြီဟု သဘောပိုက်ရပါမည်။

ကျွန်တော်၏အတွေးများအဆုံး၌ အချိန်အတော်ကြာ တိတ်ဆိတ်နေခဲ့ပြီး ကသိကအောက်ဖြစ်နေသည့် အခြေအနေကို ဖြိုခွင်းကာ စကားစတော့မည်ဟု ကျွန်တော်ဟန်ပြင်လိုက်စဉ်မှာပင် ဂလက်ဒစ်က နက်မှောင်သောမျက်လုံးအစုံဖြင့် ကျွန်တော်တို့ကြည့်ရင်း ဦးခေါင်းကိုခပ်ဖြည်းဖြည်းယမ်းကာ စကားဆိုပါသည်။

"နက်ဒ် . . ရှင်က ကျွန်မကိုချစ်ရေးဆိုလိမ့်မယ်လို့ ကျွန်မထင်မိတယ်၊ မလုပ်လိုက်ပါနဲ့ရှင် . . လက်ရှိအခြေအနေကလေးက အင်မတန်ကောင်းနေတယ် မဟုတ်လား"

ကျွန်တော် ကုလားထိုင်ကို သူ့ဘက်တိုးကပ်လိုက်မိပါသည်။

"တို့က ချစ်ရေးဆိုတော့မယ်ဆိုတာ ဘယ်လိုလုပ်သိတာလဲဟင်" ကျွန်တော်က တအံ့တသြမေးလိုက်မိပါသည်။



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



"မိန်းမသားဆိုတာ ဘာမဆိုသိစမြဲပဲရှင့်၊ မိန်းမသားဆိုတာ နမော်နမဲ့ချည်းနေတတ်တယ်လို့ ရှင်ထင်သလား၊ ဒီမယ် .. နက်ဒ်ရယ် ကျွန်မတို့ရဲ့မိတ်ဆွေဘဝလေးဟာ သိပ်ကောင်းပါတယ်၊ ကြည်နူးစရာကောင်းပါတယ်၊ ဒီအခြေအနေပျက်ရမယ်ဆိုရင် စိတ်ထိခိုက်စရာပေါ့၊ ကျွန်မတို့ကို မိန်းမပျိုတစ်ယောက်နဲ့ ယောက်ျားပျိုတစ်ယောက်တို့ မျက်နှာချင်းဆိုင် စကားပြောနိုင်ကြတဲ့အရသာဟာ ဘယ်လောက်ကောင်းမွန်တယ်ဆိုတာ ရှင်သိတယ်မဟုတ်လား"

"ကိုယ်တော့ နားမလည်နိုင်ပါဘူး ဂလက်ဒစ်ရယ်၊ ကြည့်လေ ဟိုဟာ . . ဟို . . မီးရထားရုံပိုင်တစ်ယောက်နဲ့ မျက်နှာချင်းဆိုင်စကားပြောနိုင်တာပေါ့၊ ဒါပေမယ့် အဲဒါက ဘာများအရေးပါလို့လဲ၊ ဘာများကျေနပ်စရာရှိလို့လဲ၊ ကိုယ်ဖြစ်ချင်တာက ကိုယ်က ဂလက်ဒစ်ကိုပွေ့ပိုက်ထားလို့ ဂလက်ဒစ်က ကိုယ့်ရင်ခွင်မှာ ခေါင်းလေးမှီထားပြီး . . အို . . ဂလက်ဒစ်ရယ် ကိုယ့်ဆန္ဒကတော့ . . ."

ကျွန်တော်၏ပြင်းပြသောဆန္ဒနှင့်အညီ အပြောနောက်အလုပ်ပါလာမည်ကို မြင်လိုက်သလို ဂလက်ဒစ်က ပြုန်းခနဲ ကုလားထိုင်မှထရပ်လိုက်ပါသည်။





"ရှင်ဟာ အခြေအနေအားလုံးကို ဖျက်ဆီးပစ်လိုက်တာပဲ နက်ဒ်၊ နဂိုကဘယ်လောက်များ နှစ်သက်စရာကောင်းတဲ့ အခြေအနေလဲ၊ စိတ်မကောင်းစရာ ဖြစ်လိုက်တာရှင်၊ ရှင်ဟာ ဘာဖြစ်လို့ ကိုယ့်ကိုကိုယ် မထိန်းသိမ်းနိုင်ရတာလဲ"

"ကိုယ်တစ်ယောက်မှ မဟုတ်ပါဘူးကွယ်၊ ဒါဟာ သဘာဝပေါ့, အချစ်သဘောပါ" ဟု ကျွန်တော်က လျှောက်လဲချက်ပြုလိုက်ပါသည်။

"ထားပါတော့လေ . . အပြန်အလှန်ချစ်ကြတယ်ဆိုရင်တော့ တစ်မျိုးပေါ့၊ ဒါပေမယ့် ကျွန်မကတော့ မချစ်တတ်သေးဘူး"

"ဒါပေမယ့် မင်းချစ်ရမှာပါပဲကွယ်၊ မင်းအလှအပ၊ မင့်စိတ်နေစိတ်ထားနဲ့ ချစ်ရမှာပဲပေါ့ ဂလက်ဒစ်ရယ်၊ မင်းကိုအချစ်နဲ့ဖန်ဆင်းထားတာပါ အချစ်ကို ရှောင်ကွင်းလို့မရပါဘူး"

"တကယ့်အချစ်ကို တွေ့လာသည်အထိ စောင့်ရမှာပေါ့ရှင်"

"ကိုယ့်ကို ဘာဖြစ်လို့ မချစ်နိုင်တာလဲ ဂလက်ဒစ်ရယ်ဟင် . . ကိုယ့်ရုပ်ရည်ကြောင့်လား ဘာကြောင့်လဲ"

သူက ကိုယ်ကိုမတ်မတ်ထားရာမှ ခံ့ညားသောဟန်ပန်ဖြင့် လက်တစ်ဖက်ဆန့်ထုတ်ကာ ကျွန်တော်ဦးခေါင်းကို မှောက်



www.burmeseclassic.com

www.burmeseclassic.com



ဘက်တွန်းပို့လိုက်ပါသည်။ ထို့နောက် ကျွန်တော့်ကို ခပ်ယဲ့ယဲ့ အပြုံးနှင့် ကြည့်ရင်းဆိုပါသည်။

"ဒါကြောင့် မဟုတ်ပါဘူးရှင်၊ ရှင်ဟာ သွေးနထင်ရောက်နေသူတစ်ယောက် မဟုတ်လေတော့ ကျွန်မ ပွင့်ပွင့်လင်းလင်း ပြောနိုင်ပါတယ်၊ ရှင်ထင်တာထက် ပိုပြီးလေးနက်တဲ့ကိစ္စပါ"

"ကိုယ့် အကျင့်စာရိတ္တနဲ့ ပတ်သက်လို့လား"

သူက အလေးအနက် ခေါင်းညိတ်ပြပါသည်။

"ကိုယ် ဘယ်လိုပြုပြင်ရမလဲ၊ ထိုင်စမ်းပါဦး . . ရှင်းရှင်းလင်းလင်း ပြောရအောင်ပါ၊ အို . . စိတ်ချလက်ချ ထိုင်ပါကွယ်"

သူက မယုံမရဲအမူအရာဖြင့် ကျွန်တော့်ကို ကြည့်နေပါလေသည်။ ထိုကိစ္စမျိုးကို အဖြူအမည်းသဲကွဲအောင် ပြောဖို့ပြုလုပ်ကြရသည့်အခါတွင် ကျွန်တော်တို့၏ ခံစားမှုအမူအရာတို့မှာ တိရစ္ဆာန်သဘာဝနှင့် တူညီသလောက် ရှိတတ်သည်ထင်ပါ၏။ နောက်ဆုံးတွင် ဂလက်ဒစ်က ကုလားထိုင်၌ ဝင်ထိုင်လိုက်ပါသည်။

"ကိုင်း . . ကိုယ်ဘာချို့ယွင်းတယ်ဆိုတာ ပြောစမ်းပါဦး"

"ကျွန်မ တစ်စုံတစ်ယောက်ကို ချစ်နေတယ်"





ယခု ကုလားထိုင်မှဖြုန်းခနဲ ထရပ်လိုက်မိသည်မှာ ကျွန်တော်၏အလှည့်ဖြစ်ပါတော့၏။

"ဘယ်သူရယ်လို့တိတိကျကျ မဟုတ်ပါဘူး၊ ကျွန်မရဲ့ စိတ်ကူးထဲကလူပါ၊ ကျွန်မလိုလားတဲ့ပုံစံမျိုးနဲ့လူကို ကျွန်မခုထိ မတွေ့ရသေးပါဘူး" ဂလက်ဒစ်က ကျွန်တော်၏ပျာပျာသလဲ အမူအရာကိုကြည့်၍ ရယ်ရင်းရှင်းပြပါသည်။

"ပြောစမ်းပါဦး အဲဒီလူက ဘယ်လိုပုံမျိုးလဲ"

"အို . . သူ့ပုံပန်းက ရှင်နဲ့သိပ်တူတာပေါ့"

"အဟုတ်လားကွယ် . . ကိုင်း . . ကိုယ်မစွမ်းဆောင်နိုင်တာ သူဘာလုပ်တယ်ဆိုတာ ပြောပြစမ်းပါဦး၊ အရှင်းဆုံးပြောပါ၊ အရက်လုံးဝ မသောက်ပါဘူး၊ သက်သက်လွတ်စားသူ၊ လေသူရဲ၊ ဘာသာရေးကိုင်းရှိုင်းသူ ဒါမှမဟုတ် လူစွမ်းကောင်းဆိုတာမျိုးလား ကိုယ်ကြိုးစားကြည့်ပါမယ်၊ ဘယ်လိုဖြစ်စေချင်တယ်ဆိုတာကိုသာ ဂလက်ဒစ်ပြောပြပါ"

ကျွန်တော်က အညှံ့မခံ ချက်ချင်းတုံ့ပြန်လိုက်သောဟန်ကို သူကပြုံးပါသည်။

"အင်း . . ပထမဆုံးသိထားရမှာက ကျွန်မစိတ်ကူးထဲကလူဟာ စကားကိုဒီလိုမပြောရဘူး၊ သူဟာ ကြံ့ခိုင်တည်ကြည်



www.burmeseclassic.com

www.burmeseclassic.com



မှ အထူးကောင်းရမယ်၊ ရှုးရှုးမိုက်မိုက်ကောင်မလေး တစ်ယောက်
ဟာ ချဲလိုက်နှဲ့လိုက်တာနဲ့ တစ်ချက်တည်းလိုက်လုပ်တဲ့လူစား
မဟုတ်ရဘူး၊ ခြုံပြောရမယ်ဆိုရင် အဲဒီလူဟာ စွမ်းစွမ်းတမံ
လုပ်ကိုင်နိုင်တဲ့လူ ဖြစ်ရမယ်။ ကြီးမြတ်တဲ့စွန့်စားမှုမျိုးကို လုပ်
ကိုင်ပြီး ထူးခြားတဲ့အတွေ့အကြုံမျိုးရှိတဲ့သူ ဖြစ်ရမယ်။ ကျွန်မ
ဟာ ဘယ်တော့မှ လူတစ်ယောက်ကို ချစ်မှာမဟုတ်ဘူး၊ အဲဒီလူ
ပိုင်တဲ့ အစွမ်းဂုဏ်ရည်ကိုသာချစ်မှာ၊ အဲဒီအစွမ်းဂုဏ်ရည်ဟာ
ကျွန်မကို ရောင်ပြန်ဟပ်မယ် မဟုတ်လား၊ မိန်းမဆိုတာ အဲဒီ
လူမျိုးကိုသာ ရာသက်ပန်ကိုးကွယ်နိုင်မှာရှင့်၊ သူ့ရဲ့ကြီးမြတ်တဲ့
စွန့်စားမှုအတွက် တစ်ကမ္ဘာလုံးက ဂုဏ်ပြုတဲ့လူကို ဘယ်တော့
မှ အချစ်မလျှော့နိုင်ဘူးပေါ့ရှင်"

ဂလက်ဒစ်မှာ သူ့အာရုံ၊ သူ့အပြောဖြင့် ဘဝင်ကျဝင်စား
နေလေရာ ထိုအခိုက်၌ အထူးပိုလှနေသည်ဟု ထင်ပါ၏။
ကျွန်တော်သည် ဆွေးနွေးမှုကိုပင် အလျှော့ပေးလိုက်မိတော့
မလိုဖြစ်သွားပါသည်။ ကျွန်တော် စိတ်တင်းလိုက်ကာ စောဒက
တက်ပါသည်။

"ကိုယ်တို့အားလုံး ဘယ်လိုလုပ်ပြီး သူရဲကောင်းဖြစ်နိုင်
မလဲ၊ အခွင့်အလမ်းပေါ်ဦးမှကိုးကွယ့်၊ ကိုယ့်အဖို့ဆိုပါတော့
စွန့်စွန့်စားစားလုပ်ဖို့ အခွင့်အလမ်း မတွေ့ရပါဘူး၊ တွေ့ရင်ကြိုး





စားလုပ်မှာပေါ့"

"အို . . အခွင့်အလမ်းတွေ . . ရှင့်ပတ်ဝန်းကျင်မှာရှိပါ
တယ်၊ ကျွန်မဆိုလိုတဲ့လူဟာ သူ့အခွင့်အလမ်းကိုသူ ဖန်တီးနိုင်
ရမယ်။ ကျွန်မတို့ပတ်ဝန်းကျင်မှာ စွန့်စားလုပ်ကိုင်စရာတွေ
ရှိပါတယ်။ အဲဒါတွေဟာ ယောကျ်ားကောင်းတွေအတွက်ဖြစ်ပြီး
အမျိုးသမီးတွေကလဲ သူ့တို့အချစ်ကို အဲဒီသူရဲကောင်းတွေအ
တွက် ဆုလာဘ်အဖြစ် ပေးဆက်ဖို့ အသင့်ရှိနေမှာပါ။ ပြီးခဲ့တဲ့
အပတ်က မီးပုံးပျံစီးတဲ့ ပြင်သစ်လူရွယ်ကိုကြည့်လေ၊ အဲဒီနေ့က
လေပြင်းတိုက်ခတ်နေပေမယ့် အစီအစဉ်ကြေညာထားခဲ့တဲ့အ
တိုင်း သူဟာ မီးပုံပျံစီးတက်သွားတာပဲ၊ နှစ်ဆယ့်လေးနာရီအ
တွင်း မိုင် (၁၅၀၀)ရောက်သွားတယ်၊ ရုရှားပြည်အလယ်ပိုင်း
မှာကျတယ်၊ ကျွန်မဆိုလိုတာဟာ အဲဒီလူလိုလူစားမျိုး၊ အဲဒီလူ
ချစ်သူကိုတွေးကြည့်စမ်းပါ၊ တစ်ခြားအမျိုးသမီးတွေက မနာ
လိုအောင် ဖြစ်ဦးမယ်၊ ကျွန်မချစ်သူအတွက် တစ်ခြားအမျိုးသမီး
တွေဟာ အဲဒီလိုမနာလိုဖြစ်မှာမျိုးကို ကျွန်မမျှော်လင့်တယ်"

"မင်း . . နှစ်သက်အောင် ကိုယ်လုပ်ပါ့မယ်"

"ကျွန်မ နှစ်သက်ရုံသက်သက်အတွက် လုပ်မပြပါနဲ့၊
ကိုယ်တိုင် မစွန့်စားရ မနေနိုင်တဲ့စိတ်ဓာတ်ရှိမှ လုပ်ကိုင်ပါ၊
အခုလတုန်းက ဝိဝန်မီးသွေးတွင်းပေါက်ကွဲမှုသတင်းကို ရှင်



www.burmeseclassic.com

www.burmeseclassic.com



ရေးသားခဲ့တယ် မဟုတ်လား၊ အဲဒီမီးသွေးတွင်းထဲမှာ ဒုက္ခရောက်နေတဲ့လူတွေကို ရှင်ဆင်းပြီး အကူအညီပေးနိုင်တယ် မဟုတ်လား”

“ကိုယ်ဆင်းပြီး ကူညီခဲ့ပါတယ်”

“ရှင်ကပြောမပြခဲ့ပဲကိုး”

“ပြောပလောက်တဲ့ကိစ္စ မဟုတ်ပါဘူး”

“မဆိုနိုင်ဘူးပေါ့၊ ဒါဟာ ရှင့်ရဲ့ရဲရင့်တဲ့ အပြုအမူပါပဲ”

ဂလက်ဒ့စ်က ကျွန်တော့်ကို ပို၍စိတ်ဝင်စားပဲ့ခန့်ဖြင့် ကြည့်နေပါသည်။

“ကိုယ်လုပ်ရမှာပေါ့၊ တကယ်ပိုင်ပိုင်နိုင်နိုင် ရေးသား နိုင်ဖို့ အခင်းဖြစ်ပွားရာမှာ ကိုယ်တိုင်ကိုယ်ကျရှိရမှာပေါ့”

“ရည်ရွယ်ချက်ကလဲ သင်းပါပေ့၊ စိတ်ကူးယဉ်သမျှလေး ပျောက်ကုန်သလိုပဲ၊ ထားပါတော့လေ . . ဘယ်လိုရည်ရွယ်ပဲဖြစ်ဖြစ် ရှင်မီးသွေးတွင်းထဲ ဆင်းတာကိုပဲ တော်လှပြီလို့ယူဆပါတယ်”

သူက ခံ့ညားတဲ့အမူအရာဖြင့် လက်ပေးပါသည်။ ကျွန်တော်က သူ့လက်ကို တစ်ချက်နမ်းလိုက်ပါသည်။

“ကျွန်မကို မြီးကောင်ပေါက်မလေးတစ်ယောက်ရဲ့ စိတ်ကူးယဉ်မှုမျိုးရှိတဲ့ ခပ်ကြောင်ကြောင် အမျိုးသမီးတစ်ယောက်





လို့ယူဆချင် ယူဆနိုင်ပါတယ်။ ဒါပေမယ့် ဒါဟာ ကျွန်မရဲ့စိတ်ဓာတ်အမှန်ပဲ၊ ဒီအပြုအမူအတွက် မတတ်နိုင်ဘူး၊ ကျွန်မ လက်ထပ်မယ်ဆိုရင် ထင်ရှားကျော်ကြားတဲ့လူကိုပဲ လက်ထပ်လိုပါတယ်”

“လက်ထပ်ရမှာပေါ့ . . ယောက်ျားတွေကြီးပွားကျော်ကြားအောင် ပံ့ပိုးပေးတာဟာ မင်းလိုအမျိုးသမီးတွေပဲပေါ့၊ အခွင့်အရေးပေါ်လာရင် ကိုယ်လုပ်ပြပါမယ်။ မင်းအဆိုက အခွင့်အရေးကို ဖန်တီးယူရမယ်၊ စောင့်မနေရဘူးလို့ဆိုတယ်၊ အင်း လေကလိုက် ဆိုတဲ့ စာရေးကလေးဟာ အိန္ဒိယပြည်ကြီးကို အောင်မြင်ခဲ့တယ်၊ မြတ်စွာဘုရား . . ကိုယ်ဟာ ခုထိ ဘာမှမယ်မယ်ရရ မလုပ်ရသေးပါလား”

ကျွန်တော်က အိုင်းရစ်သွေးပီပီ၊ တက်ကြွဖျတ်လတ်မှုကို ဂလက်ဒ့စ်ကရယ်ပါ၏။

“ဖြစ်ရမှာပေါ့ ရှင့်မှာ ယောက်ျားတစ်ယောက်ရဲ့ လိုအပ်ချက်အကုန်ပြည့်စုံသားပဲ၊ ပျိုရွယ်တယ်, ကျန်းမာတယ်, ခွန်အားရှိတယ်,ပညာတတ်တယ်, ထက်မြက်တယ်၊ ရှင့်ကိုပြောဆိုခဲ့တာတွေ ဝမ်းနည်းပါတယ်၊ ဒါပေမယ့် ရှင် ခုလိုတက်တက်ကြွကြွဖြစ်လာမယ်ဆိုရင်တော့ သိပ်ဝမ်းသာမိမှာပါ”

“ထားပါတော့လေ”



www.burmeseclassic.com

www.burmeseclassic.com



သူ၏နွေးထွေးသောလက်က ကျွန်တော်၏နှုတ်ခမ်းကို လာထိပါသည်။

"ရှင်လည်း ညဦးပိုင်းအလုပ်ခွင်ဝင်ရဦးမယ်၊ နောက်ဆုံး ပြောလိုတာကတော့ တစ်နေ့မှာ လောကကြီးအတွင်း ရှင်ထိုက် ထိုက်တန်တန်နေရာ ရလာပြီဆိုတော့ အခုကိစ္စကို ထပ်ပြောကြ သေးတာပေါ့"

နှင်းဝေနေသော နိုဝင်ဘာလ၏ညနေချမ်းတွင် ကျွန် တော်သည် တက်ကြွသောစိတ်နှင့် နောင်အခါတွင် ဂလက်ဒစ် အတွက် တန်ဖိုးရှိသော လုပ်ဆောင်ချက်မရှိပဲ တစ်နေ့တစ်ရက် မျှ မကုန်ဆုံးစေရဟု အခိုင်အမာ ဆုံးဖြတ်ရင်းပြန်ခဲ့ပါသည်။

သို့သော် ကျယ်ဝန်းလှသော ကမ္ဘာကြီးအတွင်း၌ လူတိုင်း အတွက် ကြီးမြတ်သောစွန့်စားစရာဟူ၍ ရှိနေပါမည်လော။ ကျွန်တော်သည် ပတ်ဝန်းကျင်၌ရှိနေသည်ဆိုသော စွန့်စားမှုကို ရှာဖွေဆောင်ရွက်ပါတော့မည်။ ဂလက်ဒစ်က သူ၏ကျော်ကြား မှုအတွက် ကျွန်တော်သက်စွန့် ကြိုးပမ်းဆောင်ရွက်စေသည်မှာ စာင်းမာလေသလော၊ တစ်ကိုယ်ကောင်းဆန်သလော၊ သို့သော် အရှုးအမူးဖမ်းစားခြင်းခံရသူအဖို့ကား ဆင်ခြင်နိုင်လိမ့်မည် မဟုတ်ပါချေ။

သူမထံမှ ပြန်လာပြီး နောက်တွင်ကား ကျွန်တော်သည်





စွန့်စားရန်အခွင့်အရေးကို စိတ်အားထက်သန်စွာ ရှာဖွေခြင်းဖြင့် သာ အချိန်ကုန်လွန်စေရမည်ဟု ဆုံးဖြတ်လိုက်တော့သည်။ သို့ သော် အဆုံး၌ ထူးဆန်းစွာပြုမူလိုက်မိသော ကျွန်တော်၏အပြု အမူကြောင့် စွန့်စားခန်းကြီးတစ်ခုတွင် ကိုယ်တိုင်ပါဝင်ဆင်နွှဲ ခွင့်ရလိုက်ပုံ၊ ထိုစွန့်စားခန်းကြီးဖြစ်မြောက်အောင် ဦးတည်ပေး လိုက်သည့် ဖြစ်ရပ်တို့သည်ကား မည်သူမျှမျှော်လင့်မထားပဲ ထူးဆန်းစွာဖြစ်ပွားခဲ့ပေ၏။

* * * * * * *



www.burmeseclassic.com

www.burmeseclassic.com



ဒေးလီဂဇက်သတင်းစာတိုက်၏ ရုံးခန်းတွင် ကျွန်တော့်အတွက် အရေးကြီးခွင်ကျယ်ဆောင်ရွက်ဖွယ်ကိစ္စဟု မရှိလှ။ ဧလက်ဒစ်က ကျွန်တော့်အား သူမအတွက် သက်စွန့်ဆံဖျား ဆောင်ရွက်စေခြင်းသည် သူမ၏တစ်ကိုယ်ကောင်းဆန်၏မှု သက်သက်ပေလောဟူသောအတွေးမျိုး ယောင်၍မျှမတွေးမိချေ။ ထိုအတွေးမျိုးမှာ လူလတ်ပိုင်းတို့အတွက် ပေါ်ပေါက်နိုင်သော်လည်း လူငယ်များအတွက်မူ ပေါ်ပေါက်စရာ အကြောင်းမရှိ။

သတင်းစာ၏ခေါင်းကြီးပိုင်း အယ်ဒီတာဖြစ်သူ ခါးကုန်းကုန်းနှင့် မက္ကာဒယ်လ်ကို ကျွန်တော်ခင်မင်သည်။ သူကလည်း ကျွန်တော်အား ခင်မင်သည်ဟု ကျွန်တော်ထင်ပါသည်။ စင်စစ် သတင်းစာတိုက်တွင် မြူးမောင့်သည်သာ အကြီးအကဲဖြစ်သည်။ သို့သော် သူသည် သီးခြားကမ္ဘာတွင် နေထိုင်သူတစ်ဦးလိုဖြစ်နေပေသည်။ အပြည်ပြည်ဆိုင်ရာ အကျပ်အတည်းပြဿနာများ သို့မဟုတ် အစိုးရပြုတ်ကျသောကိစ္စတို့မှတစ်ပါး အခြားအရာများကို ကြည့်မြင်တတ်သူမဟုတ်။

တစ်ခါတစ်ရံ သူ့ရုံးခန်းဆီသို့ ဖြတ်အသွား သူ၏တောက်ပြောင်စူးရှသော မျက်လုံးအစုံကို ကျွန်တော်သတိပြုမိသည်။ ထို အချိန်မျိုး၌ သူသည် ဝေးလံလှသော ပါရှားပင်လယ်ကွေ့လို၊

လျှို့ဝှက်ဆန်းကြယ် မဂ္ဂဇင်းတိုက်

www.burmeseclassic.com

www.burmeseclassic.com



တောင်ပိုင်းဥရောပလို နေရာမျိုးအကြောင်း စဉ်းစားနေခြင်းဖြစ်နိုင်ပေ၏။ သို့သော် မက္ကာဒယ်လ်ကမူ ထိုသို့မဟုတ် သူ့အခန်းတွင်းသို့ ကျွန်တော်ဝင်လျှင်ဝင်ခြင်း ခေါင်းညိတ်အသိအမှတ်ပြုလိုက်သည်။ ထို့နောက် သူ၏မျက်မှန်ကို နဖူးပေါ်ရောက်အောင် မတင်လိုက်သည်။

"လာ . . မစ္စတာမကိုနီ" သူက ကျွန်တော့်အား ကြင်နာစွာ နှုတ်ခွန်းဆက်လိုက်သည်။

"မင်းရဲ့လုပ်ဆောင်မှုတွေ အောင်မြင်မှုရှိတယ်လို့ ငါကြားရပါတယ်"

ကျွန်တော်က ကျေးဇူးတင်စကား ဆိုလိုက်သည်။

"မကိုနီ . . မင်းဟာ ကျောက်မီးသွေးတွင်း ပေါက်ကွဲတဲ့ကိစ္စတုန်းက အတတ်နိုင်ဆုံးကောင်းအောင် ဆောင်ရွက်ခဲ့တယ်၊ ပြီးတော့ လန်ဒန်မီးဘေးဆိုကိစ္စတုန်းကလည်း ဒီလိုပဲ မင်းရဲ့ရေးသားဖော်ပြချက်တွေဟာ အလွန်ထိရောက်ပါပေတယ်။ ကိုင်း . . ခု ငါ့ကိုလာတွေ့တဲ့အကြောင်းကို ဆိုပါဦး"

"ကျွန်တော့်ကို သက်ညှာစွာနဲ့ အခွင့်အရေးလေးတစ်ခု လောက်ပေးဖို့ပါ"

သူသည် လှုပ်လှုပ်ရှားရှားဖြစ်သွားပြီး ကျွန်တော့်မျက်စိများမှ လွှဲဖယ်လိုက်ပါသည်။





"အင်း . . အင်း . . ဘာအခွင့်အရေးပါလိမ့်"

"ကျွန်တော့်ကို သတင်းစာကိစ္စနဲ့ အထူးတာဝန်ချမှတ်ပေးပါလား၊ ကျွန်တော်အတတ်နိုင်ဆုံး ကြိုးစားပြီးထူးခြားတဲ့ သတင်းအချက်အလက်တွေရအောင် ယူလာပေးပါ့မယ်"

"ဘယ်လိုအလုပ်မျိုးကို ဆိုလိုတယ်ဆိုတာ အတိအကျ ပြောပါဦး မကိုနီ"

"ဒီလိုပါ ဘေးအန္တရာယ်ထူပြောလှတဲ့ စွန့်စားခန်းမျိုးပေါ့၊ ကျွန်တော်အတတ်နိုင်ဆုံး ကြိုးစားဆုံးဖြတ်ပါတယ်၊ ဆောင်ရွက်ရမယ့်ကိစ္စက အန္တရာယ်များပြီး ခက်ခဲလေ ကျွန်တော်ကြိုက်လေပဲ"

"မင်းအသက်ကို စွန့်ပစ်ဖို့အတော်စိတ်အားထက်သန်နေတယ်ပေါ့"

"ကျွန်တော်ရဲ့အသက် ကျွန်တော့်ရဲ့ဘဝဟာ ကမ္ဘာလောကကြီးအတွက် တစ်စုံတစ်ရာအကျိုးပြုခဲ့တယ်ဆိုတာ သက်သေပြဖို့ပါ"

"အလိုလေး . . မစ္စတာမကိုနီ၊ ထူးခြားလှပါကလား . . ငါတို့ရိမ်မိတာကတော့ဖြင့် အဲဒီလိုအဖြစ်မျိုးဟာ ခေတ်ကုန်ခဲ့ပြီဆိုတာပဲ၊ ပြီးတော့ ဒီလိုအလုပ်မျိုးအတွက် အတွေ့အကြုံများတဲ့ ဝါရင့်သတင်းထောက်တွေကိုသာ စေလွှတ်လေ့ရှိတယ်နေဦး . .



www.burmeseclassic.com

www.burmeseclassic.com



ခဏလေး"

သူသည် ထူးဆန်းသောအပြုံးကို ပြုံးလိုက်သည်။

"အလွန်ကျော်ကြားတဲ့ သိပ္ပံပညာရှင်ကြီးဟာ လူလိမ်လူညာကြီးတစ်ဦးဖြစ်ကြောင်း သက်သေပြရမယ့်အလုပ်မျိုးဆိုရင်ကောကွာ၊ အဲဒီပညာရှင်ကြီးဟာ လူမိုက်တစ်ဦးဖြစ်ကြောင်း ဖော်ထုတ်ရမယ့်အလုပ်မျိုးဆိုပါတော့၊ မင်းဘယ်လိုသဘောရသလဲ အံ့သြစိတ်ဝင်စားဖွယ်ဖြစ်မယ်လို့တော့ ထင်တာပဲ၊ မင်းသဘောက . . ."

"ဘယ်အလုပ်မျိုးဖြစ်ဖြစ် ဘယ်နေရာဒေသမှာပဲဖြစ်ဖြစ် ကျွန်တော် မမှုပါဘူး"

မက္ကာဒယ်လ်သည် မိနစ်အနည်းငယ်ကြာအောင် စဉ်းစားပြီးအတွေးနက်နေသည်။

"မကိုနီ . . မင်းဟာ လူတွေနဲ့ဆက်ဆံရာမှာ ကျွမ်းကျင်သူတစ်ဦးပဲ၊ ဒီတော့ အင်မိုးပါ့ခ်မှာနေတဲ့ ပရော်ဖက်ဆာချလင်ဂျာနဲ့ ကံစမ်းပါလားကွ"

ကျွန်တော်သည် အံ့သြမှုနှင့်အတူ အနည်းငယ်စိတ်လှုပ်ရှားသွားသည်။





"ချလင်ဂျာ . . ."

ကျွန်တော် နာမည်ရေရွတ်လိုက်သည်။

"နာမည်ကျော် သတ္တဗေဒပညာရှင်ကြီးလေ၊ တယ်လီဂရုပ်ဖ်သတင်းစာတိုက်က သတင်းထောက်အလန်ဒယ်လ်ရဲ့ခေါင်းကိုခွဲလိုက်တဲ့ ပုဂ္ဂိုလ်ကြီးပေါ့ ဟုတ်လား . . ."

မက္ကာဒယ်လ်ပြုံးသည်။

"မင်းစိတ်အနှောင့်အယှက် ဖြစ်သွားသလား၊ နို့ . . မင်းပဲစွန့်စားရမယ့်အလုပ် လုပ်ချင်လှချည်ရဲ့ဆို"

"ဟုတ်ပါတယ်လေ . . စွန့်စားဖို့က အဓိကပါ"

"ဟုတ်တာပေါ့ကွ . . ပြီးတော့လဲ ချလင်ဂျာဟာ အလန်ဒယ်လ်နဲ့တွေ့တုန်းကလို အမြဲတမ်းရူးရူးရှားရှားနဲ့ ဒေါသကြီးနေမယ်လို့ ငါမထင်ပါဘူး၊ သူစိတ်ကောင်းဝင်နေတုန်းမှာတွေ့ဖို့ မင်းစီစဉ်နိုင်ပါတယ်"

"ကျွန်တော် သူ့အကြောင်းဘာမှ မသိသေးဘူး"

"သူ့ကို ငါစောင့်ကြည့်နေတာ အတော်ကြာပြီကွ၊ ဟော ဒီမှာ သူ့အကြောင်း မှတ်စုလုပ်ထားတယ်၊ အဲ . . ဂျော့အက်ဒဝပ် ချလင်ဂျာ ၁၈၆၃ ခုနှစ်မှ ဖွားမြင်တယ်၊ အီဒင်ဘာရာတက္ကသိုလ်မှာ ပညာသင်ခဲ့ကယ်၊ ၁၈၉၂ ခုနှစ်မှာ ဗြိတိသျှပြတိုက်မှာ



www.burmeseclassic.com

www.burmeseclassic.com



လက်ထောက်အဖြစ် အမှုထမ်းခဲ့တယ်။ အဲဒီနှစ်မှာပဲ ပြင်းထန်တဲ့သဘောကွဲလွဲချက်တွေကြောင့် အလုပ်ကနုတ်ထွက်ခဲ့ရတယ် နိုင်ငံခြားသိပ္ပံပညာအသင်းပေါင်းများစွာရဲ့ အဖွဲ့ဝင်တစ်ဦးဖြစ်တယ်။ စာအုပ်တွေအများကြီး ရေးခဲ့တာလဲ တွေ့ရတယ်။ ဗီယင်နာမြို့ သတ္တဗေဒအသင်း အစည်းအဝေးမှာ သူ့ရဲ့စာအုပ်တစ်အုပ်ကို အတော်ပြင်းပြင်းထန်ထန် ဝေဖန်ခဲ့ကြတယ်။ သူဟာ လမ်းလျှောက်ခြင်း၊ တောင်တက်ခြင်းဆိုတဲ့ ကိစ္စတွေနဲ့ အချိန်ကိုကုန်လွန်စေတယ်။ လိပ်စာက အင်မိုးပါ့ခ်၊ လန်ဒန်အနောက်ပိုင်း ရော့ . . ဟောဒီမှာ ဒီလိပ်စာကိုယူသွား၊ ကဲ . . ဒီညအဖို့တော့ မင်းနဲ့စကားပြောဖို့ ဒါလောက်ပါပဲ"

"ကျွန်တော့်အနေနဲ့ ဒီပရော်ဖက်ဆာကို ဘာတွေမေးမေးချင်တာလဲ . . သူဘာတွေလုပ်ခဲ့လို့လဲ"

"သူဟာ တောင်အမေရိကကို လွန်ခဲ့တဲ့နှစ်နှစ်လောက်ကသွားခဲ့ပြီး မနှစ်ကပြန်ရောက်လာတယ်၊ သူဟာ တောင်အမေရိကရဲ့ ဘယ်အပိုင်းကို ရောက်ခဲ့တယ်ဆိုတာ ပြောဖို့ငြင်းဆန်နေတယ်၊ သူက သူ့ရဲ့စွန့်စားခန်းကို ပြောဖို့စကားစလိုက်တဲ့အခါ တစ်စုံတစ်ယောက်က မေးခွန်းထုတ်လိုက်တာနဲ့ တစ်ပြိုင်နက် အဲဒီခရီးစဉ်အကြောင်း တစ်လုံးမှကိုဆက်မပြောတော့ဘူး၊ ဟိုမှာ ထူးထူးခြားခြား တစ်စုံတစ်ရာဖြစ်ပျက်ခဲ့သလား၊ ဒါမှမဟုတ်





ဒီလူဟာ လူညာကြီးတစ်ယောက်ပဲလား၊ တစ်ခုခုတော့ တစ်ခုခုဖြစ်ပြီးတော့ သူ့မှာပျက်စီးသွားတယ်ဆိုတဲ့ ဓာတ်ပုံတွေလဲ ပါလာတယ်၊ ဒါဟာ တစ်မျိုးတစ်ဖုံဖန်တီး လှည့်စားထားတာ ဖြစ်နိုင်တယ်။ ဒီအကြောင်းအရာနဲ့ ပတ်သက်ပြီးမေးတဲ့ လူမှန်သမျှကို ဒေါသတကြီးနဲ့ သတ်ပုတ်တော့တာပဲ၊ ဒါပေမယ့် မင်းကတော့ လူထွားကြီးတစ်ယောက်မို့ မင်းကိုယ်မင်း ကာကွယ်နိုင်ပါလိမ့်မယ် . . ကဲ . . သွားနိုင်ပါပြီ"

ကျွန်တော်သည် ကလပ်ရှိရာသို့ လျှောက်လာရင်း ထိုကြောက်မက်ဖွယ်ရာ ကောင်းလှသော ပရော်ဖက်ဆာကြီးကို တွေ့ရန် အစီအစဉ်ကိုကြံစည်စိတ်ကူးလာသည်။ ကလပ်အတွင်း မီးလင်းဖိုအနီးတွင် ထိုင်နေသူသည် တပ်ဟင်နရီဖြစ်သည်။ သူသည် နေးချား(သဘာဝ)သတင်းစာမှ အဖွဲ့ဝင်တစ်ဦးပေတည်း။ ဟင်နရီသည် ပိန်လှီ၍ အေးတိအေးစက်အမူအရာဖြင့် မထုံတတ်သေးနိုင်လှသူတစ်ဦးဖြစ်သည်။ သို့သော် ကြင်နာသူတစ်ဦးလည်း ဖြစ်လေသည်။ ကျွန်တော်သည် သူ့ဘေးတွင်ဝင်ထိုင်လိုက်ရင်း ချလင်ဂျာအကြောင်းကို စုံစမ်းမေးမြန်းသည်။

"ချလင်ဂျာလား . . သူကတော့ တောင်အမေရိကမှာ သူတွေ့လာခဲ့တဲ့ ထူးထူးဆန်းဆန်း တိရစ္ဆာန်တွေအကြောင်း ဟုတ်မဟုတ်ဒုဗ္ဘာရီတွေ့ သယ်ဆောင်လာသူတစ်ဦးပေါ့ကွာ



www.burmeseclassic.com

www.burmeseclassic.com



လူနည်းစုကတော့ ပြောသမျှယုံခဲ့ကြတယ်၊ ဒါပေမယ့် မကြာမီ မှာပဲ အဲဒီလူနည်းစုဟာ ဒီကိစ္စကို စိတ်မဝင်စားကြတော့ပဲ ဘေးချိတ်ကုန်ကြရော၊ ဒီလူဟာ အတော့်တော့ရိုင်းစိုင်းတဲ့လူ တစ်ယောက်ပေါ့ . . ကျော်ကြားတဲ့သိပ္ပံပညာရှင်ဖြစ်တာ တစ် ကဏ္ဍပဲ၊ ဥပမာ ပြောရရင် သတ္တဗေဒအသင်းကြီးရဲ့ ဥက္ကဋ္ဌဟာ ချလင်ဂျာရဲ့အပြုအမူကြောင့် ဇော်တော်ကြီးဒုက္ခရောက်သွား တယ်၊ အဘိုးကြီး သနားစရာကွာ"

"အလိုလေး . . အလိုလေး . . ဆက်ပါဦး"

"ချလင်ဂျာဟာ တော်တဲ့ထက်မြက်တဲ့လူတစ်ယောက် ဆိုတာ သံသယဖြစ်စရာမလိုလှပါဘူး၊ ဒါပေမယ့် ရန်လိုတတ် တယ်၊ ပြီးတော့ မရိုးဖြောင့်လှဘူး၊ တောင်အမေရိကက ရိုက်ယူ လာခဲ့တယ်ဆိုတဲ့ ဓာတ်ပုံတွေမှာ လှည့်စားမှုတွေ အတော်များများ သုံးထားတယ်ကွ၊ သူ့မှာကိုယ်ပိုင်စိတ်ကူးစိတ်သန်းအသစ်တွေ လဲရှိသေးတယ်"

"ဘယ်လိုအသစ်အဆန်းတွေလဲဗျ . . ဥပမာလေး ဘာ လေးနဲ့ပြောပြပါဦး"

"အို . . စိတ်ကူးကတော့ တစ်ထောင်လောက်ရှိမယ် ငါ့လူ . . နောက်ဆုံးစိတ်ကူးကတော့ လူဖြစ်ပေါ်လာပုံအဆင့် ဆင့်ပဲ၊ ဒါနဲ့ပတ်သက်ပြီး ဗီယင်နာမှာ အငြင်းအခုံတွေ အတော်





မြင်းထန်ခဲ့တယ်"

"အဲဒီအချက်အလက်တွေ ငါ့ရုံးခန်းမှာရှိတယ်ကွ၊ မင်း လာနိုင်မလား"

"ဒါပဲ ကျွန်တော်လိုချင်နေတာ ကျွန်တော် ဒီလူကြီးနဲ့ သွားတွေ့ဖို့ရှိတယ်၊ တွေ့ဖို့အကြောင်းရှာနေတာ ဒီကိစ္စမှာ ဒုက္ခ ခံပြီး အကူအညီပေးတာ ကျေးဇူးပဲ"

နောက်နာရီဝက်မျှအကြာတွင် ကျွန်တော်သည် ဟင်နရီ ၏ ရုံးခန်းတွင်ထိုင်မိပြီးဖြစ်သည်။ ကျွန်တော့်ရှေ့စားပွဲပေါ်တွင် ဆောင်းပါးတစ်စောင်ရှိသည်။ ကျွန်တော်၏သိပ္ပံပညာရပ်ဆိုင် ရာ သိနားလည်မှုမှာ ပြောပလောက်ဖွယ် မရှိပါ။ သို့သော် အင်္ဂလိပ်လူမျိုး ပရော်ဖက်ဆာကြီး၏ လူဖြစ်လာပုံအဆင့်ဆင့် ဆောင်းပါးသည် အလွန်ရဲရင့်ပြတ်သားသောအသွင်ကို ဆောင် သော အခြားတိုင်းပြည်များရှိ သိပ္ပံပညာရှင်တို့အား အတော်ပင် ဒုက္ခပေးခဲ့ဟန်ရှိကြောင်းကိုမူ ကျွန်တော်အကဲခတ်နိုင်ပေသည်။

ဗီယင်နာတွင် ကျင်းပခဲ့သော အစည်းအဝေးတွင် ယင်း ဆောင်းပါးကို ဝေဖန်မှု၊ ကန့်ကွက်မှု၊ တိုက်ခိုက်ထိုးနှက်မှုများ ဖြင့်ပြည့်နက်ခဲ့ဟန်လည်း ရှိသည်။ သို့သော် ထိုသိပ္ပံပညာရှင်တို့ ၏ ဆွေးနွေးပြောဆိုချက်တို့ကို နားလည်ရန်ကိုမူ ကျွန်တော့် အနေဖြင့် ညာဏ်မမှီပါချေ။



www.burmeseclassic.com

www.burmeseclassic.com



"ဒီဆောင်းပါးကို သာမန်အရပ်သုံး အင်္ဂလိပ်ဘာသာနဲ့ ဘာသာပြန်ပေးပါလားဗျာ"

ကျွန်တော်က ဟင်နရီအား အကူအညီတောင်းသည်။

"ဒီဆောင်းပါးဟာ လူသာမန်တစ်ယောက်အနေနဲ့ နားလည်ဖို့တော့ ခက်သားကွ"

"စာကြောင်းလေးတစ်ကြောင်းတစ်ရေလောက် နားလည်ပြီး စိတ်ကူးပေါ်လာရင်တော့ ဒါကိုအသုံးပြုပြီး ချလင်ဂျာနဲ့တွေ့တဲ့အခါ ဆွေးနွေးမေးမြန်းရမှာပဲ၊ ဟုတ်ပြီ . . ဟန်ကျပြီ ကျွန်တော်အကြမ်းဖျင်းတော့ နားလည်နိုင်ပါလိမ့်မယ်၊ ဆောင်းပါးကိုကူးယူလိုက်မယ်လေ၊ ကြောက်စရာကောင်းတဲ့ ပရော်ဖက်ဆာကြီးနဲ့တွေ့ရင် အထောက်အကူများ ရလိုရငြားပေါ့"

ကျွန်တော်သည် ကလောင်တန်ကို လှမ်းယူပြီး စာတစ်စောင်ရေးလိုက်သည်။

ချစ်ခင်လေးစားအပ်ပါသော ပရော်ဖက်ဆာခင်ဗျား

ကျွန်တော်သည် ရိုးသေကိုင်းရှိုင်းတတ်သော တက္ကသိုလ်ကျောင်းသားတစ်ဦးဖြစ်ပါသည်။ ထို့အပြင် လူဖြစ်ပေါ်လာပုံအကြောင်းအရာနှင့်စပ်လျဉ်းသော ဒါဝင်၏အယူအဆများကို အလွန်စိတ်ဝင်စားသူတစ်ဦးလည်း ဖြစ်ပါသည်။ ဗီယင်နာမြို့တွင် ပရော်ဖက်ဆာမိန့်ကြားခဲ့သော လေးနက်လှသည့်





မိန့်ခွန်းဆောင်းပါးကို ကျွန်တော်ဖတ်ရှုပြီးပါပြီ။ ထိုဆောင်းပါးသည် ဖော်ပြပါဘာသာရပ်အတွက် ထပ်မံဖြည့်စွက်ရန်မလိုသောပြီးပြည့်စုံသော အံ့သြဖွယ်ရာဆောင်းပါးတစ်ခုဖြစ်ပါသည်။ သို့သော် အချက်တစ်ချက်မှာမူ ပရော်ဖက်ဆာအနေဖြင့် ပြင်ဆင်သုံးသပ် သင့်သည်ဟု ထင်မြင်မိပါသည်။ ကျွန်တော် ပရော်ဖက်ဆာနှင့် တွေ့ဆုံဆွေးနွေးလိုပါသည်။ ကျွန်တော်တို့မိတ်ဖြစ်ဆွေဖြစ်ဆွေးနွေးပွဲတွင် ကျွန်တော်၏အယူအဆများကို ရှင်းလင်းတင်ပြပါမည်။ သို့ဖြစ်ပါ၍ သန်ဘက်ခါ (ဗုဒ္ဓဟူးနေ့) နံနက် ၁၁ နာရီတွင် လာရောက်တွေ့ဆုံဆွေးနွေးခွင့်ပြုပါရန် ပန်ကြားအပ်ပါသည် ခင်ဗျား။

လေးစားစွာဖြင့်

အက်ဒဝပ် – ဒီမကိုနီ

"ဒီစာကို ခင်ဗျားဘယ်လို သဘောရသလဲ ဟင်နရီ"

ကျွန်တော်က ဟင်နရီအားမေးသည်။

"မောင်ရင်က ဘာလုပ်မလို့တုန်း"

"သူ့အခန်းထဲ ဝင်မယ်လေ၊ ဒီကိစ္စအောင်မြင်ပြီဆိုရင် ကျွန်တော်လိုချင်တဲ့ကိစ္စနဲ့ ပတ်သက်ပြီး သူပြောလာအောင် [illegible]မ်းဖွင့်နိုင်ပါလိမ့်မယ်၊ သူဟာ အားကစားသမားတစ်ယောက်[illegible]ရင်တော့ နောက်ဆုံး ကျွန်တော်အဖြစ်မှန်ကို ဖွင့်ဟ[illegible]နိုင်ခဲ့တဲ့



www.burmeseclassic.com

www.burmeseclassic.com



တိုင်အောင် အလွန်ရယ်စရာကောင်းတဲ့ ပြက်လုံးအနေနဲ့လက်
ခံမှာပါ"

"သူက မင်းကိုလမ်းမကြီးပေါ်ရောက်အောင် လွှင့်ပစ်
ကပိုများတယ်၊ ကဲလေ . . အောင်မြင်ပါစေကွာ၊ သူစာပြန်ခဲ့ရင်
တော့ . . . တကယ်တော့ မထင်လှဘူး၊ အဲ . . ဗုဒ္ဓဟူးနေ့မနက်
အဖြေရမှာပေါ့ . . သူဟာ စိတ်တိုတတ်ပြီး အန္တရာယ်ပေးလေ့
ရှိတဲ့၊ အကျင့်တယ်မကောင်းလှတဲ့ လူတစ်ယောက်မို့ သူဆီ
ဘာမှအကြောင်း မပြန်ရင် မင်းအတွက်အကောင်းဆုံးပဲ"

* * * * * * *



## အခန်း (၂)

### လွန်ပွကျတဲ့ လူတစ်ယောက်

ကျွန်တော့်မိတ်ဆွေ၏ကြောင်းကြမှု သို့မဟုတ် မျှော်
လင့်မှုနှင့် ပတ်သက်၍ မည်သို့မည်ပုံ ဖြစ်လာမည်ကို ကြိုတင်မ
ခန့်မှန်းနိုင်ပါ။ သို့သော် ဗုဒ္ဓဟူးနေ့ ကျွန်တော်ရောက်လာသော
အခါ၌ကား . . အနောက်ကင်ဆင်တန်စာတိုက်တံဆိပ်ပါသည့်
စာအိတ်တစ်အိတ်ရောက်ရှိနေသည်ကို တွေ့ရပါသည်။ စာအိတ်
ပေါ်၌ ကျွန်တော်၏လိပ်စာကို ရေးထိုးထားသည့်လက်ရေးမှာ
အား ကြောင်ခြစ်ထားသလိုရှိပါသည်။ စာပါအကြောင်းကား
အောက်ပါအတိုင်းရှိ၏။

အင်မိုးပေါ့(န်)
လန်ဒန်အနောက်ပိုင်း



www.burmeseclassic.com

www.burmeseclassic.com



ခင်ဗျား . . .

ကျွန်ုပ်၏အယူအဆများကို ထောက်ခံထားသည့်ခင်ဗျား၏ပေးစာကို လက်ခံရရှိပါသည်။ သို့သော် ခင်ဗျားကထောက်ခံသည်ဖြစ်စေ၊ ကန့်ကွက်သည်ဖြစ်စေ ကျွန်ုပ်အဖို့ကား ခြားနားမှုတစ်စုံတစ်ရာရှိသည် မဟုတ်ပါ။ ခင်ဗျား၏စာတွင် ကျွန်ုပ်ဗီယင်နာ၌ တင်ပြဆွေးနွေးခဲ့သည့် အချက်အလက်အချို့ကို ပြင်ဆင်ရန် အကြံပြုထားသည်။ ထိုအတွက် ခင်ဗျားကိုပြန်ကြားရမည်ဆိုလျှင် ကျွန်ုပ်သည် မိမိတင်ပြခဲ့သောအယူအဆနှင့်ပတ်သက်၍ ပြင်ဆင်ပြောင်းလဲလေ့မရှိကြောင်းပင်ဖြစ်ပါသည်။ မည်သို့ပင်ဖြစ်စေ ခင်ဗျားသည်ပညာရှာမှီးလိုသူတစ်ယောက် အနေဖြင့် ကျွန်ုပ်ထံလာရောက်တွေ့ဆုံမည်ဆိုပါက ခင်ဗျား၏စာ၌ပါရှိသော အချိန်အတိုင်း လက်ခံတွေ့ဆုံရန် သဘောတူပါသည်။ ခင်ဗျား

လျှို့ဝှက်ဆန်းကြယ် စာစဉ်တိုက်



လာရောက်သောအခါ ဤစာပါစာအိတ်ကို ကျွန်ုပ်၏လူ အော်စတင်အားပြလိုက်ပါ။ အော်စတင်သည် သူ့တို့ကိုယ်သူတို့ သတင်းစာဆရာဟုဆိုသော မနှစ်မြို့စရာပုဂ္ဂိုလ်များကျွန်ုပ်ထံဝင်ရောက်တွေ့ဆုံခြင်းမပြုနိုင်အောင် ဂရုစိုက်စောင့်ကြပ်နေသူ ဖြစ်ပါသည်။

လေးစားလျက်

ဂျော့ - အက်ဒဝပ်ချယ်လင်ဂျာ

•

ကျွန်တော်စာရသောအချိန်မှာ ဆယ်နာရီခွဲခါနီးဖြစ်ပါသည်။ သို့သော် တက္ကဆီတစ်စီးက ကျွန်တော့်ကိုချိန်းဆိုထားသောအချိန်နှင့်ကိုက်အောင် ပို့ဆောင်ပေးနိုင်ခဲ့ပါသည်။ တက္ကဆီသည် ခမ်းနားထည်ဝါလှသောတိုက်ကြီးရှေ့သို့ ထိုးဆိုက်ပါသည်။ ခန်းဆီးအကျအန တပ်ဆင်ထားသည့် ပြတင်းပေါက်တို့က ကြောက်စရာကောင်းသော ပရော်ဖက်ဆာကြီး၏ ချမ်းသာကြွယ်ဝမှုကို ဖော်ပြနေပါသည်။

တံခါးဖွင့်ပေးသူမှာ အသက်ခန့်မှန်းရန် ခက်ခဲသည့် အသားမည်းမည်းနှင့် လူထူးတစ်ယောက်ဖြစ်ပါသည်။ ပိုင်းဆော့တို့ဝတ်ဆင်တတ်သော အနက်ရောင်ကုတ်အင်္ကျီနှင့် ခြေထောက်တွင် ဒူးဆစ်အထိ အညိုရောင်သားရေဗွပ် ဝတ်ဆင်ထားသည်။

လျှို့ဝှက်ဆန်းကြယ် စာစဉ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



သူသည် မျက်လုံးပြာပြာဖြင့် ကျွန်တော့်ကို ခြေဆုံးခေါင်းဆုံး စူးစမ်းသလိုကြည့်ပါသည်။

"မှာထားသလား" ဟု သူမေးသည်။

"ချိန်းထားလို့ပါ"

"စာပါသလား"

ကျွန်တော်က စာအိတ်ကိုထုတ်ပြလိုက်သည်။

"ကောင်းပြီ"

သူသည် စကားနည်းသူတစ်ယောက် ဖြစ်ဟန်ရှိပါသည်။ ကျွန်တော် သူ့နောက်မှလိုက်၍ ဝင်သွားလျှင် ရုတ်တရက်ကိုယ်လုံးကိုယ်ထည်သေးသော အမျိုးသမီးတစ်ဦးရောက်လာပါသည်။ ထမင်းစားခန်းထဲမှ ထွက်လာခြင်းဖြစ်ပါသည်။ အမျိုးသမီးမှာ မျက်လုံးနက်နက်နှင့် ဖျတ်လတ်သွက်လက်ကာ ထက်မြက်ပုံရပါသည်။ ပုံပန်းက ပြင်သစ်သူနှင့် ပိုတူပါသည်။

"ခဏလေး . . အော်စတင် . . စောင့်ဦးဟေ့ . . ဒီမယ်ရှင့် . . ကျွန်မ မေးပါရစေ . . ရှင်အရင်က ကျွန်မယောက်ျားနဲ့ တွေ့ဖူးပါသလား"

"အရင်က မတွေ့ခဲ့ဖူးပါဘူး မဒမ်"

"ဒီလိုဆိုရင် ကြိုတင်ပြောထားပါရစေ၊ သူဟာ အလွန်ဝွကျတဲ့လူတစ်ယောက်ပါ တကယ့်ဝွစာကြီးပါ၊ ရှင်သိထားတော့





ခွင့်လွှတ်နိုင်ဖို့ ပိုပြီးအဆင်သင့်ဖြစ်တာပေါ့"

"ဒါဟာ မဒမ်ရဲ့ထောက်ထားစာနာမှုပါပဲ ခင်ဗျာ"

"တကယ်လို့ စိတ်ဆိုးမာန်ဆိုးဖြစ်တော့မယ်ဆိုရင်တော့ အခန်းထဲက အမြန်ဆုံးသာထွက်ခဲ့ပေတော့၊ သူနဲ့ငြင်းခုံမနေပါနဲ့ သူနဲ့ငြင်းခဲ့လို့ လူအများအပြား အနာတရဖြစ်ခဲ့ရပြီ၊ ပြီးတော့ လူပုံအလယ်မှာ အရှက်တကွဲဖြစ်ရတာပဲ၊ ဒါက ကျွန်မတို့အပေါ် ဂယက်ရိုက်လာတယ်၊ ရှင်တွေ့မယ့်ကိစ္စက တောင်အမေရိကတိုက်အကြောင်းနဲ့ မပတ်သတ်ဖူးထင်ပါရဲ့နော်"

ကျွန်တော်သည် အမျိုးသမီးတစ်ဦးကို လိမ်ညာ၍ မပြောနိုင်ပါ။

"အလိုလေး . . အဲဒါဟာ အစိုးရိမ်ရဆုံး အကြောင်းအရာပဲ၊ သူပြောသမျှတစ်ခွန်းမှ ရှင်ယုံကြည်မှာ မဟုတ်ဘူး၊ ဒါကို ကျွန်မ မအံ့ဩပါဘူး၊ ဒါပေမယ့် သူ့ကိုတော့ မယုံဘူးသွားမပြောနဲ့၊ တစ်ခါတည်း ပေါက်ကွဲသွားမယ်၊ သူ့စကားကို ယုံကြည်ဟန်ဆောင်နေရင် အားလုံးချောမောသွားမှာပဲ၊ အဲဒီအချက်အလက်တွေအပေါ် သူယုံကြည်ထားတယ်ဆိုတာ မမေ့ပါနဲ့၊ ဒါမှ ရှင့်အဖို့ တန်ကာကျမှာ၊ မှုသားမပါ လက်မချောဆိုတယ် မဟုတ်လား ကိုင်း . . သိပ်ကြာနေရင် သူသံသယဖြစ်နေဦးမယ်၊ သူနဲ့ပတ်သက်လို့ တစ်ကယ်စိုးရိမ်ရတဲ့ အချိန်ရောက်နေတယ်ဆိုရင်တော့



www.burmeseclassic.com

www.burmeseclassic.com



ခေါင်းလောင်းသံပေးပြီး ကျွန်မရောက်လာတဲ့အထိ ဂရုစိုက်နေပေတော့ သူဘယ်လောက်ဒေါသပုန်ထနေနေ . . ကျွန်မထိန်းနေကြပါ"

အားပေးစကားအဆုံး၌ အမျိုးသမီးက ကျွန်တော့်ကို တေမိမင်းအော်စတင်၏လက်သို့ ပြန်အပ်လိုက်ပါသည်။ ကျွန်တော်တို့စကားပြောနေကြစဉ် ခဏ၌ အော်စတင်သည် ကြေးရုပ်တစ်ခုပမာ ငြိမ်သက်စွာ စောင့်ခဲ့ပါသည်။ အော်စတင်ရှေ့ဆောင်ရာလိုက်ပါသွားရင်း စင်္ကြံအဆုံးသို့ ရောက်သွားပါသည်။ အော်စတင်က တံခါးကို ခေါက်လိုက်ရာ အခန်းတွင်းမှ နွားသိုးကြီးတစ်ကောင် အော်မြည်လိုက်သလို အသံသြကြီးတစ်ခုကို ကြားလိုက်ရပြီးနောက် ကျွန်တော်သည် ပရော်ဖက်ဆာနှင့် မျက်နှာချင်းဆိုင် တွေ့လိုက်ရပါသည်။

သူသည် ဆုံလည်ကုလားထိုင်ပေါ်၌ ထိုင်နေသည်။ သူ၏ ရှေ့စားပွဲကြီးတွင် စာအုပ်များ၊ မြေပုံများ၊ ဇယားပုံစံများဖြင့် ရှုပ်ထွေးနေ၏။

ကျွန်တော် အခန်းထဲဝင်လာသောအခါ ကုလားထိုင်ကို လှည့်၍ ကျွန်တော်နှင့်မျက်နှာချင်းဆိုင်လိုက်ပါသည်။ သူ့အသွင်အပြင်ကို မြင်လိုက်ရသည်နှင့် ကျွန်တော်မှာ ရင်မောသွားမိပါသည်။ ကျွန်တော်သည် တစ်စုံတစ်ခုသော ထူးခြားမှုအတွက်





ချင်းဆိုင်ရန်ပြင်ဆင်ထားခဲ့ပြီး ဖြစ်ပါသည်။ သို့သော် ယခုကဲ့သို့ လူတစ်ယောက်အပေါ် လွှမ်းမိုးနိုင်လောက်သည့် ရုပ်လက္ခဏာမျိုးကိုကား မျှော်လင့်မထားခဲ့မိပါချေ။ လူတစ်ယောက်ကို အသက်ရှူများလောက်သည်မှာ သူ့အရွယ်အစားဖြစ်ပါ၏။

သူ၏ကြီးမားသော အရွယ်အစားနှင့် ခန့်ထည်မှုတို့မှာ အံ့တစ်ပါးပင်ဖြစ်ပါသည်။ ကျွန်တော်မြင်ဖူးသမျှ လူသားတို့တွင် သူ့ဦးခေါင်းလောက် ကြီးမားသောလူတစ်ယောက်မျှ မရှိခဲ့ပါ။ အကယ်၍ သူ၏အသေးဆုံးဦးထုပ်ကို ကျွန်တော်ဆောင်းကြည့်ခဲ့သော် ထိုဦးထုပ်သည် ကျွန်တော်၏ခေါင်းတစ်လုံးကိုအုပ်ကာ ပခုံးထိရောက်လာမည်မှာ သေချာပါတော့၏။ သူ၏မျက်နှာမှာ နီမြန်းနေပြီး ရင်ပတ်ပေါ်အထိ စုကျနေသည့် မုတ်ဆိတ်ကြီးမှာ နက်မှောင်နေသဖြင့် အပြာရောင်ဘက်သန်းနေသလားဟု ထင်ရပါသည်။ ဆံပင်ကလည်း တစ်မျိုးထူးနေပြန်ပါသည်။ ရှည်လျားစွာရှေ့ဘက်ကျနေပါသည်။ ကျယ်ပြန့်သော နဖူးကြီးပေါ်၌ ကောက်ကွေးကွေး တွန့်လိမ်နေသည့် ဆံဖုတ်စုလေးများ ရှိကြသည်။ ထူထဲလှသော မျက်ခုံးအောက်၊ ညိုပြာပြာမျက်လုံးကြီးတို့မှာ ကြည်လင်စူးရှလှသည်။ ဝေဖန်တတ်ခြင်း၊ ပိုင်စိုးပိုင်နင်းပြုတတ်ခြင်း လက္ခဏာတို့ကို အထင်းသားဖော်ပြနေ၏။ ပခုံးကြီးနှစ်ဖက်က ကျယ်ပြန့်လှပြီး ရင်ဘတ်ကစည်ကြီးတစ်ခုအလား



www.burmeseclassic.com

www.burmeseclassic.com



ရှိပါသည်။ အမွေးအမျှင်နက်တို့ လွှမ်းနေသော လက်နှစ်ဖက်လည်း ကြီးမားတုတ်ခိုင်လှသည်။ ဤရုပ်လက္ခဏာနှင့် ကိုယ်ခန္ဓာကြီး၊ အပြင်သို့ဟိန်းထွက်လာသော အသံကြီးတို့ပေါင်းစပ်၍ သူ့ကိုကြောက်စရာပုဂ္ဂိုလ်ကြီးတစ်ဦးဟု ကျွန်တော်ဆုံးဖြတ်လိုက်ပါသည်။

"ကိုင်း . . ဆိုစမ်းပါ"

သူ့အကြည့်က အထင်အမြင်သေးသည့်ပုံ ပေါ်လွင်နေပါသည်။

ကျွန်တော်၏အကြံအဖန်ကိစ္စကို တတ်နိုင်သမျှ ဖုံးဖိထားရမည်ဖြစ်ပါသည်။ သို့မဟုတ်လျှင် ကျွန်တော်တို့တွေ့ဆုံခြင်းသည် ချက်ချင်းဓာတ်သိမ်းခန်းသို့ ရောက်သွားပါလိမ့်မည်။

"ကျွန်တော့်ကို တွေ့ဆုံခွင့်ပေးတဲ့ လူကြီးမင်းရဲ့ထောက်ထားမှုကို ကျေးဇူးပါပဲ ခင်ဗျာ" ကျွန်တော်က စာအိတ်ထုတ်ပြရင်း ပြောလိုက်၏။

"သြော် . . ကျုပ်အယူအဆအချို့ကို မရှင်းလင်းဘူးခံပြီးတော့ လက်ခံသဘောတူတယ်ဆိုတဲ့ သူငယ်မဟုတ်လား"

"မှန်ပါတယ် ခင်ဗျာ . . မှန်ပါတယ်"

"အလိုလေ . . ဒီအချက်က ကျုပ်အယူအဆကိုအများကြီးအားတက်စေတာပဲ၊ မောင်ရင့်ရဲ့ အသက်အရွယ်ပုံပန်းမျိုးနဲ့





ဒီလိုထောက်ခံနိုင်လောက်တဲ့ အဆင့်ရှိတယ်ဆိုတော့ ပိုပြီးတန်ဖိုးမြင့်မားတာပေါ့၊ ဘာပဲဖြစ်ဖြစ် ဗီယင်နာမြို့ကငတုံးကြီးတွေထက်တော့ သာတာပေါ့ကွယ်"

"သူတို့အပြုအမူကတော့ အတော်ဆိုးဝါးတယ်ဆိုရမှာပဲ ခင်ဗျာ"

"အေးကွဲ့ . . ဒါပေမယ့် မောင်ရင်သိအောင် ပြောထားရမှာက ကျုပ်ရဲ့စစ်ပွဲကို ကျုပ်နိုင်အောင်တိုက်နိုင်ပါတယ်။ မောင်ရင့်ဆီက ဂရုဏာရရှိဖို့ မလိုပါဘူး၊ တစ်ယောက်တည်းလွှတ်ပေးလိုက်စမ်းပါ၊ လေ့ခွက်ချည်းကျန် အလံမလှဲပါဘူး၊ ဒါမျိုးဆိုရင်တော့ အက်ဒဝပ်ချလင်ဂျာက သိပ်ကြိုက်တာပေါ့၊ ကိုင်း . . ကျုပ်တို့တွေ့ဆုံမှုကို မြန်မြန်ပြီးပြတ်အောင် လုပ်ကြစို့လား၊ မောင်ရင်တော့ နှစ်သက်မယ် မထင်ဘူး၊ ကျုပ်ကတော့ ဒီလိုတွေ့ဆုံဆွေးနွေးမှုမျိုးကို ငြီးငွေ့တယ် ကျုပ်သိထားသလောက်တော့ ကျုပ်ရဲ့အယူအဆဆိုင်ရာ စာတမ်းနဲ့ပတ်သက်လို့ မောင့်မှာ ဆွေးနွေးတင်ပြစရာ ရှိတယ် . . မဟုတ်လား"

သူက ဤသို့ဒဲ့တိုးကြီးလိုရင်းကို ပြောချလိုက်သောအခါ ကျွန်တော့်မှာ ဖေ့လယ်ကြောင်ပတ်ပြောနေရန် မဖြစ်နိုင်အောင်ရှိရပါတော့သည်။ ကျွန်တော်သည် စကားရောဖွဲ့ရောလှည့်ရင်း အခွင့်ကောင်းကို စောင့်မည့်သူဖြစ်ပါ၏။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် ထိုသို့အခြေအနေ မပေးပါ။ ယခုလို အကျပ်အတည်းကြီးများစွာ ကြုံရခိုက်တွင် ကျွန်တော်၏ဗီဇ အိုင်းရစ်လူမျိုးတို့၏ ဇဝနညာဏ်တို့ကပင် ကူညီနိုင်စွမ်း မရှိလေတော့သလား။ သူက စူးရှသောမျက်လုံးအစုံဖြင့် ကြည့်ရင်း. . .

"ပြောလေကွာ" ဟုဆိုပါသည်။

"ကျွန်တော်က ကျောင်းသားတစ်ယောက်ပဲ ဖြစ်ပါတယ်၊ ဒါကြောင့် ကျယ်ကျယ်ပြန့်ပြန့်တော့ ဆွေးနွေးနိုင်မှာ မဟုတ်ပါဘူး၊ ဒါပေမယ့် ဗီယင်နာဆွေးနွေးပွဲမှာတော့ လူကြီးမင်းဟာ အတော်ပြင်းထန်ခဲ့တယ်လို့ ယူဆပါတယ်။ သက်ဆိုင်ရာ အထောက်အထားကို အခုထက်ပိုပြီး . . ."

"ဘာအထောက်အထားလဲကွယ့်" သူ့အသံမှာ ကြောက်စရာကောင်းလောက်အောင်ပင် အေးစက်လှပါ၏။

"ဧကန်မုချလက်ခံနိုင်မယ်လို့ ဆိုရမယ့်အထောက်အထားလိုနေတယ် ထင်ပါတယ်ခင်ဗျာ၊ ဆိုလိုတာက ခေတ်အမြင်နဲ့ကိုက်ညီတဲ့ သိပ္ပံပညာရှုထောင့်မျိုးနဲ့ တင်ပြနိုင်ဖို့လိုတယ် ထင်ပါတယ်"

သူသည် စိတ်အားထက်သန်လှစွာဖြင့် ရှေ့သို့ကိုင်းညွတ်လိုက်ပါသည်။

"ငါ့အထင်တော့ ဦးခေါင်းခွံသတ္တာန်က ဖော်ညွှန်းချက်





ဘာ မှန်ကယ်တယ်ဆိုတာတော့ မင်းသိလိမ့်မယ်"

"ဟုတ်ကဲ့ . . သိပါတယ် ခင်ဗျာ"

"ပြီးတော့ ဗီဇဆဲလ်ဟာ မျိုးဥနဲ့တစ်ခြားစီဖြစ်တယ်ဆိုတာကိုတော့ . . ."

"မှန်ပါတယ် ခင်ဗျာ" ကျွန်တော့်အဖြေကို မိမိဘာသာ သဘောကျကျေနပ်မိပါသေးသည်။

"ဒါဖြင့်ရင် အဲဒါက ဘာကိုသက်သေပြသလဲ" သူက ချောမောပျောင်းသောအသံနှင့် ရေလာမြောင်းပေးသော မေးမြန်းလိုက်ပါသည်။

"ဟုတ် . . ဟုတ်ကဲ့၊ အဲဒါက ဘာကိုသက်သေပြပါသလဲ" ဟု ကျွန်တော်ယောင်ဝါးဝါးပင် ရောထိုင်လိုက်ရပါသည်။

"ငါပြောရမလားဟေ့" ဟု သူက မထေ့တထေ့ပြောပါသည်။

"ဆိုပါဦး ခင်ဗျာ"

ရုတ်တရက်ဒေါသအိုးကြီး ပေါက်ကွဲ၍ သူ့အသံကြီးက ဟိန်းထွက်လာပါ၏။

"အဲဒါက မင်းဟာ လန်ဒန်မြို့မှာ အဆိုးသွမ်းဆုံးလူညံ့ဆိုတာကို သက်သေပြတာပေါ့ကွ၊ မင်းမှာ ဘာသိပ္ပံပညာမှ မရှိဘူး၊ သတင်းစာသမားပီပီ အောက်တန်းကျတဲ့စိတ်ဓာတ်



www.burmeseclassic.com

www.burmeseclassic.com



ပဲရှိတယ်''

သူ့မျက်လုံးများတွင် မီးဝင်းဝင်းတောက်လျက် ကုလားထိုင်မှ ဝုန်းခနဲထလိုက်သည်။ ဤမျှအခြေအနေ တင်းမာနေသည့်အတွင်းမှာပင် သူ့ကိုလူပုကြီးတစ်ဦးဖြစ်ကြောင်း တွေ့မြင်လိုက်ရပါသည်။ ကျွန်တော်အံ့သြရပါသေးသည်။ သူ့ဦးခေါင်းသည် ကျွန်တော်၏ပခုံးထက်ပို မမြင့်ပါ။ သူ၏စွမ်းအားဟူသမျှသည် ဦးနှောက်နှင့် ကိုယ်ခန္ဓာတုတ်ခိုင်မှုဘက်သို့ ဦးတည်သွားကြသည်ထင်ပါ၏။

''နလပိန်းတုံး'' သူက စားပွဲကိုလက်ထောက်၊ မျက်နှာကိုပင့်၍ အော်ပြော၏။

''မင်းဟာ သိပ္ပံပညာမှာ နလပိန်းတုံးလို့ ငါပြောတယ်ဟေ့ . . မင်းဉာဏ်စွမ်း တစ်မိုက်တစ်ထွာလေးနဲ့ ငါ့ကိုလာစမ်းလို့ရမယ် ထင်သလား၊ ဟင် . . မင်းကိုယ်မင်း ရောမလူမျိုးကောင်းကြီးလို့ ထင်နေတာပေါ့လေ၊ ဟုတ်လား သတင်းစာသမားအစုတ်အပဲ့ကောင် . . မင်းတို့ကလောင်နဲ့ လူတစ်ယောက်ကိုမြင့်တက်သွားအောင် မြှောက်ရေးနိုင်တယ်၊ သူ့ဘဝပျက်စီးသွားအောင် ရှုံ့ချရေးနိုင်တယ်။ လူတိုင်းက မင်းတို့ကို မျက်နှာချိုသွေးရမယ်၊ ဦးစားပေးရမယ်လို့ ထင်နေတယ်ပေါ့ ဟုတ်လား

လျှို့ဝှက်ဆန်းကြယ် မဂ္ဂဇင်းတိုက်



မင်းဟာ သူများနယ်မှာ လာကျူးကျော်ချင်တဲ့ ဘဝင်မြင့်အောက်ခြေလွတ်နေတဲ့ကောင်၊ ငါက မင်းကိုနေရာမှန် ပို့ပေးရမှာပေါ့ကွာ၊ မင်းဟာ ဂျော့အက်ဒဝပ်ချလင်ဂျာကိုတော့ စမ်းလို့မရဘူးဟေ့၊ မင်းထက် ဗိုလ်ကျတယ်ဆိုတာ မှတ်ထားလိုက်၊ မင့်ကို ကြိုသတိပေးရဲ့သားနဲ့ မင်းက လူလည်လာလုပ်တာကိုးကွ၊ ဒီတော့ မင်းဖြစ်ဒဏ် မင်းခံရမပေါ့၊ မင်းကို မှတ်လောက်သားလောက်အောင်ဆုံးမ ရမှာပေါ့၊ မင်းဟာ အလွန်အန္တရာယ်ကြီးတဲ့ ကစားပွဲကိုလုပ်ခဲ့တယ် အဲဒီပွဲမှာ မင်းရှုံးတယ်လေ''

''ဒီမယ်ခင်ဗျာ'' ကျွန်တော်က တံခါးဆီကို နောက်ပြန်ဆုတ်၍ တံခါးကိုဖွင့်လိုက်ရင်း ပြောလိုက်ပါသည်။

''ခင်ဗျား . . ကျွန်တော့်ကိုဆဲချင်သလိုဆဲ၊ ဆိုချင်သလိုဆိုပါ၊ ဒါပေမယ့် အတိုင်းအတာတော့ရှိတယ်နော်၊ ကျွန်တော့်ကိုတော့ လာမထိပါနဲ့''

''မင်းကို မထိရဘူးဟုတ်လား'' ကြောက်မက်ဖွယ်ရာအမူအရာဖြင့် သူက ရှေ့သို့တရွေ့ရွေ့တိုးလာပါသည်။ သို့သော်ခြေတရက် ရပ်တန့်လိုက်ပြီး ကြီးမားသောသူ့လက်ကြီးနှစ်ဖက်ကို သူဝတ်ထားသည့် ဂျာကင်အင်္ကျီအိတ်များအတွင်းသို့ ထိုးထည့်လိုက်ပါသည်။

လျှို့ဝှက်ဆန်းကြယ် မဂ္ဂဇင်းတိုက်

www.burmeseclassic.com

www.burmeseclassic.com



"မင်းလို သတင်းစာသမားတွေ အိမ်အပြင်ငါလွှင့်
ပေါင်းများပြီ၊ မင်းဟာ နံပါတ်လေးသမားပဲ၊ တစ်ကြိမ်အတွ
ဘုံးပေါင်ဆယ့်ငါးချိုလင်လောက် ကုန်ကျသွားတယ်တေ
များသပေါ့ကွ၊ ဒါပေမယ့် မကုန်လို့မဖြစ်ဘူး အခု မင်းကို မ
နောင့်တော်နောင်တော်တွေရဲ့လမ်းကို ဘာပြုလို့မလိုက်ရမှာ
လိုက်ရမှာပေါ့ကွာ"

ပြောပြောဆိုဆိုနှင့် သူကရှေ့သို့တိုးလာပြန်ပါသည်
ကျွန်တော်က အခန်းပြင်ဘက်ထွက်လိုက်ပြီး အခန်းတံခါး
လန့်ကိုအပြင်မှ ထိုးပိတ်ထားမည်ဆိုလျှင် ဖြစ်နိုင်ဖွယ်ရာရှိပါ၏
သို့သော် ထိုသို့ပြုလုပ်ရန်မှာ ရှက်စရာအတိဖြစ်ပါ၏။ ထို့ အပြ
မဟုတ်မခံချင်သော ကျွန်တော့်စိတ်ကလည်း တထောင်းထော
ထလာပါသည်။ ယခင် ကျွန်တော်များယွင်းသော အခြေအ
ရောက်ခဲ့သော်လည်း ယခုသူ၏ ခြိမ်းခြောက်မှုက နေရာမှန်ပို့
ခဲ့ပါသည်။

"ကျွန်တော်ကို ကိုယ်ထိလက်ရောက်လုပ်ရင်တော့ ခံ
မှာမဟုတ်ဘူး၊ ကျွန်တော်က ခုခံကာကွယ်ရလိမ့်မယ်"

"အလို . . ခံနေမှာ မဟုတ်ဘူးဆိုပါလား" သူ၏နှ
ခမ်းမွှေးနက်နက်ကြီးက မြင့်တက်သွားပြီး ဖြူဖွေးသည့်သွားမျာ
ပေါ်လာအောင် ပါးစပ်ကိုဖြဲလိုက်ပါသည်။





"ခံနေမှာ မဟုတ်ဘူး၊ ဟုတ်လားကွ"

"ပရော်ဖက်ဆာကြီး . . ဒီလိုမရှုးမိုက်စမ်းပါနဲ့၊ ဘယ်လို ဖြစ်သွားမယ်ထင်သလဲ၊ ကျွန်တော်ဟာ ကိုယ်အလေးချိန် (၁၅) စတုံရှိပြီး သံလိုမာတဲ့ကောင် ခင်ဗျား၊ လန်ဒန်မြို့ပေါ်က အိုင်ယာလန်ဘောလုံးအသင်းမှာ စနေနေ့တိုင်းကစားတဲ့လူ ခင်ဗျား၊

ကျွန်တော့်စကား မဆုံးသေးမီ သူတစ်ဟုန်ထိုးပြေးဝင်လိုက်ပါသည်။ ကျွန်တော်က တံခါးဖွင့်ထားခဲ့သည်မှာ ကံကောင်းပါ၏။ သို့မဟုတ်လျှင် ကျွန်တော်တို့ တံခါးရွက်မှပေါက်ထွက်သွားကြမည်ဖြစ်ပါသည်။ ကျွန်တော်တို့နှစ်ယောက် စင်္ကြံလမ်းအတိုင်း လုံးထွေးလိမ့်လာကြပါသည်။ ကုလားထိုင်တစ်လုံးက ကျွန်တော်တို့နှင့် ရောထွေးပါလာပြီး ကျွန်တော်တို့သည် အိမ်အပြင်ဘက် လမ်းပေါ်ဆီသို့ ဦးတည်နေကြပါသည်။

ကျွန်တော်၏ ပါးစပ်ထဲ၌ သူ့မုတ်ဆိတ်မွှေး အပြည့်ဝင်နေပါသည်။ လက်ချင်းယှက်ဖက်၍ ချုပ်မိနေကြရာ ကိုယ်လုံးချင်းပူးနေ၏။ ၎င်းကြားတွင် ကုလားထိုင်က ကန့်လန့်ကန့်လန့်ပါနေပါသေးသည်။ ကျွန်တော်တို့အဖြစ်ကိုကြည့်နေသည့် အော်စတင်က အိမ်ရှေ့တံခါးကြီးကို ဖွင့်ပေးလိုက်ရာ ကျွန်တော်တို့သည် လှေကားမှနောက်ပြန်လိမ့်ကျသွားကြပါသည်။ ကျွန်တော်တို့နှစ်ယောက် ရေမြောင်းထဲကျကာ လူချင်းခွဲသွားပါ



www.burmeseclassic.com

www.burmeseclassic.com



သည်။ သူက ဗြုန်းခနဲထရပ်လိုက်ကာ လက်သီးကိုဝှေ့ယမ်းရင်း နပန်းသမားတစ်ယောက်သဖွယ် အသက်ကိုခက်ခဲစွာ ခပ်ပြင်းပြင်းရှူနေရပါသည်။

"မှတ်ပလားဟေ့" ဟု သူအော်လိုက်သည်။

"ခင်ဗျားဟာ ငရဲသားကြီးပဲ" ကျွန်တော်ကလည်း ကိုယ့်ကိုထိန်းလိုက်ရင်း ပြန်အော်လိုက်ပါသည်။

သူက ထိုးကြိမ်ပွဲကို ဆက်ချင်ပါသေးသည်။ သို့သော် ကံကောင်းထောက်မသဖြင့် ထိုအခြေအနေဆိုးမှ ကျွန်တော်လွတ်သွားပါသည်။ လက်တွင်း၌မှတ်စုစာအုပ်ကိုင်ထားသော ရဲသားတစ်ဦး ကျွန်တော်တို့အပါး ရောက်လာပါသည်။

"ဘယ်လိုဖြစ်ကြတာလဲ ခင်ဗျားတို့မရှက်ကြဘူးလား"

ဟု ရဲသားကဆိုပါသည်။ သူ့စကားမှာ ပြောသင့်ပြောထိုက်သော စကားဟု ကျွန်တော်လက်ခံပါသည်။ ထို့နောက် ရဲသားက ကျွန်တော့်ဘက်လှည့်၍ မေးပါသည်။

"ဘယ်လိုဖြစ်တာလဲဗျ"

"သူက ကျွန်တော့်ကိုစပြီး သတ်ပုတ်တယ်လေ" ဟု ကျွန်တော်က ဖြေပါသည်။

"ခင်ဗျားက စသတ်တယ် . . ဟုတ်ရဲ့လား"





ပရော်ဖက်ဆာကြီးမှာ မဖြေနိုင်သေးပဲ အသက်ပြင်းပြင်း ရှူနေပါသည်။ ရဲသားက ခေါင်းရမ်းရင်းပြောသည်။

"ဒီအဖြစ်ဟာ ပထမဆုံး မဟုတ်ဘူး၊ အရင်လတုန်းကလည်း ဒီလိုဖြစ်ခဲ့ပြီး ခင်ဗျားလက်ချက်ကြောင့် သူ့မျက်လုံး ညိုခဲနေပြီ၊ ဒီမယ် မိတ်ဆွေ . . သူ့ကိုခင်ဗျားတရားစွဲမလား"

ကျွန်တော်သည် အားတုံ့အားနာ ဖြစ်သွားမိပါသည်။

"ဟင့်အင်း . . ကျွန်တော် တရားမစွဲပါဘူး"

"ဘယ်လိုလဲဗျ" ဟု ရဲသားက မေးလိုက်ပါသေးသည်။

"ကျွန်တော်ကိုက အပြစ်တင်စရာပါပဲ၊ ကျွန်တော်က သွားပြီးနှောင့်ယှက်မိတာပါ၊ သူကကြိုတင်သတိပေးခဲ့ပါသေးတယ်"

ရဲသားက မှတ်စုစာအုပ်ကို ပိတ်လိုက်သည်။

"နောက်ထပ်ဒါမျိုးတွေ မတွေ့ရပါစေနဲ့ဗျာ၊ အမယ် . . သွားကြလေ . . ဘာလုပ်နေကြတာလဲ သွားကြစမ်း"

ရဲသားက တစ်ဆက်တည်းပင် လာရောက်စုပြုံကြည့်ကြသည့်လူလေးငါးဦးကို မောင်းထုတ်လိုက်ပါသည်။ ထိုလူစုနောက်မှ သူလဲတအိအိပါသွားသည်။ ပရော်ဖက်ဆာက ကျွန်တော့်ကို ကြည့်နေပါသည်။ သူ့မျက်လုံးတို့၌ မြူးတူးဟန်အရိပ်လက္ခဏာ



www.burmeseclassic.com

www.burmeseclassic.com



မြင်ရသည်ထင်ပါ၏။

"အထဲကိုလိုက်ခဲ့ဦးကွ . . မင်းနဲ့ကိစ္စ မပြတ်သေးဘူး"

ဟု သူကဆို၏။

သူ့အသံက နားဝင်မချိုလှပါ။ သို့သော် ကျွန်တော်က အိမ်ထဲလိုက်ဝင်သွားခဲ့သည်။ ရုပ်တုတစ်ခုနှင့်တူသည့် အော်စတင်က ကျွန်တော်တို့နောက်ဘက်၌ တံခါးပိတ်လိုက်ပါသည်။

* * * * * * *



## အခန်း (၃)

### ဒူလင်ဂျာ၏ ဇာတ်ကြောင်းပြန်

ကျွန်တော်တို့နှစ်ဦးသား လွန်ခဲ့သောဆယ်မိနစ်ခန့်က ထွက်ခွာခဲ့ကြသော အခန်းတွင်းသို့ ပြန်လည်ဝင်ရောက်ကြပြန်သည်။ ပရော်ဖက်ဆာက ကျွန်တော့်အား ထိုင်ရန်ပြောပြီး ဆေးလိပ်တစ်လိပ်တည်သည်။

"ကိုင်း . . နားထောင်ပေတော့၊ မင်းမှာ တစ်စုံတစ်ခု ပြောစရာရှိတောင်မှပဲ တစ်ခြားသင့်လျော်တဲ့အချိန်ကျမှပြော၊ သောလောဆယ်တော့ ပါးစပ်ပိတ်နေ၊ ပထမဆုံး ငါပြောချင်တာကတော့ ငါဟာ မင်းကို ငါ့အိမ်ထဲက အနေမှန်ကန်ဆုံးနည်းနဲ့ သင့်တင့်လျောက်ပတ်စွာ မောင်းထုတ်ပြီးတဲ့နောက် အိမ်ထဲပြန်ပြီးဝင်ခွင့်ပြုလိုက်ရတဲ့ အကြောင်းရင်းပဲ"



www.burmeseclassic.com

www.burmeseclassic.com



သူသည် မုတ်ဆိတ်ကိုသပ်ရင်း ကျွန်တော့်မျက်နှာကို စိုက်ကြည့်နေသည်။

"နှင်ထုတ်ပြီးမှ ပြန်ဝင်ခွင့်ပြုတာ ဟို . . ဘဝင်မြင့်နေတဲ့ ရဲသားကိုပေးလိုက်တဲ့ မင်းအဖြေကြောင့်ကွ၊ ငါခါတိုင်း တွေ့ဖူးတဲ့ မင်းတို့လိုလူစားမျိုးထဲမှာတော့ မင်းဟာအတော်အသင့်ဟန်ပုံတော့ပေါ်ရဲ့၊ မင်းက စတဲ့အတွက် ရန်ဖြစ်ရတာပါလို့ မင်းဝန်ခံတာကို ထောက်ရင် မင်းဟာ ခေါင်းအေးအေးနဲ့ ဆုံးဖြတ်တတ်တဲ့လူတစ်ယောက်ဆိုတာ ငါခန့်မှန်းမိတယ်၊ ဒီအချက်ကို ငါသိပ်သဘောကျတယ်၊ ငါက အသိဉာဏ်နိမ့်တဲ့လူစားမျိုးတွေကို အဖက်လုပ်တာ မဟုတ်ဘူး၊ မင်းပြောပုံဆိုပုံက အဲဒီအနိမ့်စားလူတွေထက်တော့ နည်းနည်းလေးသာတယ်ဆိုတာ ဖော်ပြနေတယ်၊ ငါမင်းအကြောင်းကိုပိုပြီး သိရအောင်လေ့လာဖို့ ဆုံးဖြတ်လိုက်ပြီ၊ တစ်ဆိတ်လောက် ကျေးဇူးပြုပြီး မင့်ဆေးလိပ်ကပြာကို မင်းတံတောင်ဆစ်နားက ခွက်ကလေးထဲကို ချွေထည့်လိုက်ပါလား"

ဤသို့ပြောဆိုစဉ် ချလင်ဂျာသည် သူ၏စာသင်ခန်းထဲ၌ သင်တန်းပို့ချသည့်လေသံဟန်ပန်မျိုးဖြင့် ပြောနေခြင်းဖြစ်သည်။ ဦးခေါင်းကိုနောက်သို့ပစ်ရင်း မျက်စိအစုံကို မပွင့်တပွင့်ဖွင့်ကာ ထိုင်နေပုံမှာ အရွယ်အစားကြီးမားသော ဖားပြုတ်ကြီး

လျှို့ဝှက်ဆန်းကြယ် မဂ္ဂဇင်းတိုက်



တစ်ကောင်နှင့် တူလှတော့သည်။

သူက ဘေးကိုယ်လှည့်ထိုင်ရင်း ရှုပ်ပွနေသော စားပွဲပေါ်တွင် တစ်စုံတစ်ရာကို ရှာဖွေနေသည်။

"ကဲ . . ငါအခု မင့်ကို တောင်အမေရိကအကြောင်း ပြောပြမယ်၊ မင်းက ငြိမ်ငြိမ်ကလေးသာ နားထောင်ပေတော့၊ ငါက မင့်ကိုအထူးခွင့်ပြုချက် မပေးမချင်း မင်းဟာ ငါပြောမဲ့အကြောင်းတွေကို ပုံနှိပ်ထုတ်ဝေခွင့်၊ ဟောပြောခွင့်မရှိဘူးဆိုတာကို မင်းနားလည်ထားရမယ်၊ ဒီအခွင့်အရေးကိုလဲ ငါက ဘယ်တော့မှ ပေးလိမ့်မယ် မဟုတ်ဘူး ရှင်းရဲ့လား"

"ဟုတ်ကဲ့ . . ရှင်းပါတယ်၊ ဒါပေမယ့် အဲဒီစည်းကမ်းကို လိုက်နာဖို့ ကျွန်တော့်အခက်အခဲ ရှိနေပါတယ်" ကျွန်တော်က ဆိုသည်။

"ဒီလိုဆိုလဲ ပြီးပြီလေ၊ ငါ . . မင်းကို ကောင်းသော နံနက်ခင်းလို့ နှုတ်ဆက်လိုက်ပါရစေ"

"အို . . မဟုတ်သေးပါဘူး ခင်ဗျား၊ ကျွန်တော် သဘောတူရတော့မှာပေါ့ . . ကျွန်တော့်မှာ ရွေးချယ်ဖို့လမ်းမှ မရှိတော့ပဲ"

"အေး . . ရွေးချယ်ဖို့က တခြားလမ်းတော့ မရှိဘူး"

"ဟုတ်ကဲ့ . . ဒီလိုဆိုလဲ ကျွန်တော်ကတိပေးပါတော့မယ်"

လျှို့ဝှက်ဆန်းကြယ် မဂ္ဂဇင်းတိုက်

www.burmeseclassic.com

www.burmeseclassic.com



"ကတိပေးတယ်နော်"

"ဟုတ်ကဲ့ . . ကတိပေးပါတယ်"

"ဒီလိုဆိုရင် မင်းစိတ်ပါဝင်စားမယ့်အချက်တစ်ချို့ကို ပြောရတာပေါ့၊ မင်းသိတဲ့အတိုင်းပဲ ငါဟာ လွန်ခဲ့တဲ့နှစ်နှစ်က တောင်အမေရိကကို ခရီးထွက်ခဲ့တယ်၊ အဲဒီခရီးဟာ တစ်နေ့ ကမ္ဘာ့သိပ္ပံပညာသမိုင်းမှာ ကျော်စောမယ့်ခရီးပဲ၊ ဝေါလ်နဲ့ ဘိတ်စ် တို့ရဲ့အဆိုပြုချက်ကို ထောက်ခံဖို့အတွက်ကိစ္စဟာ တောင်အမေ ရိကမှာမှပဲ ဆောင်ရွက်လို့ဖြစ်မှာကိုးကွ၊ သို့သော် အလွန်ထူးဆန်း တဲ့အဖြစ်အပျက်တစ်ခုဟာ ငါ့ခရီးစဉ်နဲ့ဆက်နွယ်လာပြီး ငါတို့ အတွေးအခေါ်သစ်တစ်ခု လမ်းဖွင့်ပေးလိုက်တော့တာပဲ"

"မင်းသိမလားပဲ . . အေးလေ . . မတောက်တစ်ခေါက် ပညာတတ်တွေခေတ်ဆိုတော့ သိချင်မှသိပေလိမ့်မယ်၊ အမေရိ မြစ်ဝှမ်းရဲ့ အချို့သောနေရာအစိတ်အပိုင်းတွေကိုသာ လူတွေ သွား ထားကြသေးတယ်ဆိုတဲ့အချက်ပေါ့၊ ငါ့အလုပ်ကလဲ ဒီလိုလူသူ အရောက်နည်းတဲ့ဒေသတွေကို သွားရောက်လေ့လာခြင်းပေကိုး ငါ့ရဲ့စူးစမ်းတဲ့အလုပ်တွေလဲပြီးရော ငါလဲပြန်ခဲ့တယ် အပြန်လမ်း မှာ အင်ဒီယန်းရွာငယ်တစ်ရွာကို ဝင်ပြီးညအိပ်ခဲ့တယ်၊ ဒီရွာ လေးရဲ့တည်နေရာကိုတော့ မင့်ကိုငါမပြောနိုင်ဘူး၊ ရွာသားတွေ ဟာ ပညာခံလဲ မရှိကြဘူး၊ ဒီတော့ သာမန်လန်ဒန်မြို့သား





တစ်ယောက်နဲ့ အသိဉာဏ်ချင်း ပိန်မသာလိမ်မသာပေါ့လေ၊ ဒီရွာကို အသွားခရီးတုန်းကလဲ ငါဝင်ခဲ့သေးတယ်၊ သူတို့ဖျားနာနာတာလေးတွေကို ငါကကုသပေးခဲ့တယ်၊ ဒီတော့ ငါဟာ သူတို့အတွက် လေးစားထိုက်တဲ့ ပုဂ္ဂိုလ်တစ်ဦးပေါ့ကွာ၊ သူတို့ဟာ ငါ့ရဲ့အပြန်ခရီးမှာ သူ့တို့ဆီဝင်ဖို့မျှော်လင့်တောင့်တကြတာဟာ မဆန်းပါဘူးလေ၊ ငါရောက်သွားတော့ ရွာရဲ့လူကြီးအကဲက ငါ့ကိုတဲတစ်လုံးဆီခေါ်သွားတယ်၊ တဲထဲမှာ ပူပူနွေးနွေးသေပြီးစ လူဖြူအလောင်းတစ်လောင်းကို တွေ့ရတယ်၊ ဒီလူဖြူဟာ ပိန်ချုံးနေပြီး အဝတ်အစားတွေလဲ စုတ်ပြတ်နေတာပဲ၊ အကဲခတ်ရတာဖြင့် သူဟာ မသေမီ ဆင်းရဲဒုက္ခအတော် တွေ့ခဲ့ဟန်ရှိတယ်၊ ရွာသားတွေရဲ့ ပြောပြချက်အရ ဒီလူဟာ တစ်ယောက်တည်းပဲ အားအင်ကုန်ခမ်းနေတဲ့အသွင်နဲ့ သစ်တောတွေဆီကနေပြီး ရွာကိုရောက်လာတယ်လို့ သိရတယ်၊ သူ့အနီးမှာ အိတ်တစ်လုံး ငါတွေ့လို့ စစ်ဆေးကြည့်တော့ အိတ်ပေါ်မှာ သူ့အမည် မေပယ် ဗိုက်လို့ ရေးသားထားတယ်၊ လိပ်စာက ကန်ရိပ်သာ၊ ဒက်ကမ္ဘိုက်မစ်ချိုဂန်လို့ တွေ့ရတယ်၊ ဒီမေပယ်ဗိုက်ဆိုတဲ့အမည်ဟာ ငါအလွန်လေးစားကြည်ညိုတဲ့အမည်ပေါ့ကွာ၊ တစ်နေ့မှာ အဲဒီ အမည်ဟာ ငါ့အမည်လိုပဲ ကျော်ကြားလာရမယ်လို့ ပြောရင်



www.burmeseclassic.com

www.burmeseclassic.com



လွန်မကျပါဘူးနော်၊ အိတ်ထဲမှာရှိတဲ့ပစ္စည်းတွေအရ ဒီလူဟာ ပန်းချီဆရာ၊ ကဗျာဆရာတစ်ဦးဆိုတာ သိရတယ်ကွ၊ ကဗျာတစ်ချို့နဲ့ မြစ်ရှုခင်းပန်းချီကားတွေလဲ တွေ့ရတာကိုး၊ ပြီးတော့ သေနတ်တစ်လက်၊ အဲဒီမှင်အိုးတင်တဲ့ စင်ပေါ်မှာရှိနေတဲ့ ကောက်ကွေးကွေးအရိုးတစ်ချောင်းလဲ တွေ့ရတယ်၊ ငါလှည့်ထွက်တော့မယ့်ဆဲဆဲမှာ သူ့ရဲ့စုတ်ပြတ်နေတဲ့ကုတ်အင်္ကျီရှေ့နားမှာ စာအုပ်တစ်အုပ်ကို သတိပြုမိတယ်၊ သူပုံဆွဲတဲ့စာအုပ်ပေါ့လေ၊ စာအုပ်ကတော့ ခုမင်းမြင်ရတဲ့အတိုင်း စုတ်ပြတ်လို့၊ ငါက ဂရုတစိုက်နဲ့ သိမ်းဆည်းထားလို့သာပေါ့ ရော့ . . . အဲဒီစာအုပ်ကို တစ်မျက်နှာချင်းလှန်ကြည့်ပြီး မင်းလေ့လာစမ်း"

သူသည် ဆေးလိပ်တစ်လိပ်ကိုယူလိုက်ပြီး နောက်သို့ မှီလိုက်ကာ စာအုပ်ကို ကျွန်တော်လေ့လာရာမှ ဖြစ်ပေါ်လာမည့် အကျိုးသက်ရောက်မှုတို့ကို စောင့်ကြည့်ဝေဖန်သောအနေဖြင့် တောက်ပြောင်လာသော မျက်လုံးအစုံဖြင့် အကဲခတ်နေသည်။

ကျွန်တော် စာအုပ်ကိုဖွင့်လိုက်သောအခါ ထူးထူးခြားခြားစိတ်ဝင်စားဖွယ်ရာဟူ၍ မတွေ့ရပေ။ ပထမစာမျက်နှာတွင် အလွန်ဝသော လူတစ်ယောက်ပုံကို တွေ့ရပြီး ပုံအောက်ခြေတွင် ဂျင်မီကလို့ဗာဟု ရေးထားသည်။ အခြားစာမျက်နှာတွင်မူ တိရစ္ဆာန်အမျိုးမျိုးတို့၏ပုံများကို တွေ့ရပြန်သည်။ အင်ဒီယန်း





လူမျိုးများ၊ မိန်းမများ၊ ကလေးများ၏ပုံများ၊ ဘုန်းကြီးတစ်ပါး၏ပုံနှင့် ခပ်ပိန်ပိန်လူဖြူတစ်ဦး၏ပုံကိုလည်း တွေ့ရ၏။

နောက်စာမျက်နှာများတွင်မူ တိရစ္ဆာန်အမျိုးမျိုးတို့၏ပုံများကိုတွေ့ရပြန်သည်။ တိရစ္ဆာန်တစ်ကောင်မှာ ဝက်နှင့်ခပ်ဆင်ဆင်ဖြစ်၏။ အချို့တိရစ္ဆာန်များမှာ မိချောင်းကဲ့သို့ နှာခေါင်းရှည်ရှည်နှင့် ပုံပန်းခပ်ဆိုးဆိုးတိရစ္ဆာန်များ ဖြစ်လေသည်။ တုန်လှုပ်အံ့သြဖွယ်ရာဟူ၍ ဘာမျှမတွေ့ပေ။ ထိုအကြောင်းကို ကျွန်တော်က ပရော်ဖက်ဆာအား ပြန်ပြောလိုက်၏။

"နောက်တစ်ရွက်လှန်ကြည့်ပါဦး" ဟုဆိုသည်။ သူပြောသလို နောက်တစ်ရွက်လှန်ကြည့်သော်လည်း ကျွန်တော့်အဖို့ ဘာမျှမထူးလှ။ ပုံ၏ရှေ့ပိုင်းတွင် အစိမ်းနုရောင်ရေးခြယ်ထားသော သီးနှံခင်းများနှင့် နောက်ပိုင်းတွင် တစ်ဆက်တည်းရှိနေသော အနီရင့်ရောင် ကျောက်တုံးနံရံကျောက်ကမ္ဘားများ ရှိနေသည်။ တစ်နေရာတွင်မူ ထီးတည်းဖြစ်နေသော ကျောက်ဆောင်နှင့် ယင်းကျောက်ဆောင်ထိပ်တွင် သစ်ပင်ကြီးတစ်ပင်ကို တွေ့ရ၏။

ထိုကျောက်ဆောင်မှာ ကျောက်နံရံကြီးနှင့် မဝေးလှသော်လည်း တစ်ဆက်တည်းရှိနေခြင်းတော့ မဟုတ်ပေ။ ကျောက်နံရံ



www.burmeseclassic.com

www.burmeseclassic.com



အိပ်ပိုင်းတွင် စိမ်းလန်းစိုပြေသော သစ်ပင်များကို တွေ့ရ၏။ နောက်စာမျက်နှာတွင် ထိုနေရာ၏ရှုခင်းပုံကိုပင် ရေးဆွဲထား သည်။ သို့သော် အနီးကပ်မြင်ကွင်းအဖြစ် ရေးဆွဲထားခြင်း ကြောင့် ပုံပါအရာဝတ္ထုများကို ပို၍အသေးစိတ်ကျအောင် မြင် တွေ့နိုင်လေသည်။

"ဘယ့်နှယ်လဲဟေ့" သူကမေးပါသည်။

"ထူးဆန်းတာကတော့ အမှန်ပါပဲ၊ ဒါမမယ့် အံ့သြစရာ ကောင်းတာရယ်ကိုတော့ မမြင့်မိပါဘူး"

"ဒါလောက်အံ့သြစရာကောင်းတာ ကမ္ဘာမှာ ဘယ်ရှိ လဲကွ၊ မယုံနိုင်စရာ ကောင်းလောက်အောင်ကို အံ့သြစရာ ကောင်းတာပေါ့ . . ကဲ . . နောက်တစ်ရွက်"

ကျွန်တော်သည် နောက်တစ်မျက်နှာကို လှန်ကြည့်လိုက် သော် အံ့သြလွန်းသဖြင့် အော်လိုက်မိတော့သည်။ မြင်ရသော မှာ ကျွန်တော်၏တစ်သက်တာတွင် တစ်ခါမျှမမြင်ဖူးသော သတ္တဝါတစ်ကောင်၏ပုံကို စာမျက်နှာပြည့်ရေးဆွဲထားသော ဖြစ်လေသည်။ ကျောပြင်ကုန်းကုန်းပေါ်၌မူ လူသွားသတ္တဝါ ရှူးရှူးချွန်ချွန်အရာများကို တွေ့ရ၏။ အမြီးရှည်ရှည်ကြီး၏ အပေါ်ပိုင်းတွင်လည်း ထိုရှူးရှူးချွန်ချွန်အရာများကို တွေ့ရသေး ၏။ သတ္တဝါကြီး၏ ရှေ့နားတွင် လူခပ်သေးသေးတစ်ဦးက





သတ္တဝါကြီးအား မော့ကြည့်နေဟန်တွေ့ရပေသည်။

"ဒါကို မင်းဘယ်လိုထင်သလဲ" ပရော်ဖက်ဆာက လက်ဝါးနှစ်ဖက်ပွတ်ရင်း မေးသည်။

"အိပ်မက်ဆိုးကြီးတစ်ခုလိုပဲ"

"ထားပါတော့လေ .. ဘာကြောင့် သူဒီပုံဆွဲရသလဲ"

"သူ အိပ်မက်ဆိုးကြီးမက်ပြီး ဆွဲတာနေမှာပေါ့၊ တစ် ခြားဘာဖြစ်နိုင်စရာ ရှိသေးလဲ"

"ထင်ရှားတာ တစ်ခုရှိတယ်၊ ဒါကတော့ သူဟာ ဒီပုံ ကိုဆွဲရာမှာ သက်ရှိသတ္တဝါကို ကြည့်ဆွဲတယ်ဆိုတဲ့အချက်ပေါ့"

ကျွန်တော်ရယ်ချင်သွားသည်၊ သို့သော် ကျွန်တော်တို့ နှစ်ဦးသားလုံးထွေးပြီး တံခါးပေါက်မှလမ်းမကြီးပေါ်သို့ လွင့် ထွက်သွားရမည့်အဖြစ်မျိုးကို ကျွန်တော်သင်ခန်းစာရခဲ့ပြီးလေ ပြီ၊ ထို့ကြောင့်ပင် . . .

"ဟုတ်တာပေါ့ . . ဟုတ်တာပေါ့" ဟု စိတ်ပေါ့သွပ်သူ တစ်ယောက်အား အလိုက်အထိုက်ပြောသော လေသံမျိုးဖြင့် ထောက်ခံလိုက်ရသည်။

"ဒါပေမယ့် တစ်ခုတော့ ကျွန်တော်ဘဝင်မကျဘူး၊ အဲဒီ ကတော့ ဒီလူပုံသေးသေးပဲ"

ပရော်ဖက်ဆာက စိတ်ဆိုးနေသော ကျွဲကြီးတစ်ကောင်



www.burmeseclassic.com

www.burmeseclassic.com



၏အသံမျိုးဖြင့် အော်လိုက်ပြီး . . .

"မင်းဟာ တော်တော်ဉာဏ်နည်းတာပဲ၊ ငါအလုပ်ပိုတစ်ခုလုပ်ပြီး ရှင်းပြရဦးမယ်၊ အံ့သြစရာကောင်းလောက်အောင်ကို မင်း ဉာဏ်ကသိပ်ဖျင်းတယ်"

ကျွန်တော်သည် ပင်ပန်းနွမ်းနယ်သောအပြုံးလေးဖြင့် ကိုယ်ကိုကိုယ် ဖြေသိမ့်လိုက်သည်။

"ဒီလူပုံသေးနေတာ ကျွန်တော်အာရုံစိုက်မိလို့ပါ"

"ဒီမှာကြည့်" ပရော်ဖက်ဆာက ရှေ့သို့မှီလိုက်ရင်း အမွေးအမျှင်ထူပြောလှသော လက်ချောင်းကြီးဖြင့် ပုံကိုညွှန်ပြရင်း . . .

"သတ္တဝါကြီးရဲ့နောက်ဘက်မှာရှိနေတဲ့ သစ်ပင်ကိုတွေ့လား၊ ဒီအပင်ကို သာမန်သစ်ပင်လေးတစ်ပင်လိုပဲ မင်းထင်မှာပဲ၊ စင်စစ်တော့ ဒါဟာ ပေငါးဆယ်၊ ခြောက်ဆယ်လောက်မြင့်တဲ့ ထန်းပင်တစ်ပင်မျိုးပေါ့ကွ၊ လူပုံကိုထည့်ဆွဲထားတာကလဲ အကြောင်းရှိတယ်၊ တကယ်တော့ ဟောဒီလိုသတ္တဝါကြီးရှေ့မှာ ဘယ်လိုလူမှ ရပ်နေဝံ့မှာ မဟုတ်ဘူး၊ အရွယ်အစားကို သိသာအောင် တမင်ထည့်ဆွဲထားတာ၊ ပုံထဲကလူဟာ အရပ်ငါးပေကျော်ဆိုပါတော့ကွာ"

"အလိုလေး . . ဘုရားသခင်ရေ၊ ဒီလိုဆိုရင် ဒီသတ္တဝါ

လျှို့ဝှက်ဆန်းကြယ် မဂ္ဂဇင်းတိုက်



ကြီးဟာ ဘူတာရုံထဲတောင် မဆံ့နိုင်အောင်ကြီးတဲ့ သတ္တဝါမျိုးပေါ့"

"မင်း . . လူလားမြောက်လာပြီ" ပရောက်ဖက်ဆာက ကျေနပ်စွာဖြင့် မှတ်ချက်ချသည်။

"ဒါပေမယ့် လူမျိုးတစ်မျိုးရဲ့အကြားအမြင် ဗဟုသုတကြီးတစ်ရပ်လုံးကို ဖျားနာနေတဲ့ အမေရိကန်လူမျိုး အနုပညာရှင်တစ်ဦးရဲ့ ခဲ့ထွင်ရေးဆွဲထားတဲ့ ပန်းချီကားတစ်ချပ်ပေါ်မှာ မူတည်ပြီး ပြီးစလွယ်ဆုံးဖြတ်မသင့်ပါဘူး၊ ပရော်ဖက်ဆာလို သိပ္ပံပညာရှင်ကြီးတစ်ဦးဟာ ဒါမျိုးတွေမဖြစ်ရအောင် ကာကွယ်သင့်ပါတယ်"

ကျွန်တော့်ကို ပြန်လှန်ချေပမည့်အစား ပရော်ဖက်ဆာက စာအုပ်စင်မှ စာအုပ်တစ်အုပ် လှမ်းယူလိုက်သည်။

"ဒီစာအုပ်ဟာ ငါ့မိတ်ဆွေကြီး ရေးလန်ကပ်စတာရဲ့ အကောင်းဆုံးစာအုပ်တစ်အုပ်ပေါ့၊ ဒီစာအုပ်ထဲမှာ မင်းစိတ်ဝင်စားမယ့် ပုံတစ်ပုံရှိတယ်၊ ဟောဒီမှာ . . ခေါင်းစဉ်ကတော့ (သမိုင်းမစမီခေတ်မှ သတ္တဝါကြီး ဒိုင်နိုဆော အသက်ထင်ရှားရှိစဉ်က မြင်ရသည်ဟု ခန့်မှန်းရသောပုံ)တဲ့၊ တို့သိတာကတော့ ဒိုင်နိုဆောရဲ့ နောက်ခြေထောက်တစ်ခုတည်းဟာတောင် အရွယ်ရောက်ပြီးလူရဲ့ အရပ်အမောင်းနှစ်ဆလောက် ရှည်တယ်ဆိုတာ

လျှို့ဝှက်ဆန်းကြယ် မဂ္ဂဇင်းတိုက်

www.burmeseclassic.com

www.burmeseclassic.com



ပဲ"

သူက စာအုပ်တစ်အုပ်ကို ကျွန်တော့်အား လှမ်းပေးလိုက်ပါသည်။ စာအုပ်မှရုပ်ပုံကိုမြင်လိုက်သည်နှင့် တစ်ပြိုင်နက် ကျွန်တော် ထခုန်မိတော့သည်။ တိရစ္ဆာန်အရိုးစုကိုကြည့်ဆွဲထားသော တိရစ္ဆာန်ပုံနှင့် မေပယ်ဂိုက်၏ပန်းချီပါ တိရစ္ဆာန်တို့မှာ ဆင်တူပါတော့သည်။

"အံ့ဩစရာပါပဲ ပရော်ဖက်ဆာ"

"ဒိုင်နိုဆောတွေဟာ ဒီနေ့အထိ အသက်ရှင်ဆဲဆိုတာ မင်းဘာကြောင့် ဝန်မခံနိုင်သေးတာလဲ"

"ဒါကတော့ တိုက်ဆိုင်မှု ဖြစ်နိုင်ပါတယ်၊ အမေရိကန် လူမျိုးမေပယ်ဂိုက်ဟာ ဒီစာအုပ်ကပုံကို မြင်ဖူးထားတာ ဖြစ်နိုင်ပါတယ်"

"ကိုင်း . . ဟုတ်ပြီ၊ တို့ ဒီကိစ္စကို ခဏထားလိုက်ကြအောင်၊ ဒီအရိုးစုကိုကြည့်စမ်း"

သူက ကွယ်လွန်သူ မေပယ်ဂိုက်ပိုင်ပစ္စည်းများမှ အရိုးတစ်ချောင်း ကျွန်တော့်အား လှမ်းပေးလိုက်သည်။ အရိုးမှာ ခြောက်လက်မခန့်ရှည်၍ ထုမှာကျွန်တော်၏လက်မထက်ပို၍ ကြီးလေသည်။

"မင်းသိတဲ့ တိရစ္ဆာန်တွေထဲက ဘယ်အကောင်ရဲ့ အရိုး





ဖြစ်မယ်ထင်သလဲ"

ကျွန်တော်က အရိုးကိုသေချာစွာ စူးစမ်းလေ့လာသည်။ သိတစ်ချက်သိတစ်ချက်ဖြစ်နေသော ကျွန်တော်၏မှတ်ဉာဏ်ကိုလည်း ပြန်လည်စုစည်းနေရသည်။

"ဒါဟာ လူ့ရဲ့ညှပ်ရိုး ဖြစ်နိုင်တယ်"

ကျွန်တော်၏မိတ်ဆွေကြီးက လှောင်ပြောင်သရော်သောအမူအရာဖြင့် လက်ကိုဝှေ့ယမ်းလိုက်သည်။

"လူ့ရဲ့ညှပ်ရိုးက ကောက်တယ်ကွ၊ ဒီအရိုးဟာ ဖြောင့်တယ်၊ ပြီးတော့ အတွင်းမှာ အခေါင်းပေါက်ပါတယ်၊ လူ့ရဲ့ညှပ်ရိုးမှာ အခေါင်းမရှိဘူး"

"ဒါဖြင့်ရင်တော့ ကျွန်တော်မသိဘူးလို့ ဝန်ခံရတော့မှာပဲ"

"မင်းမသိတာကို ဝန်ခံဖို့မရှက်နဲ့ကွ၊ ကင်ဆီတန်တောင်ပိုင်းက ပြတိုက်ရဲ့အမှုထမ်းတွေတောင် ဒီအရိုးကိုမှန်အောင် ပြောနိုင်ကြမယ် မထင်ဘူး"

သူသည် အရိုးငယ်ကလေးတစ်ချောင်းကို ယူလိုက်ပြန်ကာ "ငါသိသလောက်ဆိုရင် ဒီအရိုးဟာ မင်းလက်ထဲကအရိုးလိုပဲ အရေးပါတာပဲ၊ မူရင်းသတ္တဝါရဲ့အရွယ်ကို မင်းခန့်မှန်းနိုင်လိမ့်မယ်၊ ဒီအရိုးကိုကြည့်ခြင်းအားဖြင့် လတ်လတ်ဆတ်ဆတ်



www.burmeseclassic.com

www.burmeseclassic.com



အရိုးဖြစ်တာကိုလဲ တွေ့နိုင်တယ်။ ကဲ . . ဒီတော့ မင်းဘာပြော နိုင်သလဲ"

"ဆင်တစ်ကောင်ရဲ့ . . ."

သူသည် မချိမဆန့်ဖြစ်သော အသံမျိုးဖြင့် အော်လိုက် သည်။

"တောင်အမေရိကဆင်အကြောင်း မပြောနဲ့ကွ"

"ဒီလိုဆိုရင် တောင်အမေရိကရဲ့ အကြီးစားသတ္တဝါတစ် ကောင်ကောင်ပေါ့"

"ဒီမှာ သူငယ် . . မင်းနားလည်ထားရမှာက ငါဟာ ငါ့ဘာသာရပ်ရဲ့ အရင်းအမြစ်ကို ငါသိတယ်ဆိုတာပဲ၊ ဒီအရိုး ဟာသိပ္ပံပညာရှင်တွေ မသိကြတဲ့သတ္တဝါကြီးရဲ့အရိုးကွ၊ မင်း အနေနဲ့ ခုထိဘဝင်မကျသေးဘူးလား"

"စိတ်ဝင်စားမိတာတော့ အမှန်ပါပဲ ပရော်ဖက်ဆာ"

"ဒီလိုဆိုရင်တော့ မင်းဟာမျှော်လင့်ချက် မရှိလောက် အောင်ညံ့ဖျင်းသူ မဟုတ်သေးဘူးပေါ့ကွ၊ မင်းမှာ အကြောင်း တစ်စုံတစ်ခုတော့ ရှိမယ်။ အဲဒီအကြောင်းကို ငါလေ့လာရဦးမယ် ကဲ . . ကွယ်လွန်ပြီးတဲ့ မေပယ်ဝှိုက်အကြောင်းကို ခဏမေ့ထား ပြီး ငါ့ဇာတ်ကြောင်းပြန်ကို ဆက်ရဦးမယ်၊ ငါဟာ အမေဇုန်ဒေ သအကြောင်း နောက်ထပ်မသိရသေးပဲ ပြန်လာခဲ့ရတာ ငါ မ





ယ်ဘူးဆိုတာတော့ မင်းခန့်မှန်းနိုင်ပါလိမ့်မယ်။ ကွယ်လွန်သူဟာ ဘယ်ဒေသကနေ လာတယ်ဆိုတာ ညွှန်ပြချက်တစ်ချို့ရှိတယ်။ အင်ဒီယန်းတွေမှာလဲ ထူးဆန်းတဲ့နယ်မြေနဲ့ ပတ်သက်ပြီး ကြောက် မက်ဖွယ်ပုံပြင်တွေ ရှိသေးတယ်၊ မင်း ကူရူပူရီဆိုတာ ကြားဖူး သား"

"မကြားဖူးပါဘူး ပရော်ဖက်ဆာ"

"ကူရူပူရီဆိုတာ တောစောင့်နတ်တစ်မျိုးပေါ့ကွာ၊ ကြောက်စရာကောင်းပြီး ရင်ဆိုင်မတွေ့မိအောင် ရှောင်ကြဉ်သင့် တဲ့အရာပေါ့၊ အဲဒီကူရူပူရီရဲ့ပုံသဏ္ဌာန်နဲ့ သဘာဝကိုဘယ်သူမှ ဲမပြောပြနိုင်ဘူး၊ အင်ဒီယန်းတွေ ကူရူပူရီရှိတဲ့နေရာကိုတော့ တစ်ညီတစ်ညွတ်တည်း လက်ခံကြတယ်ကွ၊ အဲဒီနေရာဟာ မေပယ်ဝှိုက်လာခဲ့တဲ့နေရာပဲ၊ အဲဒီမှာ ကြောက်မက်ဖွယ်တစ်စုံ တစ်ရာတော့ရှိနေတယ်၊ ဒါဘာလဲဆိုတာ လေ့လာစူးစမ်းဖို့ ငါ့ တာဝန်ပဲ"

"ဒီတော့ ပရောက်ဖက်ဆာ ဘာတွေလုပ်ခဲ့သလဲ"

ကျွန်တော်သည် အလွန်တရာစိတ်ဝင်စားမိပေပြီ။ ဤလူထွား ကြီးကား သူ့အပေါ်တစ်ဖက်သား စိတ်ဝင်စားလာအောင် ဆွဲ ဆောင်နိုင်စွမ်းရှိသူ ဖြစ်ပေ၏။

"ဒီတိုင်းရင်းသားတွေဆီက အကူအညီရအောင် သွေး



www.burmeseclassic.com

www.burmeseclassic.com



ဆောင်ရတာ မလွယ်လှဘူးကွယ့်၊ နောက်တော့ လက်ဆောင်လေးဘာလေးပေး၊ အင်း . . အမှန်ဝန်ခံရရင် နည်းနည်းလဲ ခြောက်လှန့်ပေးရတာပေါ့ကွာ၊ ဒီလိုနဲ့လမ်းပြလုပ်ဖို့ လူနှစ်ယောက်ရတယ်၊ နောက်ဆုံးတော့ ကံဆိုးရှာတဲ့ အမေရိကန်လူမျိုးမေပယ်ဂိုက်ကလွဲလို့ ဘယ်သူမှမရောက်ဖူးသေးတဲ့ဒေသကို ငါရောက်ခဲ့တယ်။ ခရီးတစ်လျှောက်မှာ တွေ့ကြုံခဲ့ရတဲ့ စွန့်စားခန်းတွေအကြောင်းတော့ မလိုအပ်လို့ ငါမပြောတော့ပါဘူး ဘယ်ဘက်ကို ခရီးသွားတယ်၊ အကွာအဝေးက ဘယ်လောက်ဆိုတာကိုလဲ ငါမပြောပြနိုင်ဘူး . . တစ်ဆိတ်လောက်ဒါကိုကြည့်စမ်း''

သူက ကျွန်တော့်အား ဓာတ်ပုံတစ်ပုံလှမ်းပေးသည်။

''ဒီဓာတ်ပုံပျက်စီးသွားရတဲ့အကြောင်းကတော့ မြစ်ကိုလှေနဲ့ဖြတ်ကူးစဉ် ဖလင်တွေထည့်ထားတဲ့ သေတ္တာပျက်စီးသွားတယ်ကွ၊ အားလုံးလိုပျက်စီးကုန်တယ်၊ အလွန်ကြီးကျယ်တဲ့ဆုံးရှုံးမှုကြီးပေါ့ကွယ်၊ လုံးဝပျက်စီးမသွားပဲ အနည်းအကျဉ်းလောက်သာ ပျက်သွားတဲ့ပုံအနည်းငယ်ထဲမှာ ဒီပုံလဲအပါအဝင်ပေါ့၊ မင်းကတော့ ငါအခုရှင်းပြတာကို လက်ခံနိုင်ပါလိမ့်မယ် ဒီပုံတွေနဲ့ပတ်သက်ပြီး ငါကပဲလုပ်ကြံထားသလိုလို စကားတင်းဆိုးခဲ့ကြတာပေါ့၊ ငါကလဲ ဒါကိုအရေးလုပ်ပြီး ဖြေရှင်းမနေပါ





ဘူး''

ပျက်စီးနေသော ဓာတ်ပုံတွင် မီးခိုးရောင်မှိုင်းမှိုင်းအရောင်ဖြင့် နယ်မြေတစ်စိတ်တစ်ဒေသကို တွေ့နိုင်ပေ၏။ ဂရုတစိုက်ကြည့်သောအခါ ရှည်လျားမြင့်မားသော ကျောက်နံရံကြီးကိုလည်းကောင်း၊ ရှေ့ပိုင်းတွင် လွင်ပြင်ကိုလည်းကောင်း တွေ့ရလေသည်။

''ဒီနေရာဟာ ပန်းချီကားထဲကနေရာဆိုတာ ကျွန်တော်ယုံတယ်''

''ဒီနေရာပဲပေါ့ကွာ၊ လူနေသွားတဲ့ စတဲချသွားဟန်ရှိတဲ့ လက္ခဏာတွေ ငါတွေ့ခဲ့ရတယ်။ ရော့ . . ဒီတစ်ခုကိုကြည့်ဦး''

အတော်ပင် မှုန်ဝါးသောပုံဖြစ်သော်လည်း ရှုခင်းကို အနီးကပ်ရိုက်ထားသော ဓာတ်ပုံဖြစ်မှန်း သိသာနိုင်သည်။ ထီးတည်းတည်ရှိသော ကျောက်တောင်နှင့် ထိပ်ဖျားတွင် ပေါက်နေသော သစ်ပင်ကြီးကိုလည်း တွေ့ရပေသည်။

''ကျွန်တော်တော့ သံသယလုံးဝမရှိတော့ဘူး ပရော်ဖက်ဆာ''

''ကိုင်း . . ဒီလိုဆိုအတော်ဟုတ်လာတာပေါ့၊ ကျောက်ဆောင်မြင့်ကြီးရဲ့ ထိပ်ဖျားကိုကြည့်လိုက်စမ်း''



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီမှာ ငှက်ကြီးတစ်ကောင် မြင်ရတယ်" ကျွန်တော်က ပြောလိုက်ပါသည်။

သူက ကျွန်တော့်အား မှန်ဘီလူးတစ်ခု လှမ်းပေးသည်။ ကျွန်တော်သည် ဓာတ်ပုံကိုမှန်ဘီလူးဖြင့် ကြည့်လိုက်သည်။

"ဟုတ်တယ် ငှက်ကြီးပဲ၊ နှုတ်သီးက တော်တော်ကြီးတယ်"

"မင်းမျက်လုံးသိပ်မကောင်းဘူးကွ၊ ဒါငှက်မဟုတ်ဘူး၊ ငါတစ်ကောင် ပစ်ချလာတယ်ဆိုရင် မင်းစိတ်ဝင်စားမှာပဲ၊ ငါ့ အတွေ့အကြုံနဲ့ပတ်သက်ပြီး ငါယူလာနိုင်တဲ့ တစ်ခုတည်းသော သက်သေခံပစ္စည်းပဲ"

"ဒါဖြင့် ဒီမှာရှိတယ်ပေါ့"

"ရှိခဲ့တယ်ကွ၊ ကံမကောင်းချင်တော့ ခုနက လေမှောက်တဲ့အထဲ ပါသွားတယ်ကွာ၊ ရေထဲကျပြီး နစ်သွားတော့ ငါကမန်းကတန်း ဖမ်းဆယ်လိုက်တဲ့အခါ အကောင်တစ်ဖက်ရဲ့အပိုင်းတစ်ခုပဲ ရလိုက်တယ်၊ ခု မင်းရှေ့ကိုငါချပြမယ်"

သူသည် အံဆွဲတစ်ခုထဲမှ အကောင်လိုလိုအရာတစ်ခုကို ဆွဲထုတ်လိုက်သည်။ ထိုအရာမှာ အနည်းဆုံးနှစ်ပေခန့်ရှည်ပြီး ကောက်ကွေးသောအရိုးတစ်ခုဖြစ်သည်။





"မင်း . . အဲဒါကို ဘာထင်သလဲ၊ ဒါငှက်ရဲ့အတောင်မဟုတ်ဘူး၊ မင်းမြင်ရတဲ့အတိုင်းပဲ၊ ဒီကမ္ဘာမှာ လက်ရှိရှိနေတဲ့ ပျံသန်းတဲ့သတ္တဝါရဲ့ အကောင်လဲမဟုတ်ဘူး"

ကျွန်တော်၏သိမ်ငယ်လှသော အသိဉာဏ်ကြောင့် ကျွန်တော်အဖြေမပေးနိုင်ပါ။

"ကျွန်တော် မသိဘူး ပရောက်ဖက်ဆာ"

ကျွန်တော် စိတ်ဝင်စားနေသောကိစ္စကို သူကလမ်းဖွင့်ပေးပါသည်။

"ဟောဒီမှာ ကာရိဒက်တိုင်လ်သတ္တဝါရဲ့ပုံပဲ၊ သမိုင်းမစမီခေတ်မှာ ပေါ်ခဲ့တဲ့၊ ပျံသန်းနိုင်တဲ့ သားရဲတစ်မျိုးပဲ၊ နောက်စာမျက်နှာမှာတော့ အတောင်အကြောင်း ရှင်းလင်းချက်ရှိတယ်၊ မင်းလက်ထဲကဟာနဲ့ နှိုင်းယှဉ်ကြည့်စမ်း"

ကျွန်တော် အံ့သြမိတော့သည်။ သူပြောခဲ့သမျှတွေသည် အမှန်တွေချည်းဖြစ်လေသည်။ သူမှန်ကန်ကြောင်းကို သံသယရှိစရာ မလိုတော့။ ရုပ်ပုံဓာတ်ပုံများမှာ နောက်ကြောင်းပြန်ဇာတ်လမ်း၊ အတောင်တစ်ဖက် သက်သေခံပစ္စည်းများမှာ ပြည့်စုံလုံလောက်ပေပြီ။ ပရောက်ဖက်ဆာအား အထင်အမြင်လွဲမှားခြင်းအတွက် ကျွန်တော်စိတ်ထိခိုက်မိတော့သည်။ သူသည် ကုလားထိုင်တွင် နောက်မှီထိုင်ရင်း ကျေနပ်နှစ်သိမ့်သော အသွင်



www.burmeseclassic.com

www.burmeseclassic.com



ဖြင့် ချမ်းမြေ့နေလေသည်။

"အံ့သြစရာပဲ . . ပရော်ဖက်ဆာ၊ ခင်ဗျားဟာ သိပ္ပံပညာရဲ့ ကိုလန်ဘတ်ပဲ၊ ပျောက်ဆုံးနေတဲ့ကမ္ဘာကို ခင်ဗျားတွေ့ခဲ့ပြီး ကျွန်တော်သံသယ ဖြစ်ခဲ့မိတာတွေကို ခွင့်လွှတ်ပါ၊ အစတုန်းက တော့ ယုံဖို့ကလဲ အခက်သားလား၊ ခုတော့ သက်သေခံပစ္စည်း တွေကိုလဲ မြင်ရပြီ၊ ကျွန်တော်အားလုံးကို လက်ခံယုံကြည်ပါပြီ

ပရော်ဖက်ဆာက ကျေနပ်သောအသံပြုလိုက်သည်။

"ပြီးတော့ကော ပရော်ဖက်ဆာ ဘာလုပ်ပါသေးသလဲ"

"ရာသီဥတုက စွတ်စိုတယ် မစ္စတာမကိုနီ၊ ငါ့ရဲ့ဇာတ် လမ်းလဲဆုံးကာနီးပါပြီ၊ ကျောက်ဆောင်မြင့်ကြီးကိုတက်ဖို့ လမ်းရှာခဲ့တယ်၊ ဒါပေမယ့် မအောင်မြင်ခဲ့ဘူး၊ အထီးတည်းရှိနေ တဲ့ကျောက်ဆောင်ကြီးပေါ်ကို လမ်းတစ်ဝက်လောက်တော့ ရောက်အောင်တက်နိုင်ခဲ့ပါရဲ့၊ အဲဒီနေရာကနေပြီး စီးကြည့်ရ တော့ ရှုခင်းကိုအတော်ရှင်းရှင်း မြင်ခဲ့ရတယ်။ ဒီဒေသဟာ အတော်ကျယ်ဝန်းလိမ့်မယ်။ ဒီဒေသရဲ့အဆုံးကို ငါမမြင်ခဲ့ရဘူး ကျောက်နံရံတွေလဲ အားကြီးပဲ၊ ဒေသကတော့ စွတ်စိုထိုင်းမှိုင်း တယ်၊ ရွှံ့ထူတယ်၊ မြွေနဲ့ပိုးမွှားတွေလဲပေါ ရောဂါထူတယ်ကွ"

"အဲဒီမှာ သက်ရှိသတ္တဝါတွေရဲ့အရိပ်အယောင်တော့ တွေ့ခဲ့သေးလား"





"မတွေ့ခဲ့ဘူးလေ၊ ဒါပေမယ့် အပေါ်က အတော်ကို ထူးဆန်းတဲ့အသံတွေတော့ ကြားခဲ့ရသကွယ့်"

"အမေရိကန်လူမျိုးရဲ့ ပန်းချီက ဘာကိုဖြေရှင်းချက်ပေး သလဲ ပရော်ဖက်ဆာ"

"သူဟာ အပေါ်ကိုရောက်ခဲ့ဟန်ရှိတယ်၊ သတ္တဝါကြီးကို လဲ အဲဒီမှာမြင်ခဲ့တယ်နဲ့ တူတယ်၊ ဒါကြောင့် အပေါ်တက်တဲ့ လမ်းရှိရမယ်လို့ ငါတွက်တယ်၊ ဒါပေမယ့် အဲဒီလမ်းဟာ အလွန် တရာခက်ခဲရမယ်၊ မခက်ခဲရင် အပေါ်ကသတ္တဝါတွေ အောက် ဆင်းလာကြမှာပေါ့ ရှင်းရဲ့လား"

"ဒါဖြင့် သူတို့က ဘယ်လိုလုပ်ပြီး အဲဒီပေါ်မှာ ရောက် နေကြရတာလဲ"

"အကြောင်းရင်းက တစ်ခုပဲရှိတယ်၊ တစ်ခုတုန်းက အဲဒီ ဒေသရဲ့အစိတ်အပိုင်းတစ်ခုဟာ အဲဒီတုန်းက ရှိနေတဲ့သက်ရှိ များနဲ့အတူ တစ်လုံးတစ်စည်းတည်း အပေါ်ကိုမြင့်တက်သွားခဲ့ တယ်တူတယ်၊ မြင့်မားပြီး မတ်စောက်တဲ့ကျောက်ဆောင်တွေ ကြောင့် အဲဒီသတ္တဝါတွေလဲ အောက်မဆင်းနိုင်၊ ဒီလိုနဲ့ပဲ နယ်မြေကြီး ရာစုများစွာ ကမ္ဘာကြီးနဲ့အဆက်ပြတ်ပြီး သီးခြားကမ္ဘာတစ်ခုလို ရှိနေခဲ့တယ်၊ အောက်မှာကျန်ရစ်တဲ့ သတ္တဝါများ သေဆုံးမျိုးတုံး ကြသော်လည်း အပေါ်မှာတော့ ဆက်လက်အသက်ရှင်ပြီး မျိုး



www.burmeseclassic.com

www.burmeseclassic.com



ပြန်ခဲ့ဟန်ထင်တယ်''

"ပရော်ဖက်ဆာရဲ့သက်သေခံပစ္စည်းတွေကို တစ်ခြား သိပ္ပံပညာရှင်တွေရဲ့ရှေ့မှောက်မှာ ချပြမယ်ဆိုရင် သူတို့ယုံကြမလား''

"ဒီလိုပဲထင်ခဲ့မိတာပဲ၊ ငါပြောခဲ့တာတွေကို သူတို့ရဲ့ ဉာဏ်မရှိ မိုက်မဲမှုကြောင့်တစ်ကြောင်း၊ ငါ့အပေါ်မနာလိုကြတာကတစ်ကြောင်းမို့ လက်မခံကြဘူးကွ၊ ငါကလဲ ငါပြောတာမယုံရင် ယုံအောင်သက်သေအထောက်အထားနဲ့ ရှင်းလင်းနေတာမျိုး ဝါသနာပါတာမဟုတ်ဘူး၊ ပထမတစ်ကြိမ် ငါပြောပြီးကတည်းက နောက်ထပ်ငါပြောတာ မှန်ပါတယ်ဆိုတာ ဆက်မပြောတော့ဘူး၊ ဒီကိစ္စဟာ ငါ့အတွက်မုန်းတီးဖွယ်ကိစ္စလို ဖြစ်လာတယ်လေ မင်းလိုပဲ သတင်းစာဆရာတွေ ငါ့ကိုလာပြီးမေးကြမြန်းကြသေးတာပေါ့၊ ငါ သူတို့ကို ခေါင်းအေးအေးနဲ့မတွေ့ဆုံနိုင်ခဲ့ဘူး အမှန်တိုဝန်ခံရရင် ငါရဲ့စိတ်နေသဘောထားအရ ဒေါသကြီးတယ်ကွ၊ မင်း . . ဒီအကြောင်းကို ရိပ်မိသွားမလားတောင် မှန်းပါသေးတယ်''

ကျွန်တော်က ဆိတ်ဆိတ်ပင် နေလိုက်သည်။





"ငါ့အပြုအမူတွေကြောင့် ငါ့မိန်းမကငါ့ကို မကြာခဏ အပြစ်တင်ခဲ့တာပေါ့၊ ဒါပေမယ့် ကိုယ့်သိက္ခာကိုယ်လေးစားတဲ့ သူတိုင်း ငါ့လိုပဲခံစားကြရမှာပဲ၊ ဒီနေ့ညတော့ ငါ့ရဲ့စိတ်ကိုထိန်းသိမ်းနိုင်စွမ်းရှိကြောင်း ဥပမာပြဖို့ ငါရည်ရွယ်ထားတယ်၊ အဲဒီလိုပြတဲ့အခါ မင်းလာဖို့ဖိတ်ကြားလိုက်ပါတယ်''

သူက ဖိတ်စာ ကတ်ပြားတစ်ခုယူ၍ ကျွန်တော့်ကို လှမ်းပေးပါသည်။

"ရှစ်နာရီခွဲမှာ သိပ္ပံပညာရှင်မစ္စတာပါစီဗယ်လ်ဝေါလ်ဒွန်က 'ရှေးခေတ်များ၏မှတ်တမ်း'အကြောင်း ဟောပြောတာ မင်းနားထောင်ရလိမ့်မယ်၊ ငါ့ကိုတော့ စင်မြင့်ပေါ်တက်ခွင့်ပြုတဲ့အထူးအခွင့်အရေးတစ်ရပ်နဲ့အတူ ဖိတ်ကြားခြင်းခံရတယ်။ ဒီပွဲမှာတော့ ငါ့စိတ်ကိုအတတ်နိုင်ဆုံးထိန်းပြီး သိမ်သိမ်မွေ့မွေ့ပြုမှုဖို့နဲ့ ပရိသတ်စိတ်ဝင်စားအောင် မှတ်ချက်ကလေးအနည်းအကျဉ်းလဲ ပေးချင်သေးတယ်၊ အငြင်းအခုံ မဖြစ်အောင်လဲ သတိထားရင်းပေါ့ကွာ၊ သိပ္ပံပညာရှင်တွေအတွက် စိတ်ဝင်စားစရာကိစ္စတွေဟာ ကမ္ဘာပေါ်မှာ အတော်များများရှိနေသေးတယ်ဆိုတာသိအောင် ပြောပြရမှာပေါ့၊ ငါကိုယ်ငါနိုင်အောင် ထိန်းနိုင်ရင် အရင်ပွဲတွေတုန်းက ဆူဆူပူပူဖြစ်ခဲ့သမျှအပေါ်မှာ အောင်နိုင်တယ်ဆိုရမှာပေါ့ကွာ''



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်ကော လာရမလားဟင်" ကျွန်တော်က စိတ်အားထက်သန်စွာ မေးလိုက်ပါသည်။

သူကပြုံးလိုက်သည်။ သူ့အပြုံးမှာ အံ့ဩဖွယ်ကောင်းလှသည်။ တစ်ဝက်တစ်ပျက်ဖွင့်ထားသော မျက်လုံးများ၊ ကြီးမားနက်မှောင်သော မုတ်ဆိတ်တို့အကြားဝယ် နီရဲသောပန်းသီးကဲ့သို့သော သူ၏ပါးအိုကြီးများမှာ တွဲကျနေသည်။

"မင်းလာရမှာပေါ့ကွာ၊ ဟောပြောမယ့် ဘာသာရပ်နဲ့ပတ်သက်လို့ မင်းသိတာ မသိတာအပထား၊ ပရိသတ်ထဲမှာ ငါ့မိတ်ဆွေတစ်ယောက်ရှိနေတယ်လို့ သိရတော့ ငါ့အတွက် နှစ်သိမ့်စရာအချက်ပေါ့၊ လူကတော့စည်မယ်လေ၊ ဝေါလ်ဒရွန်ဟာ သိပ်တော်လှတဲ့လူတော့ မဟုတ်ဘူး၊ သို့သော် လူကြိုက်များပြီး ထင်ရှားတယ်ကွယ့်၊ ကဲ . . ငါထပ်ပြီး သတိပေးလိုက်ဦးမယ် ငါခုနကပြောခဲ့တာတွေကို လူအများသိအောင် ဖော်ထုတ်ခွင့် မင်းမှာမရှိဘူးနော်"

"ဒါပေမယ့် ကျွန်တော့်ရဲ့အကြီးအကဲ မစ္စတာမက်ကာဒယ်လ်ကတော့ ကျွန်တော်ဘာလုပ်ခဲ့တယ်၊ ဘာပြောခဲ့တယ်ဆိုတာ သိချင်မှာပဲ"

"မင်းကြိုက်သလိုပြောပြနိုင်တယ်လေ၊ တစ်ခုပဲပြောလိုက်ဦး၊ နောက်တစ်ကြိမ် ငါနဲ့တွေ့ဆုံဆွေးနွေးဖို့ လူတစ်ယောက်

လျှို့ဝှက်ဆန်းကြယ် မဂ္ဂဇင်းတိုက်



ထပ်လွှတ်ရင်တော့ ငါသူ့ဆီကို မြင်းစီးကြာပွတ်နဲ့ လိုက်လာမယ်လို့၊ ပုံနှိပ်ထုတ်ဝေခြင်း မပြုဖို့သာ ငါပြောနေတာပါ"

သူက အခန်းအပြင်ဘက်ဆီသို့ လက်ကိုဝှေ့ယမ်းပြလိုက်သည်။

* * * * * *

လျှို့ဝှက်ဆန်းကြယ် မဂ္ဂဇင်းတိုက်

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄)

ာဒက

ပရော်ဖက်ဆာချလင်ဂျာထံ ပထမအခေါက်ဝင်ရောက်
ုံက ရုပ်ပိုင်းနှင့်ဆိုင်သော စိတ်လှုပ်ရှားဖွယ်ဖြစ်ခဲ့ရပြီး ဒုတိယ
ကြိမ်တွင်မူ စိတ်ပိုင်းဆိုင်ရာ ခံစားမှုတစ်ခုရရှိခဲ့ပါသည်။

မည်သို့ပင်ဖြစ်စေ ကျွန်တော်သည် စိတ်ဓာတ်ကျနေ
သာသတင်းစာသမားတစ်ယောက်အဖြစ်နှင့် အင်မိုးပါ့ခ်လုံး
ပြန်ရောက်လာရပြန်ပါသည်။ ကျွန်တော်၏ကိုက်ခဲနေသော
ေါင်းထဲတွင် အချက်တစ်ချက်က မပြတ်မလပ်လှုပ်ဆွနေပါ၏။
ော်ဖက်ဆာကြီး ပြောပြချက်တွင် အမှန်တရားတစ်ခု၊ အနှ
ပြီး ကြီးမားသောအကျိုးဆက်ရှိသည် ဆိုခြင်းဖြစ်၏။

[illegible]

www.burmeseclassic.com

www.burmeseclassic.com



ထိုအကြောင်းအရာတို့ကို ခွင့်ပြုချက်ရ၍သာ "ဂဇက်
သတင်းစာ၌ရေးသားလိုက်ရလျှင် ပရိသတ်ရင်သပ်အံ့သြဖွယ်
ဖြစ်ကြပေလိမ့်မည်။ လမ်းထိပ်တွင် အငှားကားတစ်စီးတွေ့သဖြင့်
ကျွန်တော်က ကားထဲပစ်ထိုင်ချလိုက်၍ အလုပ်တိုက်သို့ မောင်း
စေခဲ့ပါသည်။ မက္ကာဒယ်လ်ကို ခါတိုင်းလိုပင် အလုပ်ခွင်၌
တွေ့ရပါသည်။

သူက မျှော်လင့်တကြီးနှင့် ပြောလိုက်ပါသည်။

"ဘယ်လိုဖြစ်ခဲ့ကြသလဲဟေ့ . . မင်းတော့တိုက်ပွဲဝင်
ရပြီလို့ငါထင်တယ်၊ မင်းကိုဆော်လွှတ်တယ်လို့တော့ မပြော
နဲ့ကွယ်"

"အစကတော့ သဘောကွဲလွဲမှု ဖြစ်ခဲ့တယ်ခင်ဗျာ"

"သူက ဘယ်လိုလူစားလဲကွ၊ မင်းက ဘာလုပ်ခဲ့သလဲ"

"ဟုတ်ကဲ့ သူဟာ အကျိုးအကြောင်း မျှော်မြင်တတ်လာ
ပါတယ်၊ ကျွန်တော်တို့ စကားလက်ဆုံကျခဲ့ပါတယ်၊ ဒါပေမယ့်
သူ့ဆီက ဘာမှတော့ မရခဲ့ပါဘူး၊ ရေးဖို့သားဖို့ဆိုပါတော့ဗျာ"

"ငါကတော့ ဒီလိုမထင်ဘူးကွ၊ မင့်မျက်လုံးတစ်ဖက်
ညိုမဲလာခဲ့ပါပကော၊ ဒါကို သတင်းစာမှာ ဖော်ပြရမှာပေါ့၊ ဒီ
ဗိုလ်ကျတာကိုတော့ ခံနေလို့မဖြစ်ဘူး မစ္စတာမကိုနီ၊ ဒီလူကြီး
အထိနာသွားအောင် လုပ်ရမယ်။ သူ့အရုပ်တကွဲဖြစ်အော





နက်ဖြန်သတင်းစာမှာ သတင်းမှတ်ချက်အခန်းက ငါရေးလိုက်
မယ်။ မင်းက အချက်အလက်သာပေး ဒီငနဲကြီးကို ငါဆော်ထည့်
လိုက်မယ်၊ သူဟာ လူဆိုးကြီးလူလိမ်ကြီးဆိုတာကို ဖော်ပြရမယ်"

"ဒီလိုတော့ မလုပ်နိုင်ပါဘူးဗျာ"

"ဘာဖြစ်လို့လဲကွ"

"ဘာပြုလို့လဲဆိုတော့ သူဟာလူလိမ်မှ လုံးဝမဟုတ်ပဲ"

"ဘာကွ" သူက တအံ့တသြပြောလိုက်ပါသည်။

"သူပြောပြတဲ့ သမိုင်းမတင်မီ ဆင်ကြီးတို့၊ ရေသတ္တဝါ
ကြီးတို့ကို မင်းယုံကြည်လာတယ်ဆိုလိုတာ မဟုတ်ဘူးနော်"

"အဲဒီအကြောင်းတွေ ကျွန်တော်မသိပါဘူး၊ အဲဒါတွေ
ယုံကြည်အောင်လဲ သူကမလုပ်ခဲ့ပါဘူး၊ ဒါပေမယ့် အကြောင်း
အချက်အသစ်တစ်ခု သူ့ဆီမှာရှိနေတယ်ဆိုတာကိုတော့
ကျွန်တော်ယုံကြည်တယ်"

"မြတ်စွာဘုရားရေ . . ဒါဖြင့် အဲဒါကိုရေးလေကွာ"

"ကျွန်တော်လဲရေးချင်တာပါပဲ၊ သူက ကျွန်တော့်ကို ယုံ
သို့ပြောပြခဲ့တာ မရေးသားပါဘူးလို့လဲ ကတိပေးထားခဲ့တယ်"

ကျွန်တော်က အကျဉ်းချုံးပြန်ပြောပြလိုက်ပါသည်။
"အခြေအနေကတော့ အဲဒီအတိုင်းပဲဗျ" ဟု စကားလက်စသတ်
လိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



မဏ္ဍာဒယ်လ်မှာ ယုံရအခက်၊ မယုံရအခက် အတွေးနက်နေပါသည်။ နောက်ဆုံး သူက စကားဆိုပါသည်။

"ကောင်းပြီ မစ္စတာမကိုနီ .. ကနေ့ည သိပ္ပံပညာရေးရာအစည်းအဝေးကြီးဟာ သီးသန့်ကျင်းပတာ မဟုတ်ဘူး၊ ပြီးတော့ ဝေါလ်ဒရွန်က အကြိမ်ကြိမ် ဟောပြောဖူးနေပြီဖြစ်လို့ ဘယ်သတင်းစာကမှလဲ သတင်းလုပ်ပြီး ရေးကြတော့မယ် မထင်ဘူး၊ ချလင်ဂျာတက်ပြီး စကားပြောမှာကိုလဲ သူတို့မသိကြဘူးလေ၊ တိုက်ကောင်းရင်တော့ သတင်းထူးရမှာပဲကွ၊ မင်းကတော့ ဘယ်နည်းနဲ့မဆို အစည်းအဝေးကိုရောက်မှာ ဒီတော့ ပြည့်ပြည့်စုံစုံသာ ရေးပေးကွာ၊ ငါနေရာချန်ထားမယ်"

ထိုနေ့အဖို့ ကျွန်တော်မှာ အလုပ်များလုပ်ပါတော့သည်။ ဆဲဗေ့ဂျီကလပ်၌ ဟင်နရီနှင့်အတူ ညစာစောစောစားပါသည်။ သူ့ကိုလဲ အဖြစ်အပျက်ပြောပြပါသည်။ သူက မထေ့တထေ့အပြုံးနှင့် နားထောင်နေပြီး ပရော်ဖက်ဆာ၏ပြောပြချက်တို့ကို ကျွန်တော်လက်ခံလာကြောင်း ကြားရသော် ဟက်ဟက်ပက်ပက်ရယ်ပါတော့သည်။

"ကိုယ့်လူရ . . လက်တွေ့ဘဝမှာ ဒီလိုဖြစ်တာမျိုး မဟုတ်ဘူး၊ လူထုကလဲ လွယ်လွယ်နဲ့လက်ခံကြတာ မဟုတ်ဘူး နောက်ပိုင်းကျ အထောက်အထားတွေက လျော့ရဲရဲဖြစ်ကုန်ရော

လျှို့ဝှက်ဆန်းကြယ် မဂ္ဂဇင်းတိုက်



ဒီကိစ္စကို ဝတ္ထုရေးဆရာတွေအတွက်ထားလိုက်ပါကွာ၊ ငနဲကြီးဘာသာတာကွ၊ ဒါတွေဟာ ဖြီးလုံးတွေချည်းပဲ"

"ဒါဖြင့် အမေရိကန်ကဗျာဆရာကရော"

"တကယ်ရှိခဲ့တာ မဟုတ်ပါဘူး"

"သူ့ပုံဆွဲစာအုပ် ကျွန်တော်ကြည့်ခဲ့တယ်လေ"

"ချလင်ဂျာလက်ရာ ဖြစ်မှာပေါ့ကွာ"

"အဲဒီတိရစ္ဆာန်ကြီးတွေကို သူဆွဲထားလို့ဆိုချင်သလား"

"ဒါပေါ့ . . သူမဆွဲလို့ ဘယ်သူဆွဲမှာလဲ"

"ဒီလိုဆို ဓာတ်ပုံတွေကကော"

"ဘာအရေးပါလို့လဲ . . ငှက်တစ်ကောင်ပဲ မြင်ရတယ်လို့ မင်းပြောတာပဲ"

"ငှက်ကာရိဒက်တိုင်လ်ဗျ"

"ဒါဟာလဲ သူ့အပြောပါပဲ၊ မင့်ခေါင်းထဲကို ကာရိဒက်တိုင်လ်ဆိုတာ သူကထည့်ပေးလိုက်တာလေ"

"ဒါဖြင့် အရိုးကကောဗျာ"

"အိုး . . ဆန်ပြုတ်အိုးထဲက ဆယ်လာမှာပေါ့၊ ဒါမှမဟုတ်လဲ လုပ်ကြံဖို့ဖန်တီးထားမှာပေါ့၊ ဓာတ်ပုံကော အရိုးကော အကြံအဖန်လုပ်ပြဖို့ဆိုတာ မခက်ပါဘူးကွာ"

လျှို့ဝှက်ဆန်းကြယ် မဂ္ဂဇင်းတိုက်

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်မှာ ကသိကအောက် ဖြစ်သွားပါသည်။ ချလင်ဂျာ၏ပြောပြချက်များကို ကျွန်တော်သည် လက်ခံယုံကြည်မှု စောလွန်းသလော၊ ထို့နောက် စိတ်ကူးတစ်ခုရ၍ စိတ်လန်းဆန်း သွားပါသည်။

"ခင်ဗျား အစည်းအဝေးတက်မှာလား" ဟုမေးလိုက်ပါ သည်။

သူက တွေ၍စဉ်းစားနေပါသည်။

"ချလင်ဂျာဟာ လူကြိုက်များတဲ့ပုဂ္ဂိုလ်တော့ မဟုတ်ဘူး ကွ၊ သူနဲ့ထိပ်တိုက်တွေ့ချင်နေကြတဲ့ လူအတော်များများရှိတယ် သူဟာ လန်ဒန်မြို့ပေါ်မှာ လူမုန်းအများဆုံးလို့ ပြောနိုင်တယ်ကွ တကယ်လို့ ဆေးကျောင်းသားတွေသာ လာကြမယ်ဆိုရင် ရုတ် ရုတ်သဲသဲဖြစ်နိုင်တယ်ကွ၊ ငါလဲ ဒီထဲမှာ ရောပါမနေချင်ဘူး"

"သူ့တင်ပြချက်တွေကို နားထောင်ကြည့်မှ မှန်ကန်တဲ့ ဆုံးဖြတ်ချက်ပေးနိုင်မှာပေါ့"

"အေး . . ဒါလဲ မှန်တာပဲကွ၊ ကောင်းပြီလေ . . ကနေ့ ည ငါလာပါ့မယ်"

ကျွန်တော်တို့ အစည်းအဝေးခန်းသို့ ရောက်သောအခါ လူထုပရိသတ်မှာ ကျွန်တော်မျှော်လင့်မိသည်ထက် ပို၍များနေ





ပါသည်။ လူထုပရိသတ်က ခြေလျင်လာကြ၍ စကြိုတံခါး၌ ရုံးနေကြစဉ် မုတ်ဆိတ်ဖြူဖြူနှင့် ပရော်ဖက်ဆာကြီးများက ခြင်းလှည်းပေါ်မှ ဆင်းသက်လာကြပါသည်။ ကျွန်တော်တို့ လားထိုင်၌ ထိုင်မိသောအခါ အခန်းကြီးအတွင်းရှိ ပရိသတ် စိတ်ဓာတ်မှာ လန်းဆန်းတက်ကြွနေသည်ကို အကဲခတ်မိပါ သည်။ နောက်ဖက်လှည့်ကြည့်လိုက်သောအခါ ဆေးကျောင်း သားပုံစံလူငယ်များ တစ်တန်းကြီးမြင်ရပါသည်။ ဆေးရုံကြီးတို့ စေလွှတ်လိုက်ခြင်း ဖြစ်ပါလိမ့်မည်။ ပရိသတ်၏အပြုအမူ နောက်လားပြောင်လားနှင့် သိပ်မတန်လှပါချေ။ ရေပန်းစား သောသီချင်းတို့မှ အပိုင်းအစတို့ကို သံပြိုင်ဆိုနေကြသည်မှာ ည်း သိပ္ပံပညာဆိုင်ရာအစည်းအဝေးကြီးအတွက် ထူးဆန်းနေ ပါသည်။ နာမည်ကျော်ပရော်ဖက်ဆာကြီးများ ရောက်လာကြ သောအခါ တစ်ယောက်စီ၏ကိုယ်ရေးရာဇဝင်မှတ်ချက်များ ဘော်ဟစ်ကြလေရာ ထိုပုဂ္ဂိုလ်ကြီးတို့အဖို့ ကသိကအောက် ဖြစ်စေပါသည်။

ဒေါက်တာဝေါလ်ဒရွန်သည် သူ၏နာမည်ကျော်အနား ပိပ်လိပ်နှင့် မင်းသားဆောင်းဦးထုပ်ကြီးနှင့် စင်မြင့်ပေါ်တက် လာသောအခါ ပရိသတ်က . . .



www.burmeseclassic.com

www.burmeseclassic.com



"ဒီဦးထုပ်ကြီး ဘယ်ကရခဲ့တာလဲဗျ" ဟုဝိုင်းအော်ကြ
သည်။

သူ့ခမျာ ဦးထုပ်ကို ကပြာကရာချွတ်၍ ကုလားထိုင်
အောက်ဝှက်ထားလိုက်ပါသည်။ ဒူလာသည်ပရော်ဖက်ဆာဝ
ဒလေ ခနော်ခနဲ့နှင့်တက်လာပြီး ကုလားထိုင်၌ ထိုင်ချလို
သောအခါတွင်လည်း သရော်ကြလေရာ ပရော်ဖက်ဆာခမျ
အနေခက်ရရှာပါသည်။ ပရိသတ်ကို အလှုပ်ရှားဆုံးမှာက
ကျွန်တော်၏မိတ်ဆွေသစ် ပရော်ဖက်ဆာချလင်ဂျာ ဝင်လာသေ
အခါ၌ဖြစ်ပါ၏။

သူသည် သူ့အတွက်သတ်မှတ်ထားသောနေရာ ရှေ့ဆ
တန်း အစွန်ဆုံးကုလားထိုင်သို့ လျှောက်လာလေသည်။ သူ
မုတ်ဆိတ်မည်းမည်းကြီးပေါ်လာသည် ဆိုကတည်းက ပရိသ
က အော်ဟစ်ကြိုဆိုကြပါသည်။ တပ်ဟင်နရီပြောစကားမှန်
လိမ့်မည်။ ပရိသတ်သည် သိပ္ပံပညာဟောပြောခြင်းသက်သ
အတွက် လာရောက်ကြဟန်မတူပါ။ နာမည်ကျော်ပရော်ဖက်ဆ
ကြီး တက်ရောက်ပြောဟောလိမ့်မည်ဆိုသော သတင်းက ပျံ့
နေခဲ့ဟန်တူပါသည်။

ရှေ့တန်းခုံများမှ အဝတ်အစားသားသားနားနားနှ
ပရိသတ်အချို့က ဆေးကျောင်းသားတို့၏ သရော်ကြိုဆိုမှု





လိုလားဟန် ချလင်ဂျာကို ကရုဏာသက်ဟန်ဖြင့် ဖော်ပြသည့်
ပ်အုပ်အုပ်ရယ်သံပြုကြပါသည်။ အမှန်တော့ အော်ဟစ်ကြိုဆို
ံကြီးများမှာ ထိတ်လန့်စရာပင်ဖြစ်ပါ၏။

အစာကျွေးမည့်သူ လာသည်ကိုမြင်ရသဖြင့် လှောင်အိမ်
ထဲမှ ခြင်္သေ့ကြီးကဟိန်းလိုက်သလို ရှိပါသည်။

သို့သော် ပရော်ဖက်ဆာကြီးကို မလိုလားသောအမူအရာ
တ်ပုံမပေါ် ပရိသတ်က သူ့ကိုစိတ်ဝင်စားနှစ်လိုပုံရပေသည်။
ချလင်ဂျာက ခပ်ယဲ့ယဲ့ပြုံးလိုက်ပါသည်။ သူ့အမူအရာက ခွေးက
လေးများ အိုအို့အီအီအသံမြည်ရင်း ဆော့ကစားနေသည်ကို
မြင်နေရသော လူတစ်ယောက်ဟန်ပန်မျိုးဖြစ်ပါ၏။

ချလင်ဂျာသည် ကုလားထိုင်၌ဖြည်းညှင်းစွာ ထိုင်ချလိုက်
ီး ရင်ဘတ်ကိုမြှင့်ထား၏။ လက်ကို မုတ်ဆိတ်ပေါ်တင်ထား၏။
က်လွှာကို အသာချ၍ သူ့ရှေ့မှပရိသတ်ကြီးကို မခန့်လေးစား
မူအရာဖြင့် ကြည့်နေလေသည်။ အခမ်းအနား၏သဘာပတိ
[illegible] ပရော်ဖက်ဆာရိုနယ်မာရေးနှင့် ဟောပြောမည့်သူ ဝေါလ်ဒ
န်တို့ နေရာယူကြသည်အထိ ချလင်ဂျာအတွက် ဟစ်အော်နေ
ကြသည့်အသံတို့ မစဲသေးပါ။ သို့ဖြင့် အခမ်းအနားစတင်ပါ
တော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ပရော်ဖက်ဆာမာရေးသည် အင်္ဂလိပ်လူမျိုးစု ချွတ်ယွင်း
တတ်သည့်နည်းအတိုင်း ပရိသတ်ကောင်းစွာ မကြားရသောအသံ
ဖြင့် ပြောနေပါသည်။ လူထုထံတင်ပြလောက်အောင် တန်ဖိုးရှိ
သော အကြောင်းအရာကို ပြောဟောမည့်သူများသည် လူထု
ကြားနာနိုင်မည့် နည်းလမ်းကိုနည်းနည်းမျှလောက် ဒုက္ခခံအား
မထုတ်သည်မှာလည်း အံ့သြစရာတစ်ခုပင်ဖြစ်ပါတော့သည်။
ဖြစ်နေပုံမှာ စမ်းချောင်းမှရေကို ဝါးဆစ်ပိတ်ဖြင့် ကန်တွင်းရောက်
အောင် သွယ်ယူသလို အချည်းနှီးရှိနေပါသည်။ ပရော်ဖက်ဆာ
မာရေးပြောကြားရာ၌ သူ၏လည်စည်းအဖြူအကြောင်း၊ စား
ပေါ်မှရေတကောင်းအကြောင်းနှင့် ဖယောင်းတိုင်မီးတစ်လက်
လက်နှင့် ငွေသားဖြင့်ပြုလုပ်ထားသော ဖယောင်းတိုင်ထွန်း
အကြောင်းကိုလည်း ပြက်လုံးထုတ်ခဲ့ပါသေးသည်။

သူနိဂုံးချုပ်၍ ကိုင်လိုက်သောအခါ နာမည်ကျော် မစ္စတာ
ဝေါလ်ဒရွန်ကလာပြီး ပရိသတ်ကသြဘာပေးသည်။ သူသည်
ပိန်ပိန်ပါးပါး မျက်နှာတည်တည်နှင့် အသံကစူးရှပါသည်။ စိတ်
အားထက်သန်ပုံလည်း ပေါက်ပါ၏။ သူသည် အခြားသူတို့အ
အဆတွေ့ရှိချက်ကို လူများစု နားဝင်လက်ခံအောင် တစ်ဆ
တင်ပြ ပြောပြနိုင်စွမ်းရှိသူဖြစ်၏။ သူသည် လူအများစိတ်
စားမှုနည်းပါးသော သိပ္ပံပညာဆိုင်ရာ အချက်အလက်တို့





င်ပြက်လုံးထုတ်ပြောတတ်သဖြင့် ပရိသတ်၏နှစ်သက်အားပေး
ကိုရသူလည်းဖြစ်ပါသည်။

သူက ကမ္ဘာကြီးဖြစ်ထွန်းပေါ်ပေါက်လာပုံကို လွယ်လွယ်
နှင့် ရှင်းရှင်းလင်းလင်းတင်ပြပါသည်။ မူလက မီးဟုန်းဟုန်း
တောက်နေသော ဓာတ်ငွေ့အစုအဝေးကြီးသည် စကြာဝဠာဟင်း
လင်းပြင်၌ ရှိနေခဲ့သည်။ ထို့နောက် တဖြည်းဖြည်းအေးစက်လာ
 မာကြောသောအစိုင်အခဲ ဖြစ်လာပြီး၊ ထို့နောက် မြေမျက်နှာ
င်သည် တွန့်ခေါက်၍တောင်များ ဖြစ်ပေါ်လာသည်။ ရေခိုး
ငွေ့တို့မှ ရေဖြစ်လာပြီး အသက်ဟူ၍ဖြစ်ထွန်းရန် အရာရာ
ည်အသင့်အနေအထားသို့ ရောက်လာသည်။ သို့သော် သက်
ဖြစ်ထွန်းလာခြင်း၏ မူလဇစ်မြစ်နှင့်ပတ်သက်၍ကား သူသည်
ဟင်ဝါးဝါး ဖြစ်နေလေသည်။

သို့သော် သေချာသည့်အချက်မှာကား ကမ္ဘာကြီးအေး
လာပြီးသည့်နောက်တွင်မှ သက်ရှိသတ္တဝါတို့ ပေါ်ထွန်းလာ
ဖြစ်၏။ ကမ္ဘာ ီး၏ သက်မဲ့အရာဝတ္ထုများမှပင် သက်ရှိ
တ္တဝါဟူ၍ ဖြစ်ထွ လာခြင်းလော၊ ထိုအချက်က များ
သည်။ သို့မဟုတ် အခြားဟင်းလင်းပြင်ထဲမှ
တ္တဝါတို့ ရောက်ရှိလာခြင်းလော၊ သူ့အနေဖြင့် ထိုသို့
 သက်ရှိသတ္တဝါတို့ မည်သို့မည်ပုံစတင် ပေါ်



www.burmeseclassic.com

www.burmeseclassic.com



သည်ကို မဟာပညာကျော်ကြီးများပင် သေချာဂဃနဏ မဖြေ
ပြနိုင်ကြသေးပေ။ မည်သည့်သိပ္ပံပညာရှင်ကမှ အသက်
ဖန်တီးပြုလုပ်နိုင်ခြင်း မရှိသေး။ ထိုကိစ္စတွင် သဘာဝက လူသာ
တို့ထက် ပို၍စွမ်းဆောင်နိုင်သည်။ အသက်၏မူလဖစ်မြစ်
အသာဖယ်ထားကြည့်မည်။

ဝေါလ်ဒရွှန်က တိရစ္ဆာန်တို့ဖြစ်ပွားပြီး အဆင့်
ပြောင်းလဲလာပုံရှင်းပြသည်။ စစချင်း အဆင့်အတန်းနိမ့်လှသေ
ရေသတ္တဝါတို့ဖြစ်လာသည်။ ထိုထက် အဆင့်မြင့်ကာ ငါး
ဖြစ်လာသည်။ နောက်ဆုံး ဩစတြေးလျတိုက်မှ ကြွက်နှင့်
သောသတ္တဝါကလေးတို့က သားငယ်ကိုအကောင်လိုက်မွေး
ပေးခဲ့သည်။ ဥမှပေါက်ဖွားခြင်းမဟုတ်ပဲ တိုက်ရိုက်ဆင်းသ
မွေးဖွားလာကြသည်။ ပရိသတ်ထဲမှ လူများမှာလည်း ထို
လည်းကောင်းပင်ဖြစ်သည်။ (မဟုတ်ဘူး၊ မဟုတ်ဘူး)ဟု နော
ဘက်ရှိ ကျောင်းသားတစ်ယောက်က လှမ်းအော်သည်။ ထို
ဝေါလ်ဒရွှန်က (မဟုတ်ဘူး)ဟုဆိုသော လည်စည်းအနီနှင့် အ
ကောင်းသားသည် သူ့ကိုယ်သူ ဥမှပေါက်ဖွားလာသည်ဟု ထို
ဟန်တူကြောင်း၊ အခမ်းအနားအပြီး၌ ထိုသူကလာရောက်
ပါလျှင် အထူးအဆန်းမြင်တွေ့ရမည်ဖြစ်၍ ဝမ်းသာပါကြော
နှင့်ပြောလိုက်ရာ ပရိသတ်က ရယ်မောကြသည်။

လျှို့ဝှက်ဆန်းကြယ် မဂ္ဂဇင်းတိုက်



ဆက်လက်၍ လည်စည်းအနီနှင့် ပုဂ္ဂိုလ်မှာ သဘာဝ
တရား၏ဖန်တီးချက်ကြောင့် ဖြစ်ပေါ်လာသည်ဟု ယူဆရလျှင်
အုံဩစရာကောင်းလှမည်ဖြစ်ကြောင်း သဘာဝတရား၏
လုပ်ငန်းစဉ်သည် ပြီးပြည့်စုံပါပြီလော။ သူ့အနေဖြင့် ပြီးပြည့်စုံ
ပြီဟု မယူဆပါကြောင်း၊ ယခုထက်ပို၍ အဆင့်အတန်းမြင့်သော
လူသားများကို ဆက်လက်ထုတ်လုပ်ပေးလိမ့်မည်ဟု မိမိပြော
လျှင် လည်စည်းအနီနှင့် အမျိုးကောင်းသားက စိတ်ထိခိုက်လိမ့်
မည်ဟု မမျှော်လင့်ပါကြောင်း ပြောလေသည်။

ဝေါလ်ဒရွှန်သည် ဤနည်းဤပုံဖြင့် သူ၏ဟောပြော
ချက်ကိုဝင်နှောက်သူအား ပရိသတ်၏လှောင်ရယ်ခံရအောင်
သပ်သပ်ရပ်ရပ်ကလေးပြုလုပ်ပြီးလျှင် ဟောပြောချက်ကို ကမ္ဘာ
ဦးကာလဆီသို့ ပြန်ယူသည်။ ပင်လယ်များခန်းခြောက်လာပုံ၊
သဲသောင်များပေါ်ထွန်းလာပုံ၊ ချွဲချွဲကျိုကျိုနှင့် မလှုပ်ရှားနိုင်သော
သတ္တဝါများ ပြန့်ကျဲနေပုံ၊ ရေအိုင်တို့၌ သတ္တဝါတို့ ပြွတ်သိပ်
နေကြပုံ၊ ပင်လယ်သတ္တဝါများ ရွံ့ညွန်များသို့ ရောက်လာပုံ၊
ကုန်းပိုင်း၌ အစားအ[illegible]တို့ပေါ်များပြီး သတ္တဝါကြီးတို့၏ အရွယ်
အစားအဲဆဲမတန် ကြီးထွားလာပုံတို့ကို တင်ပြရင်း ဤသို့[illegible]ား
ဆက်သည်။

လျှို့ဝှက်ဆန်းကြယ် မဂ္ဂဇင်းတိုက်

www.burmeseclassic.com

www.burmeseclassic.com



"အမျိုးသမီးများနှင့် လူကြီးမင်းများခင်ဗျား . . အဲဒီကမ္ဘာဦးသတ္တဝါတွေရဲ့ ရုပ်ကြွင်းကို ဝိလ်ဒင်နဲ့ဆိုလန်ဟိုဖန်ဆလိုက် ဒေသတွေမှာ မြင်တွေ့ရတဲ့အခါမှာတောင် ကျွန်တော်တို့ကို ထိတ်လန့်တုန်လှုပ်စေပါတယ်။ ဒါပေမယ့် ကံကောင်းထောက်မလို့ အဲဒီကမ္ဘာဦးသတ္တဝါကြီးတွေဟာ ဒီကမ္ဘာမြေပြင်ပေါ်မှာ လူသားတွေ မပေါ်ပေါက်ခင် အချိန်ကြာမြင့်စွာကပဲ မျိုးမြုန်းကွယ်ပျောက်ခဲ့ကြပါတယ်"

"စောဒကတက်လိုပါတယ်"

ထိုအသံကြီးသည် စင်မြင့်ပေါ်မှ ထွက်ပေါ်လာသည်။

မစ္စတာဝေါလ်ဒရွန်မှာ တိကျပြတ်သားသူတစ်ယောက်ဖြစ်၏။ တစ်ဖက်သားကို နာသာခံခက်ဖြစ်အောင် ပြောတတ်သည့်လျှာစောင်းတတ်သူလည်းဖြစ်၏။ ထို့ကြောင့် သူ့ဟောပြောချက်ကို ဝင်စွတ်ဝှံ့သူခပ်ရှားရှား ဖြစ်လေသည်။ ထို့ကြောင့် ယခုစောဒကတက်သံမှာ မယုံနိုင်လောက်သောနေရာမှ ထွက်ပေါ်လာခဲ့သဖြင့် ဝေါလ်ဒရွန်မှာ ဘာလုပ်ရမှန်းမသိသလိုပင်ဖြစ်သွားရလေသည်။ အာကာသနှင့် စကြာဝဠာအကြောင်း ကျွမ်းကျင်သူတစ်ယောက်ကို ကမ္ဘာမြေကြီးပြားပါသည်ဟု တစ်ယူသန်သမားက လာ၍ငြင်းချက်ထုတ်နေသကဲ့သို့ ဖြစ်နေ၏။ သူသည် ခဏမျှတွေးနေလိုက်ပြီးမှ အသံကိုမြှင့်ကာ ခပ်ဖြည်းဖြည်းပြောလိုက်ပြန်သည်။

လျှို့ဝှက်ဆန်းကြယ် ဗရုနင်းတိုက်



"အဲဒီကမ္ဘာဦးသတ္တဝါကြီးတွေဟာ လူသားတွေမပေါ်သာမီ အစောကြီးကတည်းက မျိုးတုံးသွားခဲ့ကြပါတယ်"

"စောကဒတက်ပါတယ်"

အသံကြီးက ဟိန်း၍ထွက်လာပြန်ပါသည်။

ဝေါလ်ဒရွန်သည် စင်မြင့်ပေါ်ရှိ ပရော်ဖက်ဆာကြီးများကိုအံ့သြလှသော အမူအရာဖြင့်လှော်ကြည့်သည်။ ကုလားထိုင်နောက်မှီ၍ မျက်လုံးအစုံကိုမှိတ်ကာ အိပ်မက်ရင်းပြုံးနေသလိုရှိသည့် ချုလင်ဂျာထံရောက်မှ သူ့မျက်လုံးတို့က ရပ်တန့်သွားသည်။

"သြော် . . ဒီလိုကိုး . . ကန့်ကွက်နေတာက ကျွန်တော့်မိတ်ဆွေကြီး ပရော်ဖက်ဆာချုလင်ဂျာပဲ" ဟု ဝေါလ်ဒရွန်က ပခုံးတစ်ဖက်တွန့်လိုက်ရင်း ပြောလိုက်၏။ ပရိသတ်က ရယ်သံပေါ်လာပြီး ဝေါလ်ဒရွန်က သူ၏ဟောပြောမှုကိုဆက်သည်။ ထိုကိစ္စနှင့်ပတ်သက်၍ ထပ်မံရှင်းပြရန် မလိုအောင်ပြည့်စုံသွားပြီဆိုသည့်သဘောဆောင်သည်။

သို့သော် အဖြစ်အပျက်က ထိုမျှနှင့်ပြီးစီးမသွားခဲ့ချေ။ ဟောပြောချက်သည် ကမ္ဘာဦးသတ္တဝါကြီးများ ကွယ်ပျောက်ခဲ့

လျှို့ဝှက်ဆန်းကြယ် ဗရုနင်းတိုက်

www.burmeseclassic.com

www.burmeseclassic.com



ပြီဟူသောအချက်သို့ အကြောင်းအားလျော်စွာ ရောက်သွားတိုင်း ချလင်ဂျာ၏ကန့်ကွက်သံကြီးက ဟိန်း၍ထွက်လာစမြဲဖြစ်သည်။ ထိုမျှမကတော့ ထိုအချက်ကိုရောက်တိုင်း ပရိသတ်ကပါဝင်၍ တသောသောနှင့် ကန့်ကွက်သံပေးလာကြသည်။

ကျောင်းသားအစုအဝေးထံမှ အကဲဆုံးဖြစ်၏။ ချလင်ဂျာ၏မုတ်ဆိတ်ကြီးသာလျှင် ရသေးသည်။ အသံထွက်ပေါ်မလာမီ ပင် ကျောင်းသားတွေက ဦးဆောင်"ဇာဒက"ဟု အော်ကြသည်။ အခြားသူများထံမှ တုံ့ပြန်အော်ဟစ်ကြသော"တိတ်ကြဟေ့ . . ရှက်ဖွယ်"ဟူသည့်အသံများလည်း ပေါ်လာသည်။ ဝေါလ်ဒရွန် မှာကျင့်သားရပြီး ဟောပြောသမားကြွံ့နိုင်သူတစ်ယောက်ပင် ဖြစ်လင့်ကစား ယခုသော် ကသိကအောင့် ဖြစ်ရလေပြီ။ သူသည် တုံ့ဆိုင်းနေလိုက်၊ ပြောပြီးသားအချက်အလက်ကို ထပ်ပြောလိုက် ဇဝေလည်လည်ဖြစ်နေလိုက်နှင့် ရှိနေတော့သည်။ နောက်ဆုံးတွင် ကား ဒေါသတကြီးနှင့် ပြဿနာ၏အခြေခံကို ရင်ဆိုင်လိုက် သည်။ သူက စင်မြင့်ဘက်သို့ စူးစူးရဲရဲကြည့်ရင်း အော်ပြော လိုက်သည်။

"သည်းခံနိုင်စရာ မရှိတော့ဘူးဗျ၊ ဒီမယ် ပရော်ဖက်ဆာ ချလင်ဂျာ ခင်ဗျားရဲ့လူပြိန်းဆန်ဆန် မယဉ်ကျေးတဲ့နှောင့်ယှက်

လျှို့ဝှက်ဆန်းကြယ် မဂ္ဂဇင်းတိုက်



မှုကို ရပ်တန်းကရပ်ပါလို့ ပြောပါရစေ"

တစ်ခန်းလုံး မီးကိုရေနှင့် ငြိမ်းသတ်လိုက်သလို တိတ်သွား ၏။ ကျောင်းသားထုအနေဖြင့်ကား အိုလံပစ်တောင်ထိပ်မှ နတ် မင်းကြီးတို့ အချင်းချင်းစစ်ခင်းကြသည်ကို မြင်တွေ့ရတော့မည် ဟူသော ဝမ်းမြောက်ဝမ်းသာမှုနှင့် စောင့်ကြည့်နေကြသည်။ ချလင်ဂျာသည် လေးလံသောခန္ဓာကိုယ်ကြီးကို ဖြည်းညှင်းစွာ သယ်၍ ကုလားထိုင်မှထလိုက်သည်။

"ကျုပ်ကလဲ ပြန်ပြီးတောင်းဆိုပါရစေ မစ္စတာဝေါလ်ဒ ရွန် သိပ္ပံပညာနဲ့မကိုက်ညီတဲ့ အချက်အလက်တွေ တင်ပြနေတာ ကို ရပ်တန့်ကရပ်ပါလို့"

တစ်ယောက်တစ်ပေါက် အော်သံများ ပွက်ပွက်ညံလာ ကြသည်။

"ရှက်ဖွယ် . . ရှက်ဖွယ်" "သူပြောပါစေ" "ဆွဲထုတ် လိုက်" "စင်မြင့်ပေါ်ကဆွဲချလိုက်" စသည်တို့ဖြစ်၏။ သဘာပ တိသည် ကပျာကရာထလိုက်သည်။ လ[illegible]နှစ်ဖက်ကို မြှောက်ယမ်း ပြရင်း တစ်စုံတစ်ရာအော်ပြောနေ၏။ ကျွန်တော်ကြား[illegible] "ပရော်ဖက်ဆာချလင်ဂျာ ကိုယ်ရေးကိစ္စတွေ နောက်မှ" [illegible] တို့ဖြစ်ပါသည်။ ချလင်ဂျာသည် တစ်ချက်ဦးညွှတ်လိုက်[illegible] [illegible]၍မုတ်ဆိတ်ကိုသပ်ရင်း ကုလားထိုင်၌ ပြန်ထိုင်[illegible]

လျှို့ဝှက်ဆန်းကြယ် မဂ္ဂဇင်းတိုက်

www.burmeseclassic.com

ဝေါလ်ဒရွန်က ဆက်လက်ဟောပြောသည်။ ဟောပြောရာမှ ကြားအဆာဆိုသလိုလည်း ချလင်ဂျာကို မကျေမချမ်းလှမ်း၍ ကြည့်သေးသည်။ ချလင်ဂျာက ကျေနပ်လှသော အပြုံးကြီးဖြင့် ကုလားထိုင်ပေါ် အားရပါးရငိုက်မြည်းသလို ရှိနေလေသည်။

နောက်ဆုံးတွင် ဟောပြောချက်ပြီးစီးသွားသည်။ အဆက်အစပ်မရှိလှပဲ ကမန်းကတန်းနိဂုံးချုပ်လိုက်ရသည်ဟု ကျွန်တော်ထင်မိပါသည်။ ဝေါလ်ဒရွန်ထိုင်လိုက်ပြီးနောက် သဘာပတိ၏ ခွင့်ပြုချက်အရ ပရော်ဖက်ဆာချလင်ဂျာ ကုလားထိုင်မှထကာ စင်မြင့်၏အစွန်းသို့ လျှောက်လာသည်။ ကျွန်တော်သည် သတင်းစာ၌ ဖော်ပြနိုင်ရန်အတွက် သူ့ပြောစကားများကို လုံးစေ့ ပတ်စေ့ရအောင် လိုက်လံရေးမှတ်လိုက်ပါသည်။

နောက်တန်းများဆီမှ ဆူညံနေသည့်ကြားမှပင် ချလင်ဂျာက စကားစပါသည်။

"အမျိုးသမီးများနဲ့ လူကြီးမင်းများခင်ဗျား . . အဲ . . ခွင့်လွှတ်ဖို့ ကျွန်တော်မေတ္တာရပ်ခံပါတယ်။ အမျိုးသမီး၊ လူကြီးမင်းများနဲ့ ကလေးပရိသတ်တို့ခင်ဗျား . . ဒီပရိသတ်ထဲမှာ အများစု ဖြစ်တဲ့ကလေးပရိသတ် ကျန်သွားပါတယ် (ဆူညံပွက်လောရိုက် ပွက်ညံနေ၏။ ချလင်ဂျာက လက်တစ်ဖက်ကိုမြှောက်ကာ ဦးခေါင်းကြီးတညိတ်ညိတ် လုပ်နေ၏။ သနားစရာ ပရိသတ်ကို သူတော်





င်ကြီးက မေတ္တာပို့နေသည့်ပုံဖြစ်၏)။ ကျွန်တော်တို့ ခုပဲကြားလိုက်ကြရတဲ့ အလွန်စိတ်ဝင်စားစရာကောင်းတဲ့ မစ္စတာဝေါလ်ဒရွန်ရဲ့ ဟောပြောချက်နဲ့ပတ်သက်ပြီး ကျေးဇူးတင်စကား ပြန်ပြောဖို့ ကျွန်တော်အရွေးချယ်ခံရပါတယ်။ သူတင်ပြခဲ့တဲ့ အကြောင်းအရာထဲမှာ ကျွန်တော် သဘောမတူနိုင်တဲ့အချက်အလက်တွေပါပါတယ်။ အဲဒါတွေကို ရှင်းလင်းဖို့က ကျွန်တော့်တာဝန်ဖြစ်ပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် မစ္စတာဝေါလ်ဒရွန်ကတော့ ကမ္ဘာကြီးစတင်ပေါ်ပေါက်လာပုံကို အပြောကောင်းကောင်းနဲ့တင်ပြခဲ့ပါတယ်။ အဟောအပြောကောင်းတဲ့ ပုဂ္ဂိုလ်တွေရဲ့ဟောပြောချက်ကို နားထောင်ရတာ အလွန်ကောင်းပါတယ်။ ဒါပေမယ့် (ဤနေရာတွင် ချလင်ဂျာက ဝေါလ်ဒရွန်ကို မျက်စိတစ်ချက်လှမ်းကြည့်သည်)။ ကျွန်တော်ပြော[illegible]စကားကို မစ္စတာဝေါလ်ဒရွန် ခွင့်လွှတ်နိုင်မယ်လို့ မျှော်လင့်ပါတယ်။ အဲဒီအဟောအပြောကောင်းတဲ့လူတွေဟာ အသိဉာဏ်ခေါင်းပါးတဲ့ ပရိသတ်ရဲ့ စိတ်ခြိုက်ထောက်ခံမှုကိုရအောင် ခိုင်မာလေးနက်တဲ့အချက်အလက်တွေ ချန်ပြီး သာမန်ကာလျှံကာ အပေါ်ယံကြော သက်သာ ပြောတတ်ကြတယ်။ ဟုတ်တာရော မဟုတ်တာရော နားထောင်ကောင်းအောင် ပြောတတ်ကြပါတယ်။ (သရော်သံကြီးပေါ်လာသည်) တရားဟောကောင်းတယ်ဆိုတဲ့လူတွေ



www.burmeseclassic.com

www.burmeseclassic.com



ဟာ သဘာဝအားဖြင့်တော့ ကပ်ပါးပိုးတွေနဲ့တူပါတယ်။ (မစ္စတာ
ဝေါလ်ဒရွန်က ဒေါသတကြီးနဲ့ ကန့်ကွက်သောအမူအရာကို
ပြသည်) သူတို့တစ်တွေဟာ မထင်ရှားတဲ့၊ ဆင်းရဲနွမ်းပါးတဲ့
သူတို့ရဲ့နောင်တော့နောင့်တော်များရဲ့ လုပ်ငန်းတွေအပေါ်မှာ
သူတို့ရဲ့ကျော်ကြားမှုနဲ့ စီးပွားရေးအတွက် ခေါင်းပုံဖြတ်ကြတယ်။
ပထမဆုံးတွေ့ရှိရတဲ့ သိပ္ပံပညာဆိုင်ရာ သေးငယ်တဲ့အချက်
လေးတစ်ချက်ဟာ အဲဒီအပေါ်မိပြီး ဖြစ်ပေါ်လာတဲ့ ဒုတိယတွေ့
ရှိချက်ထက်ပိုပြီး အများကြီးအရေးကြီး တန်ဖိုးရှိပါတယ်။ အ
လိုတင်ပြနေရတာက မစ္စတာဝေါလ်ဒရွန်ကို သိက္ခာချချင်လို့
မဟုတ်ပါဘူး၊ ပရိသတ်ကြီးအနေနဲ့ အကဲဖြတ်ရာမှာ မှန်ကန်
နိုင်ဖို့အတွက် ဖြစ်ပါတယ်။ နို့မဟုတ်ရင် ကိုရင်ကလေး
ဆရာတော်ကြီးလို့ ထင်မှတ်မှားသွားနိုင်ပါတယ် (ဤနေရာ
ရောက်လျှင် ဝေါလ်ဒရွန်က သဘာပတိကို တစ်စုံတစ်ခု တိုး
ပြောလိုက်ရာ သဘာပတိက ကိုယ်ကိုကြွလိုက်ပြီး ဘေးနား၌
သော ရေတကောင်းကို တစ်ခုခု ခပ်မာမာပြောလိုက်ပါသည်
ဒါပေမယ့် ဒီကိစ္စနဲ့ပတ်သက်လို့တော့ တော်လောက်ပါ
(ကျယ်လောင်သောသြဘာသံကြီး အတော်ကြာပေါ်လာသည်
ဒီထက်ပိုပြီး စိတ်ဝင်စားစရာကောင်းတဲ့ အကြောင်းအရာ
တင်ပြပါရစေ၊ ခုနက ဟောပြောချက်ထဲက ဘယ်အချက်





သောကွဲလွဲတယ်၊ ကျွန်တော်က စိန်ခေါ်တယ်ဆိုတာပါပဲ အဲဒါ
တော့ ကမ္ဘာပေါ်မှာ ပေါ်ထွန်းခဲ့တဲ့ သတ္တဝါများနဲ့ ပတ်သက်
အချက်ဖြစ်ပါတယ်။ ဒီအချက်ကို ပြောရာမှာ ကျွန်တော်ဟာ
ပေါ်တမ်းလေ့လာသူတစ်ဦးအဖြစ်နဲ့ မဟုတ်ပါဘူး။ လူကြိုက်
များတဲ့တရားဟောဆရာတစ်ယောက်အဖြစ်နဲ့လဲ မဟုတ်ပါဘူး။
သိပ္ပံပညာဆိုင်ရာ ခံယူချက်ရဲ့လှုံ့ဆော်မှုအရ သဘာဝကျကျ
အချက်အလက်မှန်မှန် ပြောပြမှာဖြစ်ပါတယ်။ မစ္စတာဝေါလ်ဒ
ဟာ ကမ္ဘာဦးသတ္တဝါကြီးများဆိုတဲ့ အကောင်ကြီးတွေကို
ကိုယ်တိုင်ကိုယ်ကျ မမြင်ဖူးတဲ့အတွက် အသက်ထင်ရှားမရှိတော့
ဒီကမ္ဘာပေါ်မှာ မျိုးတုံးသွားပြီလို့ယူဆတာလို့ ကျွန်တော် ထင်
တယ်။ အမှန်ကတော့ ရဲစွမ်းသတ္တိရှိတဲ့လူ၊ ဆင်းရဲပင်ပန်းခံနိုင်
တဲ့လူဆိုရင် ဒီသတ္တဝါကြီးတွေရှိတဲ့နေရာကို သွားရောက်ရှာဖွေ
ကြည့်မယ်ဆိုရင် သူတို့ရဲ့မနှစ်မြို့စရာ ကြောက်လန့်စရာသဘာဝ
အတူ တွေ့နိုင်ပါသေးတယ်။ ကျွန်တော်တို့ မြင်တွေ့နေရတဲ့
တိုက်သတ္တဝါမျိုးထဲက အကြီးမားဆုံး၊ အကြမ်းကြုတ်ဆုံး
အကောင်တွေကိုတောင် လိုက်လံဖမ်းဆီးစားသောက်မဲ့ အဲဒီ
ကမ္ဘာဦးသတ္တဝါကြီးတွေဟာ အခုထိ အသက်ရှင်လျက်ရှိနေကြ
သေးတယ်။ (ဖြီးတာဟော့ . . သက်သေပြစမ်း၊ ခင်ဗျား ဘယ်
လိုလုပ်သိသလဲ၊ ကန့်ကွက်တယ် စသော အော်ဟစ်သံများ



www.burmeseclassic.com

www.burmeseclassic.com



ပေါ်လာသည်) ကျွန်တော်ဘယ်လိုလုပ်ပြီး သိသလဲလို့ မေးတယ် ဟုတ်လား၊ ကျွန်တော်သိတာပေါ့ . . ဘာဖြစ်လို့လဲဆိုတော့ သူတို့ရဲ့လျှို့ဝှက်နေရာကို ကျွန်တော်ရောက်ခဲ့ဖူးတာကို ကျွန်တော် သိတာပေါ့၊ အချို့အကောင်ကြီးတွေကို မြင်ခဲ့ရတာကိုး။ (သြဘာ သံကြီးဟိန်းထွက်လာရာမှ "လူလိမ်ကြီး"ဟူသောအသံတစ်ခုကို လည်း ကြားလိုက်ရသည်) ကျွန်တော်လူလိမ်ကြီးလား (ပရိသတ် က ဆူညံစွာထောက်ခံကြသည်) ကျွန်တော့်ကိုလူလိမ်ကြီးလို့ ခေါ်လိုက်တဲ့လူကို သိရအောင်ကျေးဇူးပြုပြီး မတ်တပ်ရပ်ပြစမ်း ပါ။ (ဟောဒီလူပဲဗျ) ဟူသောအသံပေါ်လာပြီး ကျောင်းသား တစ်စုက မျက်မှန်နှင့်လူသေးသေးတစ်ယောက်ကို ဆွဲပြကြသည် ထိုသူက အကြောက်အကန်ရုန်းနေသည်။) မင်းက ငါ့ကိုလူလိမ် ကြီးလို့ခေါ်ရဲသလားဟေ့ ("မခေါ်ရဲပါဘူးဗျာ ၊ မခေါ်ရဲပါဘူး" ပြောပြောဆိုဆိုနှင့် ထိုလူလစ်ပြေးတော့သည်) ကျွန်တော်တင်ပြ တဲ့အချက်အလက်မှန်တွေအပေါ်မှာ သံသယဖြစ်တဲ့လူ ဒီခန်းမ ကြီးထဲမှာရှိမယ်ဆိုရင် အခမ်းအနားပြီးတော့ အဲဒီလူနဲ့တွေ့ဆုံ ရှင်းလင်းရမယ်ဆိုရင် ကျွန်တော်ဝမ်းမြောက်ရမှာပါပဲ။ (လူလိမ် ကြီးဟေ့) ခုပြောလိုက်တာ ဘယ်သူလဲ (မရုန်းနိုင်မကန်နိုင်ဖြစ် နေသူတစ်ဦးကို မြှောက်ပြကြပြန်သည်) မင်းတို့အထဲကို ငါဆင်း လာရမလားဟေ့("လာပါကွယ် . . အချစ်ကလေးရယ် . . လာ





ပါကွယ်"ဟူသော သံပြိုင်သီချင်းသံ အတော်ကြာထွက်ပေါ်နေသ ဖြင့် အစီအစဉ်ရပ်ဆိုင်းနေရ၏။ သဘာပတိက နေရာမှ ထရပ်ပြီး လက်နှစ်ဖက်ကို ဝှေ့ယမ်းပြနေရာ တီးဝိုင်းတစ်ခုရှေ့၌ ဂီတ သင်္ကေတညွှန်ပြနေသလို ဖြစ်နေသည်။ ပရော်ဖက်ဆာချလင် ဂျာမှာကား မျက်နှာတွင်သွေးရောင်လွှမ်း၍ နှာခေါင်းကြီးမှထ ကာမုတ်ဆိတ်မွေးတို့က ပို၍ထိုးထိုးထောင်ထောင်ဖြစ်နေ၏။ ထိုးတော့မည်ဆင်ဆိုးကြီးပမာ ဖြစ်နေသည်) ကြီးမားဆန်းသစ် တဲ့အကြောင်းရပ်များကို ရှာဖွေတွေ့ရှိခဲ့တဲ့လူတိုင်းဟာ အနှောင့် အယှက်နဲ့ကြုံရတာချည်းပဲ၊ အရေးကြီးတဲ့အချက်အလက်ကို ခင်ဗျားတို့ရှေ့မှောက်ချပြတဲ့အခါ ခင်ဗျားတို့နားလည်နိုင်ဖို့အခ ကွက် အရည်အချင်းကော အမြော်အမြင်ကောမရှိဘူး၊ သိပ္ပံ ပညာရဲ့ကဏ္ဍသစ်တစ်ခု ဖွင့်လှစ်ဖို့အတွက် အသက်နဲ့ရင်းပြီး နှံ့စားတဲ့လူကို ခင်ဗျားတို့က ရွံ့နဲ့ပေါက်ဖို့ပဲ တတ်ကြတယ်၊ ခင်ဗျားတို့နှောင့်ယှက်ဖို့ ညှင်းပန်းဖို့ပဲတတ်ကြတယ်။ ဂဲလိလီယို ဒို ပုဂ္ဂိုလ်မျိုး၊ ဒါဝင်လို . . ကျွန်တော် . . "(ရှည်လျားသော သြဘာသံကြီးနှင့် ကန့်ကွက်သံများ ဆူညံရောထွေးနေသည်)

ဤကား ကျွန်တော်၏အသော့နှင့်လိုက်ရေးထားသည့် တ်စုဖြစ်ပါသည်။ ပရိသတ်တို့မှာ ရုတ်ရုတ်သဲသဲဖြစ်နေပါသည်။ ဆူညံပူညံတို့က ပြင်းထန်လေရာ အမျိုးသမီးအချို့ စည်းဝေးခန်းမ



www.burmeseclassic.com

www.burmeseclassic.com



ထဲမှ သုတ်သုတ်ပျာပျာ ထွက်ခွာသွားကြပါသည်။ လူကြီးအချို့ပင်လျှင် ကျောင်းသားများနည်းတူ မခံမရပ်နိုင်ဖြစ်ကြပြီး နေရာမှထ၍ တဇွတ်ထိုးပရော်ဖက်ဆာကြီးကို လက်သီးများပြကြပါသည်။ အခန်းကြီးတစ်ခုလုံးမှာ ပွက်ပွက်ဆူနေသည့် အိုးကြီးနှင့် တူပါတော့သည်။

ပရော်ဖက်ဆာချလင်ဂျာက ရှေ့တိုးလာပြီး လက်နှစ်ဖက်ကို မြှောက်လိုက်ပါသည်။ သူ့တွင်ထူးခြား၍ ကြီးမားသော အရှိန်အဝါစွမ်းအားရှိပုံရပါသည်။ သူ၏စူးစူးရဲရဲမျက်လုံးနှင့် ခန့်ထည်သောဟန်ပန်ရှေ့မှောက်၌ ဆူညံပူညံတို့သည် တဖြည်းဖြည်းပျောက်ပျက် တိတ်ဆိတ်သွားလေသည်။ သူ့တွင် အရေးတကြီးပြောစရာရှိနေဟန်ပေါ်၍ ပရိသတ်က ကြားနာရန် နားစွင့်နေကြလေသည်။

“ခင်ဗျားတို့ကို အချိန်ဆွဲမထားလိုပါဘူး၊ ထပ်ပြောနေလို့လဲ အကြောင်းမထူးပါဘူး၊ ဒါပေမယ့် အမှန်တရားက အမှန်တရားပါပဲ၊ ရူးရူးမိုက်မိုက်လူငယ်တွေရဲ့ အသံက အားနာပါးနာနဲ့ဖြည့်ပြောရရင် သူတို့နဲ့တန်းတူလူကြီးတွေရဲ့အသံက ဒီကိစ္စနဲ့ ပတ်သက်လို့ ဘယ်လိုမှထူးခြားလာမှာ မဟုတ်ပါဘူး။ သိပ္ပံပညာရပ်နဲ့ပတ်သက်လို့ ကဏ္ဍသစ်ဖွင့်လှစ်တယ်လို့ ကျွန်တော်ကြေညာပါတယ်။ ခင်ဗျားတို့က လက်မခံကြဘူး (သြဘာသံကြီး)





ကျွန်တော်က လက်တွေ့စမ်းသပ်ကြည့်ဖို့ တောင်းဆိုတယ်။ ခင်ဗျားတို့က ခင်ဗျားတို့အတွက် ကိုယ်စားလှယ်တစ်ယောက်ဖြစ်စေ၊ ဒီထက်ပိုပြီးတော့ဖြစ်စေ ရွေးချယ်ပေးမလား၊ ကျွန်တော့်ရဲ့ကြေညာချက်ကို လက်တွေ့စမ်းသပ်ကြရအောင်”

ပရော်ဖက်ဆာကြီး ဆမ်မာလီသည် ပရိသတ်ထဲမှ မတ်ဘပ်ရပ်လိုက်လေသည်။ အရပ်မြင့်မြင့်ပိန်ပိန်းပါးပါးနှင့် နာကျည်းသည့်အသွင်မျိုးပေါ်နေ၏။ အမူအရာမှာ နွမ်းနွမ်းနယ်နယ်နှင့် ဘာသာရေးသမားတစ်ယောက်ပုံမျိုးဟု ထင်ရသည်။ သူက ခွင့်တောင်းကာ ပရော်ဖက်ဆာချလင်ဂျာပြောခဲ့သော အကြောင်းအရာတို့မှာ လွန်ခဲ့သောနှစ်နှစ်ခန့်က ချလင်ဂျာသွားရောက်ခဲ့သည့် အမေဇုန်မြစ်ညာပိုင်းခရီးနှင့် ပတ်သက်ပါသလောဟု မေးမြန်းသည်။

ပရော်ဖက်ဆာချလင်ဂျာ၏ အသစ်တွေ့ရှိချက်သော အရာမှာ ယခင်ကလို ဒေသများသို့သွားရောက်စူးစမ်းခဲ့ပြီး နာမည်ကြီးခဲ့ကြသော ဝေါလေ့ဘိတ်နှင့် အခြားသိပ္ပံပညာရှင်တို့၏တွေ့ရှိချက်နှင့် မည်သို့ခြားနားပါသနည်းဟု ထပ်မံမေးမြန်းသည်။

ပရော်ဖက်ဆာချလင်ဂျာက ပြန်ပြောရာတွင် မိစ္စတာ



www.burmeseclassic.com

www.burmeseclassic.com



ဆမ်မာလီသည် အမေဇုန်မြစ်နှင့် သိမ်းမြစ်ကိုရောထွေးမြင်နေ ဟန်တူကြောင်း၊ အမေဇုန်မြစ်ကပိုကြီးကြောင်း၊ ထိုမြစ်နှင့် အိုရီ နိုကိုမြစ်တို့ဆုံပြီး နောက်မိုင်ငါးထောင်ပတ်ဝန်းကျင်နယ်မြေကြီး ဖြစ်လျက်ရှိကြောင်း၊ ထိုမျှကျယ်ဝန်းလှသော နယ်မြေထဲတွင် အခြားသူတစ်ယောက်မှ မတွေ့ကြုံခဲ့ရသောအရာကို အခြားလူ တစ်ယောက်က တွေ့ကြုံနိုင်ကြောင်း ရှင်းပြသည်။

ဆမ်မာလီက သရော်ပြုံးပြုံးရင်း သူသည် သိမ်းမြစ်နှင့် အမေဇုန်တို့၏ ခြားနားချက်ကို ကောင်းစွာသိပါကြောင်း သိမ်းမြစ်နှင့် ပတ်သက်လာလျှင်မူ လက်တွေ့စမ်းသပ်ရန် မဖြ နိုင်ကြောင်း ကမ္ဘာဦးသတ္တဝါကြီးများကို မည်သည့်အရပ်ဒေသ တွင် တွေ့နိုင်သည်ဆိုခြင်းကို ချလင်ဂျာက တိတိကျကျညွှန်ပြ ပေးမည်ဆိုလျှင် ဝမ်းသာ၍မဆုံး ဖြစ်ရမည်ဖြစ်ပါကြောင်း စသည်ဖြင့် ပြန်ပြောသည်။

ချလာဂျာက ထိုလျှို့ဝှက်ချက်ကို ၎င်းအနေဖြင့် ထား စဉ်သိမ်းဆည်းထားလိုကြောင်း၊ သို့သော် ပရိသတ်က ကော်မ တစ်ခု ရွေးချယ်ဖွဲ့ပေးလျှင် ထိုကော်မတီသို့ပေးမည်ဖြ ကြောင်း၊ မစ္စတာဆမ်မာလီသည် ထိုကော်မတီ၌ ပါဝင်ဏ မိမိ၏တင်ပြချက် မှန်သည်မှားသည်ကို ကိုယ်တိုင်ကိုယ်ကျ ဆေးကြည့်ပါမည်လားဟု ပြောကြားသည်။





"ဟုတ်ကဲ့ . . ကျုပ်ကိုယ်တိုင် ပါဝင်ရှုစမ်းပါ့မယ်" ဆမ်မာလီက ဖြေကြားရာ သြဘာသံကြီးပေါ်လာသည်။

ချလင်ဂျာက . . "ဒီလိုဆိုရင် . . အဲဒီနေရာအရောက် သွားနိုင်မယ့်အညွှန်းကို ခင်ဗျားလက်ထဲပေးအပ်ဖို့ ကျွန်တော် အာမခံပါတယ်။ မစ္စတာဆမ်မာလီက ကျွန်တော်တင်ပြချက်ကို စစ်ဆေးဖို့အထိတော့ ဟုတ်ပါပြီ၊ သူ့ဆောင်ရွက်ချက်တွေကို ကြည့်ရှုဖို့နောက်ထပ် တစ်ယောက်နှစ်ယောက်တော့ လိုပါလိမ့် မယ်။ လမ်းခရီးက ခက်ခဲကြမ်းတမ်းတယ်၊ အန္တရာယ်များတယ် ဆိုတာကိုတော့ ကျွန်တော်ဖုံးကွယ်မထားလိုပါဘူး၊ မစ္စတာဆမ် မာလီအတွက် ငယ်ရွယ်သန်စွမ်းတဲ့အဖော်လိုပါလိမ့်မယ်။ မိမိ ဆန္ဒအလျောက် ပါဝင်စွန့်စားနိုင်မယ့် ပုဂ္ဂိုလ်ကို ကျွန်တော်ဖိတ် ခေါ်ပါရစေ"

ဤသို့ဖြင့် လူတစ်ယောက်၏ဘဝအလှည့်အပြောင်း သည် ရုတ်တရက်ပေါ်ပေါက်လာခဲ့ပေသည်။ ဤခန်းမကြီးအတွင်း ဝင်လာခဲ့စဉ်က ထိုသို့သောစွန့်စားမှုမျိုးကို လိုက်ပါဆောင်ရွက် ရန်ဟူသောအတွေးသည် ကျွန်တော့်ထံရှိခဲ့ပါလေစ၊ သို့သော် ယခုလက်ဒစ်က ဤစွန့်စားမှုခရီးမျိုးဆိုလျှင် လိုက်ပါရန် တိုက်တွန်း ခဲ့လိမ့်မည်။

ကျွန်တော်က ဗြုန်းခနဲမတ်တပ်ရပ်လိုက်၏။ စကားပြော



www.burmeseclassic.com

www.burmeseclassic.com



ရန်ဖြစ်သော်လည်း စကားလုံးရွေးမရသေး။ ကျွန်တော့်မိတ်ဆွေ တပ်ဟင်နရီက ကျွန်တော့်လက်ကိုဆွဲ၍ ထိုင်ခိုင်းသည်။ အသံအုပ် အုပ်နှင့်လည်း "ထိုင်ကွ မကိုနီ၊ ပရိသတ်ထဲမှာ လူပေါမလုပ်နဲ့" ဟုပြောပါသေးသည်။ ထိုစဉ် ကျွန်တော့်ရှေ့မှ ခပ်လှမ်းလှမ်း ဆံပင်နီကြောင်ကြောင် အရပ်ပိန်ပိန်ပါးပါးနှင့် လူတစ်ယောက် မတ်တပ်ရပ်လိုက်၏။ စကားပြောရန်ဖြစ်သော်လည်း စကားလုံး မရွေးရသေးသည်ကို ကျွန်တော်တွေ့လိုက်ရပါသည်။ သူက မှုန် မှိုသောမျက်လုံးများဖြင့် ကျွန်တော့်ကိုစူးစူးရဲရဲ ကြည့်ပါသည်။ ကျွန်တော်ကလည်း မတွန့်ဆုတ်ပါ။

"ကျွန်တော်လိုက်ပါမယ် သဘာပတိကြီး ခင်ဗျာ" ကျွန်တော်က အထပ်ထပ်လှမ်းပြောနေမိပါသည်။

"နာမည်ပြောပါ . . နာမည်ပြောပါ" ဟု ပရိသတ်က အော်သည်။

"ကျွန်တော့်နာမည် အက်ဒဝပ် ဒီမကိုနီ၊ ကျွန်တော် ဒေးလီဂေဇက်သတင်းစာက သတင်းထောက်ပါ၊ ကျွန်တော် ဘက်မလိုက်တဲ့ သက်သေအဖြစ် ရပ်တည်ပါမယ်"

"ခေါင်းရင်နာမည်က ဘယ်သူလဲတဲ့" ဟု သဘာပတိ က ကျွန်တော်နှင့် ပြိုင်တူရပ်နေသူကို လှမ်းမေးပါသည်။

"ကျွန်တော့်နာမည် လော့ဒ်ဂျွန်ရောက်စတန်





ကျွန်တော် အမေဇုန်မြစ်ကို ဆန်တက်ခဲ့ဖူးပါတယ်။ နယ်မြေကျွမ်းကျင်ပါတယ်။ ဒီစမ်းသပ်ရေးခရီးအတွက် အထူးသင့်လျော်တဲ့ အရည်အချင်းတွေရှိပါတယ်"

"လော့ဒ်ဂျွန်ရောက်စတန်ဟာ ကမ္ဘာလှည့်ခရီးသည် အဖြစ်တောလိုက်မုဆိုးအဖြစ်နဲ့ ထင်ရှားကျော်ကြားတဲ့လူပဲ" ဟု သဘာပတိက ပြောလိုက်ပါသည်။ တစ်ဖက်ကလည်း "ဒီခရီးမျိုးမှာ သတင်းစာဆရာ တစ်ယောက်ပါသင့်တယ်"

ပရော်ဖက်ဆာချလင်ဂျာက ဝင်ပြောသည်။

"ကျွန်တော် အကြံပြုပါရစေ၊ ကျွန်တော့်တင်ပြချက်ကို ပရော်ဖက်ဆာဆမ်မာလီက မှန်မမှန်စုံစမ်းမယ့်ခရီးမှာ ဆမ်မာလီ ရဲ့အဖော်အဖြစ် ဒီပုဂ္ဂိုလ်နှစ်ဦးကို ကိုယ်စားပြုအဖြစ် ဒီအစည်း အဝေးက ရွေးချယ်ပေးဖို့ဖြစ်ပါတယ်"

သြဘာပေးကြ အော်ဟစ်ကြသည့်ကြားထဲမှာပင် ကျွန်တော်၏ကံကြမ္မာလမ်းကြောင်းသည် ပေါ်ပေါက်ခဲ့ပါ၏။ ကျွန်တော်သည် လူအုပ်ကြီးနှင့်ရောကာ တံခါးပေါက်ဆီသို့ တရွေ့ရွေ့ပါနေသည်။ ရုတ်တရက်ပေါ်ပေါက်လာသည့် အစီအစဉ်ကြောင့် ကျွန်တော့်စိတ်တွင် ခပ်ဝါးဝါးဖြစ်နေပါသည်။ ခန်းမ၏အပြင်သို့ ရောက်သောအခါ ကျွန်တော်သည် ရယ်ရယ်



www.burmeseclassic.com

www.burmeseclassic.com



မောမောနှင့်ဆင်းလာကြသော ကျောင်းသားအုပ်ကို အာရုံပြုလိုက်မိပါသေးသည်။ ပြောကြဆိုကြချီးကျူးကြသည့်အသံများ ရှုပ်ယှက်ခတ်နေသည့်ကြားမှ ချလင်ဂျာ၏မြင်းလှည်း ထွက်ခွာသွားပါသည်။ ကျွန်တော်သည် ငွေရောင်ဖြာလင်းသောနေသည့် ဂီရှင်လမ်းအတိုင်း လျှောက်ရင်း ဂလက်ဒစ်အကြောင်းနှင့် ကျွန်တော်၏ရှေ့ရေးကို တွေးနေမိပါသည်။

ရုတ်တရက် ကျွန်တော်၏လက်မောင်းကို တစ်စုံတစ်ယောက်က လာကိုင်ပါသည်။ ကျွန်တော်လှည့်ကြည့်လိုက်သောအခါ စွန့်စားမှုခရီးကို ကျွန်တော်နှင့်အတူလိုက်ရန် ဆန္ဒပေးသောအရပ်မြင့်မြင့်ပိန်ပိန်ပါးပါးလူကို တွေ့ရပါသည်။ သူ့မျက်လုံးတို့က ရွှင်မြူးနေကြသလို ပိုင်စိုးပိုင်နင်းအမူအရာလည်း ပေါ်လွင်နေပါသည်။

"မစ္စတာမက်ဂိုနီ . . ကျုပ်တို့ဟာ တစ်ခရီးထဲအတူသွားကြမယ့်လူတွေပဲ မဟုတ်လား၊ ကျုပ်အခန်းက ဟိုဘက်နားလေးတင်ပါ၊ ကျုပ်အတွက် အချိန်နာရီဝက်လောက်များ မပေးနိုင်ဘူးလား၊ ကျုပ်မှာ မောင်ရင့်ကို အရေးတကြီးပြောစရာလေးတွေ ရှိနေလို့ပါ"

* * * * * * *



## အခန်း (၅)

### အေးအေးဆေးဆေးဦးခေါင်းနှင့် ရဲရင့်သောစိတ်ဓာတ်ပိုင်ရှင်

လော့ဒ်ဂျွန်ရောက်စတန်သည် အခန်းပေါင်းများစွာရှိသောအိမ်ကြီးတစ်ဆောင်တွင် နေထိုင်သည်။ သူကား ချမ်းသာကြွယ်ဝသူတစ်ဦးဖြစ်၏။ လူပျိုကြီးတစ်ဦးလည်းဖြစ်ပြီး နေရာအနှံ့ခရီးထွက်ခဲ့ဖူးသည်။ အမျိုးအစားကောင်းမွန်၍ အဖိုးတန်လှသောသားမွေးများ၊ အရှေ့တိုင်းကော်ဇောများဖြင့် အိမ်ကိုမွမ်းမံထားသည်။ နံရံတွင် ချိတ်ဆွဲထားသော ပန်းချီကားများမှာလည်း အဖိုးထိုက်အဖိုးတန်များပင်၊ ထိုအလှအပအဆင်တန်ဆာများအပြင် အိမ်သို့အလည်အပတ်ရောက်ရှိလာသူအား လော့ဒ်ဂျွန်သည် အားကစားသမားကြီးတစ်ဦးဖြစ်ကြောင်း သတိပေးထား



www.burmeseclassic.com

www.burmeseclassic.com



သော ပစ္စည်းများလည်းရှိသေး၏။ နံရံတွင်ရှိနေသော အပြာ
ရောင်လော့်တက်တစ်ဦး ဖြစ်ခဲ့ကြောင်းပြဆိုပေသည်။ ထို
အခန်းပတ်လည်နံရံများတွင် သူကမ္ဘာအနှံ့ခရီးထွက်စဉ်
ဖစ်ခတ်ယူဆောင်လာခဲ့သော တိရစ္ဆာန်ရိုင်းမျိုးစုံ၏ဦးခေါင်းများ
ရှိနေပေ၏။

သူက ကျွန်တော့်အား ကုလားထိုင်တွင် ထိုင်ရန်နေ
ပေးပြီး သူလည်းထိုင်လိုက်သည်။ ထို့နောက်၊ ကျွန်တော့်အ
ဆေးလိပ်တစ်လိပ်တည်ပြီး ကျွန်တော်နှင့် မျက်နှာချင်းဆိုင်
နေရာယူသည်။ သူက သူ၏ပြာလဲ့လဲ့မျက်လုံးအစုံဖြင့် ကျွန်တော့်
အားအတန်ကြာအောင် ကြည့်နေသည်။ သူ၏မျက်လုံးများသည်
ရေခဲသဖွယ်အေးစက်လှတော့၏။ သူ၏ခါတ်ပုံသည် သတင်း
စာများတွင် မကြာခဏပါဖူးရကား သူ့မျက်နှာကို ကျွန်တော်
အကျွမ်းတဝင်သိရှိနေပေသည်။ သူ့တွင် ကောက်သောနှာခေါင်း
ချိုင့်သောပါးများ၊ အနီရင့်ရောင်ဆံပင်များရှိပြီး ထိပ်အတန်
ပြောင်တာ ပါးပေါ်တွင်ပါးသိုင်းမွှေးများ တိုနံ့နံ့လေးရှိလေသည်။
ထိုမျက်နှာပုံစံမျိုးသည် ကြွယ်ဝသောအင်္ဂလိပ်လူမျိုး မြေပိုင်ရှင်
ပါးနပ်၍ဖျတ်လတ်သွက်လက်သော၊ လေကောင်းလေသန့်ရသည့်
လေဟာပြင်ကိုနှစ်သက်တတ်သော၊ ခွေးများမြင်းများကို ချစ်

လျှို့ဝှက်ဆန်းကြယ် မဂ္ဂဇင်းတိုက်



တတ်သော မျက်နှာမျိုးပေတည်း။ ပိန်လှီလှသော်လည်း ကြံ့ခိုင်
ခန့်စွမ်းသော ကိုယ်ခန္ဓာရှိပြီး အရပ်ခြောက်ပေကျော်ဖြစ်လေ၏။
ကဲ့သို့သော နာမည်ကျော်ပုဂ္ဂိုလ်လော့ဒ်ဂျွန်ရောက်စတန်သည်
ကျွန်တော့်ရှေ့တွင်ထိုင်လျက် ဆေးလိပ်ကိုခပ်တင်းတင်း ကိုက်ကာ
တိတ်ဆိတ်ငြိမ်သက်စွာဖြင့် ကျွန်တော့်အားအကဲခတ်နေလေ
သည်။

"အင်း . . ကိုယ်တို့တော့ ဆုံးဖြတ်ခဲ့ကြပြီနော်၊ မင်းရယ်
ရယ်ပေါ့ ငါ့လူရေ၊ ကိုယ့်အထင်တော့ မင်းအစည်းအဝေးခန်း
ဝင်လာစဉ်က ဒီကိစ္စအတွက် ကြိုတင်ဆုံးဖြတ်ချက်ရှိမယ်
ထင်ဘူး . . ဟုတ်ရဲ့လား"

"စဉ်းတောင် မစဉ်းစားခဲ့မိပါဘူးဗျာ"

"ငါလဲ ဒီလိုပဲ ဟော . . ခုတော့ သဘောတူခဲ့ကြပြီ၊
မေဇုန်မြစ်ကို ဆန်တက်ကြရတော့မယ်။ ငါက ယူကန္တာက
လာတာ မကြာသေးဘူးကွ၊ စကော့တလန်မှာလဲ တလောဆ
ကပဲ အိမ်တစ်လုံးဝယ်လိုက်သေးတယ်၊ မင်းအခြေအနေက
"

"ခု ခရီးထွက်မယ့်ကိစ္စကတော့ ကျွန်တော့်အလုပ်နဲ့လဲ
သက်နေပါတယ်၊ ကျွန်တော်က သတင်းစာဆရာတစ်ဦးပါ"

"အေး . . မင်းလိုက်မယ်လို့ စာရင်းပေးတုန်းကလဲ

လျှို့ဝှက်ဆန်းကြယ် မဂ္ဂဇင်းတိုက်

www.burmeseclassic.com

www.burmeseclassic.com



ပြောသားပဲ၊ စကားမစပ် ငါ့ဆီမှာ မင်းအတွက် အလုပ်ကလေး တစ်ခုရှိတယ်ကွ"

"လုပ်ပေးရမှာပေါ့ ဘာအလုပ်လဲ"

"အန္တရာယ်ရှိမယ့် အလုပ်မျိုးဆိုရင်ကောကွာ"

"ဘာအန္တရာယ်လဲ"

"ချလင်ဂျာပေါ့ကွာ၊ သူဟာ အန္တရာယ်ကြီးပေါ့ . . သူ့ အကြောင်းကြားဖူးလား"

"ဟင့်အင်း . . မကြားဖူးဘူး"

"မင်း ဘယ်မှာနေလို့ မကြားဖူးတာလဲ သူငယ်ချင်းရယ် သူဟာ အင်္ဂလန်မြောက်ပိုင်းမှာ အကောင်းဆုံးမြင်းစီးသမားတစ် ဦးပေါ့၊ သူက တစ်ချိန်လုံးအရက်သောက်နေတော့ သူ့အခြေအနေ ဟာ တော်တော်ဆိုးနေတယ်၊ ဆရာဝန်တွေက ပြောတာတော့ အစားအသောက် မစားပဲနေရင် သေမှာပဲတဲ့၊ သူကလဲ စားမှာ မဟုတ်ဘူးကွ၊ သူ့ဆီမှာ သေနတ်တစ်လက်လဲ ရှိနေတယ် ဒီအခန်းရဲ့အပေါ်ထပ်အခန်းမှာ သူရှိနေတယ်၊ သူ့အနားကို တစ်ယောက်ယောက်လာရင် ပစ်မယ်တဲ့၊ သူ့အစေခံတွေကလဲ သူ့အနားမကပ်ရဲကြတော့ ခက်နေတယ်"

"ကျွန်တော် ဘာလုပ်ပေးစေချင်သလဲ"

"ဒီလိုလေ . . ငါ့အကြံကတော့ မင်းနဲ့ငါ သူ့အခန်းထဲ





ပြေးဝင်ကြမယ်၊ ပြီးတော့ သူ့ညစာစားအောင်လို့ ဆောင်ရွက် ရမယ်။ သူအိပ်ငိုက်ချင်လဲ အိပ်ငိုက်နေမှာပေါ့ကွာ၊ ဘာပဲဖြစ်ဖြစ် ကိုနှစ်ယောက်အနက် တစ်ယောက်ယောက်ကိုသာ ထိခိုက်ဒဏ် ရာရအောင် သူလုပ်နိုင်မှာပါ"

ကျွန်တော်သည် ကျွန်တော့်ကိုယ်ကို ရဲရင့်သူကြီးတစ်ဦး အဖြစ် မမှတ်ယူနိုင်ပါ။ ယခုလုပ်ရမည့်အလုပ်ကလည်း ကြောက် ရွံဖွယ်ကောင်းလှ၏။ တစ်ဖက်မှ စဉ်းစားလျှင်မူ ကျွန်တော့်အား သူရဲဘောနည်းသည်ဟု အထင်မခံလို။ ကျွန်တော်ကြောက်တတ် သည်ဟု တစ်ဖက်သားထင်မှာ မခံနိုင်လောက်အောင် မာနက သည်းကြီး၏။ ထို့ကြောင့်ပင် ကျွန်တော်က ယခုပင်ဆောင်ရွက် မည်ဟု ပြောလိုက်သည်။ ဘူက ထိုအလုပ်အန္တရာယ်ကြီးကြောင်း သပ်မံသတိပေးသေး၏။

"ပြောနေတာ အချိန်ကုန်ပါတယ်ဗျာ၊ လာသွားရအောင် ကျွန်တော်က ဆိုသည်။ ကျွန်တော်နေရာမှထလျှင် သူကလည်း လိုက်ထသည်။ ထို့နောက် သူက အနည်းငယ်ရယ်မောရင်း . . .

"ထိုင်ပါ ငါ့လူရာ မင်းတော်တယ်၊ ချလင်ဂျာကိစ္စကို ဖက်ကပဲ ငါလုပ်ပြီးပါပြီ၊ သူ ငါ့ကိုတစ်ချက်ပစ်သေးတယ် ပေမယ့် လွဲသွားတယ်ကွ၊ သနားစရာပါပဲကွာ၊ သူ . . . အတွင်း နေကောင်းသွားမှာပါ၊ မင်းငါ့ကို စိတ်. . .ဘူး



www.burmeseclassic.com

www.burmeseclassic.com



နော် . . ဟုတ်လား၊ ဒီတောင်အမေရိကကိစ္စက မသေးလှဘူးလို့ ငါ ထင်တယ်၊ ဒီတော့ ငါနဲ့အတူ ခရီးသွားမယ့်အဖော်ရဲ့အကြောင်းကို ငါအတိအကျသိချင်တယ်။ ဒါကြောင့် မင်းစိတ်ကို စမ်းကြည့်လိုက်တာပါ။ မင်း တကယ်တော်တဲ့လူ ဖြစ်ကြောင်း ငါပြောနိုင်ပါပြီ။ မင်းသိတဲ့အတိုင်းပဲလေ . . မင်းနဲ့ငါက ပရော်ဖက်ဆာ ဆမ်မာလီကြီးကို စောင့်ရှောက်ကြရမှာ မဟုတ်လား။ ကိုင်း . . နို ငါတို့အစီအစဉ်လုပ်လိုက်ကြရအောင် နောက်အပတ်ဗုဒ္ဓဟူးနေ့မှာ ဘုသ်ကုမ္ပဏီကသင်္ဘောတစ်စင်းထွက်မယ်၊ မင်းနဲ့ပရော်ဖက်ဆာသာ စီစဉ်နိုင်ကြမယ်ဆိုရင် တို့အဲဒီသင်္ဘောနဲ့ ခရီးထွက်နိုင်မှာပဲ၊ ဘယ့်နှယ်လဲ သိပ်အဆင်ပြေတယ်ကွ၊ ငါ သူနဲ့စီစဉ်လိုက်ပါ့မယ် ဒါထက် မင်းသေနတ်ပစ်တတ်သလား"

"နည်းနည်းပါးပါးတော့ ပစ်တတ်ပါတယ်"

"တောင်အမေရိကမှာတော့ များများပစ်ရလိမ့်မယ်ကွ တို့မိတ်ဆွေကြီးချလင်ဂျာသာ လူညာတစ်ယောက်မဟုတ်ရင် တို့ ဒီကိုပြန်မရောက်ခင် ထူးထူးဆန်းဆန်းတွေ အတော်တွေ့ရမယ် ထင်တယ်"

သူသည် ဗီရိုတစ်လုံးရှိရာသို့ လျှောက်သွားပြီး ဗီရိုတံခါးကိုဆွဲဖွင့်သည်။ ဗီရိုတစ်လုံးမှာ သေနတ်မျိုးစုံဖြင့် ပြည့်နေသည်။

"မင်း . . ဒီသေနတ်ကြိုက်လား" ဟုက သေနတ်တစ်





လက်ဆွဲထုတ်ရင်းမေးသည်။

"ဒီအထဲက သေနတ်တစ်လက်က လွန်ခဲ့တဲ့သုံးနှစ်လောက်တုန်းက ပီရူးကျွန်ထိန်းတစ်ယောက်ကို ငါပစ်သတ်ခဲ့တဲ့ သေနတ်ပေါ့ ငါ့လူရေ၊ လူ့အခွင့်အရေးနဲ့ တရားမျှတမှုဆိုတာတွေကို ကာကွယ်ဖို့ လူတိုင်းလူတိုင်းမှာ တာဝန်ရှိတယ်။ ဒို့မဟုတ်ရင် ကိုယ့်ကိုယ်ကို အပြစ်တင်မဆုံး ဖြစ်နေတတ်တယ်။ ဒါကြောင့် တစ်ခါတစ်ရံတော့လဲ စစ်ပွဲအသေးစားလေးတစ်ပွဲတစ်လောက်တော့တိုက်ပေးရတယ်။ ငါ့ဘာသာ စစ်ကြေညာ ငါ့ဘာသာတိုက်ပေါ့ကွာ၊ ငါ ကျွန်ထိန်းအတော်များများကို ပစ်သတ်ဖူးတယ်၊ ရော့ . . ဟောဒီသေနတ်က မင်းနဲ့အဆင်ပြေမယ်"

သူက သေနတ်ကိုကျွန်တော့်အား လှမ်းပေးလိုက်သည်။ ထို့နောက် ဗီရိုတစ်လုံးကိုပြန်ပိတ်ရင်း ပြောပြန်သည်။

"စကားမစပ်ကွာ . . မင်း ဒီပရော်ဖက်ဆာကြီးချလင်ဂျာအကြောင်း ဘာသိသလဲ"

"ကျွန်တော် ဒီနေ့မှပဲ သူ့ကိုမြင်ဖူးတာပါ"

"အေး . . ငါလဲ အရင်ကတစ်ခါမှ မမြင်ဖူးဘူး၊ တို့မသိတဲ့လူတစ်ယောက်ရဲ့ အမိန့်တွေကို နာခံပြီး တို့နှစ်ယောက် ခရီးထွက်ရမယ်ဆိုတော့ ရယ်စရာအကောင်းသားကွ၊ သူ့ရဲ့သိပ္ပံပညာပိုင်းဆိုင်ရာ ညီအစ်ကိုတော်တွေကဖြင့် သူ့ကိုရယ်ပြီးနှစ်



www.burmeseclassic.com

www.burmeseclassic.com



သက်ကြပုံမပေါ်ဘူး၊ ဒါနဲ့ မင်းက ဘာကိစ္စအစည်းအဝေးကို လာတာလဲ''

ကျွန်တော်က ယနေ့နံနက်ခင်းတွင် ဖြစ်ပျက်ခဲ့သော ဇာတ်လမ်းကို အကျဉ်းချုံးပြီး သူ့အားပြန်ပြောပြလိုက်သည်။ သူက စိတ်ဝင်စားစွာ နားထောင်နေသည်။ ပြီးလျှင် တောင်အမေရိကမြေပုံတစ်ချပ်ကို ဆွဲထုတ်လာသည်။

''ငါ့အနေနဲ့တော့ သူပြောတာတွေအားလုံး အမှန်တွေချည်းပဲလို့ ယုံတယ်၊ ငါလဲ တောင်အမေရိကကို အတော်နံ့နံ့စပ်စပ်သိတဲ့လူပဲ၊ အဲဒီဒေသမှာ ကမ္ဘာ့အံ့ဩဖွယ်အကောင်းဆုံးနေရာတစ်ခုပေါ့၊ ငါလဲ အဲဒီနယ်မြေကို စုန်ချည်ဆန်ချည်နဲ့ အတော်များများ ရောက်ခဲ့တယ်။ မင်း ဒီဒေသအကြောင်းကို ပိုပြီးသိလာလေလေ လောကကြီးမှာ ဘယ်အရာမဆို ဖြစ်နိုင်တာချည်းပါလားဆိုတာ လက်ခံလာလေလေဖြစ်လိမ့်မယ်။ လူတွေက မြစ်ကြောင်းတစ်လျှောက် ခရီးသွားကြဖူးတယ်။ ဒါပေမယ့် အဲဒီမြစ်တွေရဲ့ဟိုဘက်ဒေသဟာ လူသူအရောက်အပေါက် မရှိတဲ့ဒေသတွေဖြစ်နေတယ်။ ဒီည ချလင်ဂျာကြီးရဲ့အပြောအရဆိုရင် မိုင်ငါးထောင်လောက်စီးဆင်းနေတဲ့ ရေကြောင်းခရီးတစ်ခုဟာ ဥရောပရဲ့အကျယ်အဝန်းလောက်ရှိတဲ့ သစ်တောတစ်ခုကိုဖြတ်ပြီး စီးဆင်းနေတယ်။ လူတစ်ချို့ဟာ ဟိုနားဒီနား နည်းနည်းပါးပါး



ာ့ ရောက်ခဲ့ကြတယ်။ ဒီလိုဒေသမှာ အံ့ဩဖွယ်အသစ်အဆန်းတွေ ဘာကြောင့်မရှိနိုင်ရမလဲ၊ စွန့်စားဖို့အန္တရာယ်တွေကို ရင်ဆိုင်ဘော့ လိုတာပေါ့။ ငါကတော့ စွန့်စားရတာကို နှစ်သက်တယ်။ သာလောဆယ် ငါတို့နေထိုင်ပုံက အေးတိအေးစက်နဲ့ ဖိမ်ယစ်နေတယ်''

ကျွန်တော်က လော့ဒ်ဂျွန်အား မြင်ဖူးစက သူ၏ထူးခြားသာအသွင်အပြင်၊ ဆန်းပြားသောအတွေးအခေါ်တို့ကို သတိမိကြောင်း ပြောမည်ကြံသေး၏။

အင်္ဂလိပ်တစ်ပြည်လုံးတွင် လော့ဒ်ဂျွန်ကဲ့သို့ အန္တရာယ်တွေတွေကို ရဲဝံ့စွာရင်ဆိုင်နိုင်သူ၊ ခေါင်းအေးအေးနှင့် စဉ်းစားဆုံးဖြတ်နိုင်မည့်သူတစ်ဦးမျှ ရှိမည်မထင်ပေ။

တစ်နေ့လုံး ပင်ပန်းထားသော်လည်း ကျွန်တော်သည် ကာဒယ်လ်အား အခြေအနေတစ်ရပ်လုံး ရှင်းလင်းပြောပြရင်းည့်နက်အောင်ထိုင်နေမိသည်။

ကျွန်တော်သည် ကျွန်တော့်အတွေ့အကြုံများကို မက္ကာယ်လ်ထံသို့ စာရေးရာ၌ထည့်သွင်း ရေးသားရမည်။ ယင်းအချက်လက်များကို ထုတ်ဝေဖော်ပြရာ၌ ကျွန်တော့်ထံမှ စာရရခြင်းသော်လည်းကောင်း၊ အနည်းငယ်နောက်ကျ၍သော်လည်းကောင်း၊ ချလင်ဂျာ၏ခွင့်ပြုချက်အရ ဖော်ပြရမည်ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



စသည်ဖြင့် သဘောတူညီထားကြသည်။ ကျွန်တော်တို့... ချလင်ဂျာအား ခရီးထွက်ရန်ညွှန်ကြားချက်များ သူ့ထံမှ... တော့ရမည်နည်းဟု တယ်လီဖုန်းဆက်မေးမြန်းသောအခါ သူ... စိတ်ဆိုးစွာဖြင့် ကျွန်တော်တို့ထွက်ခွာမည့်သင်္ဘောအမည်... သိရသောအခါ ပေးမည်ဟုဖြေသည်။

ကျွန်တော်သည် စာဖတ်သူတို့အား တိုက်ရိုက်နှုတ်ခွ... ဆက်နိုင်တော့မည်မဟုတ်။ သင်တို့သည် သတင်းစာမှတစ်ဆ... သာဖတ်ကြရတော့မည်။ ဤသို့ရေးသားဖော်ပြရန် မစ္စတာမက္က... ဒယ်လ်အား လွှဲခဲ့တော့မည်ဖြစ်သည်။ ဤနောက်ဆုံးစာကြော... များကို ကျွန်တော်သည် ဖရန်စစ်စတားအမည်ရှိ သင်္ဘော... တွင် ရေးသားနေပေ၏။ ဤစာတို့သည် ကျွန်တော်တို့ခရီးထွ... ချွင်ထွက်ခြင်း မစ္စတာမက္ကာဒယ်လ်ထံသို့ ရောက်ပေလိမ့်မည်... ဘာသာဆမ်မာလီသည်လည်း ရောက်ရှိလာပေပြီ။

သူသည် ခေါင်းငိုက်စိုက်ချရင်း ဖြည်းညှင်းစွာလ... လျှောက်နေသည်။ သူ့ကိုကြည့်ရသည်မှာ နောင်တရဝမ်းနည်း... နေဟန်ရှိသည်။ လော့ဒ်ဂျွန်ကမူ ပိန်လှီ၍ စိတ်အားထက်သ... သောမျက်နှာထားဖြင့် ပြုံးရွှင်သွက်လက်စွာ လျှောက်လာသည်... ရုတ်တရက်အော်သံတစ်သံကို ကြားရသည်။ ထိုအသံကား... ချလင်ဂျာထံမှ ဖြစ်လေသည်။ သူသည် ကျွန်တော်တို့အ...





...ရောက်နှုတ်ခွန်းဆက်မည်ဟု ကတိပေးထားသည့်တိုင်း ...ရောက်တွေ့ဆုံခြင်းဖြစ်လေသည်။

"ကျုပ် .. ခင်ဗျားတို့ကို နည်းနည်းပြောစရာရှိတယ်၊ ...များတို့ ခုလိုခရီးထွက်မဲ့ကိစ္စနဲ့ပတ်သက်ပြီး ကျုပ်ဟာ ခင်ဗျား ...ကို ကျေးဇူးတင်စရာအကြောင်း မရှိဘူးဆိုတာ သတိရကြစေ ...တယ်။ အမှန်တရားဟာ အမှန်တရားပဲ . . ခင်ဗျားတို့ ဒီကို ...ပို့မယ့်အစီရင်ခံစာတွေဟာ အဲဒီအမှန်တရားကို ထိခိုက်စေ ...မဟုတ်ဘူး၊ ဟောဒီစာအိတ်ထဲမှာ ခင်ဗျားတို့ခရီးစဉ်အတွက် ...ညွှန်ချက်တွေပါတယ်။ ဒီစာအိတ်ကို ခင်ဗျားတို့ မနာအိုမြို့ ...ရောက်ရင် ဖွင့်နိုင်တယ်။ ဒါပေမယ့် ဒီစာအိတ်ပေါ်မှာ ရေးထား ...နေ့ရက်အချိန်နာရီ အတိအကျရောက်မှ ဖွင့်ရမယ်။ အားလုံး ...ပါတယ်နော်၊ မစ္စတာမကိုနီ . . မင်းလဲ မင်းတို့သတင်းစာ ...က် မင်းသဘောကျရေးပို့နိုင်တယ်။ ဒါပေမယ့် ရှေ့ဆက်ရ ...ဒေသတို့ ထည့်မရေးရဘူး၊ ပြီးတော့ မင်းတို့ပြန်မလာမချင်း ...ထုတ်ဝေခြင်း မပြုရဘူး။ ကိုင်း . . သွားပေတော့၊ မင်းဟာ ...တို့လို ကြောက်စရာကောင်းတဲ့ သတင်းထောက်တွေနဲ့ ...ဆက်ဆံချင်တဲ့ ကျုပ်ရဲ့အကျင့်ဆိုးကြီးနည်းနည်း လျော့သွား ...အောင် လုပ်နိုင်စွမ်းရှိပါပေတယ်။ သွားပေတော့ လော့ဒ်ဂျွန် ခင် ...အတွက် ဟိုမှာသေနတ်ပစ်ဖို့ အခွင့်အရေးတော်တော်များ



www.burmeseclassic.com

www.burmeseclassic.com



များရပါလိမ့်မယ်။ ကိုင်း . . ပရော်ဖက်ဆာကြီးဆမ်မာလီ ခ
ဗျားကိုလည်း ကျုပ်နှုတ်ဆက်ပါတယ်။ ခင်ဗျားကြိုးစားရင် အင
တယ်တော့ မထင်လှပါဘူး၊ လန်ဒန်ပြန်ရောက်တဲ့အခါ အရ
ကထက်ပိုပြီး ပညာရှိလာတဲ့လူတစ်ယောက် ဖြစ်လာပါလိမ့်မယ်

ထိုသို့ပြောပြီး သူသည် ကျွန်တော်တို့မြင်ကွင်း
ပျောက်ကွယ်သွားတော့၏။

* * * * * *



## အခန်း (၆)

## မသိသေးသောနယ်မြေအတွင်းသို့

ကျွန်တော်တို့၏ခရီးစဉ်အကြောင်းကို စာဖတ်သူများ ငြီးငွေ့မည်စိုးသဖြင့် မဖော်ပြတော့ပါ။ ကျွန်တော်တို့သည် မနာအိုမြို့သို့ ချောမောစွာရောက်ရှိခဲ့ကြပါသည်။ မစ္စတာရှောတ်မင်က ကျွန်တော်တို့အား ဟိုတယ်မှာ မတည်းစေပဲ သူ့အိမ်သို့ခေါ်သွားလေသည်။ ကျွန်တော်တို့သည် သူ့အိမ်တွင် ပရော်ဖက်ဆာချလင်ဂျာ၏စာကို ဖွင့်ဖတ်မည့်နေ့အထိ တည်းခိုကြမည်ဖြစ်လေသည်။ စာအိတ်ကိုဖွင့်သည့်နေ့တွင် ဖြစ်ပွားသော ထူးဆန်းသောအဖြစ်အပျက်များကို မဖော်ပြမီ ကျွန်တော်၏ခရီးသွားဖော်များအကြောင်း အနည်းငယ်အစီရင်ခံလိုပေသည်။



www.burmeseclassic.com

www.burmeseclassic.com



*ပရော်ဖက်ဆာ ဆမ်မာလီမှာ နာမည်ကျော်ပုဂ္ဂိုလ်ကြီး* တစ်ဦးဖြစ်သောကြောင့် သူ၏သိပ္ပံပိုင်းဆိုင်ရာအစွမ်းသတ္တိများကို မဖော်ပြလိုတော့ပေ။ သူသည် ကျွန်တော်ထင်ထားသည်ထက်ပင် ပို၍သန်မာတောင့်တင်းပြီး မောပန်းနွမ်းနယ်သည့်ဟန်မျိုး မည်သည့်အခါမျှ မတွေ့ရတတ်ပေ။ သူ၏အသက်မှာ (၆၆)နှစ်နီးပါး ရှိပြီးဖြစ်သော်လည်း ကျွန်တော်တို့ရင်ဆိုင်တွေ့ကြုံရသော အခက်အခဲများကို ညည်းညူသည်ဟူ၍ မကြားရပေ။

ကျွန်တော်တို့လောက်ပင် သူလည်းခံနိုင်ရည်ရှိပေ၏။ သူသည်စိတ်တိုတောင်းသူတစ်ဦးဖြစ်ပြီး သူကိုယ်တိုင် မူလကဖွင့်ဟပြောဆိုခဲ့သလိုပင် ချလင်ဂျာသည် လူလိမ်တစ်ဦးဖြစ်သည်၊ ယခုထွက်သောခရီးသည် အဓိပ္ပါယ်မရှိဟု ယုံကြည်နေသူတစ်ဦးဖြစ်လေသည်။ ဆမ်မာလီသည် သဘော်ပေါ်မှဆင်းပြီးကတည်းက သဘာဝရှုခင်း၊ ပိုးမွှားအထွေထွေ၊ ငှက်အမျိုးမျိုးကို တွေ့မြင်လာရသဖြင့် ကြည်နူးချမ်းမြေ့နေဟန်ရှိပေ၏။ သစ်တောအတွင်းဝယ် အကောင်ပလောင်များကို ပစ်ခတ်ခြင်း၊ ဖမ်းဆီးခြင်းဖြင့် တစ်နေ့တာကုန်ဆုံးစေပြီး ညနေခင်းများတွင်မူ ထိုအရာများကို စီကာစဉ်ကာသိမ်းဆည်းနေခြင်းဖြင့် အချိန်ကုန်စေလေ၏။ သူသည်အမြဲ ဆေးတံကိုသောက်နေတတ်ပြီး ညစ်ပတ်ပေရေစွာ နေတတ်သူဖြစ်သည်။

လျှို့ဝှက်ဆန်းကြယ် မဂ္ဂဇင်းတိုက်



လော့ဒ်ဂျွန်သည် ဆမ်မာလီထက် အသက်(၂၀)ခန့်ငယ် သေသေသပ်သပ် ဝတ်စားတတ်သူတစ်ဦးဖြစ်သည်။ တစ်နေ့ င် အနည်းဆုံးတစ်ကြိမ် မုတ်ဆိတ်ရိတ်၏။ စကားနည်းသူ သော်လည်း သူ့ကိုမေးလျှင်မူ မြန်မြန်ဆန်ဆန်ပြန်ဖြေတတ် စကားဝိုင်းတွင် ပါဝင်ဆင်နွဲရန်ဝင်မလေးတတ်သူတစ်ဦး သည်။ သူက ကျွန်တော်တို့လာရောက်ရှာဖွေသောအရာကို မြင်ရမည်ဟု ယုံကြည်သည့်အပြင် ပရော်ဖက်ဆာဆမ်မလီ သရော်သော၊ ထေ့ငေါ့သောစကားများသည် ဂျွန်အားစိတ် ကျအောင် မစွမ်းဆောင်နိုင်ပေ။ တည်ငြိမ်သိမ်မွေ့သော သံနှင့် ဟန်ပန်ရှိသော်လည်း ဒေါသကြီးတတ်သည်။ ထို့ပြင် ဖြတ်ချက်လည်း ခိုင်မာသည်။ တိုင်းရင်းသားတို့သည် သူ့အား တင်ရှင်သဖွယ် လေးစားကြည်ညိုကြပြီး လူနီသခင်ဟု ခေါ်ကြပေသည်။ အကြောင်းမှာ ဤသို့ဖြစ်၏။

သူသည် ပီရူး၊ ဘရာဇီးနှင့် ကိုလံဘီယာနယ်စပ်ဒေသ သို့ လွန်ခဲ့သောနှစ်အနည်းငယ်က ရောက်ခဲ့သည်။ ထိုဒေသ ရော်ဘာပင်အရိုင်းများ ပေါက်ရောက်လေသည်။ ကပြား သည် တိုင်းရင်းသားများအား ကျွန်အဖြစ်သို့ အဓမ္မသွတ် ပြီး ကြက်ပေါင်စေးသိမ်းစေကာ ပါရာမြို့သို့ မြစ်ကြောင်း င်း မျောချသယ်ဆောင်စေ၏။

လျှို့ဝှက်ဆန်းကြယ် မဂ္ဂဇင်းတိုက်

www.burmeseclassic.com

www.burmeseclassic.com



လော့ဒ်ဂျွန်က ထိုကပြားများအား ဤရက်စက်သော ကျွ
ခိုင်းစနစ်ကို ရပ်ဆိုင်းရန် ဟောပြောကြိုးပမ်းခဲ့ဖူး၏။ သို့သေ
အကျိုးသက်ရောက်မှု မရှိပဲ သူ့အားခြိမ်းခြောက်ခြင်း၊ စော်ကာ
ရန်စခြင်းများကိုပင် ကြုံလာရ၏။ ထိုအခါ သူကပင် ဒရိုလိုပ
အမည်ရှိ ကျွန်ထိန်းခေါင်းဆောင်အား စစ်ကြေညာကာ ထွက်ပြေ
လွတ်မြောက်လာသော ကျွန်အချို့ကိုခေါင်းဆောင်၍ တိုက်
သည်။ စစ်ပွဲအဆုံးတွင် ခေါင်းဆောင်လိုပက်အား ကိုယ်တိုင်ကို
ကျသတ်နိုင်ခဲ့သည့်အပြင် လိုပက်တည်ထောင်ခဲ့သော ကျွန်ခို
စနစ်ကြီးကိုပင် ဖြိုဖျက်နိုင်ခဲ့၏။

ဤသို့အားဖြင့် တိုင်းရင်းသားတို့၏ချစ်ခင်ကြည်ညိုခြ
ကို လော့ဒ်ဂျွန်ရရှိလာခဲ့သည်။ သို့သော် တိုင်းရင်းသားတို့အ
ကျွန်ပြုလိုသူတို့ကမူ သူ့အားအတော်ပင် မကျေမနပ်ဖြစ်ကြ
သည်။

ယခင်တစ်ခေါက်ရောက်စဉ်က ရခဲ့သော အကျိုးအမြ
မှာ ဒေသခံဘာသာစကားကို တတ်ကျွမ်းခဲ့ခြင်းဖြစ်၏။ ထိုဘ
သာစကားမှာ လင်ဂိုဘာဂါရယ်လ်ဟုခေါ်ပြီး ပေါ်တူဂီဘာသ
သုံးပုံတစ်ပုံနှင့် အင်ဒီယန်းဘာသာသုံးပုံနှစ်ပုံ ရောစပ်ထားသေ
ဘာသာစကားဖြစ်သည်။

လျှို့ဝှက်ဆန်းကြယ် မဂ္ဂဇင်းတိုက်



လော့ဒ်ဂျွန်သည် တောင်အမေရိကဒေသကို ချစ်ခင်နှစ်သက်သူဖြစ်သည်။ ထိုဒေသအကြောင်း*ပြောရမည်ဆိုလျှင် နာရီပေါင်းများစွာပြောနိုင်သူလည်းဖြစ်၏။ တစ်ခါတစ်ရံ သူက တစ်နေရာသို့ ညွှန်ပြရင်း"ဟိုမှာ . . ဘာပါလိမ့်" ဟုအော်ဟစ်မေးမြန်းတတ်၏။ တစ်ဆက်တည်းမှာပင် . . .

"လူသူမရောက်ဖူးတဲ့ သစ်တောတွေနဲ့ မြေတွေ၊ ဟော ဟိုတောင်ဘက်မှာရော ခုလိုလူမသိသေးတဲ့ နယ်မြေမှာ ဘာတွေ ဖုံးကွယ်ထားတယ်ဆိုတာ ဘယ်သူသိနိုင်မလဲ၊ ဟိုအဘိုးကြီး ချလင်ဂျာပြောတာတွေ ဘာ့ကြောင့်မမှန်ရမှာလဲ" ဟုပြောတတ်သေး၏။ ဤအခါမျိုးတွင် ဆမ်မာလီ၏မျက်နှာပေါ်ဝယ် လှောင်ပြောင်သောအပြုံးတစ်ခု ပေါ်ပေါက်လာတတ်ပြီး ခေါင်းတယမ်းယမ်းနှင့်ဆေးတံကိုသာ ဖွာနေတတ်သည်။

ကျွန်တော်တို့သည် တိုင်းရင်းသားအချို့ကို ခိုင်းစေရန် ငှားရမ်းပြီးကြပေပြီ။ ဇမ်ဘိုအမည်ရှိ လူမည်းလူထွားကြီးကို ပထမဆုံးငှားသုံးကြသည်။ သူသည် အကင်းမပါးသော်လည်း မြင်းတစ်ကောင်ကဲ့သို့ မနေမနားအလုပ်လုပ်နိုင်သူဖြစ်သည်။ သူ့ကို ကျွန်တော်တို့ ပါရာတွင်တွေ့ခဲ့ကြ၏။

ထိုဒေသတွင်ပင် ဂိုမက်နှင့် မင်နုယက်အမည်ရှိတိုင်းရင်းသားနှစ်ဦးကိုလည်း ငှားရမ်းခဲ့ကြသည်။ ထို့ပြင် မြစ်အထက်

လျှို့ဝှက်ဆန်းကြယ် မဂ္ဂဇင်းတိုက်

www.burmeseclassic.com

www.burmeseclassic.com



အညာပိုင်းမှ ကပြားနှစ်ဦးအားလည်း ငှားရမ်းခဲ့ကြသေး၏။ ဤသူနှစ်ဦးသည် ယခုကျွန်တော်တို့သွားရောက်လေ့လာကြမည်ဖြစ်သော အမေဇုန်ဒေသတွင် အတော်ကြာနေထိုင်ခဲ့ဖူးသူများဖြစ်သဖြင့် ကျွန်တော်တို့အတွက် အသုံးဝင်မည်ဟု ယူဆရပေသည်။ ပို၍ဟန်ကျသည်မှာ ဂိုမက်သည် အင်္ဂလိပ်လိုတတ်ခြင်းပင်။ ငါးမျှားခြင်းနှင့် လေ့လုပ်ငန်းဆိုင်ရာကို ကျွမ်းကျင်သူ ဗိုလ်ပီးယားနိုင်ငံသား အင်ဒီယန်းသုံးဦးကိုလည်း ကျွန်တော့်ထံတွင်ရှိနေ၏။ ဤသုံးဦးတွင် အကြီးအကဲဖြစ်သူမှာ မိုဂျီဟုခေါ်၍ ကျန်နှစ်ဦးမှာ ဂျီစီနှင့် ဖာနန်ဒိုတို့ဖြစ်ကြ၏။

နောက်ဆုံးတွင်ကား စာအိတ်ဖွင့်ရန် သတ်မှတ်ထားသော နေ့ရက်အချိန်နာရီသို့ ရောက်ရှိလာသည်။ ချမ်းမြေ့ဖွယ်ကောင်းလှသောအိမ်၏ ဧည့်ခန်းသို့ စာရှုသူတို့မှန်းဆကြည့်စေလိုပါ၏။ ထိုအိမ်သည် မနာအိုမြို့မှကုန်းတွင်းပိုင်းသို့ နှစ်မိုင်ခန့်ဝေးလေသည်။ အပြင်တွင်နေသာလျက်ရှိသည်။ လေမှာငြိမ်သက်နေပြီး ပိုးမွှားအော်သံလေးများ စီညံလျက်ရှိ၏။ အိမ်တွင်းတွင် ကျွန်တော်တို့သည် စားပွဲကိုပတ်လည်ဝိုင်းလျက် ထိုင်နေကြ၏။ စားပွဲပေါ်တွင် ချလင်ဂျာ၏စာရှိလေ၏။ စာအိတ်ပေါ်တွင် အောက်ပါအတိုင်းရေးသားထားသည်။

"လော့ဒ်ဂျွန်ရောက်စတန်နှင့် အဖွဲ့အတွက်၊ ညွှန်ကြား





ချက်များ၊ မနာအိုမြို့တွင် ဇူလိုင်(၁၅)ရက်၊ ၁၂ နာရီတိတိအချိန်၌ဖွင့်ပါရန်"

လော့ဒ်ဂျွန်က သူ၏နာရီကိုစားပွဲပေါ်တင်လိုက်ပြီး . . .

"ကျွန်တော်တို့ နောက်ထပ်ခုနစ်မိနစ် စောင့်ကြည့်ရမယ်" ဟုပြောသည်။

ပရော်ဖက်ဆာဆမ်မာလီက ငေါ့တော့တော့ပြုံးလိုက်ပြီး စာအိတ်ကိုလှမ်းယူကာ "ခုဖွင့်တာနဲ့ နောက်ခုနစ်မိနစ်ကြာမှ ဖွင့်တာ ဘာထူးမှာလဲ၊ ဒါတွေက ချလင်ဂျာလုပ်လေ့လုပ်ထရှိတဲ့ အဓိပ္ပါယ်မဲ့ကိစ္စတွေပါ" ဟုအဆိုပြုသည်။

လော့ဒ်ဂျွန်က "အို . . မဟုတ်သေးဘူးလေ၊ ကျွန်တော်တို့ဟာ သတ်မှတ်ထားတဲ့စည်းကမ်းအတိုင်း လုပ်ဆောင်ကြရမှာပေါ့၊ သူ့မှာတဲ့အတိုင်း ကျွန်တော်တို့လုပ်ရမယ်။ ကျွန်တော်တို့ ခုဒီကိုရောက်နေကြတာဟာ ချလင်ဂျာကြောင့်ပဲဥစ္စာ" ဟုကန့်ကွက်ပြောသည်။

"ကျုပ်တော့ ဒီစာအိတ်ထဲမှာ ဘာတွေပါမယ်ဆိုတာ မသိဘူး၊ ဒီစာမှာ မရှင်းမရှင်းလုပ်ထားရင်တော့ နောက်အပတ်အစုန်သင်္ဘောနဲ့ လန်ဒန်ကိုပြန်မယ်၊ ကျုပ်မှာ အလုပ်တွေအများကြီး" ဟု ဆမ်မာလီကပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



"အချိန်စေ့ပြီ"

လော့ဒ်ဂွန်က ပြောပြောဆိုဆို စာအိတ်ကိုယူပြီး ဓားကလေးဖြင့် ဖွင့်လိုက်၏။ စာအိတ်အတွင်းမှ စာရွက်ကိုဆွဲထုတ်ယူလိုက်၏။ စာရွက်ကိုဂရုတစိုက်ဖြန့်ပြီး စားပွဲပေါ်တင်လိုက်သည်။ စာရွက်တွင် ဘာမှရေးမထား၊ ဗလာသက်သက်ပေတကား။

ကျွန်တော်တို့သည် စိတ်ရှုပ်ထွေးစွာဖြင့် တစ်ဦးမျက်နှာတစ်ဦးကြည့်ရင်း တိတ်ဆိတ်နေသည်။ ပရော်ဖက်ဆာဆမ်မာလီ၏လှောင်၍ ရယ်မောလိုက်သောအသံကြီးက တိတ်ဆိတ်မှုကို ဖြိုခွင်းလိုက်တော့၏။

"ကိုင်း . . ရှေ့ဆက်ပြီး ဘာလုပ်ချင်ကြသေးသလဲ ချုလင်ဂျာဟာ နေရာတကာအစွမ်းကုန် ကောက်ကျစ်တဲ့လူတစ်ယောက်ပဲ၊ ခု ကျုပ်တို့အိမ်ပြန်ပြီး သူပြောခဲ့သမျှ အလကားဟာတွေပဲဆိုတာ အစီရင်ခံကြရုံပဲ ရှိတော့တယ်"

"ကျွန်တော် ဝင်လာနိုင်ပါသလား ခင်ဗျာ" ကျယ်လော သောအသံတစ်ခုက အပြင်မှလှမ်းမေးသည်။

နေရောင်တွင် ပုတိုသောအရိပ်တစ်ခု ဖြတ်သန်းကျရော လာသည်။ ထိုအသံ ထိုကျယ်ပြန့်သောပခုံးများ ကျွန်တော်၏ရှေ့မှောက်သို့ ချုလင်ဂျာသည် အကျီအိတ်များအတွင်း လ နှိုက်လျက် ပေါ်လာရာ ကျွန်တော်တို့သည် အံ့ဩလှစွာဖြ





န်ထလိုက်မိကြသည်။

ချုလင်ဂျာက သူ၏အိတ်ဆောင်နာရီကို ထုတ်ယူလိုက် င်း ပြောသည်။

"ကျွန်တော် မိနစ်အနည်းငယ် နောက်ကျသွားပါတယ်။ င်ဗျားတို့ကို စာအိတ်ပေးတုန်းကတော့ အမှန်ဝန်ခံရရင် ခင်ဗျား စာအိတ်ကိုဖွင့်ဖြစ်လိမ့်မယ် မထင်မိလို့ပါ။ စာအိတ်ဖွင့်ဖို့ ချိန်မတိုင်ကတည်းက ကျွန်တော် ခင်ဗျားတို့နဲ့အတူ ရှိနေဖို့ နိုင်အမှာ ဆုံးဖြတ်ပြီးသားပါ။ ကံဆိုးချင်တော့ မြစ်ကြောင်း မှာ ကြန့်ကြာသွားရတယ်။ ဒီလိုကြန့်ကြာသွားတော့ ကျွန် တ်မိတ်ဆွေကြီး ပရော်ဖက်ဆာဆမ်မာလီအဖို့ ရုန့်ရင်းကြမ်း းတဲ့စကားလုံးတစ်ချို့ သုံးစွဲဖို့အချိန်ပေးလိုက်သလို ဖြစ်သွား ားပဲ"

"ကျွန်တော်ပြောပါရစေ ခင်ဗျာ" လော့ဒ်ဂွန်က တည် ည်လေးနက်သော အသံဖြင့်ဆိုသည်။

"ကျွန်တော်တို့ခရီးစဉ်ဟာ ရုတ်တရက်အဆုံးသတ်တော့ စ်ခဲ့ရလို့ ခုလို ပရော်ဖက်ဆာနဲ့တွေ့ရတာကို ကျွန်တော် းဝမ်းသာပါတယ်။ နို့ပေမယ့် ပရော်ဖက်ဆာဟာ လုပ်ရိုး ဉ်မဟုတ်ဘဲ ခုလိုပြုမူတာကိုတော့ ကျွန်တော်နားမလည်နိုင် း ခင်ဗျာ"



www.burmeseclassic.com

www.burmeseclassic.com



ပြန်လည်ဖြေရှင်းရမည့်အစား ချလင်ဂျာက အခန်းထဲ
သို့ဝင်ရောက်လာပြီး ဦးညွှတ်ကာထိုင်ချရင်း မေးသည်။

“ခင်ဗျားတို့ ခရီးထွက်ဖို့ အဆင်သင့်ဖြစ်ပြီလား”

“ကျွန်တော်တို့ မနက်ဖြန်စထွက်နိုင်ပါတယ်”

“ထွက်ရပါစေ့မယ် . . ခုတော့ ခင်ဗျားတို့မှာ မြေပုံ
တော့ဘူး၊ ကျုပ်ရဲ့ခေါင်းဆောင်မှုကြီးကြပ်မှုအောက်မှာပဲ
ထွက်ကြရမှာဆိုတော့ . . ခင်ဗျားတို့အတွက် အကျိုးကြီး
တယ်။ အစကတည်းက ခင်ဗျားတို့ကို ဦးဆောင်ဖို့ ဆုံးဖြတ်
သားပါ။ သို့သော် ဒီအကြောင်းကို အစကပြောခဲ့ရင် ဒီကို
အောင် ခင်ဗျားတို့နဲ့အတူ လာရမှာ ကျုပ်က အဲဒါကိုမနှစ်
ဘူးလေ”

“ဒီမှာ ပရော်ဖက်ဆာချလင်ဂျာ အတ္တလန်တိတ်သ
ထဲမှာ တစ်ခြားသင်္ဘောတစ်စင်းရှိနေသမျှတော့ ခင်ဗျား
သင်္ဘောတစ်စင်းထဲ အတူတကွ ခရီးမထွက်ရဘူး စိတ်ချ
မာလီက ဆိုသည်။

ချလင်ဂျာက သူ၏အမွှေးအမျှင်ထူပြောလှသော
တစ်ဖက်ကို ဝှေ့ယမ်းလိုက်သည်။

“ခုအချိန်ကစပြီး ခင်ဗျားတို့ဘေးကင်းကြပြီ၊ ကျုပ်

လျှို့ဝှက်ဆန်းကြယ် မဂ္ဂဇင်းတိုက်



ကိုဦးဆောင်တာဝန်ယူတော့မှာကိုး၊ ဒီနေ့ညပဲ ခင်ဗျားတို့ပြင်
ဆင်စရာရှိတာ အပြီးသတ်ဆောင်ရွက်ဖို့ ကျုပ်မေတ္တာရပ်ခံ
တယ်။ ဒါမှ မနက်ဖြန်မနက်စောစော ထွက်နိုင်မယ်။ အချိန်ဟာ
သိပ်အဖိုးတန်တယ်၊ ဒါကြောင့် မြန်နိုင်သမျှ မြန်အောင် ခရီး
ဆက်ကြရလိမ့်မယ်။ ခင်ဗျားတို့ကြည့်ချင်နေကြတဲ့အရာကို
မြင်ရမချင်းပေါ့”

လော့ဒ်ဂျွန်၏စီစဉ်ချက်အရ ကျွန်တော်တို့သည် အက်စ်
မာရယ်ဒါအမည်ရှိ သင်္ဘောတစ်စင်းဖြင့် မြစ်ကိုဆန်တက်ခဲ့ကြ
သည်။ ခြောက်သွေ့သောရာသီဥတုဖြစ်ခြင်းကြောင့် မြစ်ရေသည်
သွယ်ခြင်းမရှိပေ။ ရေစီးကလည်း နှေး၊ အက်စ်မာရယ်ဒါ၏အင်ဂျင်
ကလည်း ကောင်းမွန်သဖြင့် ကျွန်တော်တို့၏ရေကြောင်းခရီးမှာ
ဘေးကင်းမည်ဟု မျှော်လင့်ရတော့၏။

ကျွန်တော်တို့သည် အနောက်မြောက်အရပ်သို့ ဦးတည်
လျက် သုံးရက်ကြာမျှခုတ်မောင်းခဲ့ကြသည်။ မနာအိုမြို့မှထွက်ခွာ
ပြီးနောက် လေးရက်မြောက်နေ့တွင် ကျွန်တော်တို့သည် အတော်
ဝင်ကျဉ်းမြောင်းသော မြစ်ငယ်လေးတစ်ခုသို့ ရောက်လာကြ
သည်။ နောက်ထပ်နှစ်ရက်ကြာပြန်သော် အင်ဒီယန်းရွာငယ်
လေးတစ်ခုသို့ ရောက်လာကြသည်။ ထိုရွာလေးသို့ သင်္ဘော
ဆိုက်ကပ်သောအခါ ပရော်ဖက်ဆာချလင်ဂျာက ကျွန်တော်တို့

လျှို့ဝှက်ဆန်းကြယ် မဂ္ဂဇင်းတိုက်

www.burmeseclassic.com

www.burmeseclassic.com



အား ကုန်းပေါ်သို့တက်ကြရန် ပြောသည်။

သူ၏အကြောင်းပြချက်မှာ ဤသင်္ဘောဖြင့်ဆက်လက်ဆန်တက်ရန်မဖြစ်နိုင်ဟူ၍ ဖြစ်သည်။ သူကဆက်လက်၍ ကျွန်တော်တို့သည် လူသူမရောက်ဖူးသေးသော ဒေသ၏တံခါးဝသို့ရောက်ရှိလာပြီဖြစ်ကြောင်း ထို့ကြောင့် ကျွန်တော်တို့၏ခရီးစဉ်အကြောင်း မပြောလေကောင်းလေ ဖြစ်ကြောင်း ရှင်းလင်းပြောကြားသေး၏။ ထို့ပြင် သူက ကျွန်တော်တို့ထံမှ ကျွန်တော်တို့ မည်သည့်အရပ်သို့ သွားနေကြောင်းကို ရေးသားထုတ်ဝေခြင်း မပြုပါဟူသော ကတိကိုတောင်းယူ၏။

အစေခံများအားလည်း ထို့အတူကတိပေးစေ၏။ ထို့ကြောင့် နောက်နောင်တွင်ကား ကျွန်တော်တို့ ရောက်ရှိနေကြသောနေရာဒေသများအကြောင်း အတိအကျဖော်ပြခြင်းပြုတော့မည်မဟုတ်ပါ။ ဤမျှလျှို့ဝှက်လောက်အောင် အထပ်ထပ်ကတိတောင်းသောကိစ္စမှာ မှန်သည်ဖြစ်စေ၊ မှားသည်ဖြစ်စေ ကျွန်တော်တို့က သဘောတူကျေနပ်ရမည်သာဖြစ်၏။ ကျွန်တော်တို့က ငြင်းဆန်ပါလျှင် သူကလည်း ကျွန်တော်တို့အား ခေါင်းဆောင်မှုပေးရန် ငြင်းဆန်ဖို့အသင့်ဖြစ်နေပေသည်။

အက်စ်မာရယ်ဒါသင်္ဘော ပြန်လည်ထွက်ခွာသွားသောနေ့ ထို့ပြင် ကျွန်တော်တို့တစ်တွေ ပြင်ပကမ္ဘာကြီးအား နှုတ်ခွန်း





ဆက်ခွဲခွာသောနေ့သည်ကား ဩဂုတ်လနှစ်ရက်နေ့ဖြစ်သည်။ လေးရက်မျှကြာမြင့်ခဲ့ပြီး ကျွန်တော်တို့တွင် လှေနှစ်စင်းရလာပြီဖြစ်၏။ လှေများမှာ လိုအပ်သောအခါ ထမ်း၍သယ်ဆောင်သွားနိုင်သည်အထိ ပေါ့ပါးလှ၏။

ထိုလှေများပေါ်တွင် လိုအပ်သောပစ္စည်းများ၊ အစားအသောက်များ အပြည့်တင်ထားသည်။ ထို့ပြင် အာဟာကာနှင့် အိုပီတူအမည်ရှိအင်ဒီယန်းလူမျိုးနှစ်ဦး ကျွန်တော်တို့အဖွဲ့သို့ ထပ်မံရောက်ရှိလာသည်။ ထိုသူနှစ်ဦးသည် ယခင်အခေါက် ချလင်ဂျာရောက်ရှိစဉ်က အမှုထမ်းခဲ့ကြသူများပင်။ သူတို့နှစ်ယောက်လုံး ယခုတစ်ခေါက်ခရီး ထပ်မံထွက်ခွာရမည်ကို ကြောက်လန့်နေခဲ့ကြ၏။ သို့သော် သူတို့၏အကြီးအကဲအား ချလင်ဂျာကဆွဲဆောင်သိမ်းသွင်းထားပြီးဖြစ်ရာ ယင်းအကြီးအကဲ၏အမိန့်အရ လိုက်ပါလာရသူများဖြစ်လေသည်။

သို့ဖြင့် မနက်ဖြန် ကျွန်တော်တို့သည် လူသူမရောက်ခဲ့သော ဒေသဆီသို့ ရောက်ရှိကြတော့မည်။ ဤအကြောင်းအရာများကို ရေးသာပြီး မက္ကာဒယ်လ်ထံသို့ မြစ်ကြောင်းခရီးဖြင့် ပို့မည်ဖြစ်သည်။ မစ္စတာဆမ်မာလီက ချလင်ဂျ၏စကားများအပေါ်တွင် ဆက်လက်၍ မယုံမကြည်ဖြစ်ဆဲ။ သံသယရှိဆဲဖြစ်



www.burmeseclassic.com

www.burmeseclassic.com



သော်လည်း ချလင်ဂျာကမူ သူ့ကိုယ်သူယုံကြည်မှုအပြည့်ဖြင့် ကျေနပ်စိတ်ချနေဟန် တွေ့ရပေ၏။ ကျွန်တော့်အနေနှင့်လည်း မှတ်သားဖွယ်ကောင်းသော စွန့်စားခန်းများ ရင်ဆိုင်တွေ့ရတော့မည်ဟု ချွင်းချက်မရှိယုံကြည်မိပါ၏။

* * * * * * *



## အခန်း (၇)

### ကျောက်တုံးရှာသို့ ဆိုက်ရောက်ခြင်း

ကျွန်တော်တို့အဖွဲ့ ကျောက်ဆောင်များရှိရာသို့ဆိုက်ရောက်ခဲ့ကြပါသည်။ အဆုံးတွင် ချလင်ဂျာပြောဆိုခဲ့သည်တို့ မှန်ကန်၍ ဆမ်မာလီအနေဖြင့် သူ့ကိုယ်သူ သေချာမှုလျော့နည်းလာပါသည်။ သူ၏ပြိုင်ဘက်ကြီး မှန်ကန်ပါသည်ဟုကား ဝန်မခံချေ။

သို့သော် စောဒကတက်မှုများ နည်းလာပြီး နှုတ်ဆိတ်နေသည့်အချိန်က များလာပါသည်။ ကျွန်တော်တို့သည် ထိခိုက်အနာတရဖြစ်သူ အင်ဒီယန်းတစ်ယောက်ကို ပြန်လွှတ်လိုက်ရပါသည်။ ရောက်မည်မရောက်မည် စိတ်မချရသော်လည်း ထိုသူနှင့်ပင် ဤစာကိုပေးလိုက်ရပါသည်။



www.burmeseclassic.com

www.burmeseclassic.com



နောက်ဆုံးစာကို ကျွန်တော်ရေးပို့ခဲ့စဉ်က အက်စ်မာရယ်ဒါသဘော်ဖြင့် ကျွန်တော်တို့ရောက်ခဲ့သည့် အင်ဒီယန်းရွာမှ ထွက်ခွာအံ့ဆဲဆဲအချိန်ဖြစ်ပေသည်။ ယခုပို့သည့်သတင်းကိုကား "အဆိုး" နှင့်ပင် စရမည်ဖြစ်ပေတော့သည်။ အထက်တုန်းက အင်္ဂလိပ်စကားပြောတတ်သူ ကပြားဂိုမက်အကြောင်းကို ဖော်ပြခဲ့ပြီးဖြစ်ပါသည်။ သူသည် တက်တက်ကြွကြွဆောင်ရွက်တတ်သော အလုပ်သမားတစ်ဦးဖြစ်ပါ၏။

သို့သော် စပ်စုတတ်သောဉာဉ်ကား အပြည့်ရှိနေပုံပေါ်ပါသည်။ ညနေပိုင်းတွင် ကျွန်တော်တို့လူစု ခရီးစဉ်အတွက် ဆွေးနွေးနေကြသော တဲအနီး၌ပုန်းကွယ်နားထောင်နေသည်ကို သစ္စာရှိလှသော ဇမ်ဘိုကတွေ့မြင်ရာ၊ သူ့ကိုကျွန်တော်တို့ရှိရာသို့ ဆွဲခေါ်လာပါသည်။ ဂိုမက်က ဓားမြှောင်ကိုဆွဲထုတ်၍ ဇမ်ဘိုကို ထိုးသတ်ရန် အားထုတ်သေးရာ ဇမ်ဘိုမှာကြံ့ခိုင်သန်စွမ်းသူတစ်ဦးဖြစ်၍သာ သူ့ဓားမြှောင်ကိုလုယူနိုင်ပါလေသည်။ ကျွန်တော်တို့က ကောင်းစွာဆက်ဆံနေထိုင်ကြရန် ဆိုဆုံးမပြီး အတင်းပင် လက်ဆွဲနှုတ်ဆက်စေကြပါသည်။

ရှေ့တွင် အခြေအနေအားလုံး ကောင်းမွန်လိမ့်မည်ဟု လည်း မျှော်လင့်လိုက်ပါသည်။ ပရော်ဖက်ဆာကြီးနှစ်ဦးကား အမြဲတမ်းလိုလို ရန်ဖြစ်လျက်ရှိပါသည်။ ပရော်ဖက်ဆာချလင်

လျှို့ဝှက်ဆန်းကြယ် မဂ္ဂဇင်းတိုက်



ဂျာ၏ပြောပုံဆိုပုံမှာ အခြားသူများကို အလွယ်တကူနှင့် စိတ်ဆိုးစေနိုင်ပြီး ဆမ်မာလီ၏လျှာစောင်းထက် လိုက်ပုံကလည်း မီးလောင်ရာလေပင့် အခြေအနေကို ဆိုးသည်ထက်ပို၍ဆိုးစေမြဲဖြစ်ပါသည်။

နောက်တစ်နေ့တွင် ကျွန်တော်တို့၏ထူးခြားလှသော ခရီးကိုစတင်ကြပါသည်။ ကျွန်တော်တို့၏ ပစ္စည်းပစ္စယတို့ကို လှေခြောက်ဦးစီးပါသည့် လှေများထက်၌တင်ကြပါသည်။ စကားနည်းရန်စဲဖြစ်စေရန်အတွက် ပရော်ဖက်ဆာတစ်ဦးကို လှေတစ်စင်းစီခွဲ၍ နေရာထားပေးသည်မှာ သဘာဝကျသည်ဟု ဆိုချင်ပါသည်။ ကျွန်တော်မူကား ကျေနပ်နှစ်သိမ့်မှုအပြည့် ဖြစ်နေသူ ချလင်ဂျာနှင့်အတူဖြစ်ပါ၏။ သို့တိုင် သူ့အချိန်မရွေးဒေါသပုန်ထတတ်ခြင်းအတွက် ကျွန်တော့် မအံ့ဩတော့ပါချေ။ ဆိပ်ကမ်းနှစ်ဘက်တွင် သစ်တောရှိနေသည့် အရှယ်တော်မြစ်ကြောင်း၌ နှစ်ရက်ခရီးနှင်ခဲ့ကြပါသည်။ ရေစီးသန်လွန်း၍ လှော်ခတ်ရန်မတတ်နိုင်သည့်နေရာတွင် လှေများကို ကျွန်တော်တို့က သယ်ဆောင်ကြရပါသည်။

ဆိပ်ကမ်းနှစ်ဘက်ရှိ သစ်ပင်ကြီးများမှာ ကမ္ဘာ့သက်တမ်းနှင့်အမျှပင် ဖြစ်ဟန်တူပါ၏။ ၎င်းတို့ကိုဖြတ် သန်းသွားရသည်ကား မခက်ခဲပါ။ ၎င်းတို့၏မြင့်မားခြင်းနှင့် ဆိုသည်း

လျှို့ဝှက်ဆန်းကြယ် မဂ္ဂဇင်းတိုက်

www.burmeseclassic.com

www.burmeseclassic.com



ခြင်းတို့မှာ ကျွန်တော်တွေးထင်နိုင်သည်ထက်ပင် ပိုမိုပါသေ သည်။ ပင်စည်မှ ပထမဆုံးဖြာထွက်သည့်ကိုင်းကို ကျွန်တော တို့၏ဦးခေါင်းထက် အမြင့်ကြီး၌မြင်ရပြီး ပေါင်းမိုးစိမ်းကြီးအု ဆိုင်းထားသည်နှင့်တူကာ နေခြည်အစွန်းအစကလေးအနည် အပါးမျှ ဖောက်ထွင်းလာနိုင်ပါလေသည်။

ကျွန်တော်တို့ဖြတ်လျှောက်လာကြစဉ် တိတ်ဆိတ်မှု ကြီးမားလှလေရာ ပရော်ဖက်ဆာချလင်ဂျာ၏အသံကြီးပင်လျှ တီးတိုးသံဟုထင်မှတ်ရပါသည်။ ဤအပင်များ၏ အမည်ကို ကျွန်တော်လုံးဝ မသိပါ။ သို့သော် ကျွန်တော်တို့၏သိပ္ပံပညာ ကြီးများကား သိကြပြောကြပါသည်။ အရောင်အသွေးလှပသည အပင်ငယ်များလည်းရှိကြပါသည်။ မြို့၌ဆိုရလျှင် ထူးဆန်းနှစ် ဖွယ်အိပ်မက်ပမာ ပေတည်း။ မြေပြင်တွင် သက်ရှိသတ္တဝါတို့ လှုပ်ရှားမှုကို မမြင်မကြားရပါ။ သို့သော် ကျွန်တော်တို့၏ဦးခေါ ထက်မှာကား မျောက်များ၊ ငှက်များနှင့် မြွေဆိုအသံများက ကြားကြရပါသည်။

ကမ္ဘာကြီး၏ထူးခြားဆန်းကြယ်လှသော ဤအပိုင်း ပင် လူသားတို့ရှိကြောင်း ကျွန်တော်တို့သိကြရပြန်သည်။ တ ယနေ့မှာ လှေများဖြင့်ခရီးဆက်ကြရာတွင် ဗုံသံများကို ကြား သောကြောင့်ဖြစ်ပါ၏။ အင်ဒီယန်းတို့ကား ထိတ်လန့်တုန်လှု





ကြပါသည်။

"စစ်လှုံ့ဆော်တဲ့ဗုံသံလေ၊ အရင်တုန်းကလဲ ကြားဖူးတယ်" ဟု လော့ဒ်ဂျွန်က ခပ်ပေါ့ပေါ့ပြောပါသည်။

"ဟုတ်ပါတယ် သခင်၊ အင်ဒီယန်းအရိုင်းတွေပါ၊ ကျွန်တော်တို့ခရီးတစ်လျှောက်လုံး စောင့်ကြည့်နေကြတာပေါ့၊ တတ်နိုင်ရင် ကျွန်တော့်တို့ကို သတ်ကြမှာပါ" ဟု ကပြားဂိုမက်ကပြောပါသည်။

ထိုနေ့မွန်းလွဲပိုင်း၊ ထိုနေ့မှာ ဩဂုတ်လ – ၁၈ ရက်၊ အင်္ဂါနေ့ဖြစ်ပါသည်။ ဗုံခြောက်လုံးခုနစ်လုံးခန့်သည် ဟိုဟိုသည်သည် တစ်နေရာစီမှ တီးခတ်နေကြပါသည်။ တစ်ခါတစ်ရံ ဗုံသံကမြန်ဆန်၍ တစ်ခါတစ်ရံတွင်လေးပါသည်။ ရံဖန်ရံခါ အချက်ပြအမေးအဖြေပေးသည်နှင့် တူပါသည်။ အဆက်မပြတ်ဗုံသံတို့ကြောင့် ကျွန်တော်တို့မှာ စိတ်မချမ်းမသာဖြစ်ရပါသည်။ ဗုံသံတို့သည် ကပြားဂိုမက်၏စကားကို ထပ်ပြန်တလဲလဲ ဆိုမြည်နေကြသည်ဟု ထင်မှတ်ရပါသည်။ "တတ်နိုင်ရင် မင်းတို့ကိုသတ်မယ်ဟော့၊ တတ်နိုင်ရင် မင်းတို့ကို သတ်မယ်ဟော့" ဟူသာ ကြားယောင်နေပါသည်။ တောကြီးအတွင်း၌ မည်သူ့တစ်စုံတစ်ယောက်၏ လှုပ်ရှားမှုကို ကျွန်တော်မတွေ့မြင်ရပါ။ သို့သော် ဝေးကွာသော သစ်ပင်များနောက်မှ ထွက်ပေါ်လာသည့် သတင်းပို့ဗုံသံကိုကား



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့ကြားနေကြပါရသည်။

"တတ်နိုင်ရင် မင်းတို့ကို သတ်မယ်ဟေ့"

ကျွန်တော်တို့နှင့်အတူ ပါလာကြသည့် အင်ဒီယန်းတို့မှာ ကြောက်ရွံ့မှုကိုဖော်ပြနေကြပါသည်။ ဝုံကြွားတတ်သော ကပြားပင်လျှင် ခါတိုင်းလိုမကြွားဝါနိုင်တော့ပါ။ မည်သို့ပင်ဖြစ်စေ ထိုနေ့က ဆမ်မာလီနှင့် ချလင်ဂျာတို့၏အမြင့်မားဆုံးသော ရဲစွမ်းသတ္တိကိုမှ သိရှိရပါတော့သည်။ သိပ္ပံပညာစိတ်၏ရဲစွမ်းသတ္တိမျိုးဖြစ်ပါ၏။ ကံတရား၏ထောက်မမှုဟု ဆိုရပေမည်လော၊ လူသားတို့၏စိတ်သည် တစ်ချိန်တည်း၌ အကြောင်းအရာနှစ်မျိုးအတွက် မစဉ်းစားနိုင်ကြချေ။ သိပ္ပံပညာဆိုင်ရာ၌ စိတ်ဝင်စားနေလျှင် ကိုယ်ရေးကိုယ်တာခံစားမှုကို အမှတ်မရနိုင်ကြတော့ချေ။

တစ်နေ့တာလုံး အဆက်မပြတ်ခြောက်လှန့်နေသည့် ဗုံသံများကြားမှပင် ပရော်ဖက်ဆာနှစ်ဦးသည် ပျံသန်းသွားသောငှက်များအကြောင်း၊ အပင်ကြီးအပင်ငယ်များအကြောင်းကို အငြင်းပွားအထန်ငြင်းခုံနေကြပါ၏။ သူတို့သည် လန်ဒန်မြို့ရှိကလပ်တစ်ခုအတွင်းမှာထက် ပိုမိုသောအန္တရာယ်မျိုးကို အမှတ်ရဟန်မတူကြပါ။ ဗုံသံနှင့်ပတ်သက်၍ သူတို့သည်တစ်ကြိမ်တည်းသာ စကားဆိုဖူးပါ၏။ ထိုဗုံတီးခတ်ကြသူများမှာ လူသားစားမျိုးနွယ်





ားဖြစ်ရမည်ဆိုခြင်းပေတည်း။

နောက်တစ်နေ့တွင် စိတ်မချမ်းသာစရာ ဗုံသံကိုကျွန်တော်တို့နောက်ချန်ထားခဲ့ကြပြီး ချလင်ဂျာ၏အစောပိုင်းခရီးတုန်းက လှေမှောက်ခဲ့သည့်နေရာသို့ ရောက်လာကြပါသည်။ ထိုနေရာမှာ ရေစီးသန်လွန်း၍ လှေမလှော်ခတ်နိုင်သဖြင့် လှေနှင့်ပစ္စည်းများကို သယ်ပိုးယူကြရပြီး ထိုမှအလွန်ခရီးဆက်ကြပြန်ရာ ညနေတိုင်မီ ဆယ်မိုင်ခန့်ခရီးပေါက်ကြပါသည်။

နောက်နေ့မနက်တွင် ချလင်ဂျာသည် စိတ်အားထက်သန်သောမျက်လုံးများဖြင့် မြစ်ကမ်းနှစ်ဘက်လုံးကို အဆက်မပြတ်ကြည့်လာကြည့်ရှုနေကြောင်း သတိထားမိပါသည်။ မြစ်၏ထူးခြားသော ထောင့်ချိုးတစ်ခုအပေါ်ရှိ တစ်ပင်တည်းသော သစ်ပင်ကိုမြင်လိုက်ရလျှင် ချလင်ဂျာက ရုတ်တရက်အသံပြုပြီး လက်ညွှန်ပြပါသည်။

"အဲဒါကို ဘယ်လိုထင်သလဲ" ဟု ချလင်ဂျာကမေးပါသည်။

"ထန်းပင်တစ်မျိုးပေါ့" ဟု ဆမ်မာလီကဖြေသည်။

"ဟုတ်တာပေါ့ . . အဲဒါက ကျုပ်ဘယ်နေရာရောက်ရှိနေတယ်ဆိုတာကို ညွှန်ပြတယ်လေ၊ လျှို့ဝှက်တံခါးပေါက်က ်တစ်ဖက်ကမ်း ရေ့မိုင်ဝက်လောက်မှာရှိတယ်။ သစ်ပင်တွေ က



www.burmeseclassic.com

www.burmeseclassic.com



ကွက်လပ်မရှိ တစ်စပ်တည်းဆက်နေတာ၊ အသီခက်စရာ
လေ၊ အစိမ်းရင့်အပင်တွေအစား ဖက်ဖူးရောင်အပင်တွေကို
ရပြီဆိုရင် အဲဒီနေရာဟာ ကမ္ဘာသစ်ကိုဝင်ရောက်ဖို့ တံခါးပေါ
ပဲ''

ကျွန်တော်တို့သည် မြစ်ကြောင်းမှလှည့်ထွက်ကြပါသ
အပင်ငယ်များကိုဖြတ်သန်း၍ ဘေးထွက်ကြပါသည်။ ကြည့်
၍မျက်နှာပြင်ငြိမ်သက်နေသော ချောင်းအတွင်းရောက်ရှိလာ
လှပပုံမှာ ကိုက်နှစ်ရာခန့်လောက်ကျယ်၍ ဘေးတစ်ဖက်တစ်
မှ ပေါက်နေသည့် သစ်ပင်များ၏ဖြာထွက်နေသည့်အကိုင်းများ
အထက်ခပ်မြင့်မြင့်တွင် ထိစပ်နေကြပါသည်။ တောတွင်း အ
ယန်းတို့၏အရိပ်အရောင်လုံးဝ မရှိတော့ပါ။ သို့သော် သ
များ၏လှုပ်ရှားမှုကို လေ့လာရပါသည်။ ၎င်းတို့ လူကိုအ
ထား၊ အကပ်ခံပုံက မုဆိုးအကြောင်း လုံးဝမသိကြကြော
ဖော်ပြနေပါသည်။ ဤရေလမ်းခရီးကို ကျွန်တော်တို့သုံး
တိုင်တိုင်နှင်ခဲ့ကြပါသည်။

''ဒီနေရာမှာ ဘယ်အင်ဒီယန်းမှ မရှိကြဘူး၊ ကူရှူပ
အသေအလဲကြောက်ကြတယ်'' ဟု ဂိုမက်က ပြောပါသည်။

လော့ဒ်ဇွန်က ရှင်းပြပါသည်။

လျှို့ဝှက်ဆန်းကြယ် မဂ္ဂဇင်းတိုက်



''ကူရှူပူရီဆိုတာ တောစောင့်နတ်လေ၊ မကောင်းမှုအား
နဲ့ဆိုင်တဲ့အမည်ပေါ့၊ သနားစရာကောင်းတဲ့ အင်ဒီယန်းတွေ
ဒီဘက်ပိုင်းမှာ ကြောက်လန့်ချောက်ချားစရာ တစ်ခုခုရှိတယ်
ပြီး ရှောင်ရှားကြတယ်လေ''

တတိယမြောက်နေ့တွင် ကျွန်တော်တို့၏ရေကြောင်းခရီး
မကြာမီအဆုံးသတ်ရတော့မည်ကို သိမြင်ကြရလေသည်။
အာသိသိသာသာကြီး တိမ်လာသည်။ နှစ်ကြိမ်တိုင် လှေသည်
တင်တင်ခဲ့၏။ နောက်ဆုံးတွင်ကား လှေများကို ကမ်းပေါ်သို့
း‌တင်ကြပြီး ထိုညအဖို့ ထိုနေရာ၌ပင် စခန်းပြင်ကာ
တင်းပို့ပြီး၊ လှေများထားနိုင်မည့် ခပ်မြင့်မြင့်နေရာတွေ့
ည်ကိုလည်း ပြောပြပါသည်။ ကျွန်တော်တို့သည် လှေများကို
၍ သစ်ပင်ချုံဖုတ်များအတွင်း ဝှက်ထားကြပါသည်။ နောင်
အသုံးပြုရန် ပြန်တွေ့နိုင်အောင်လည်း သစ်ပင်တစ်ပင်ကို
န်ဖြင့်ထစ်၍ မှတ်သားထားလိုက်ပါသည်။ ထိုနောက် ကျွန်
ော်တို့၏ပစ္စည်းပစ္စယများကို ခွဲဝေယူကြကာ ပို၍ကြမ်းတမ်း
ခဲသော ခရီးကိုနှင်ကြပြန်ပါသည်။

စချီကတည်းကပင် မလိုလားအပ်သော အချင်းများမှု
ပေါက်ခဲ့ပါ၏။ ချလင်ဂျာသည် ကျွန်တော်တို့လူစုနှင့် ပူးပေါင်း
သည့်အချိန်မှစတင်ကာပင် တစ်ဖွဲ့လုံးကိုညွှန်ကြားဦးဆောင်ပါ

လျှို့ဝှက်ဆန်းကြယ် မဂ္ဂဇင်းတိုက်

www.burmeseclassic.com

www.burmeseclassic.com



သည်။ ထိုအချက်ကို ဆမ်မာလီက လုံးလုံးမနှစ်မြို့က်။ ယခုသော် ချလင်ဂျာက ဆမ်မာလီအား ပစ္စည်းတစ်ခုခုယူဆောင်ရန် ပြော ကြားရာ ဆမ်မာလီက အတိအလင်းပင် ဖွင့်ချပါတော့သည်။

"ခင်ဗျားက ဘာဖြစ်လို့ ခုလိုအမိန့်ပေးနေရတယ်ဆိုတာ သိပါရစေလား"

"ကျုပ်ကအမိန့်ပေးတယ်လေ ပရော်ဖက်ဆာဆမ်မာလီ ရဲ့၊ အဖွဲ့ရဲ့ခေါင်းဆောင်အဖြစ်နဲ့ပေါ့" ဟု ချလင်ဂျာကပြန်ပြော ပါသည်။

"မပြောမဖြစ်လို့ ပြောရမှာပဲဗျ၊ ခင်ဗျားကို အဖွဲ့ရဲ့ခေါင်း ဆောင်လို့ ကျုပ်ကအသိအမှတ် မပြုဘူး"

"ဟုတ်ပေ့ဗျာ" ချလင်ဂျာက သရော်ဟန်ဖြင့် ဦးညွှ လိုက်ပါသည်။

"ကျုပ်ဟာ ခေါင်းဆောင်မဟုတ်ဘူးဆိုရင် ဘာလဲ"

"ခင်ဗျားဟာ အမှုသည်တစ်ဦးပေပဲဗျာ၊ ဒီကော်မတီ ခင်ဗျားအဆိုပြုချက်နဲ့ ပတ်သက်လို့အမှန်ပေါ်ပေါက်လာအော စစ်ဆေးကြဖို့လေ၊ ခင်ဗျားဟာ စီရင်ချက်ချရမယ့် တရားသူကြီ များနဲ့ လျှောက်နေရတာပါ"

"အလိုလေး" ချလင်ဂျာက လေတစ်စင်းပေါ် ထိုင် လိုက်ပါသည်။





"ဒီလိုဆိုရင်ဖြင့် .. ခင်ဗျားလမ်းကို ခင်ဗျားကြွပေတော့ ကျုပ်နောက်ကလိုက်မယ်၊ ကျုပ်ဟာ ခေါင်းဆောင်မဟုတ်ဘူးဆို င် ကျုပ်ရှေ့ဆောင်တာကို မမျှော်လင့်ပါနဲ့တော့"

ပညာရှင်ပရော်ဖက်ဆာကြီးနှစ်ဦးနှင့် ခြားနားစွာ ကျွန် တော်နှင့် လော့ဒ်ဂျွန်ရောက်စတန်တို့၌ တစ်စုံတစ်ခုသော အသိ က်ကလေးရှိခဲ့ခြင်းမှာ ဟန်ကျလှပေတော့သည်။ သူတို့၏ကလေး န်မှုသည် ကျွန်တော်တို့၏ လုပ်ငန်းကြီးတစ်စုံတစ်ရာ အကောင် ထည်မပေါ်လာပဲ လန်ဒန်သို့ပြန်ရမည့်အခြေမျိုး ဖြစ်ပါလေ သည်။ သူတို့နှစ်ဦး ပြေငြိမ်းအောင်ကြိုးစားရသည်မှာ အချိန်ယူ ပါ၏။

သို့သော် နောက်ဆုံးတွင် အောင်မြင်ပါသည်။ သူတို့နှစ် သည် အီဒင်ဘာက်မှ ဒေါက်တာအီလင်ဝါ့သ်ကို အထင်အမြင် းကြသူများဖြစ်ကြောင်း ယခုအချိန်တွင် ကျွန်တော်တို့သိရပါ သည်။ နောက်ပိုင်းတွင် သူတို့အငြင်းအခုံဖြစ်၍ တစ်ဦးနှင့်တစ်ဦး ါသူပုန်ထကြတော့မည်ဆိုလျှင် ကျွန်တော်တို့က ဒေါက်တာ င်ဝါ့သ်၏အမည်ကို စကားစပ်ပေးလိုက်ရုံရှိပါသေးသည်။ နောက်တွင်ကား ပရော်ဖက်ဆာကြီးနှစ်ဦးသည် သူတို့မုန်းတီး ာ ဘုံရန်သူကြောင့် ချက်ချင်းပင် သင့်မြတ်သွားကြပါတော့ သည်။



www.burmeseclassic.com

www.burmeseclassic.com

## ၁၄၄ လျှို့ဝှက်ဆန်းကြယ်စာတည်းတစ်ဦး

ကျွန်တော်တို့ခရီးဆက်ခဲ့ကြပြီး မြေပြင်အနေအထားမှာ တဖြည်းဖြည်းမြင့်လာကြောင်း တွေ့ရပါသည်။ ကျွန်တော်တို့သည် အရပ်ညွှန်းကွန်ပါကို အသုံးပြုကြရသည်။ တစ်ခါနှစ်ခါဆိုသလို ချုလင်ဂျာနှင့် အင်ဒီယန်းနှစ်ယောက် အယူအဆကွဲပြားကြပါ သည်။ ထိုအခါတွင် ပရော်ဖက်ဆာကြီး ဒေါနှင့်မောနှင့် ပြော သည်။ "ခေတ်သတ်ဥရောပ ယဉ်ကျေးမှုက မွေးထုတ်လိုက်တဲ့ ဇရာမဦးနှောက်ထက် ပညာနလပိန်းတုံး တိုင်းရင်းသားတွေက ပိုယုံကြည်သပေါ့" စကားအတိုင်းပင် ကျွန်တော်တို့အဖွဲ့က အင် ဒီယန်းတို့၏စကားကိုပင် ယုံကြည်ကြပါသည်။ သို့ဆိုစေ အင်ဒီ ယန်းတို့ မှန်ပါသည်။ တတိယမြောက်နေ့တွင် ချုလင်ဂျာကိုယ် တိုင်က ယခင်တစ်ခေါက်ခရီးတုန်းက မြင်သိခဲ့ရသော နေရာ အချို့ကို မှတ်မိကြောင်း ဝန်ခံခဲ့ပါသည်။

လမ်းအနေအထားက တဖြည်းဖြည်းမြင့်တက်လျက် ရှိနေသေးပြီး သစ်ပင်များလည်း ကြဲလာပါသည်။ ကျွန်တော်တို့ သည် ချောင်းကလေးများကို ဖြတ်ကျော်ရ၍ ၎င်းမှရေနှင့် ငါးများ ကို ရရှိကြသည်။ ခရီးကိုးရက်မြောက်၍ မိုင်(၁၂၀)ကျော်ခန့် ပေါက်ပြီးလျှင်ကား သစ်ပင်ကြီးများ မရှိကြတော့ပါ။

သို့သော် ထူထပ်သိပ်သည်းသော အပင်ငယ်ချုံဖုတ်များ

လျှို့ဝှက်ဆန်းကြယ် မဂ္ဂဇင်းတိုက်



ကြောင့် အသွားအလာကား ခက်ခဲလှပေ၏။ ကျွန်တော်တို့ကို များစွာ ပင်ပန်းနွမ်းနယ်စေပါ၏။ ရှေ့သို့မျှော်၍ ဝေးဝေးလံလံ မြင်ရပါ။ သို့သော် မကြာခဏဆိုသလိုပင် ကျွန်တော်တို့၏အ နီးအနားဆီမှ ကြီးမားဟန်တူသော တိရစ္ဆာန်တို့အသံကိုကြားရ တတ်ပါသည်။ လော့ဒ်ဂျွန်ကမူ ကျွဲရိုင်း၊ နွားရိုင်းများဖြစ်မည် ဟု ထင်ကြောင်းပြောပါသည်။ ညပိုင်းရောက်လာသည်နှင့်အတူ ချို တိတ်စည်းပြစ်ထူထပ်ရာမှ လွန်မြောက်ခဲ့ကြပါသည်။ ချက်ချင်း စခန်းချရန် စီမံရပါသည်။ တစ်နေ့တာ ပင်ပန်းခဲ့ကြရသည် မဟုတ်ပါလော။

နောက်တစ်နေ့၌ ကွင်းပြင်တစ်ခုကို ဖြတ်ကျော်ခဲ့ကြပြီး နောက် ကျွန်တော်တို့သည် လျှိုတစ်ခုသို့ဆိုက်ရောက်ကြပါသည်။ ရှေ့ပိုင်း၌ အင်ဒီယန်းနှစ်ယောက်နှင့်အတူ သွားနေသူ ချုလင်ဂျာ သည် ရုတ်တရက်ရပ်တန့်လိုက်ပြီး စိတ်အားထက်သန်စွာဖြင့် ညာဘက်ဆီသို့ လက်ညွှန်ပြပါသည်။ သူညွှန်ပြရာသို့ ကြည့် လိုက်ကြသောအခါ တစ်မိုင်ခန့်လောက်ကွာဝေးရာ၌ ကြီးမားလှ သော မွဲပြာရောင်ငှက်ကြီးတစ်ကောင်ဟု မှတ်ထင်ရသည့် ငှက်ကောင်ကြီးသည် မြေပြင်မှထပျံကာ တဖြည်းဖြည်းဝေးကွာ ပျောက်ကွယ်သွားပါသည်။

လျှို့ဝှက်ဆန်းကြယ် မဂ္ဂဇင်းတိုက်

www.burmeseclassic.com

"မြင်လိုက်ရဲ့လား . . ဆမ်မာလီ၊ ခင်ဗျားမြင်လိုက်လား" ဟု ချလင်ဂျာက အော်မေးလိုက်ပါသည်။

ဆမ်မာလီကား ငှက်ကြီးပျောက်ကွယ်သွားရာအရပ် ငေးစိုက်ကြည့်နေဆဲပင်ဖြစ်ပါ၏။

"အဲဒီအကောင်ကို ဘာအကောင်လို့ ဆိုချင်သလဲ" ဟု ဆမ်မာလီက မေး၏။

"ကာရီဒက်တိုင်လ် တစ်ကောင်လေ"

ဆမ်မာလီက လှောင်ရယ်ရယ်လိုက်ပါသည်။

"အဓိပ္ပါယ်မရှိဘူး၊ ဒါရိုးရိုးငှက်ကြီးတစ်ကောင်ပဲ"

ချလင်ဂျာကား စကားမပြောနိုင်လောက်အောင် ဒေါသ ဖြစ်သွား၏။ သူသည် သယ်ဆောင်ရသောပစ္စည်းကို ကျော လိုက်ကာ ခရီးဆက်ပါတော့၏။ လော့ဒ်ဂျွန်က မှန်ပြောင်း လက်၌ကိုင်ရင်း ကျွန်တော်ထံလာပါသည်။

"အဲဒါ ကွယ်ပျောက်မသွားခင် မှန်ပြောင်းနဲ့ကြည့်လိုက် တယ်၊ ဘာကြီးရယ်လို့ မပြောနိုင်ဘူး၊ သေချာတာကတော့ ကျွ တစ်သက်တာမှာ မြင်ခဲ့ဖူးသမျှ ဘယ်ငှက်မျိုးနဲ့မှ မတူတာပဲ"

ထို့နောက် မကြာမီတွင် ကျွန်တော်တို့သည် ထန်းယ အချို့ပေါက်လျက်ရှိသော ကွင်းပြင်တစ်ခုသို့ ရောက်ရှိကြပါသည် ရင်းအလွန်၌ကား အနီရောင်ကျောက်ကမ္ဘားတန်းကြီး





န်ဒန်တုန်းက ချလင်ဂျာက ကျွန်တော့်အားပြသသောရုပ်ပုံထဲ ကျောက်ကမ္ဘားရံကြီးဖြစ်သည်မှာ ယုံမှားဖွယ်မရှိပါချေ။ မ္ဘာရံကြီးမှ ခုနစ်မိုင်ခန့်လောက်ကွာမည့် ထိုနေရာ၌ ကျွန် တော်တို့ စခန်းချကြပါသည်။ ချလင်ဂျာမှာ အထူးပီတိဖြစ်နေပုံ ပြီး ဆမ်မာလီကား သံသယပျောက်ပုံမရသေးသည့်တိုင် နှုတ် ဆိတ်နေပါ၏။

* * * * * * *



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၈)

### မေဝယ်ဇွိုထီ၏ တောင်ထတ်ထမ်းစိတ်နေခြင်း

နောက်တစ်နေ့တွင် ကမ္ဘာရုံကြီးသို့ ကျွန်တော်တို့ဆိုက်ရောက်ကြသောအခါ အလွန်မြင့်မားလှသည်ကို တွေ့ရပါ၏။ အချို့နေရာများတွင် ပေတစ်ထောင်ကျော်ပါလိမ့်မည်။ ကမ္ဘာ့ရုံဆိပ်စွန်း၌ချုံနွယ်ပိတ်ပေါင်းနှင့် စားပင်သီးပင်များထူထပ်စွာရှိနေပါသည်။ သက်ရှိသတ္တဝါတို့၏ အရိပ်အရောင် မမြင်ကြရပါ။ ကမ္ဘာရုံကြီးနှင့်တွဲလျက် ပေ (၆၀၀) ခန့်မြင့်မည့် ကျောက်ဆောင်သေးသေးတစ်ခုရှိနေသေးရာ ၎င်း၏အမြင့်မှာ ကမ္ဘာရုံကြီး၏အမြင့်နှင့် တစ်ပြေးညီဖြစ်နေပါသည်။ ထိုကျောက်ဆောင်ပေါ်



www.burmeseclassic.com

www.burmeseclassic.com



တွင် ပန်းချီကားထဲ၌ ကျွန်တော်မြင်ခဲ့ရသော သစ်ပင်ရှိပါသည်။

"ကျုပ် ပစ်ခဲ့တဲ့ ကာရီဒက်တိုင်လ်ကို တွေ့ခဲ့တာ အဲ မှာပေါ့" ဟု ချလင်ဂျာက ပြောပါသည်။

"မပစ်ခင် ကျောက်ဆောင်တစ်ဝက်လောက်အထိ တက် ခဲ့တယ်လေ၊ တောင်တက်သမားကောင်းကောင်းတစ်ယောက် ရင်တော့ ထိပ်ထိအောင်တက်နိုင်မှာပဲ၊ ဒါပေမယ့် တစ်ဖက် တောင်တန်းပေါ်တော့ ရောက်နိုင်မှာမဟုတ်ဘူး"

ချလင်ဂျာက ကာရီဒက်တိုင်လ်အကြောင်းပြောနေ ကျွန်တော်က ဆမ်မာလီကိုကြည့်လိုက်ပါသည်။ ပထမဦးစွာအဖြ နှင့် ဆမ်မာလီက ယုံကြည်စပြုလာပုံရပါသည်။ သူ၏ပါးလျ သောနှုတ်ခမ်းပေါ်၌ သရော်ပြုံးပေါ်မလာပါ။ သို့ရာတွင် သူ မျက်လုံးများ၌ စိတ်လှုပ်ရှားမှု၊ အံ့သြမှုအရိပ်များ ယှက်သန်းနေ ကြပါသည်။ ထိုအချက်ကို ချလင်ဂျာလည်း မြင်တွေ့လေ သူ၏ပထမအောင်မြင်မှုအတွက် နှစ်သိမ့်ပုံရပါသည်။

"ကျုပ်က ကာရီဒက်တိုင်လ်အကြောင်းပြောတဲ့အခါမှာ ပရော်ဖက်ဆာဆမ်မာလီ နားလည်ပြီးသားပါ၊ ဆိုလိုတာက ရော ဝှက်ကြီး၊ သူ့မှာသွားတွေရှိတယ်၊ သားရေပြားလို အရေခွံလဲ တယ်၊ အမွေးမရှိဘူး"

လျှို့ဝှက်ဆန်းကြယ် မဂ္ဂဇင်းတိုက်



ချလင်ဂျာက ပြုံး၍ဦးညွတ်လိုက်ပါသည်။ ဆမ်မာလီက နေရာမှ ထသွားပါသည်။

နံနက်ပိုင်း၌ ကျွန်တော်တို့သည် ကျွန်တော်တို့အထက်၌ ိုးလျှက်ရှိသော (ကျောက်ကမ္ဘားရံ)တောင်ကလပ်ပေါ်သို့ က်ရောက်ရန် အကောင်းဆုံးနည်းလမ်း ရှာဖွေရေးအတွက် ည်းဝေးကြပါသည်။ ချလင်ဂျာက သူ့သဘောနှင့်သူ ဥက္ကဋ္ဌ လုပ် ၍ အမူအရာလေးနက်ပုံမှာလည်း တရားသူကြီးတစ်ယောက် ယ်ဖြစ်ပါတော့၏။ သူက ခေါင်းပေါ်ရှိဦးထုပ်ကို နောက်ဖက် သုန်ထားပြီး ကျောက်တုံးတစ်ခုပေါ်ထိုင်၍ ကျွန်တော်တို့သုံးဦး ရှေ့မြေပြင်ထက်၌ ထိုင်ကြပါသည်။ ကျွန်တော်တို့နောက် ွင်မူ ကပြားနှစ်ယောက်နှင့် အင်ဒီယန်းတစ်စုရှိနေပြီး ရှေ့တွင် ကျွန်တော်တို့၏ခရီးကို အဆုံးသတ်စေခဲ့ တောင်ကလပ်ကြီး နေပါသည်။

ကျွန်တော်တို့၏ခေါင်းဆောင်က ပြောပါသည်။

"ကျုပ် နောက်ဆုံးအကြိမ် ဒီမှာရှိနေခဲ့တုန်းက ဖြစ်နိုင် ရှိတဲ့နည်းပေါင်းစုံနဲ့ တောင်ကလပ်ပေါ်တက်နိုင်ဖို့ အားထုတ် တာကို အထူးပြောနေစရာ လိုမယ်မထင်ပါဘူး။ ဘာဖြစ်လို့ တော့ ကျုပ်ဟာ တောင်တက်သမားကောင်းတစ်ယောက်

လျှို့ဝှက်ဆန်းကြယ် မဂ္ဂဇင်းတိုက်

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်လို့ပါပဲ။ အဲဒီတုန်းက ကျုပ်မှာကြိုးပါမလာခဲ့ဘူး၊ အခုတော့ ကျုပ် ကြိုးတွေယူလာခဲ့တယ်။ ဒီကြိုးတွေအကူအညီနဲ့ သီးခြား ကျောက်ဆောင်ထိပ်ရောက်အောင်တော့ တက်နိုင်မှာပဲ။ ဒါပေမယ့် တောင်ကလပ်ပေါ်တော့ ရောက်နိုင်မှာ မဟုတ်ဘူး၊ အရင်တစ်ခါက အရှေ့ဘက်ခြောက်မိုင်ထိ လျှောက်လေ့လာခဲ့တယ်။ ဒါပေမယ့် တက်နိုင်မယ့်လမ်း မတွေ့ရဘူး၊ အဲဒီထက်ပိုပြီးလဲ မသွားနိုင်ဘူး၊ မိုးကရွာလာပြီး ရိက္ခာကလဲ ကုန်သလောက်ရှိနေပြီ အခုကျုပ်တို့ ဘာလုပ်ကြမလဲ"

"လုပ်သင့်တာရယ်လို့ တစ်ခုပဲရှိတာပေါ့" ဟုဆမ်မာလီကပြော၏။ "ခင်ဗျားအရှေ့ဘက်ကို လျှောက်လေ့လာပြီးပြီတော့ ကျုပ်တို့တစ်တွေ တောင်ကလပ်ခြေရင်းက အနောက်ဘက် လျှောက်လိုက်ကြပြီး တောင်ပေါ်တက်လမ်းရှာရမှာပေါ့"

"ဟုတ်တာပေါ့ . . တောင်ကလပ်ဟာ သိပ်ကြီးချဲ့ကြီးမှာပါ၊ အပေါ်တက်ဖို့လွယ်ယူတဲ့ လမ်းတွေ့တဲ့အခါ ဒါမှ ဟုတ် ကျွန်တော်ခရီးစထွက်တဲ့နေရာ ပြန်ရောက်တဲ့အထိ တောင်ကလပ်ကို ပတ်သွားကြတာပေါ့" ဟု လော့ဒ်ဂျွန်က ပြောပါသည်။

"ကျုပ်ရဲ့မိတ်ဆွေလေးများကို ရှင်းလင်းပြရပေဦးမယ်" ဟု





ချလင်ဂျာက ဆိုပါသည်။ (သူသည် ကျွန်တော့်ကို ဆယ်နှစ်အရွယ်ကျောင်းသားကလေးဟု ထင်နေပုံရ၏) တောင်ကလပ်ပေါ် တက်ဖို့ လွယ်ကူတဲ့လမ်း မရှိနိုင်ဘူး၊ နို့မို့ရင် တောင်ကလပ်ဟာ ကမ္ဘာကြီးနဲ့ သီးခြားကင်းကွာနေမှာ မဟုတ်ဘူး၊ သက်ရှိလောကကလဲ ကွဲပြားခြားနားမှာ မဟုတ်ဘူး။ သို့ပေမယ့် ဆင်းသက်နိုင်မယ့်လမ်း ရှိမှာကတော့ မုချဖြစ်တယ်"

"ဘယ်လိုလုပ်သိပါသလဲ ခင်ဗျာ" ဟု ဆမ်မာလီက ခပ်ပြတ်ပြတ်မေး၏။

"ဘာပြုလို့လဲဆိုတော့ အမေရိကန်လူမျိုး မေပယ်ဝှိုက် တောင်ကလပ်ပေါ် ရောက်ခဲ့တာပဲ၊ နို့မဟုတ်ရင် သူရေးဆွဲခဲ့တဲ့ သတ္တဝါကြီးကို သူဘယ်လို မြင်နိုင်မလဲ"

"ဒါဟာ အထောက်အထားတစ်ခု မဟုတ်ပါဘူး၊ တောင်ကလပ်ကိုတော့ လက်ခံပါတယ်၊ ကျုပ်မြင်ရပြီကိုး၊ ဒါပေမယ့် အဲဒီအပေါ်မှာ ဒီလိုသက်ရှိသတ္တဝါတွေ ရှိတယ်ဆိုတာတော့ ကျုပ်လက်မခံပါဘူး" ဟုဆမ်မာလီက ပြော၏။

"ခင်ဗျား ဘာကိုလက်ခံတယ်၊ ဘာကိုလက်မခံဘူးဆိုတာက သိပ်ပြီးအရေးကြီးတာ မဟုတ်ပါဘူး"

စကားပြောနေစဉ် ချလင်ဂျာက အပေါ်မော့ကြည့်နေရာ



www.burmeseclassic.com

www.burmeseclassic.com



မှ ထိုင်နေရာကျောက်တုံးပေါ်မှ ရုတ်တရက်ခုန်ထလိုက်ပြီး ဆမ်မာလီကို ကုတ်မှကိုင်၍ မေးစေ့ကိုမြှင့်လိုက်ပါသည်။ စိတ်လှုပ်ရှားသောအသံဖြင့် အော်ပြောလိုက်သေး၏။

"အခုချက်ချင်း . . တောင်ကလပ်ပေါ်မှာ သက်ရှိသတ္တဝါရှိနေကြောင်း သိနိုင်အောင် ကျုပ်ဆောင်ရွက်ပရစေလား"

တောင်ကလပ်စွန်း၌ စားပင်သီးပင်များရှိနေကြောင်း ဖော်ပြခဲ့ပြီးဖြစ်ပါသည်။ ၎င်းတို့မှလွန်၍ မည်းနက်တောက်ပြောင်သောအရာတစ်ခု ပေါ်ထွက်နေပါသည်။ ထိုအရာမှာ ထူးဆန်းသော ဦးခေါင်းပြားပြားနှင့် မြွေကြီးတစ်ကောင်ဖြစ်ကြောင်း ကျွန်တော်တို့မြင်ကြရပါသည်။ ထိုအရာသည် တစ်မိနစ်ခန့် လောက်လှုပ်ရှားနေပြီးနောက် ပျောက်ကွယ်သွား၏။

ဆမ်မာလီမှာ စိတ်ဝင်စားနေလှသဖြင့် ချလင်ဂျာက သူ့ခေါင်းကိုပြန်နှိမ့်လိုက်သည်အထိ မငြင်းမဖယ်နေခဲ့ပြီးမှ ရှန်းကာထွက်လိုက်ပါသည်။

"ကျုပ်မေးကို မကိုင်ပဲ ခင်ဗျားအဆိုပြုချက်ကို ပြသရင်တော့ သိပ်ဝမ်းသာစရာဖြစ်မှာပဲဗျ၊ ရိုးရိုးမြွေတစ်ကောင်ပေါ်လာရုံနဲ့ ဒီလိုလုပ်ဖို့ လိုအပ်မယ်မထင်ပါဘူး" ဟု ဆမ်မာလီက ပြော၏။





"ဒါပေမယ့် . . တောင်ကလပ်ပေါ်မှာ သက်ရှိ ရှိတယ်ဆိုတာ သိပြီမဟုတ်လား၊ ကိုင်း . . အခုတောင်ပေါ်တက်လမ်းတွေ့တဲ့အထိ အနောက်ဘက်ကို ခရီးထွက်ကြဖို့တော်ပြီ ထင်တယ်"

တောင်ကလပ်အခြေ၏ မြေအနေအထားမှာ ကျောက်ထူထပ်၍ ချိုင့်ဝှမ်းများရှိလေရာ သွားလာမှုခက်ခဲနှေးကွေးပါသည်။ ရုတ်တရက် ကျွန်တော်တို့လည်း စခန်းချရာနေရာဟောင်းတစ်ခုသို့ရောက်လာကြပါသည်။ ဟင်းလင်းဖြစ်နေသော ချီကာဂိုမြို့လုပ် အသားသွပ်သံဘူးများ၊ ပုလင်းတစ်လုံးနှင့် သံဘူးဖောက်တံတစ်ခုတို့ တွေ့ရပါသည်။ ရက်စွဲဖတ်မရတော့သော ချီကာဂိုမြို့ထုတ်သတင်းစာဟောင်းတစ်စောင်ကိုလည်း တွေ့ရပါသည်။

"ကျုပ်ဟာ မဟုတ်ဘူး၊ မေပယ်ဒိုက်ရဲ့ပစ္စည်းတွေပဲဖြစ်ရမယ်" ဟု ချလင်ဂျာကပြောပါသည်။

စခန်းပေါ်သို့ အရိပ်ကျနေသည့် သစ်ပင်တစ်ပင်ကို လော့ဒ်ဂျွန်ကစိုက်ကြည့်ရာမှ ပြောလိုက်ပါသည်။

"ကြည့်စမ်းပါဦး ဒါဟာလမ်းအညွှန်း ဖြစ်လိမ့်မယ်ထင်တယ်"

သစ်ပင်တွင်စိုက်ထားပြီး အနောက်ဘက်သို့ ညွှန်ပြဟန်ရှိနေသော သစ်သားစတစ်ခုကို ညွှန်ပြပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"သေချာတာပေါ့ တစ်ခြားဘာအတွက် ဖြစ်နိုင်မလဲ ဗိုက်ဟာ သူ့ခရီးကအန္တရာယ်များကြောင်း သိလေတော့ သူသွားရာအရပ်ကို ညွှန်ပြခဲ့တာလေ၊ ဆက်သွားရင် တစ်ခြားအမှတ်အသား တွေ့ကောင်းတွေ့လိမ့်ဦးမယ်" ဟု ချလင်ဂျာကပြောပါသည်။

ကျွန်တော်တို့ အခြားအမှတ်အသားကို တွေ့ကြရပါသည်။ သို့သော် တုန်လှုပ်စရာပါပေတည်း။ တောင်ကလပ်အောက် တည့်တည့်၌ သစ်ပင်အချို့ပေါက်နေရာ အပင်တစ်မျိုး၏ပင်စည်မှာ ပေနှစ်ဆယ်ခန့်မြင့်၍ ထိပ်ဖျားမှာ လုံသွားလိုချွန်ထက်နေပေ၏။ ထိုအပင်များကြား၌ တစ်စုံတစ်ရာမြင်ရသဖြင့် ကျွန်တော်သွားရောက်ကြည့်ရှုရာ အရိုးအချို့ကို တွေ့ရပါသည်။ အင်ဒီယန်းများကို သစ်ပင်များခုတ်ထွင်စေပြီးနောက် ထိုကြေကွဲစရာကို ကောင်းစွာလေ့လာနိုင်ပါသည်။ အဝတ်အစ အသေးအမွှားကလေးအချို့ကိုသာ မြင်တွေ့ရတော့၏။ သို့သော် အရိုးစုခြေထောက်၌ ဘွတ်ဖိနပ်စွပ်လျက်ရှိ၏။ ထို့ကြောင့် သေဆုံးသူမှာ အနောက်တိုင်းရင်းသားတစ်ဦးဖြစ်ကြောင်း ထင်ရှားပါသည်။ နယူးယောက်မြို့လုပ် ရွှေနာရီနှင့် အရိုးများကြား၌ ဖောင်တိန်တစ်ချောင်း တွေ့ရပါသည်။ ငွေစီးကရက်ဘူးတစ်ခု တွေ့ရပြီး အဖုံးပေါ်၌ ဂျေ-စီဟူသည့် စာလုံးပါရှိလေသည်။

လျှို့ဝှက်ဆန်းကြယ် မဂ္ဂဇင်းတိုက်



"သူ့ခန္ဓာမှာ ရှိသမျှအရိုးများအားလုံး ကျိုးခဲ့ပုံရတယ်။ သနားစရာဒီလူဟာဘယ်သူဖြစ်မလဲ" ဟု လော့ဒ်ဂျွန်ကဆိုပါသည်။

"ဒီအပင်တွေက အရိုးတွေကိုထိုးဖြတ်ကြီးလာကြတာ၊ ကြီးထွားပုံကမြန်လှတယ်။ ဒီအပင်တွေ ပေနှစ်ဆယ်မြင့်လာလောက်အောင် ဒီအရိုးတွေရောက်နေချိန်က မကြာမြင့်သေးဘူးထင်တယ်" ဟု ဆမ်မာလီက ပြောပါသည်။

ချလင်ဂျာက ဝင်ပြောသည်။

"အဲဒီလူ ဘယ်သူဆိုတာ ကျုပ်သိတယ်၊ ကျုပ်ဒီခရီးအလာ ခင်ဗျားတို့ဆီ မရောက်ခင်၊ မေပယ်ဝှိုက်အကြောင်း သိနိုင်သမျှသိရအောင် ကြိုးစားခဲ့တယ်၊ ကံအားလျော်စွာပဲ သာရီယိုမှာ ဘုန်းတော်ကြီးတစ်ပါးနဲ့အတူ သူစားသောက်နေတဲ့ ဓာတ်ပုံ ကျုပ်ဆီမှာ ရှိတယ်။ အဲဒီဘုန်းကြီးနဲ့ ကျုပ်နဲ့တွေ့ခဲ့ရပြီး သတင်းရခဲ့တာပေါ့၊ မေပယ်ဝှိုက်ဟာ လွန်ခဲ့တဲ့လေးနှစ်ကျော်က ရိုသာရီယိုက ထွက်သွားခဲ့တယ်။ သူ့အလောင်းကို ကျုပ်မတွေ့မီ နှစ်နှစ်ကလို့ ဆိုနိုင်တယ်။ အဲဒီတုန်းက-သူတစ်ယောက်တည်းမဟုတ်ဘူး၊ ဂျိမ်းကိုလ်ဗာလို့ခေါ်တဲ့ အမေရိကန်မိတ်ဆွေတစ်ဦး ပါသေးတယ်။ ဒါပေမယ့် သူက လှေမှာနေရစ်ခဲ့လို့ ဘုန်းကြီးနဲ့မတွေ့ခဲ့ဘူး။ ဒါကြောင့် ကျုပ်တို့မြင်နေရတဲ့ အရိုးစုဟာ ဂျိမ်းကိုလ်ဗာနဲ့ အရိုးစုပဲဖြစ်မယ်ဆိုတာ ယုံမှားစရာ မရှိပါဘူး"

လျှို့ဝှက်ဆန်းကြယ် မဂ္ဂဇင်းတိုက်

www.burmeseclassic.com

www.burmeseclassic.com



"သူသေဆုံးရပုံနဲ့ ပတ်သက်လို့တော့ မရှုပ်သေးဘူး သူဟာ တောင်ပေါ်က လိမ့်ကျတာလား၊ ပစ်ချခံရတာလား ဒါကြောင့် အပင်တွေက သူ့အလောင်းကိုဖြတ်ပေါက်လာကြတာ ကိုး" ဟု လော့ဒ်ဂျွန်က ဆိုသည်။

လော့ဒ်ဂျွန်၏စကားမှန်ကြောင်းသိ၍ ကျွန်တော်တို့ တိတ်ဆိတ်သွားကြပါသည်။ ကျွန်တော်တို့သည် မသိရသေးသော ကမ္ဘာသစ်နှင့် ပတ်သက်၍ ထူးခြားသော ကျောစိမ့်သောအတွေး ဝင်လာရပေသည်။

ကျွန်တော်တို့ တိတ်ဆိတ်စွာဖြင့် ထွက်ခဲ့ကြ၏။ တောင် ကလပ်ခြေရင်းအတိုင်း ခရီးဆက်ကြ၏။ ငါးမိုင်အထိ တောင် ကြားဟူ၍ ကျွန်တော်တို့ မတွေ့ရ။ ထို့နောက် တစ်စုံတစ်ခုကို မြင်လိုက်ရသောအခါ ကျွန်တော်တို့ကို မျှော်လင့်ချက်အသစ် ဖြစ်ပေါ်စေပါ၏။ မိုးရေနှင့် ကင်းလွတ်နိုင်သည့် ကျောက်ခေါင်း တစ်ခုတွင် အနောက်ဘက်သို့ ညွှန်ပြထားသည့် မြေဖြူဖြင့်ရေး ထားသော လမ်းညွှန်မြားပုံတစ်ခုပေတည်း။

"မေပယ်ဝှိုက်လက်ရာပဲ၊ တစ်ခြားသူတွေ သူ့လမ်း ကြောင်းလိုက်ကြမယ်ဆိုတာ သူသိခဲ့တယ်" ဟု ချလင်ဂျာက ပြောလိုက်ပါသည်။

လျှို့ဝှက်ဆန်းကြယ် မဂ္ဂဇင်းတိုက်



"သူ့မှာ မြေဖြူရှိခဲ့မလား"

"သူသေဆုံးပြီးတဲ့နောက် သူ့ပစ္စည်းတွေထဲမှာ အရောင် စုံမြေဖြူဘူးတွေ့ရတယ်။ အဖြူရောင်က အတော်ကုန်နေတာ ကျုပ်မှတ်မိတယ်" ဟု ချလင်ဂျာက ဖြေပါသည်။

"ဒါဟာ အထောက်အထားကောင်းပဲ၊ သူညွှန်တဲ့လမ်း အတိုင်း ကျုပ်တို့လိုက်ကြစို့လား" ဟု ဆမ်မာလီကပြောပါသည်။

နောက်ထပ်ငါးမိုင်ခန့်လျှောက်ပြီးသောအခါတွင် နောက်ထပ်လမ်းညွှန်မြားတစ်ခုကို တွေ့ရပြန်ပါသည်။ ဤမြား မှာ နှစ်ခြမ်းကွဲနေသည့် ကျောက်တုံး၏တစ်ဖက်ခြမ်းပေါ်တွင် ရေးထားပြီး အတွင်းဘက်၌ အခြားမြားတစ်ခုက အထက်သို့ ညွှန်ပြလျက်ရှိပါသည်။ နေရာမှာ အဆင်ပြေပြေမဟုတ်ပါ။ ကျောက်ဆောင်အကွဲကြောင်းက ကျဉ်းမြောင်း၍ မြင့်မားလှလေ ၍ အလင်းရောင်နည်းနည်းသာ ရပါသည်။ ကျွန်တော်တို့၌ စားစရာဟူ၍ မည်မည်ရရ မရှိတော့ပါ။ ပင်ပန်းလည်းနေကြပါပြီ။ သို့သော် ကျွန်တော်တို့ခရီး မရပ်နိုင်ကြပါ။ ကျွန်တော်တို့၏ ရှေ့၌ဘာရှိနေလေသနည်းဆိုသည်ကို အလွန်သိချင်နေကြသည်။ ကျွန်တော်တို့က စခန်းချရန် အင်ဒီယန်းများကို အမိန့်ပေးပြီး ကျွန်တော်တို့လေးဦးနှင့် ကပြားနှစ်ယောက်တို့ကား ကျောက်ကြား ကြောင်းအတိုင်း တက်ကြပါသည်။

လျှို့ဝှက်ဆန်းကြယ် မဂ္ဂဇင်းတိုက်

www.burmeseclassic.com

www.burmeseclassic.com



အဝင်အပိုင်းမှာ ပေလေးဆယ်ခန့်ကျယ်ပါသည်။ သို့ သော် တဖြည်းဖြည်းကျဉ်းသည်ထက် ကျဉ်းလာပါသည်။ ဟိုဟို သည်သည် စမ်းသပ်ရှာဖွေရာမှ လော့ဒ်ဂွျန်က ဂူတစ်ခုကို တွေ့ ပါသည်။ ဂူတွင်းသို့ဝင်ခဲ့ကြရာ အခြားလမ်းညွှန်များတစ်ခု တွေ့ကြရပြန်ပါသည်။ ဤနေရာဤလမ်းသည် မေပယ်ဝှိုက်နှင့် ကိုလ်ဗာတို့ တောင်ကလပ်ပေါ်သို့ တက်ရောက်ခဲ့ကြသည့် လမ်းပေတည်း။

ကျွန်တော်တို့ဂူအတွင်းသို့ လိုက်ခဲ့ကြရာ ကိုက်ငါးဆယ် ခန့် တဖြောင့်တည်းသွားပြီး ထို့နောက်တွင်ကား မတ်စောက် သည့်အတက်ကို တွေ့ရပါတော့၏။ ရုတ်တရက် လော့ဒ်ဂွျန်က အော်ပြောသံကြားလိုက်ရ၏။

"လမ်းပိတ်နေပြီ"

ဟုတ်ပေသည်။ အမိုးကပြိုကျနေ၏။ ကျောက်တုံး ကျောက်ခဲများကို ရွှေ့ပြောင်းရန် ကျွန်တော်တို့ကြိုးစားကြပါသေး ၏။ သို့သော် အချည်းအနှီးပင်။ မေပယ်ဝှိုက်တို့ တက်ရောက် သောလမ်းကား မသုံးနိုင်တော့ပြီ။

ကျွန်တော်တို့စခန်းသို့ အပြန်တွင် စိတ်ပျက်လက်ပျက် လွန်းသောကြောင့် စကားပင်မပြောနိုင်အောင် ရှိနေကြရပါ၏။ အပြန်လမ်းတွင် ကျွန်တော်တို့အသက်ဘေးမှ လက်မတင်လွတ်

လျှို့ဝှက်ဆန်းကြယ် မဂ္ဂဇင်းတိုက်



မြောက်ခဲ့ကြရသည့်အဖြစ် ကြုံရသေး၏။

ကျွန်တော်တို့သည် ဂူပေါက်ရှေ့အောက်ဘက်၌ စုဝေး နေကြမိစဉ် အထက်ပိုင်းမှကျောက်တုံးကြီးတစ်ခုသည် အရှိန် ပြင်းစွာဖြင့် ကျလာပြီး ကျွန်တော်တို့အနီးမှ ဖြတ်သန်း သွားလေသည်။ အထက်ပိုင်းဂူပေါက်ဆီ၌ ကျန်ရစ်သေးသူ ကပြားနှစ်ဦးက ကျောက်တုံးကြီးမှာ တောင်ကလပ်ပေါ်မှကျ လာခြင်းဖြစ်သည်ဟု ပြောသော်လည်း ကျွန်တော်တို့မော့ကြည့် သော် တောင်ကလပ်ပေါ်၌ မည်သည့် လှုပ်ရှားမှုကိုမျှ မမြင်ရ ပါချေ။ သံသယဖြစ်စရာမှာ တောင်ကလပ်ပေါ်၌ လူသားများ ရှိနေ၍ ကျွန်တော်တို့အား သတ်ဖြတ်လိုပေ သလော။

အခြေအနေကား ခက်ခဲရှုပ်ထွေးလှပေ၏။ သဘာဝ ရန်သူမျှသာမက လူသားများကပါ ကျွန်တော်တို့ကို ရန်သူအဖြစ် နှောက်ယှက်တွဲပါလာလျှင် ကျွန်တော်တို့အဖို့မျှော်လင့်ချက် ကုန်ခမ်းစရာပေတည်း။ သို့သော် တောင်ကလပ်ပေါ်တက်ရောက် ခလေ့လာရပဲ လန်ဒန်ပြန်ရန်ဆိုခြင်းကိုကား ကျွန်တော်တို့အား သုံးအဖို့ စဉ်းစားရုံမျှပင် လက်မခံနိုင်သောကိစ္စ ဖြစ်ပါချေ၏။

ထိုနေ့က စခန်းမှ ကျွန်တော်တို့သည် နှစ်ဆယ့်နှစ်မိုင် ခရီးပေါက်ခဲ့ကြပါသည်။ ကျွန်တော်တို့ ညစာချက်ပြုတ်နေစဉ် သည့် အဖြစ်အပျက်တစ်ခု ပေါ်ပေါက်ခဲ့ပါ၏။ ထိုအဖြစ်အပျက်က

လျှို့ဝှက်ဆန်းကြယ် မဂ္ဂဇင်းတိုက်

www.burmeseclassic.com

www.burmeseclassic.com



ကမ္ဘာကြီး၏ဤဒေသရှိ ထူးဆန်းသောသက်ရှိလောကနှင့် ယ
သက်သော ကျွန်တော်တို့၏ သံသယဟူသမျှကို ဖယ်ရှားပစ်လို
သောဖြစ်ရပ်ပင် ဖြစ်ပါ၏။

လော့ဒ်ဂျွန်ပစ်ခတ်ရရှိခဲ့သော ဝက်လိုလိုတောကော
တစ်ကောင်သည် ညစာအတွက် မီးဖိုပေါ်တွင်ရှိနေစဉ် လေယာ
ပျံတစ်စင်းဟု မှတ်ထင်ရသည့်အရာတစ်ခုသည် ကောင်းကင်
ထိုးစိုက်ဆင်းလာပါ၏။ သားရေပြားကြီးနှင့်တူသော အတော
ပံတို့က ကျွန်တော်တို့လူစုအား ခေတ္တမျှဖုံးအုပ်သွားပါ၏
လည်ပင်းရှည်ကြီးက မြွေတစ်ကောင်နှင့်တူကြောင်း မြင်လိုက်
ပြီး နှုတ်သီးနှင့်သွားများပါရှိနေခြင်းအတွက် ကျွန်တော်တို့အ
အံ့ဩမဆုံးဖြစ်ရပါတော့သည်။ ချက်ချင်းလိုပင် ထိုအကောင်ကြီ
ပျောက်ကွယ်သွားရာ၌ ကျွန်တော်တို့၏ညစာလည်း ပါသွားလေ
တော့ပြီ။ ကောင်းကင်၌ အရိပ်မည်းကြီးတက်သွားပြီး ကြယ်များ
အောက်၌ ရောမတောင်ပံကြီးဖြန့်၍ ကျွန်တော်တို့၏ အထ
တောင်ကလပ်ပေါ် ရောက်ရှိပျောက်ကွယ်သွားလေသည်။

"ပရော်ဖက်ဆာချလင်ဂျာ" ဆမ်မာလီက စိတ်ခံ
ကြောင်း တုန်ယင်နေသည့်အသံဖြင့် လေးလေးနက်နက်ပြော
သည်။ "ခင်ဗျားကို ကျုပ်တောင်းပန်ပါတယ်ဗျာ၊ ကျုပ်အမှ
ကြီးမှားခဲ့ပါကော၊ အတိတ်ကဖြစ်ရပ်တွေကို ခင်ဗျား မေ့ပျော





ပစ်လိုက်ဖို့ ကျုပ်မေတ္တာရပ်ခံပါတယ်"

ပထမအကြိမ်အဖြစ် လူကြီးနှစ်ဦးလက်ဆွဲနှုတ်ဆက်ကြ
ပါသည်။ ကာရိဒက်ကိုင်လ်ကို ထင်ရှားကွဲပြားမြင်လိုက်ရခြင်း
အတွက် ဤအချက်ကို ကျွန်တော်တို့အမြတ်ရလိုက်ပေသည်
တကား။ ညစာအသုတ်ခံလိုက်ရခြင်းနှင့်စာလျှင် ဤပုဂ္ဂိုလ်နှစ်ဦး
ပေါင်းစည်းမိခြင်းက တန်ဖိုးရှိပါပေသည်။

နောက်ထပ်သုံးရက်အတွင်း၌ ကျွန်တော်တို့သည် သမိုင်း
မတင်မီ သတ္တဝါကြီးများကို မမြင်တွေ့ရပါ။ အခက်အခဲများနှင့်
ပင် ကျွန်တော်တို့ခရီးကိုဆက်ကြရပါ၏။ ရံဖန်ရံခါ ကျွန်တော်
တို့၏ ခါးအထိနက်သော ရွှံ့နွံကိုဖြတ်ကျော်ရကာ ထိုနေရာတို့၌
အဆိပ်ပြင်းသော မြွေဆိုးများကို ပစ်သတ်ရပြီး အခွင့်မသာလျှင်
အလွတ်ပြေးကြရပါသည်။ ကျောက်ကမ္ဘာရံကြီးမှာ ဤအပိုင်း၌
နိမ့်လာပါသည်။ သို့သော် တက်ရန်ကား မဖြစ်နိုင်ပါချေ။

လမ်းပန်းအခြေအနေ ဆွေးနွေးကြစဉ် ကျွန်တော်က
ပြောလိုက်၏။

"တောင်ကလပ်ပေါ်ကနေပြီး မိုးရေစီးဆင်းကျတဲ့
လမ်းကြောင်းအမှန်ရှိရမယ်လေ၊ ကျောက်တောင်ကြားတစ်နေရာ
မှာ ရေစီးကြောင်းလမ်းရှိရမှာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



ချလင်ဂျာက ကျွန်တော့်ကိုကြင်နာသော အကြည့်ဖြင့် ကြည့်ရင်းပြောပါ၏။

"ကျုပ်တို့မိတ်ဆွေလေးမှာ အတွေးအခေါ်မှန်တဲ့စိတ် ရှိကြောင်းကို ဖော်ပြပေတာပဲ"

"မိုးရေဟာ တစ်နေရာရာကိုတော့ စီးဆင်းရမှာပေါ့" ဟု ကျွန်တော်ကထပ်မံ ပြောလိုက်ပါသည်။

"ဒါပေမယ့် ရေတိုက်စားထားတဲ့လမ်းကြောင်း ကျုပ်တို့ မမြင်တွေ့ကြရပါဘူး" ဟု ချလင်ဂျာက ပြောပါသည်။

"ဒါဖြင့် မိုးရေတွေ ဘယ်သွားကုန်ကြသလဲ"

"အပြင်ဘက်စီးဆင်းမလာရင် အတွင်းဘက်ကို စီးဆင်းသွားမှာပေါ့"

BURMESE CLASSIC .com

"ဒီလိုဆိုရင် အလယ်ကောင်မှာ ရေကန်ရှိမယ်ပေါ့"

"အဲဒီလိုပဲထင်တယ်"

ဆဋ္ဌမမြောက်နေ့၌ ကျွန်တော်တို့တောင်ကလပ်ကို ပတ်သောခရီးပြီးစီး၍ ကျွန်တော်တို့၏မူလစခန်းဖြစ်သော သီးခြားကျောက်ဆောင်မြင့်နေရာသို့ ပြန်ရောက်ကြပါသည်။ ကျွန်တော်တို့တစ်ဖွဲ့လုံး စိတ်မကောင်းကြပါ။ တောင်ကလပ်ပေါ်သို့ တက်နိုင်သောလမ်း မရှိသည်မှာ သေချာသောကြောင်း ဖြစ်ပါ၏။ မေပယ်ဝှိုက်တက်ခဲ့သော လမ်းမှတက်ရန်လည်း





မဖြစ်နိုင်တော့။ ကျွန်တော်တို့ဘာလုပ်ကြတော့မည်နည်း။ ထိုည ကျွန်တော်အိပ်ရာဝင်သောအခါတွင် ချလင်ဂျာသည်မီးဖိုဘေး၌ သူ၏ကြီးမားလှသော ဦးခေါင်းကိုလက်ထောက်ရင်း အတွေးနက် လျက်ကျန်ရစ်သည်ကို သတိရမိပါ၏။

သို့သော် နံနက်ရောက်၍ ကျွန်တော်တို့ကိုနှုတ်ဆက် သောချလင်ဂျာကား ညတုန်းကနှင့် ခြားနားလှပါဘိတော့။ သူ သည် တကိုယ်တည်း ပီတိအဖြစ်ကြီးဖြစ်လျက်ရှိ၏။ နံနက်စာ စားပွဲ၌ ဆုံကြသောအခါ သူ့မျက်လုံးတို့က အရောင်တောက်နေပြီး မုတ်ဆိတ်ကြီးက အခါတိုင်းထက်ပင် ပို၍ငေါထွက်နေသည် ဆင်ပါ၏။ သူကပြောပါသည်။

"လူကြီးမင်းများခင်ဗျာ . . ကျုပ်ကို ကောင်းချီးပေးနိုင် သလို ကျုပ်တို့အချင်းချင်းလဲ ကောင်းချီးပေးနိုင်ကြပါတယ်။ ပြဿနာရဲ့အဖြေကို ကျုပ်ရပါပြီ"

"တောင်ကလပ်ပေါ်တက်ဖို့ လမ်းတွေ့ပလား"

"တွေ့ပြီလို့ဆိုနိုင်ပါတယ်"

"ဘယ်မှာလဲ"

သူက မြင့်မားသောသီးခြားကျောက်တောင်ကို ညွှန်ပြ ပါသည်။

ထိုကျောက်ဆောင်ကို မော့ကြည့်ပြီး ကျွန်တော်တို့၏စိတ်



www.burmeseclassic.com

www.burmeseclassic.com



တက်ကြွမှုမှာ ပျောက်ကွယ်သွားကြပါသည်။ ထိုကျောက်ဆောင်ပေါ်အရောက် တက်နိုင်စရာရှိပါ၏။ သို့သော် တောင်ကလပ်ပေါ်ရောက်အောင် မည်သို့ကူးကြရပါမည်နည်း။

"ဘယ်နည်းနဲ့မှ မကူးနိုင်ပါဘူး" ဟု ကျွန်တော်က ပြောလိုက်၏။ ချလင်ဂျာကပြော၏။

"ကျောက်ဆောင်ထိပ်တက်ကြမယ်လေ၊ အဲဒီရောက်တော့မှ ကျုပ်မှာတီထွင်ဉာဏ်ရှိတယ်ဆိုတာ ခင်ဗျားတို့ကိုပြပါဦးမယ်"

* * * * * *



BURMESE CLASSIC .com

## အခန်း (၉)

## ကမ္ဘာနှင့် အဆက်ပြတ်ခြင်း

နံနက်စာစားသောက်ပြီးသော် ကြိုးများထုတ်ယူ၍ သုံးပြုကာ ခက်ခက်ခဲခဲနှင့်ပင် ကျောက်ဆောင်ထိပ်သို့ရောက်ကြပါသည်။ ချလင်ဂျာသည် ရှေ့မှတက်ပြီး ကျောက်ဆောင်ထိပ်သစ်ပင်ကြီး၌ ကြိုးချည်အကူအညီပေး၍ ဆမ်မာလီနှင့် ကျွန်တော်တို့ ကျောက်ဆောင်ပေါ်အရောက် တက်နိုင်ခဲ့ကြပါသည်။ ကျောက်ဆောင်မျက်နှာပြင်သည် နှစ်ဆယ်ငါးပေခန့်လောက်ရှိ၍ မြက်များပေါက်လျက်ရှိပါသည်။

ကျောက်ဆောင်ထက်မှနေ၍ မြင်ကွင်းမှာ ကောင်းမွန်လှ



www.burmeseclassic.com

www.burmeseclassic.com



၏။ ကျွန်တော်တို့နောက်ဆုံးခရီးပိုင်း ဖြတ်သန်းလာခဲ့သောနေ ရာများကို ကောင်းစွာမြင်ရ၏။ တောအုပ်ကြီးကိုကား မျက်စိ တစ်ဆုံး ကျယ်ပြန့်စွာ တည်နေသည်ကိုမြင်နိုင်ပါ၏။

ကျွန်တော်က တောင်ကလပ်ကိုလှည့်ကြည့်လိုက်သော အခါ ကျွန်တော်တစ်ပြေးတည်း ပေလေးဆယ်ခန့်ရှိမည့် လေဟာ ပြင်ခြားနေသည့် တောင်ကလပ်ကိုမြင်ရပါ၏။ တောင်ကလပ်သို့ ရောက်အောင် မည်သို့ဖြတ်ကျော်မည်ကို ကျွန်တော်မတွေးတတ် ပါချေ။

"ဒီသစ်ပင်က ကူညီလိမ့်မယ်လေ" ဟု ချလင်ဂျာကဆို ၏။

"အလိုလေ . . တံတားခင်းမယ်"ဟု လော့ဒ်ဂျွန်က အော်ပြောလိုက်၏။

"သိပ်ဟုတ်တာပေါ့ မိတ်ဆွေများရယ်၊ ညတုန်းကတော့ ကျုပ်တို့ရဲ့အနာဂါတ်ဟာလဲ မဲမှောင်နေခဲ့တယ်၊ ဒါပေမယ့် ကျောဒဝပ်ချလင်ဂျာဟာ အခက်အခဲက ထွက်ပေါက်ကို အမြဲတွေး နေကျပါ။ ပြီးခဲ့တဲ့ညက အဖြေရအောင် ကျုပ်တစ်နာရီလောက် ခေါင်းစားခဲ့တယ်။ အဖြေက ဒီမှာလေ"

တကယ့်အကြံကောင်းပင် ဖြစ်ပါပေ၏။ သစ်ပင်သည် ပေခြောက်ဆယ်ခန့်မြင့်လေရာ အလိုရှိသည့်လမ်းအတိုင်း လဲကျ





ခဲ့သော် တစ်ဖက်တောင်ကလပ်သို့ ကောင်းစွာရောက်ပါသည်။ ချလင်ဂျာက ပုဆိန်တစ်လက်ယူခဲ့ရာ ၎င်းပုဆိန်ကို ကျွန်တော့် အားလှမ်းပေးပါသည်။

"ကျုပ်တို့မိတ်ဆွေလေးက သန်စွမ်းပါတယ်၊ ဒီအလုပ် အတွက်တော့ အသုံးအတည့်ဆုံးလို့ ထင်ပါတယ်။ ဘယ်လိုပဲ ဖြစ်ဖြစ် မောင်ထင်သလို မလုပ်ဖို့၊ ပြောသလိုတိတိကျကျလုပ်ဖို့ တောင်းပန်ရမှာပဲ"

ချလင်ဂျာညွှန်ကြားသည့်အတိုင်း ကျွန်တော်က သစ်ပင် ကိုခုတ်ဖြတ်၍ လော့ဒ်ဂျွန်က ကျွန်တော့်ကိုကူညီပါသည်။ တစ်နာရီကျော်ကျော်၌ သစ်ပင်လဲကျကာ အကိုင်းများက တောင် ကလပ်ပေါ်ရှိ ချုံဖုတ်များကြားမြုပ်သွားပါ၏။ ပင်စည်သည် ကျောက်ဆောင်စွန်းသို့ လိမ့်သွား၏။ အောက်သို့ထိုးကျသွား လေမလားဟု ကျွန်တော်တို့စိတ်ပူကြရသေးသည်။ သို့သော် အစွန်းနှင့်လက်မအနည်းငယ်အကွာ၌ ပင်စည်ကရပ်သွားပါလေ သည်။ ကမ္ဘာ့သစ်အတွက် တံတားကားအသင့်ရှိလေပြီတည်း။

ကျွန်တော်တို့အားလုံး စကားတစ်ခွန်းမျှ မဆိုနိုင်ကြပဲ ဆရာဖက်ဆာနှင့် လက်ဆွဲနှုတ်ဆက်ကြပါသည်။ သူက ဦးထုပ် ကိုမ၍ တစ်ဦးစီကိုအလေးအနက်ဦးညွှတ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘာမှမသိရသေးတဲ့ ကမ္ဘာသစ်ကိုဂုဏ်ယူဖြတ်ကူးဖို့ ပထမလူအဖြစ် ကျုပ်တောင်းဆိုပါတယ်" ဟု ချလင်ဂျာကပြော၏။

သူက သစ်လုံးတံသို့ချဉ်းကပ်စဉ် လော့ဒ်ဂျွန်က သူ၏ အင်္ကျီကိုလှမ်းကိုင်ရင်း စကားဆိုပါသည်။

"မိတ်ဆွေကြီးခင်ဗျား . . ကျွန်တော်ခွင့်မပြုနိုင်ပါဘူး"

"ခွင့်မပြုနိုင်ဘူး ဟုတ်ပါစ ခင်ဗျာ" ဦးခေါင်းက နောက်လှည့်လာပြီး မုတ်ဆိတ်ကငေါ်ထွက်လာပါ၏။

"သိပ္ပံပညာကိစ္စဆိုရင် ကျွန်တော်ဟာ ခင်ဗျားရဲ့နောက်လိုက်ဆိုတာ ခင်ဗျားအသိပါပဲ၊ ဘာပြုလို့လဲဆိုတော့ ခင်ဗျားက သိပ္ပံပညာရှင်ပေကိုး၊ ဒါပေမယ့် ကျွန်တော့်ကဏ္ဍကျတော့လဲ ကျွန်တော်ခေါင်းဆောင်ရလိမ့်မယ်။ ခင်ဗျားနောက်လိုက်လုပ်ရမှာပဲ"

"မောင်ရင့်ကဏ္ဍ . . ဟုတ်ပါစ"

"ကျွန်တော့်တို့ အသီးသီးမှာ ကျွမ်းကျင်မှုကိုယ်စီရှိကြပါတယ်။ ကျွန်တော်တို့ကျွမ်းကျင်မှုက စစ်ရေးစစ်ရာတိုက်ခိုက်မှုပါ။ ကျွန်တော်တို့ဟာ ရန်သူဒုနဲ့ဒေးရှိနိုင်တဲ့ နယ်မြေသစ်ကို ဝင်ကြရမှာပါ၊ ဂရုတစိုက်သွားကြရမှာပါ"





ဤစကားကို မှန်ကြောင်း ညီညွတ်သဖြင့် ချလင်ဂျာ နေဖြင့် လျစ်လျူမရှုသာပါချေ။

"ကောင်းပါပြီ ခင်ဗျား၊ ဘာများအကြံပြုလိုပါသလဲ"

"မကိုနီနဲ့ ကျွန်တော်ပြန်ဆင်းပြီး သေနတ်လေးလက်ယူ ာပါမယ်၊ ဂိုမက်နဲ့ တစ်ယောက်လဲ ခေါ်လာပါမယ်၊ ဒီနောက် ာစ်ခြားလူတွေ သေနတ်အသင့်ကိုင်ထားပြီး တစ်ယောက်က ဖြတ်ကူးရမှာပါ"

ချလင်ဂျာက ထိုင်ချလိုက်ပြီး စိတ်မရှည်စွာ ညည်းညူ ိက်ပါ၏။ သို့သော် ဆမ်မာလီနှင့် ကျွန်တော်က လော့ဒ်ဂျွန်၏ ဆိုကိုသဘောတူကြပါသည်။ ကျွန်တော်တို့ပြန်ဆင်းကြ၏။ ုးကနေရာတကျရှိနေပြီးဖြစ်၍ လွယ်ကူလေရာ တစ်နာရီမကြာ ကျွန်တော်တို့ပြန်ရောက်လာကြပါသည်။ ကပြားများလည်း ာက်လာကြပါသည်။ ကျွန်တော်တို့၏ ပထမဆုံးလှေလာရေး ကြာကောင်းကြာမည်ဖြစ်၍ ရိက္ခာများသယ်ယူခဲ့ကြပါသည်။

"ချလင်ဂျာ . . ခင်ဗျား အခုပထမဆုံးသွားလိုတယ် ဆိုရင်"

"ခင်ဗျားရဲ့ကြင်နာခွင့်ပြုမှုကို တကယ်ကျေးဇူးတင်လှပါ ာယ်" စိတ်ဆိုးနေသည့် ပရော်ဖက်ဆာက ပြောလိုက်၏။ "ခင်ဗျားခွင့်ပြုမှတော့ ကျုပ်ပထမဆုံး ဖြတ်ကူးပါမယ်"



www.burmeseclassic.com

www.burmeseclassic.com



သူက သစ်လုံးကိုခွထိုင်၍ လက်ထောက်အားပြကြာ ကိုယ်ကိုရွေ့၍ ဖြတ်ကူးပါသည်။ မကြာမြင့်ပဲ တစ်ဖက်သို့ရောက် သွားပါသည်။

"အောင်ပြီ .. အောင်ပြီ" ဟုအော်ဟစ်လိုက်ပါသည်။

တစ်စုံတစ်ခုက ထွက်လာတိုက်ခိုက်မည်လားဟု စောင့်ကြည့်နေရာ မဖြစ်လာပါ။ အားလုံးငြိမ်သက်နေပါသည်။

ဆမ်မာလီက ဒုတိယဖြတ်ကူးပါသည်။ သေနတ်နှစ်လက် ကို စလွယ်သိုင်းယူသွားပါ၏။ တစ်လက်က သူ့အတွက်၊ တစ် လက်က ချလင်ဂျာအတွက်ဖြစ်ပါ၏။ ထို့နောက် ကျွန်တော်ဖြတ် ကူးပါသည်။ နက်ရှိုင်းလွန်းလှသော အောက်ဘက်ရှိ မြေပြင်ကို ငုံ့မကြည့်မိအောင် ဂရုစိုက်ရပါသည်။ ထို့နောက် လော့ဒ်ဂျွန် ဖြတ်ကူးပါသည်။ သူသည် လမ်းလျှောက်ဖူးပါသည်။ တစ်စုံတစ် ခု အထိန်းအမတ်မရှိပဲ တကယ်လမ်းလျှောက်ကူးခြင်း ဖြစ်ပါ၏။ သူကား ကြောက်သည်ဆိုခြင်းကို နားမလည်သူပေတကား။

ကျွန်တော်တို့ကား ကမ္ဘာနှင့်ကင်းကွာနေသည့် လောက သစ်၊ သို့မဟုတ် မေပယ်ဝှိုက်၏ကမ္ဘာသို့ ရောက်ကြပြီတည်း။ ကျွန်တော်တို့အားလုံးအဖို့ အကြီးမားဆုံးအန္တရာယ်ကြီး ရှိနေလိမ့် မည်ဟု မည်သူတွေးမိပါအံ့နည်း။ ကျွန်တော်တို့သည် ကမ္ဘာ့စွန်း ကိုကျော်ခိုင်း၍ နယ်မြေသစ်အတွင်းသို့ ခြေလှမ်းဝင်စတွင်





နောက်ဘက်မှ ပြိုကျသံကြီးတစ်ခု ပေါ်ထွက်လာပါ၏။ ကျွန် တော်တို့က အကျိုးအကြောင်းသိနိုင်အောင် နောက်ပြန်ပြေးရ၏။ သစ်တုံးကား လုံးဝမရှိတော့လေပြီ။

တောင်ခြေရင်းဌ်ကျိုးနေပြီဖြစ်သော သစ်တုံးကိုမြင်ရပါ သည်။ တစ်ဖက်ရှိကျောက်ဆောင်ပေါ်မှ ဂိုမက်မျက်နှာမြင်ရစဉ် အံ့တားမည်သို့ကျရလေသနည်းဟု ကျွန်တော်တွေးနေမိပါ၏။ ဂိုမက်၏မျက်နှာပေါ်မှအပြုံးမှာ မြင်ရနေကျပုံမျိုးမဟုတ်ပါ။ သူ့မျက်လုံးတို့က တောက်ပနေ၏။ သူ့မျက်နှာပေါ်ဝယ် လက်စား ချေရသဖြင့် ဖြစ်ပေါ်လာသော ပျော်ရွှင်မှုပေါ်လွှင်နေ၏။

"လော့ဒ်ဂျွန်ရောက်စတန်" ဟု ဂိုမက်အော်ခေါ်သည်။

"ဟေး . . ငါဒီမှာပေါ့" ဟု ကျွန်တော်တို့မိတ်ဆွေက ပြော၏။

"ဟုတ်တယ် .. မင်းအဲဒီမှာ အင်္ဂလိပ်ခွေးကောင်၊ မင်း. . အဲဒီမှာပဲ နေရတော့မယ်၊ ငါ တစ်စောင့်တည်းစောင့်လာရတာ၊ အခုချက်ကောင်းတွေ့ပြီလေ . . တောင်ကလပ်ပေါ်တက်ဖို့ သိပ် ခက်ခဲတာ တွေ့ခဲ့ပြီမဟုတ်လား၊ ပြန်ဆင်းဖို့ပိုခက်ခဲတာကို မင်း တွေ့ရလိမ့်မယ်"

ကျွန်တော်တို့မှာ အံ့သြလွန်းလှသဖြင့် စကားပင် မပြော နိုင်ကြ။



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



ဂိုမက်က ဆက်ပြောသည်။

"ဂူမှာတုန်းက ကျောက်တုံးလိမ့်ချပြီး သတ်နိုင်ခဲ့ မလို့ပဲ၊ ဒါပေမယ့် ခုဟာက ပိုကောင်းပါတယ်၊ တမြည့်မြ ကြေပြီး သေရမှာပါ၊ ပိုပြီးကြောက်စရာကောင်းတယ်၊ မင်းအ တွေ ဖြူရော်ကုန်တဲ့အထိ မင်းဘယ်မှာရှိနေတယ်ဆိုတာ ဘယ် မှ သိကြမှာမဟုတ်ဘူး၊ မင်းအသင်ငင်ပြီး လဲနေတဲ့အချိန် လွန်ခဲ့တဲ့ငါးနှစ်တုန်းက မင်းပစ်သတ်ခဲ့တဲ့ လိုပက်စ်ကို သ လိုက်ပါ။ ငါက သူ့အစ်ကိုပဲ အခုလက်စားချေပြီးလို့ ငါ ပျော်ကြီးသေနိုင်ပြီ"

သို့ရာတွင် ရောက်စတန်ကား၊ ဤအပြုအမူမျိုး စိတ် လက်ချမြှ ရနိုင်သောလူစား မဟုတ်ချေတကား။ ကပြား ကျောက်ဆောင်ပေါ်မှ ဆင်းသက်စအပြုတွင် လော့ဒ်ဖွ သေနတ်ဖြင့် ပစ်ခတ်လိုက်၏။ အော်သံနှင့် မရှေးမနှေး လူတစ်ယောက် ကျသွားသံကြားလိုက်ကြရ၏။ တင်းမာ မျက်နှာနှင့် ရောက်စတန်က ကျွန်တော်တို့ဘက် လှည့်လိုက်

"ကျွန်တော်ဟာ တကယ့်တော့ပဲ၊ သူ့တို့ အမှတ်အ ကြီးတာကို သတိထားခဲ့မိဖို့ကောင်းတယ်၊ ခင်ဗျားတို့အ ဒီဒုက္ခထဲရောက်ရတာ ကျွန်တော့်အပြစ်ပါပဲ"

လျှို့ဝှက်ဆန်းကြယ် မဂ္ဂဇင်းတိုက်



"နောက်တစ်ယောက်ကော ဘယ်လိုလဲ၊ သစ်ပင်ကို တွန်းချဖို့ နှစ်ယောက်မှဖြစ်မှာ"

"သူ့ကိုပစ်ချနိုင်ပါတယ်၊ ဒါပေမယ့် ချမ်းသာပေးလိုက်ပါတယ်၊ သူပါမယ် မဟုတ်ပါဘူး"

ယခုအခါတွင် ပြီးခဲ့သောအပိုင်းတုန်းက ကပြား၏ပြုမူပုံနှင့် မတ်သက်သော ရည်ရွယ်ချက်ကို ကျွန်တော်တို့အသီးသီး နားလည်ကြရပါသည်။ သူသည် ကျွန်တော်တို့၏အစီအစဉ်ကို အမြဲသိချင်နေခဲ့၏။ ကျွန်တော်တို့စကားကိုလဲ အပြင်မှချောင်းနားထောင်စဉ်တစ်ကြိမ် အမိခံခဲ့ရ၏။ ကျွန်တော်တို့၏အကြောင်းအရာပြောနေကြစဉ် တောင်အောက်၌ ဖြစ်ရပ်တစ်ခုပေါ်ပေါက်နေ၏။ ကပြားကထွက်ပြေးနေပြီး ဇမ်ဘိုက နောက်မှလိုက်နေ၏။ ဇမ်ဘိုကမီလာပြီး နောက်မှစုန်အုပ်ကာ ကပြား၏လည်ပင်းကို လက်မောင်းဖြင့် ညှစ်လိုက်လေသည်။ သူတို့မြေပြင်၌ လိမ့်နေကြ၏။ ခဏရှိသော ဇမ်ဘိုမတ်တစ်ရပ်လိုက်ပြီး ဝမ်းသာအားဖြင့် ကျွန်တော်တို့ကို လက်ဝှေ့ယမ်းပြသည်။ ကပြားကား မြေပြင်၌ လဲကျလျက်ပင်။

ကျွန်တော်တို့၏ ရန်သူတို့ကား သေကြပြီ၊ သို့သော် သူတို့မွေးထုတ်ခဲ့သော အကုသိုလ်ကောင်ကား အသက်ရှင်လျက်ရှိသေးသည်တကား။ ကျွန်တော်တို့ကား မည်သည့်နည်းဖြင့်မှ

လျှို့ဝှက်ဆန်းကြယ် မဂ္ဂဇင်းတိုက်

www.burmeseclassic.com

www.burmeseclassic.com



ကျောက်ဆောင်ပေါ်သို့ ပြန်ရောက်နိုင်မည် မဟုတ်တော့ပါ
ယခင်က ကျွန်တော်တို့သည် ကမ္ဘာလူသားများဖြစ်ခဲ့ကြ
ယခုသော် ကျွန်တော်တို့သည် တောင်ကလပ်၏ရင်သွေးများ
ဖြစ်ကြရလေပြီ။ တောင်ကလပ်နှင့် ကျောက်ဆောင်မှာ ကွာလှ
လှ၏။ ကျောက်ဆောင်သို့ပြန်ကူးရန် အဘယ်မျှလိမ္မာသောလူ
အသိဉာဏ်ကမျှ တံတားတစ်ခု ထပ်မံတည်ဆောက်မနိုင်ပါချေ
ထောက်မျှသောအချိန်က ကျွန်တော်တို့ဘဝ၏အခြေအနေ
ပြောင်းလဲပစ်လိုက်လေပြီ။

ထိုအချိန်ကလေးမှာ ကျွန်တော်တို့ရဲဘော်များ၏ အရှုံး
အရှုံးကို သုံးသပ်ဖို့ဖြစ်လာခြင်းဟုလည်း ယူဆရ၏။ သူတို့သည်
အမှန်တကယ် အလေးအနက်ဖြစ်နေကြပါ၏။ အားထုတ်စဉ်းစား
နေကြပါ၏။ သို့သော် တည်ငြိမ်မှုအပြည့်အဝ ရှိကြပါပေသည်။
ကျွန်တော်တို့သည် ဇမ်ဘို၏အလာကို စောင့်ကြည့်ရ၏။ မကြာ
မီ သူ၏ရိုးသားလှသောအသွင်ဆောင်သည့် မျက်နှာမည်းကြီး
ကျောက်ဆောင်ထက်မှ ပေါ်လာ၏။

"အခု ကျွန်တော်ဘာလုပ်ရမလဲ ခင်ဗျာ" ဟု သူ
မေးသည်။

ကျွန်တော်တို့အားထားခဲ့ပြီး ထွက်မသွားရန်သာပြောရုံ
တစ်ခြားပြောစရာ စဉ်းစားမရကြ။





"မသွားပါဘူး . . မသွားပါဘူး၊ ကျွန်တော် ခွဲမသွားပါ
ဘူး၊ ကျွန်တော့်ကို ဒီနေရာမှာ အမြဲတွေ့ရမှာပါ၊ ဒါပေမယ့်
အင်ဒီယန်းတွေကတော့ နေကြမှာ မဟုတ်ဘူး၊ သူတို့က ကူရူပူ
ရီကို ကြောက်ကြတယ်"

ဇမ်ဘို၏စကားမှန်ကြောင်း ကျွန်တော်တို့သိကြပါသည်။
အင်ဒီယန်းများ နောက်တစ်ရက်မှသွားကြစေရန် သူ့ကိုအပြော
ခိုင်းရပါသည်။ ကျွန်တော်၏စာတစ်စောင် ၎င်းတို့အပြန်နှင့်
ပြန်ပို့နိုင်ရန်ဖြစ်ပါသည်။ ထို့နောက် ကျွန်တော်တို့၏ စေခိုင်း
ချက်အရ တောင်တက်ရာ၌ အသုံးပြုခဲ့သောကြိုးကို ဇမ်ဘိုက
ကျွန်တော်တို့ထံ ပစ်ပေးခဲ့ပါသည်။ သူက ကြိုးစတစ်ဖက်၌
အစားအစာနှင့်အသုံးအဆောင်များ ချည်နှောင်ပေး၍ ကျွန်တော်
တို့က ဆွဲယူနိုင်ကြပါသည်။ သို့နှင့် တောင်ကလပ်ပေါ်၌ ဘာမျှ
မတွေ့မရသည့်တိုင်အောင် ကျွန်တော်တို့သည် တစ်ပတ်စာခန့်
စားသောက်ရန် ဖူလုံပါတော့သည်။

ထို့နောက် သူတောင်အောက် ဆင်းကာ ကျွန်တော်တို့
အတွက် အသုံးဝင်သောပစ္စည်းအချို့ ယူပေးပြန်ပါသည်။ ဇမ်ဘို
အလုပ်ပြီးသော် ညနေချိန်ဖြစ်ခဲ့လေ ပြီ။ တောင်ကလပ်အစွန်း
၌ပင်စခန်းချ၍ မီးမထွန်းညှိသည့်အပြင် မလိုအပ်ဘဲအသံမ
ထွက်စေကြပါ။ ထိုညအိပ်ရာဝင်စဉ်၌ ကျွန်တော်တို့သည်



www.burmeseclassic.com

www.burmeseclassic.com



ကမ္ဘာသို့ပြန်လည်ရောက်ရန် မျှော်လင့်ချက်ဟူ၍ အသိမျှသာ ရှိကြပါတော့သည်။ ကြိုးနှင့်ဆင်းရန်အတွက်ဆိုသော် ကြိုးမှာ တို လွန်းလှပါ၏။ ဤမှာဘက် ကမ္ဘာတွင် သစ်ပင်ကြီး လည်းမရှိပါ။ ကမ္ဘာစွန်းသို့ ကျွန်တော်တို့သည် သစ်ပင်ကြီး သယ်ယူလာနိုင်ဖွယ် မရှိပါ။ ကျွန်တော်တို့၏အခြေအနေကား မျှော်လင့်ချက်မဲ့မှ တကယ့်မျှော်လင့်ချက်မဲ့ပေတည်း။

* * * * * *

လျှို့ဝှက်ဆန်းကြယ် မဂ္ဂဇင်းတိုက်

## အခန်း(၁၀)

### မေပယ်ပွိုက်၏ ကမ္ဘာ

ဂိုမက်၏လက်ချက်ကြောင့် တောင်ကလပ်ပေါ်၌ ကျွန် တော်တို့ ထောင်ချောက်မိသလိုရှိရပြီး နောက်တစ်နေ့နံနက်တွင် ကျွန်တော်တို့၏ ဘဝသစ်စတင်လေတော့သည်။ ပထမဆုံးဖြစ် သည် ကျွန်တော်တို့အဖို့ ကမ္ဘာသစ်နှင့် ပတ်သက်၍ကောင်း သောထင်မြင်ချက် မဖြစ်ပေါ်စေခဲ့ပါ။ နံနက် ကျွန်တော်အိပ်ရာ ထတွင် ကျွန်တော်၏ခြေထောက်၌ ထူးဆန်းသောအရာကလေး မြင်ရပါသည်။ အနီရောင်ဘောလုံးကလေး အသွင်ရှိပါသည်။ ညှစ်ဖြင့် ကျွန်တော်ကရှေ့သို့ကိုင်း၍ ဖယ်ရှားပစ်ရန် ယူလိုက် သောအခါ ထိုအရာသည် လက်မနှင့်လက်ချောင်းကြား၌ ပေါက် သွားကာ သွေးတို့ကအရပ်ရှစ်မျက်နှာသို့ စင်ထွက်ကြပါသည်။

လျှို့ဝှက်ဆန်းကြယ် မဂ္ဂဇင်းတိုက်

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်၏စပ်ဆုပ်တုန်လှုပ်စွာ အော်ဟစ်သံက ပရော်ဖက်ဆာ နှစ်ဦးကို အပါးသို့ရောက်လာစေခဲ့ပါသည်။

ဆမ်မာလီက ကျွန်တော်၏ခြေထောက်ပေါ် ကိုင်ကြည့် ရင်းပြောပါ၏။

"စိတ်ဝင်စားစရာ အကောင်းဆုံးပဲ၊ သွေးစုပ်ပိုးမွှားတ မျိုးပေါ့၊ ဒါပေမယ့် ကြီးလှတယ်၊ အခုထိ သိပ္ပံလောကက မ သေးဘူးထင်တယ်"

ကျုပ်တို့လုပ်ငန်းရဲ့ ပထမဆုံးအကျိုးသက်ရောက်မှုပဲ" ချလင်ဂျာက အသံသြသြကြီးနှင့် ပြောပါသည်။

"မောင်ရင့်နာမည်ကို မှည့်ခေါ်ဖို့ပဲ မစ္စတာမကိုနီ မောင်ခံစားလိုက်ရတဲ့ အဆင်မပြေမှုကလေးဟာ အသေးအဖွဲ ပိုးမွှားတစ်ကောင်ကို အမည်တပ်ပေးပြီး မောင့်အမည်ထာ ရှင်သန်နေခွင့်ရတာက ဂုဏ်ယူစရာပါ၊ ကံဆိုးချင်တော့ မောင် ကပိုးကောင်ကို ဖျက်စီးပစ်လိုက်တယ်"

"ရှုံစရာကြီးဗျာ"ဟု ကျွန်တော်ကပြောလိုက်၏။

ပရော်ဖက်ဆာချလင်ဂျာက မျက်ခုံးမည်းကြီးကို လိုက်၏။

"မောင်ဟာ သိပ္ပံပညာရှင်လိုတွေးခေါ်နိုင်အောင် ကြိုး သင့်တယ် ကျုပ်အဖို့တော့ ဒီပိုးမွှားဟာ သဘာဝကြီးရဲ့အလှ





ကဲရာဖြစ်တယ်၊ မောင့်အပြောကိုကြားရတာ ကျုပ်ဝမ်းနည်းပါ ယ်၊ တစ်ခြားတစ်ကောင်လောက်တော့ ကျုပ်တို့ထပ်တွေ့နိုင် ကောင်းပါရဲ့"

"အဲဒါတော့ သံသယဖြစ်စရာ မရှိပါဘူး၊ ဘာပြုလို့လဲ ဆိုတော့ ပိုးမွှားတစ်ကောင်ဟာ ခုပဲခင်ဗျားကော်လာအောက် ငင်သွားလို့ပါ" ဟု ဆမ်မာလီက ပြောလိုက်ပါသည်။

ချလင်ဂျာသည် ခြင်္သေ့ကြီးတစ်ကောင်လို အော်လိုက်၍ ခုန်တော့၏။ သူ၏ကုတ်အင်္ကျီနှင့် ရှပ်အင်္ကျီကို အရူးအမူးဆွဲ တ်နေပါ၏။ ဆမ်မာလီနှင့် ကျွန်တော်မှာ ရယ်မောရလွန်း၍ ကောင်းစွာပင် မကူနိုင်အောင်ရှိပါ၏။ သို့သော် နောက်ဆုံး၌ ချလင်ဂျာအား မကိုက်ခဲ့မီပင် ပိုးမွှားကိုတွေ့ကြပါသည်။ မည်သို့ င်ဖြစ်စေ ကျွန်တော်တို့စခန်းနေရာ ရွှေ့ပြောင်းရမည်မှာ ရှင်း ပါပေ၏။ အကြောင်းမှာ ပတ်ပတ်လည်၌ရှိ ချုံများ၌ မနှစ်မြို့ရာ ရာများ အပြည့်ရှိနေကြပေသည်။

သို့သော် ရှေးဦးစွာ ဇမ်ဘိုနှင့် အစီအစဉ်လုပ်ရပါသေး သည်။ သူက ရိက္ခာအချို့ထပ်ယူလာပါသေးသည်။ ကျန်ရိက္ခာ များကို လုပ်ခအဖြစ်လည်းကောင်း၊ အမေဇုန်သို့ ကျွန်တော်၏ ယူဆောင်သွားရန်အတွက်လည်းကောင်း၊ အင်ဒီယန်းများကို



www.burmeseclassic.com

www.burmeseclassic.com



ပေးလိုက်ရန်ပြောကြားလိုက်ပါသည်။ နာရီအနည်းငယ်ရှိ
ကျွန်တော်တို့လာခဲ့ရာ လမ်းတစ်လျှောက် ပြန်လည်ထွက်ခွာ
ကြသော အင်ဒီယန်းများကို မြင်ရပါသည်။ ဖမ်ဘိုတစ်ဦးတ
ကျွန်ရစ်ကာ တောင်ကလပ်ခြေရင်းရှိ ရွက်ဖျင်တဲကလေး၌
ပါသည်။ သူကား ကျွန်တော်တို့အဖို့ ပြင်ပကမ္ဘာကြီးနှင့် ဆ
သွယ်ရာ တစ်ဦးတည်းသော လူသားပေတည်း။

ထို့နောက် ကျွန်တော်တို့၏ စခန်းရွှေ့ပြောင်းပါသည်
ပို၍သင့်လျော်သောနေရာ ချုံဖုတ်များရှင်း၍ သစ်ပင်ကြီးတို့မှ
လျက် အလယ်ကောင်၌ ကျောက်ပြားငယ်များနှင့် အနီး၌ ရေ
တစ်ခုရှိနေပါသည်။ သက်ရှိအသံဟူ၍ ငှက်မြည်သံတို့
ကြားရပါသည်။

ကျွန်တော်တို့က ပစ္စည်းများကို စစ်ဆေးကြည့်ရှုရာ ရိ
မှာ သီတင်းပတ်အတော်များများအတွက် လုံလောက်ကြော
တွေ့ရပါသည်။ ကျွန်တော်တို့တွင် သေနတ်များလည်းရှိ၍ ၎င်း
အတွက် ခဲယမ်းအမြောက်အမြားလည်းရှိပါသည်။ ကျွန်တော်
တ ချုံဖုတ်များကို ပုဆိန်များဖြင့် ခုတ်ထွင်၍ စခန်းကိုဝိုင်းပ
ထားပါသည်။ ခုတ်တရက်အန္တရာယ်ကြုံတွေ့သော် ခိုလှုံရန်
မြဲသောဌာနဟု သတ်မှတ်ထားပါသည်။ ၎င်းကို "ချလင်ဂျာခံတပ်"
ဟုအမည်ပေးလိုက်ကြပါသည်။





ကျွန်တော်တို့အလုပ်လက်စမသတ်မီ မွန်းတည့်ချိန်ရောက်
ခဲ့ပါသည်။ သို့သော် တောင်ကလပ်ပေါ်၌ သိပ်မပူပြင်းလှပါ။
သစ်ပင်ကြီးများ၏သစ်ကိုင်းတို့ကို ကျွန်တော်တို့ခံတပ်အပေါ်
ဖြန့်ကြက်နေကြပါသည်။ ထိုအရိပ်အာဝါသအောက်၌ ထိုင်ကြ
ကာ ကျွန်တော်တို့ရှေ့လုပ်ငန်းစဉ်ကို ဆွေးနွေးကြပါသည်။

လော့ဒ်ဂျွန်ကပြော၏။

"လူသားတွေက .. ဒါမှမဟုတ် တိရစ္ဆာန်တွေက ကျွန်
တော်တို့ကို မမြင်မကြားသေးသမျှ လုံခြုံမှုရှိနေမှာပဲ၊ ကျွန်တော်တို့
ဒီမယ်ရှိနေတယ်ဆိုတာ သိသွားတဲ့အချိန်ကစပြီး အန္တရာယ်လာ
တော့မှာပဲ၊ အခုထိတော့ ကျွန်တော်တို့ကိုမြင်တဲ့ လက္ခဏာမရှိ
သေးဘူး၊ ဒါကြောင့် သိုသိုသိပ်သိပ် တိတ်တိတ်နေပြီး တတ်နိုင်
သမျှ ရှုးစမ်းလေ့လာကြဖို့ပဲ"

"ဟုတ်တာပေါ့ . . ရှေ့တိုးကြရမှာပဲ၊ ဒါပေမယ့် သတိ
ထားရမှာပေါ့ . . ကျွန်တော်တို့စခန်းပြန် မလျှောက်နိုင်အောင်
ဝေးကွာတဲ့နေရာအထိ မသွားကြရဘူး၊ အရေးကြီးဆုံးအချက်က
တော့ သေရေးရှင်ရေးကိစ္စမှ မဟုတ်ရင် သေနတ်မပစ်ကြဖို့ပဲ"

"ဒါပေမယ့် မနေ့က ခင်ဗျားပစ်ခဲ့တယ်လေ"

"မပစ်လို့မဖြစ်ပဲကိုး . . ဒါပေမယ့် လေပြင်းတိုက်ပြီး



www.burmeseclassic.com

www.burmeseclassic.com



လေကြောင်းက တောင်ကလပ်အပြင်ထွက်နေတယ်။ ဒါကြောင့် ဆောင်ကလပ်ပေါ်က သိပ်ကြားရမယ် မဟုတ်ဘူး၊ ဒါထက် ဒီ တောင်ကလပ်ကို ဘယ်လိုအမည်ခေါ်ကြမလဲ"

အမျိုးမျိုးအကြံပေးကြရာတွင် ချလင်ဂျာ၏အကြံမှာ အကောင်းဆုံးဖြစ်ပါ၏။

"အမည်တစ်ခုပဲမှည့်ခေါ်နိုင်တာကိုး၊ ဒီတော့ သူ့ကို တွေ့ရှိသူရဲ့အမည်ပဲ ခေါ်ရမှာပေါ့၊ တောင်ကလပ်ရဲ့အမည်ဟာ မေပယ်ဝှိုက်ကမ္ဘာလေ"

ဤအမည်တိုင်း ခေါ်ရန်ဆုံးဖြတ်ကြပါသည်။ နောင်အခါ ထုတ်ဝေမည့်မြေပုံများ၌ ထိုအမည်ပါလာလိမ့်မည်ဟု ကျွန်တော် မျှော်လင့်ပါသည်။

မေပယ်ဝှိုက်၏ပန်းချီကားများအရ အန္တရာယ်အကြီးဆုံး တိရစ္ဆာန်ကြီးများကို တွေ့နိုင်ဖွယ်ရှိသလို တောင်ကလပ်ခြေရင်း၌တွေ့ခဲ့ရသော အရိုးစုကိုသတိရသည့်အခါ လိုလားလက်ခံ ဖိတ်ရှိမည် မဟုတ်သောလူသားများကိုလည်း ရင်ဆိုင်ရလိမ့်မည်ဟု ယူဆမိပါသည်။ ကျွန်တော်တို့သည် မိမိကိုကာကွယ်ရေး အတွက် အမြဲသတိရှိနေရမည်ဟု လော့ဒ်ဂျွန်ကပြောခဲ့သော စကားမှာမှန်ကန်ပါပေသည်။

လျှို့ဝှက်ဆန်းကြယ် မဂ္ဂဇင်းတိုက်



သို့သော် ကျွန်တော်တို့သည် အချိန်ရှိသမျှ စခန်းအတွင်း၌သာ မနေနိုင်ကြပါ။ နယ်မြေသစ်ကို လှည့်လည်လေ့လာလိုကြသဖြင့် စိတ်မရှည်နိုင်အောင်ပင် ဖြစ်နေကြပါသည်။ ထို့ကြောင့် ကျွန်တော်တို့၏ စခန်းအဝင်ပေါက်ကို ချုံဖုတ်တို့ဖြင့် ပိတ်ဆို့ကာ သတိကြီးစွာဖြင့် ဘာမျှမသိရသေး သောကမ္ဘာသစ်သို့ထွက်ခဲ့ကြပါသည်။ ကျွန်တော်တို့သည် စမ်းချောင်းကလေးအတိုင်း လိုက်ခဲ့ကြပါသည်။ စမ်းချောင်းကလေးက အပြန်လမ်းကိုအမြဲညွှန်ပြနေပါလိမ့်မည်။

အံ့သြဖွယ် အရာဝတ္ထုများသည် ကျွန်တော်တို့ကို အသင့်စောင့်ဆိုင်းနေကြပါ၏။ ကျွန်တော်တို့ အမျိုးအမည်မသိသော သစ်ပင်များရှိပါသည်။ ကျွန်တော်တို့၏မြေအောက်ကမ္ဘာမှ ၎င်းတို့ပျောက်ကွယ်ကုန်ကြသည်မှာ ကြာပြီဖြစ်သော်လည်း ပရော်ဖက်ဆာဆမ်မာလီကသိရှိ၍ ရှင်းလင်းပြောပြပါသည်။ မကြာမီ ချိုင့်တွင်းတစ်ခုသို့ ကျွန်တော်တို့ဆိုက်ရောက်လာကြပါသည်။ စမ်းချောင်းကလေးက ပို၍ကျယ်လာပါသည်။

ရှေ့မှသွားနေသည့် လော့ဒ်ဂျွန်ကရပ်တန့်လိုက်၏။

"ကြည့်စမ်းပါဦး ရောမငှက်ကြီးရဲ့ခြေရာဖြစ်ရမယ်"

ကျွန်တော်တို့၏ ရှေ့ရှိပြင်ပျော့ပျော့ပေါ်၌ ခြေချောင်း

လျှို့ဝှက်ဆန်းကြယ် မဂ္ဂဇင်းတိုက်

www.burmeseclassic.com

www.burmeseclassic.com



သုံးချောင်းနှင့် ငှက်ခြေရာကြီးကို မြင်ကြရပါသည်။ မည်သို့သော အကောင်မျိုးပင်ဖြစ်စေ ထိုသတ္တဝါကြီးသည် ရွံ့ပြင်ကိုဖြတ်၍ တောအုပ်တွင်းဝင်သွားခဲ့လေသည်။

ကျွန်တော်တို့က ရပ်တန့်၍ ခြေရာကိုလေ့လာကြသည်။ အကယ်၍ ထိုအကောင်သည် ငှက်ဖြစ်လျှင်(သို့မဟုတ် အခြားမည်သည့်အကောင်က ဤခြေရာမျိုးထင်ကျန်စေနိုင်ပါ နည်း)ထိုငှက်များစွာ အရပ်မြင့်ရပေလိမ့်မည်။ လော့ဒ်ဂျွန် စိတ်တက်ကြွစွာဖြင့် သေနတ်ကိုကျည်ထိုးလိုက်ပါသည်။ သူ ပြော၏။

"ခြေရာကလတ်ဆတ်တယ်၊ ဒီအကောင်ဖြတ်သွားတာ ဆယ်မိနစ်မကြာသေးဘူး ကြည့်လေ . . ခြေရာနက်တဲ့အပိုင်း ရေစိမ့်ဝင်တုန်းရှိသေးတယ်၊ အလို . . ဒီမှာ ခြေရာကလေးတ ခုပါကလား"

ကျွန်တော်တို့သည် ခြေရာကြီးဘေးမှပြေးလိုက်ဟန်ရှိ သောပုံစံတူခြေရာငယ်ငယ်ကလေးကို မြင်ကြရပါသည်။

"ဒါပေမယ့် ဒီဟာကိုတော့ ဘယ်လိုယူဆကြမလဲ" ဟု ဆမ်မာလီက အော်ပြောလိုက်ပါသည်။ သူညွှန်ပြသောအရာမှာ ရှေ့လူကြီး၏လက်အရာနှင့်တူသော အချောင်းငါးခုပါအရာ ထင်ရှားပြင်ဝါ၏။





"ဒိုင်နိုဆောပေါ့"ဟု ချလင်ဂျာကအော်ဟစ်ပြော၏။

"တစ်ခြားဘာကောင်ကမှ ဒီခြေရာမျိုး မဖြစ်စေနိုင်ဘူး၊ ခြေချောင်းသုံးချောင်းရှိတဲ့ ခြေထောက်နဲ့ရပ်ပြီးလမ်းလျှောက် တယ်၊ တစ်ခါတစ်လေ အချောင်းငါးချောင်းပါတဲ့ ရှေ့လက်ကို မြေကြီးပေါ်ချတတ်တယ်။ အင်္ဂလန်တောင်ပိုင်းမှာ ဒီခြေရာဟောင်း မျိုးမြင်ဖူးတယ်။ ဒါပေမယ့် အခုလိုမြင်တွေ့ရလိမ့်မယ်လို့ ဒီကမ္ဘာ ပေါ်မှာ ဘယ်သူမျှော်လင့်နိုင်မလဲ"

ချလင်ဂျာ၏စကားသည် လေသံတိုးတိုးကလေးအဖြစ် ပြောင်းလဲသွားပြီး အသံပျောက်သွား၏။ ကျွန်တော်တို့လည်း အံ့ သြလှစွာဖြင့် တိတ်ဆိတ်စွာရပ်လျက်ရှိကြ၏။ ထို့နောက် ကျွန် တော်တို့သည် ခြေရာများအတိုင်း လိုက်ကြရာ သစ်ပင်များကြား ကွက်လပ်တစ်ခုသို့ ရောက်ကြ၏။ ထိုနေရာတွင် ကျွန်တော်၏ တစ်သက်တာ မြင်ဖူးသမျှ၌ အထူးခြားဆုံးဖြစ်သော အကောင် ငါးကောင်ကိုမြင်ရလေသည်။ ကျွန်တော်တို့သည် ချုံဖုတ်များအ တွင်းဝပ်ကာ အခက်အခဲမရှိအကောင်များကို လေ့လာကြပါသည်။

ထိုနေရာတွင် အကောင်ကြီးနှစ်ကောင်နှင့် အကောင်ငယ် သုံးကောင်ရှိပါသည်။ အရွယ်ပမာဏကြီးမားလှပါ၏။ ကလေး ရွယ်အကောင်ကလေးများပင် ဆင်လောက်ကြီးပါသည်။ အကြီး



www.burmeseclassic.com

www.burmeseclassic.com



နှစ်ကောင်မှာမူ ကျွန်တော်မြင်ဖူးသမျှ တိရစ္ဆာန်များထက် အပြတ်အသက်ပင် ကြီးလှပါပေ၏။ သူတို့၏မွဲပြာရောင်အရေမှာ နေရောင်ထိုးကျသော် တလက်လက်အရောင်တောက်နေကြပါသည်။ ငါးကောင်စလုံးသည် သူတို့၏ဗျက်ကျယ်၍ အားကောင်းသောအမြီးကို အားပြုချိန်ဆကာ ထိုင်လျက်ရှိကြ၏။ သူတို့၏ငယ်သောအချောင်းငါးချောင်းပါရှေ့လက်ဖြင့် သစ်ကိုင်းများကို ဆွဲယူစားသောက်နေကြလေသည်။

ဤအံ့ဖွယ်မြင်ကွင်းကို မည်မျှကြာအောင် ကြည့်နေမိသည်ဟု ကျွန်တော်မသိတော့။ ကျွန်တော်တို့မှာ ချုံဖုတ်တွင်းကောင်းစွာပုန်းအောင်နေကြပြီး လေအောက်အရပ်၌ ဖြစ်လေရာ တွေ့ရန်မလွယ်ကူပါချေ။ မိဘဖြစ်သော အကောင်ကြီးတို့၏ခွန်အားမှာ အတိုင်းမသိဖြစ်ပါပေသည်။ အကောင်ကြီးတစ်ကောင်သည် သစ်ကိုင်းတစ်ခုကို လက်လှမ်းမမီဖြစ်နေရာ ပင်စည်ကိုလက်ဖြင့်ဆုပ်ကိုင်ကာ တစ်ပင်လုံးဆွဲနှုတ်ချလိုက်သည်မှာ စားပင်အငယ်ကလေးနှုတ်ပစ်သလို ထင်မှတ်ရပါ၏။ ထိုအပြုအမူက ခွန်အားကောင်းကြောင်း ဖော်ပြပါ၏။ သို့သော် အသိဉာဏ်ခေါင်းပါးကြောင်းလည်း ဖော်ပြနေ၏။

အဘယ့်ကြောင့်ဆိုသော် သစ်ပင်ကြီးက ထိုအကောင်၏ဦးခေါင်းပေါ်ကျရာ အော်ဟစ်လိုက်ပါသည်။ ထိုဖြစ်ရပ်က ဤ





အရပ်မှာ အန္တရာယ်ရှိသည်ဟု ၎င်းတို့အဖို့ ထင်မှတ်စေဟန်တူပါ၏။ ထိုနေရာမှ လေးလံစွာထွက်ခွာသွားရာ ၎င်း၏အဖော်နှင့်အငယ်သုံးကောင်တို့ လိုက်ပါသွားကြပါသည်။

ကျွန်တော်က အဖော်များကိုကြည့်လိုက်မိပါသည်။ လော့ဒ်ဂျွန်က သေနတ်ကိုအသင့်ကိုင်ရင်း ရပ်နေပါ၏။ သူ့မျက်လုံးတွင် မုဆိုးတစ်ယောက်၏ စိတ်တက်ကြွပုံမျိုးပေါ်လွင်နေပါ၏။ သူ့မိတ်ဆွေများကို ပြသရန်အတွက် ဤတိရစ္ဆာန်ကြီးတစ်ကောင်၏ဦးခေါင်းကို အင်္ဂလန်သို့ယူဆောင်သွားလိုသော ဆန္ဒမည်မျှပြင်းပြပါမည်နည်း။ သို့သော် သူသည် တစ်ချက်မျှမပစ်ခဲ့။ သေနတ်သံတစ်ချက်က ကမ္ဘာပျောက်၌မှီတင်းနေထိုင်ကြသူများက ကျွန်တော်တို့ရောက်လာကြောင်း သိရှိသွားစေမည်ကို သူသိ၏။ ပရော်ဖက်ဆာကြီးနှစ်ဦးကား ပျော်ရွှင်မှုအတိဖြင့် တိတ်ဆိတ်နေကြ၏။ တစ်ယောက်လက်ကိုတစ်ယောက်က ဆုပ်ကိုင်ထားကြ၏။ နှစ်ယောက်သား အံ့သြဖွယ်ရာမြင်တွေ့ရသည့် ကလေးနှစ်ယောက်နယ်ရှိတော့၏။

“ဒါကို အင်္ဂလန်ကလူတွေ ဘာပြောကြမလဲ”ဟု ဆမ်မာလီက ပျော့ပျောင်းသောအသံနှင့် ဆို၏။

“ချစ်မိတ်ဆွေကြီးဆမ်မာလီ . . သူတို့ဘာပြောကြမလဲဆိုတာကို ကျုပ်အတိအကျပြောပါ့မယ်၊ သူတို့က ခင်ဗျားကို



www.burmeseclassic.com

www.burmeseclassic.com



လူလိမ်ကြီးလို့ ပြောကြမှာပေါ့'' ဟု ချလင်ဂျာက ပြောပါသည်။

''ဒါပေမယ့် ကျုပ်တို့က ဓာတ်ပုံတွေပြသရင်ကော''

''လုပ်ကြံထားတဲ့ပုံတွေလို့ ပြောမှာပေါ့ ဆမ်မာလီ''

''ဒါဖြင့် အကောင်ငယ်တစ်ကောင်ကို ကျုပ်တို့အပြန်ယူသွားရအောင်''

''အဲဒီလိုဆိုရင်ဖြင့် သူတို့ယုံပါလိမ့်မယ်။ မကိုနီနဲ့ တစ်ခြားထင်ရှားတဲ့ သတင်းစာဆရာတွေက ကျုပ်တို့ကို ချီးမွမ်းကြပေမပေါ့၊ ဩဂုတ်လ ၂၈ ရက်ရေးလိုက်ပါ မိတ်ဆွေကြီး၊ သက်ရှိဒိုင်နိုဆောပါးကောင်ကို ကျုပ်တို့မြင်ရတဲ့နေ့၊ မောင့်သတင်းစာတိုက်ကို ပို့လိုက်ပေါ့''

''မင်းပြန်ရောက်တော့ ရုံးထဲကအကန်ထုတ်ခံရဖို့လဲ အသင့်ပြင်ထားပေါ့၊ မင်းကိုယုံကြမှာ မဟုတ်ဘူး၊ အခြေအနေက လန်ဒန်နဲ့တူတာမှ မဟုတ်ဘဲ၊ လူအမ်များဟာ သူတို့ရဲ့ရွှန်းစားခန်းကို ဖွင့်မပြောကြဘူး၊ ဘာပြုလို့လဲဆိုတော့ ယုံကြည်မှုရလိမ့်မယ်လို့ မမျှော်လင့်နိုင်လို့ပဲ၊ လန်ဒန်က လူတွေကအပြစ်တင်လို့ကော ဖြစ်ပါ့မလား၊ ဒီဖြစ်ရပ်တွေဟာ တို့အဖို့တစ်လတန်သည် နှစ်လတန်သည် အိပ်မက်လိုဖြစ်နေမှာပေါ့၊ သူတို့ကို ဘယ်လိုပြောမလဲ''





''ဒိုင်နိုဆောတွေ . . အင်္ဂလန်တောင်ပိုင်းမှာ သူတို့အမှတ်အသားတွေ ရှိသေးတယ်၊ အဲဒီမှာတော့ သေကုန်ကြပြီ၊ ဒီမှာတော့ ဆက်လက်အသက်ရှင်နေကြတုန်းပဲ''

ပတ်ဝန်းကျင်နှင့် ပတ်သက်၍ လျှို့ဝှက်မှု၊ အန္တရာယ်ကင်းမှု ရှိနေသည်ဟု ကျွန်တော်ခံစားမိပါသည်။ ကျွန်တော်တို့မြင်ရသော တိရစ္ဆာန်ကြီးတို့က ရန်ပြုပုံမရှိသည်မှာ မှန်ပါ၏။ သို့ရာတွင် ဆန်းကြယ်လှစွာ ဤကမ္ဘာတွင် အခြားအကောင်မျိုးလည်း ရှိနိုင်ပါသေးသည်။

ကျွန်တော်တို့သည် တောအုပ်ကို ခပ်ဖြည်းဖြည်းဖြတ်သန်းကြပါသည်။ တစ်ကြောင်းမှာ လော့ဒ်ဂျွန်က သူရှေ့မှ ကြိုတင်စူးစမ်းရသေးမီ သွားခွင့်မပေးသောကြောင့်ဖြစ်ပြီး အခြားတစ်ကြောင်းမှာ ပရော်ဖက်ဆာကြီးနှစ်ဦးသည် ပန်းပွင့်အသစ်အဆန်းကိုလည်းကောင်း၊ ပိုးမွှားအသစ်အဆန်းကိုလည်းကောင်း မြင်တွေ့ရတိုင်း တအံ့တသြအော်ဟစ်လိုက်ပြီး ရပ်တန့်ကြသောကြောင့်ဖြစ်ပါသည်။ ကျွန်တော်တို့သည် နှစ်မိုင်ခန့်ခရီးပေါက်ခဲ့ကြပြီး ကျောက်တုံးကျောက်ဆောင်များရှိရာသို့ ချဉ်းကပ်မိကြပါသည်။ ထိုစဉ် ကျွန်တော်တို့ရှေ့တစ်နေရာဆီမှ လေချွန်သံနှင့်တူသော အသံတစ်မျိုးကို ကြားကြရပါသည်။ လော့ဒ်ဂျွန်က



www.burmeseclassic.com

www.burmeseclassic.com



လက်မြှောက်ပြပြီး ကျွန်တော်တို့ကို ရပ်တန့်စေပါသည်။ ပြီးလျှ ရှေ့ရှိကျောက်ဆောင်တန်းသို့ တိုးသွားပါသည်။ လော့ဒ်ဂွ ကျောက်ဆောင်တန်းမှ ကျော်ကြည့်ပြီး တအံ့တသြဖြစ်သွားသည် ကို ကျွန်တော်တို့မြင်ရပါသည်။ သူသည် ကျွန်တော်တို့ကိုပင် မေ့လျော့သွားဟန်ဖြင့် ခဏတာအငေးသား ရပ်နေပါလေသည်။ ထို့နောက် ကျွန်တော်တို့ရှေ့တိုးလာရန် အချက်ပြပြီး သတိထား ကြရန်လည်း လက်မြှောက်ပြထားပါသည်။

သူ့ထံသို့ တွားသွားကြပြီးလျှင် ကျွန်တော်တို့က ကျော တုံးများကို ကျော်၍ကြည့်လိုက်ကြပါသည်။ ကျွန်တော်တို့လှ ကြည့်လိုက်ကြသောနေရာမှ ချိုင့်ဝှမ်းတစ်ခုဖြစ်၍ အခြေ၌ည ပက်သောရေများ ရှိပါသည်။ နေရာမှာ နဂိုအားဖြင့် ထူးဆန်း ရာ၌ ထိုနေရာရှိအရာများက ပို၍ဆိုးစေပါသည်။ ချိုင့်ဝှမ်းန အပြည့် ကာရိဒက်တိုင်လ်များ အကြီးအငယ်ရာနှင့်ချီ၍ရှိ ကြပါသည်။

ဤမနှစ်မြို့စရာအကောင်များထံမှ စောစောကအသံ ကျွန်တော်တို့ကြားရခြင်းဖြစ်ပြီး ၎င်းတို့ထံမှ ပြန့်လွင့်လာသ မခံနိုင်စရာ အနံ့ဆိုးကြီးများက ကျွန်တော်တို့ကို မအီမသာဖြ စေပါ၏။ ၎င်းတို့အထဲမှ အချို့သည် သားရေပြားနှင့်တူသ ဆောင်ပံကြီးများကို ခေါက်လျက် အမယ်အိုကြီးများ ထိုင်နေ





လိုရှိနေပါသည်။

ပရော်ဖက်ဆာကြီးများမှာ ထိုနေရာ၌တစ်နေကုန် ဝမ်း ပန်းတသာ နေနိုင်ကြမည့်သူများ ဖြစ်ပါ၏။ သူတို့က ကျောက် တုံးများကြား၌ သေနေကြသော ငါးနှင့်ငှက်များကို ညွှန်ပြကြပါ သည်။ ၎င်းတို့သည် ကာရိဒက်တိုင်လ်တို့ စားသောက်သည့် အစာကို ညွှန်ပြနေပါသည်။ ကာရိဒက်တိုင်လ်တို့ စားသောက် သည့်အစာကို ညွှန်ပြနေပါသည်။ ကာရိဒက်တိုင်လ်တို့ အရေ အတွက်များစွာ စုဝေးနေကြသည်ကို မြင်တွေ့ရသဖြင့်လည်း နှစ်သိမ့်နေကြပါ၏။ ၎င်းတို့အစုအဝေးနှင့် နေမနေဟူသော အချက်မှာ ယခင်က သံသယပွားခဲ့ရသော ကိစ္စဖြစ်ပါ၏။

နောက်ဆုံးတွင် ချလင်ဂျာတင်ပြသော အချက်အလက် အချို့ကို ဆမ်မာလီက သဘောမတူဖြစ်နေစဉ် လောကြီးသူ ချလင်ဂျာက သူ့ခေါင်းကို ကျောက်တုံးများအထက် ဖော်လိုက်မိ ပါသည်။ ချက်ချင်းပင် အနီးဆုံးနေရာ၌ ရှိသည့်ကာရိဒက်တိုင်လ် တစ်ကောင်က လေချွန်သံနှင့်တူသည့် အသံဖြင့် ရှူးရှူးရှရှတစ် ချက်အော်မြည်လိုက်ပြီး လေထဲသို့ပျံတက်သွားပါ၏။

ကာရိဒက်တိုလ်အထီးအားလုံးက ပျံတက်လိုက်ကြ၏။ အမများနှင့် အငယ်ကလေးများက ရေအိုင်နား၌ စုဝေးနေကြလေ သည်။ ပထမ၌ အကောင်ကြီးများသည် အန္တရာယ်သည် အဖြစ်



www.burmeseclassic.com

www.burmeseclassic.com



လေသနည်းဟု တိကျစွာသိလိုဟန်ဖြင့် ကျွန်တော်တို့၏ဦးခေါင်း ထက်တွင် လှည့်ပတ်ဝဲပျံနေကြပါသည်။ ထို့နောက် နိမ့်ဆင်းလာကြရာ လေထဲမှအသံသည် ပြင်းလှသောကြောင့် လေယာဉ်ပျံများအသံဟု ထင်ရပါတော့၏။

"တောအုပ်ကိုသွားပြီး စုနေကြ"ဟု လော့ဒ်ဂျွန်က အော်ပြော၏။ "ဒီအကောင်ကြီးတွေက တိုက်ခိုက်တော့မယ်"

ကျွန်တော်တို့လှုပ်ရှားလျှင် လှုပ်ရှားခြင်း၊ ၎င်းတို့အလွန်နိမ့်ဆင်းလာရာ တောင်ပံတို့က ကျွန်တော်တို့ဦးခေါင်းထိတော့မတတ်ဖြစ်ပါ၏။ ၎င်းတို့ကို သေနတ်ဖြင့်ရိုက်ရန် ကြိုးစားသော်လည်း မရပါ။

ထို့နောက် ကြောက်မက်ဖွယ်နှုတ်သီးကြီးများ ကျွန်တော်တို့ရှေ့၌ တစ်ခုပြီးတစ်ခု ရောက်လာကြ၏။ ဆမ်မာလီထံမှ အော်သံထွက်လာ၏။ လက်နှင့်အုပ်ထားသော သူ့မျက်နှာမှ သွေးများစီးကျနေသည်။ ကျွန်တော်၏ကုတ်၌ ပြင်းထန်သော ထိုးနှက်ချက်တစ်ချက် ခံစားလိုက်ရ၏။ ချလင်ဂျာလဲကျသွား၏။ ကျွန်တော်က သူ့ကိုတွဲယူရန် ကုန်းလိုက်စဉ် တစ်ချက်ထပ်မံခံလိုက်ရပြန်သည်။ ထိုစဉ် ရောက်စတန်၏သေနတ်သံတစ်ချက် ကြားလိုက်ရ၏။ လှမ်းကြည့်လိုက်သော် တောင်ပံကျိုးသော အကောင်တစ်ကောင် မြေပြင်၌လူးနေသည်ကို မြင်ရပါ၏။ ရုတ်





ာရက်သေနတ်သံကြောင့် အခြားအကောင်များ အမြင့်သို့ပျံတက်သွားကြပြီး ကျွန်တော်တို့၏ဦးခေါင်းထက်၌ လှည့်ပတ်ပျံသန်းနေကြသည်။

"ကိုင်း . . အသက်လုပြီး ပြေးကြပေတော့"ဟု လော့ဒ်ဂျွန်က အော်ပြော၏။

ကျွန်တော်တို့ သစ်ပင်များဆီအရောက်၌ ဆမ်မာလီမှာ ာကိုက်ခံရပြန်၍ လဲကျသွားပါသည်။ ကျွန်တော်တို့က ဆွဲထူပြီး ်စည်များကြားက တဟုန်ထိုးပြေးဝင်ရပါသည်။ ကျွန်တော်တို့ ုံခြုံမှု ရရှိကြပါသည်။ သစ်ကိုင်းများအောက်၌ ကြီးမားသော တောင်ပံကြီးများဖြန့်ရန် နေရာမရှိပါချေ။ ကျွန်တော်တို့ စခန်း ာက်ပြန်စဉ် ၎င်းတို့ကောင်းကင်၌ အတော်ကြာပျံဝဲနေသည်ကို ြင်ရပါသည်။ သို့သော် ကျွန်တော်တို့ တောထူထပ်ရာသို့ ရောက်လျှင်ကား ၎င်းတို့ပြန်သွားကြ၍ မမြင်ကြရတော့ပါ။

"စိတ်ဝင်စားစရာ အကောင်းဆုံးအတွေ့အကြုံပဲ" စမ်း ချောင်းတစ်ခုဘေး၌ ရပ်နားစဉ်ချလင်ဂျာက သူ့ဒူးကိုဆေးကြော င်း ပြောပါသည်။ "စိတ်ဆိုးနေတဲ့ ကာရီလ်ဒက်တိုလ်တစ် ကောင်ရဲ့အကျင့်ကို သိရပြီလေ"

"အန္တရာယ်ကြီးတဲ့ အတွေ့အကြုံပါပဲ၊ သေနတ်ရဲ့ပစ်



www.burmeseclassic.com

www.burmeseclassic.com



လိုက်ရတာ ဝမ်းနည်းပါတယ်၊ ဒါပေမယ့် တစ်ခြားရွေးစရာ လမ်းမရှိဘူး" ဟု လော့ဒ်ဂျွန်က ပြောပါသည်။

"ခင်ဗျားသာ မပစ်လိုက်ရင် ကျွန်တော်တို့ဒီလို မရှိတော့ဘူး" ဟု ကျွန်တော်က ပြောလိုက်ပါသည်။

ကျွန်တော်တို့သည် အခြားအံ့သြစရာတစ်ခု အသင့်စောင့်လျက်ရှိသည့် ကျွန်တော်တို့၏စခန်းသို့ ပြန်ခဲ့ကြပါ၏။ တံခါးမှာ ထိကိုင်မှုမရှိပါ။ နံရံများလည်း မကျိုးပျက်ပါ။ သို့သော် ကျွန်တော်တို့ မရှိခိုက်၌ စခန်းသို့ထူးဆန်း၍ သန်စွမ်းလှစွာသော အကောင် အလည်လာရောက်ခဲ့ပေသည်တကား။ ကျွန်တော်တို့၏ ပစ္စည်းများမှာ မြေပြင်၌ ပြန့်ကျဲနေ၏။ အသားသွပ်သံဗူးတစ်ခုမှာ အထဲရှိပစ္စည်းလိုချင်ပုံရသော အကောင်၏လက်ချက်ဖြင့် ပေါက်ပြဲလျက်ရှိနေ၏။ ကျွန်တော်တို့သည် စခန်းပေါ်ဖြာထွက်နေသည့် သစ်ကိုင်းများကို ထိတ်လန့်သောမျက်လုံးတို့ဖြင့် မော့ကြည့်မိကြ၏။ ထိုလမ်းကသာ ထိုအကောင်များ စခန်းသို့ ဝင်နိုင်ကြမည် ဖြစ်ပါ၏။

ပရော်ဖက်ဆာကြီးနှစ်ဦးသည် ကျွန်တော်တို့ကို တိုက်ခိုက်ခဲ့ကြသော ကာရိဒယ်တိုင်လ်များ မည်သည့်အမျိုးအစားဖြစ်သည်ကို ငြင်းခုံရန်ဖြစ်နေကြ၏။ ထို့ကြောင့် ကျွန်တော်သည်





၄င်းတို့ထံမှ ဖဲခွာကာ စကားပြောရန် လော့ဒ်ဂျွန်ထံသို့လာခဲ့ပါ၏။

"အဲဒီအကောင်ကြီးတွေ နေရာမှတ်မိရဲ့လား" ဟု သူက မေးပါသည်။

"သေသေချာချာ မှတ်မိတာပေါ့"

"မြေကြီးကို သတိထားမိရဲ့လား"

"ကျောက်ဆောင်ပေါတယ်"

"ရေစပ်မှာကော"

"အပြာရောင်ပဲ ရွှံ့ခြောက်နဲ့တူတယ်"

"ဟုတ်တာပေါ့"

"ဟုတ်ပါပြီ . . ဘာဖြစ်လို့လဲ"

"အို . . ဘာမှမဟုတ်ပါဘူး၊ မဟုတ်ပါဘူး" ဟု ပြောရင်း သူကထွက်ခွာသွားပါသည်။ ထိုစကားကို ကျွန်တော်လုံးလုံးမေ့သွားခဲ့ပါ၏။ သို့သော် ထိုညတွင် သူတစ်ကိုယ်တည်း အပြာရောင်ရွှံ့ခြောက်အကြောင်း ရေရွတ်နေသည်ကို ကြားလိုက်မိပါသေးသည်။

⁜ ⁜ ⁜ ⁜ ⁜ ⁜ ⁜



www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၁၁)

## ကျွန်တော် လူစွမ်းကောင်းဖြစ်ရခြင်း

နောက်တစ်နေ့နံနက်တွင် ကျွန်တော်နှင့် ဆမ်မာလီတို့ မှာ ကာရိုဒက်တိုင်လ်တို့ ထိုးဆိတ်ခံခဲ့ရခြင်းအတွက် ပြင်းထန်စွာ နာကျင်နေကြပါသည်။ ချလင်ဂျာ၏ ဒူးအခြေအနေမှာလည်း ဆိုးဝါးနေရာ ခဲခဲယဉ်းယဉ်းလမ်းလျှောက်ရပါသည်။ ထို့ကြောင့် ကျွန်တော်တို့သည် တစ်နေကုန်စခန်း၌ နေကြကာ၊ အချိန်ရသမျှ စခန်းခြံစည်းရိုး တည်ဆောက်ကြပါသည်။ အဘယ်နေရာကဟူ၍လည်းကောင်း၊ အဘယ်အရာဟူ၍လည်းကောင်း မသိသော်ငြားလည်း တစ်ခုခုက ကျွန်တော်တို့ကို စောင့်ကြည့်နေသည်ဟူ

[illegible]

www.burmeseclassic.com



သော အသိစိတ်ကား ကျွန်ုပ်တော်၌ဖြစ်ပေါ်နေပါလေသည်။

ထိုညအဖို့ ကျွန်တော်တို့မှာ တုန်လှုပ်ချောက်ချားဖွယ် ဖြစ်ရပ်ကြုံရပါသေး၏။ ကျွန်တော်တို့အားလုံးသည် ငြိမ်းလုလု မီးပုံကိုဝိုင်းလျက် အိပ်စက်နေကြစဉ် ကြောက်ခမန်းလိလိအသံ ကြီးကိုကြားရပြီး ကျွန်တော်အဖို့သော် ထိုအသံကြီးမှာ ထာဝစဉ် နားစွဲနေပါတော့သည်။ အသံကြီးမှာ စခန်းနှင့်နီးကပ်သော တစ်နေရာမှထွက်ပေါ်လာခြင်းဖြစ်ပါသည်။ အသံက မီးရထား အင်ဂျင်စက်သံတမျှ ကျယ်လောင်ရာ တိရစ္ဆာန်တို့၏ မချိမဆန့် ဝေဒနာခံရမှုမှ ပေါ်ထွက်လာသည့်အသံမျိုးဟူ၍ သိနိုင်ပါသည်။ တစ်ချိန်တည်းမှာပင် အသံနက်ကြီးနှင့် ရယ်မောသံမျိုးကိုလည်း ကြားရပါသေးသည်။

ထိုအသံတို့ကို သုံးလေးမိနစ်ကြာမျှ ကြားရပြီးနောက် ရုတ်တရက်ပေါ်ပေါက်ခဲ့သလို ရုတ်ချည်းအသံပျောက်သွားပါ သည်။ လော့ဒ်ဂျွန်က မီးဖိုထဲထင်းထည့်လိုက်ရာ အလင်းရောင် တွင် ကျွန်တော်တို့အသီးသီး၏ တုန်လှုပ်နေသော မျက်နှာများကို မြင်ရပါသည်။

"အဲဒါဘာလဲ" ဟု ကျွန်တော်က မေးလိုက်ပါသည်။

"မနက်ကျ သိရမှာပေါ့၊ နီးနီးလေးပဲ" ဟု လော့ဒ်ဂျွန်





က ပြောပါသည်။

"သမိုင်းမတင်မီကာလက ဖြစ်ပျက်ခဲ့တဲ့ ကြေကွဲစရာ ဖြစ်ရပ်မျိုးကို ကျုပ်တို့ကြားလိုက်ရပြီ" ဟု ချလင်ဂျာက ပြောပါ သည်။ "ကမ္ဘာဦးတိရစ္ဆာန်ကြီးတွေ သေပျောက်ကုန်ပြီးတဲ့ နောက်ကျမှ ကမ္ဘာမြေပြင်ပေါ် လူသားတွေရောက်လာခဲ့ကြရ တာဟာ အလွန်သင့်မြတ်ပေတာပဲ၊ နို့မိုရင် ဒီတိရစ္ဆာန်ကြီးတွေ ရန်က ဘယ်လိုကာကွယ်ကြမလဲ"

"ရှူး. . ကြားကြရဲ့လား"ဟု ဆမ်မာလီက မေးလိုက်ပါ သည်။

အလွန်တိတ်ဆိတ်နေစဉ်တွင် လေးလံကြီးမားသော တိရစ္ဆာန်ကြီးတစ်ကောင် အသာအယာလျှောက်လာသံကို ကျွန် တော်တို့ကြားကြရပါသည်။ တိရစ္ဆာန်ကြီး၏ အသက်ရှူသံကို လည်းကြားရပါ၏။ ထိုအန္တရာယ်ကောင်ကြီးနှင့် ကျွန်တော်တို့ ကြား၌ အားမကိုးလောက်သော ခြံစည်းရိုးကလေးသာ ခြားနေပါ ၏။

"အလိုလေး . . ကျုပ်မြင်ရပြီထင်တယ်"ဟု ဆမ်မာလီ တဆို၏။

ကျွန်တော်က လှမ်းကြည့်လိုက်ရာ မြင်တွေ့ရပါ၏။ မည်း



www.burmeseclassic.com

www.burmeseclassic.com



မည်းအရိပ်ကြီး မြင်းတစ်ကောင်အရပ်လောက် မြင့်ပါသည်။ ကြောက်စရာမျက်လုံးစိမ်းစိမ်းနှစ်လုံးကိုလည်း မြင်ရသည်ထင် သည်။ ထိုအကောင်ကြီးက ကျွန်တော်တို့ထံခုန်ဝင်တော့မည်ဟု ထင်မှတ်ရာ ကျွန်တော်က သေနတ်ဖြင့် အသင့်ပြင်လိုက်ပါသည်

"မပစ်နဲ့ . . ဒီလိုတိတ်ဆိတ်တဲ့ညမျိုးမှာ သေနတ် အဝေးကြီးက ကြားရမယ်"ဟု လော့ဒ်ဂျွန်က ပြောပါသည်။

"အကောင်ကြီး ကျော်ဝင်လာရင်တော့ ကျုပ်တို့သေကု ကြပြီပဲ" ဟု ဆမ်မာလီကပြောလိုက်ပါသည်။

"ကျော်မဝင်စေရပါဘူး၊ ဒါပေမယ့် သေနတ်နဲ့တော့ မပစ်နဲ့၊ ကျွန်တော် တစ်ခုခုလုပ်နိုင်ပါလိမ့်မယ်"

ဤအပြုအမူထက် ပိုမိုရဲရင့်သောအလုပ်ကို မည်သူတစ် စုံတစ်ဦး ဆောင်ရွက်သည်ကိုမျှ ကျွန်တော်မမြင်မတွေ့ရပါ။ သူ သည် မီးလောင်နေသော သစ်ကိုင်းတစ်ချောင်းဆွဲယူ၍ စည်း ကြားမှ အပြင်သို့ထိုးထွက်သွားပါ၏။ အပြင်မှအကောင်ကြီး ကျွန်တော်မြင်လိုက်ရပါ၏။ ဟထားသည့်ပါးစပ်တွင် လတ်လ ဆတ်ဆတ်သွေးများ ရှိနေပါသည်။ လော့ဒ်ဂျွန်ကား တုံ့နှေးခြင်း မရှိ၊ သူသည် ပေါ့ပါးသွက်လက်သည့် ခြေလှမ်းများဖြင့်ပြေးဝ သွားပြီး တိရစ္ဆာန်ကြီး၏မျက်နှာကို မီးတောက်နှင့် ထိုးလိုက်ပါ သည်။ ခဏအတွင်း လဲပြိုသံကိုကြားလိုက်ရပြီး ကျွန်တော်တို့၏





သမင်းတမန်ညှော်သည်ကြီး ပျောက်ကွယ်သွားပါတော့သည်။

"မီးကိုရင်ဆိုင်မယ် မဟုတ်ဘူးလို့ ကျွန်တော်ထင်တယ် လ"ဟု လော့ဒ်ဂျွန်က မီးစကြီးကိုမီးဖိုထဲပြန်ထည့်ရင်း ပြော လိုက်ပါသည်။

"ဒီလိုစွန့်စားမှုမျိုး မလုပ်သင့်ဘူး ထင်တယ်"ဟု ကျွန် တော်တို့အားလုံးက ပြောကြပါသည်။

"တစ်ခြား လုပ်စရာဘာမှ မရှိဘူး၊ အကောင်ကြီး အထဲ ရောက်လာရင် သူ့ကိုပစ်ရင်း အချင်းချင်းပြန်ပြီး ကျည်ဆန်မှန် မှာ၊ အဲဒါ ဘာကောင်ကြီးလဲ"

"မပြောတတ်ဘူး" ဟု ဆမ်မာလီက ဆိုသည်။

"ဘာကောင်ရယ်လို့ ခွဲခြားမသိနိုင်သေးပဲ မောင်ရင်လုပ် နိုင်ပုံက ကောင်းပါတယ်" ဟု ချလင်ဂျာက ပြောပါသည်။

"သမိုင်းမတင်မီက တိရစ္ဆာန်ကြီးတွေထဲမှာ ကျုပ်တို့ အားလုံးမသိသေးတာတွေလဲ ရှိဦးမယ်ဆိုတာ သတိချပ်ရမယ်။ ကျုပ်တို့ တွေ့မြင်သမျှအကောင်အားလုံးကို အမည်ပေးချင်မှ ပေးနိုင်မယ်" ဟု ဆမ်မာလီက ပြောပါ၏။

"ရှေ့အဖို့တော့ အိပ်ချိန်မှာ တစ်ယောက်ယောက်က အမြဲ ကင်းစောင့်ရမယ်၊ တစ်ချိန်မှာ နှစ်နာရီကျ ကျွန်တော်တို့အားလုံး စောင့်ကြရမယ်"ဟု လော့ဒ်ဂျွန်က ပြောပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်က စပါမယ်" ဟု ဆမ်မာလီ ပြောပါသည်။ ... အချိန်မှစ၍ ကျွန်တော်တို့သည် အစောင့်အကြပ်မရှိပဲ မအိပ်ကြ... တော့ပါ။

နောက်တစ်နေ့မနက်တွင် ညတုန်းက အသံဆိုးဆိုးကြ... များထွက်ပေါ်ခဲ့သည့်နေရာကို ကျွန်တော်တို့တွေ့ကြရပါသည်... မြေပြင်မှာ သွေးနှင့်အသားစိုင်များ ပြန့်ကြဲနေပါသည်။ ရော... သတ္တဝါကြီးတစ်ကောင် အပိုင်းပိုင်းဆုတ်ဖြတ်ခံခဲ့ရသည်... သေချာပါ၏။ ပရော်ဖက်ဆာနှစ်ဦးက အကြွင်းအကျန်များ... ကြည့်ရင်း သတ်ဖြတ်သည့်အကောင် မည်သည့်အမျိုးအစား... ရမည်ကို ငြင်းခုံနေကြပါသည်။ ပန်းအထက်တစ်နေရာ မွဲခြောက်... ခြောက်အရေခွံပေါ်၌ အနက်ရောင်စက်ဝိုင်းအမှတ်အသားတ... ခုကို လော့ဒ်ဂျွန်တွေ့ပါသည်။ ၎င်း၏အဓိပ္ပါယ်ကို မည်သူမျှ... မတွေးဆနိုင်ကြပါ။ သို့သော် လွန်ခဲ့သောနှစ်ရက်က ကျွန်တော်... တို့တွေ့ခဲ့သော ဒိုင်နိုဆောများမှ အငယ်တစ်ကောင်တွင် ဤ... သောအမှတ်အသား မြင်မိသည်ထင်သည်ဟု ဆမ်မာလီ... ပြောပါသည်။

"စက်ဝိုင်းထက်ပိုပြီး ကြီးတဲ့ပြဿနာကတော့ ဒီကလ... ပေါ်မှာ အခုထိ အသားစားတိရစ္ဆာန်ကြီးတွေ ရှိနေသေးတာပဲ... ချလင်ဂျာက လဲကျနေသော သစ်တုံးပေါ်ထိုင်ရင်း ကျွန်တော်...





...ကျောင်းစာသင်ခန်းမကြီးထဲ၌ ရှိနေကြသလို ပြောကြားပါ...သည်။ "ဒီနေရာဟာ သိပ်မကြီးလှဘူးဆိုတာ ကျုပ်တို့သိကြ...ယ်၊ ဒီနေရာခပ်ကျဉ်းကျဉ်းမှာ မြေအောက်ကမ္ဘာမှာ ကွယ်...ပျောက်ကုန်ခဲ့ပြီဖြစ်တဲ့ တိရစ္ဆာန်မျိုးတွေဟာ နှစ်ပေါင်းများစွာ ...တူနေကြတယ်။ ဒီကြာသောင်းတဲ့ကာလမှာ သားစားတိရစ္ဆာန် ...တွေက အရေအတွက်တိုးပွားလာပြီး တစ်ခြားအကောင်တွေကို ...ကုန်တဲ့အောင် စားသောက်ပစ်ခဲ့ရမယ်။ ဒီလိုမဟုတ်ရင် သူတို့ ...အရေအတွက် မတိုးပွားအောင် ဘာက တားဆီးထားသလဲ၊ သူ ...တို့အရေအတွက် လျော့ကျအောင် ဘာကပြုလုပ်ခဲ့တာလဲ၊ ရှေ့မှာ ...တော့ ဒီကြောက်စရာအကောင်ကြီးတွေကို ပိုပြီးနီးနီးကပ်ကပ် ...တွေ့လာခွင့်ရမှာပါပဲ"

"ကျွန်တော်တော့ မထင်ပါဘူး" ဟု ကျွန်တော်က ပြောလိုက်ပါ၏။

ပရော်ဖက်ဆာက မျက်ခုံးကြီးပင့်လိုက်ပါသည်။ ပြဿနာလုပ်တတ်သော ကျောင်းသားကို ကျောင်းဆရာကကြည့်ပုံမျိုး ဖြစ်ပါ၏။

"အင်း .. ပရော်ဖက်ဆာ ဆမ်မာလီမှာ ပြောစရာတစ်ခု ရှိလိမ့်မယ် ထင်ပါရဲ့" ဟု သူကပြောပြီး ပရော်ဖက်ဆာနှင့်ဦး ...သည် ကျွန်တော်နားမလည်သော ဘာသာရပ်ကို ဆက်လက်ဆွေး



www.burmeseclassic.com

www.burmeseclassic.com



နွေးကြပါသည်။

မေပယ်ဝိုက်ကမ္ဘာ၏ကြောက်မက်ဖွယ်ရာအချို့ကို ကျွန်တော်ဖော်ပြခဲ့ပြီးပါပြီ။ သို့သော် အခြားတစ်ဖက်၌ ဆန့်ကျင်ဘက်ရှိပါသေးသည်။ ကျွန်တော်တို့သည် ချစ်စရာကောင်းသောပန်းပွင့်များကြား၌ လျှောက်ကြရပါသည်။ ပန်းပွင့်အများစု၏အရောင်မှာ အဖြူနှင့်အဝါများပါသည်။ ထိုအရောင်အသွေးမှာကမ္ဘာပေါ်၌ ပန်းတို့၏ပထမဆုံးအရောင် ဖြစ်သည်ဟု ပရော်ဖက်ဆာများက ရှင်းပြပါသည်။ ပန်းရနံ့တို့က ချိုသင်းရှူးရှပြီးကျွန်တော်တို့၏ပတ်ဝန်းကျင်နေရာများ၌ ပျားတို့ရှိနေကြပါသည်။ သစ်ပင်အချို့၏သစ်ကိုင်းတို့မှာ သစ်သီး၏အလေးချိန်ဖြင့် ညွတ်ကျနေကြပြီး တစ်ချို့ကို ကျွန်တော်တို့သိ၍ တစ်ချို့မှာယခင်တုန်းက မမြင်ဖူးခဲ့ပါ။ သစ်သီးအချို့ပေါ်တွင် ငှက်ဆိတ်ရာမြင်ရပါသည်။ သို့ဖြင့် မည်သည့်အသီးက စားကောင်းသည်၊ မည်သည့်အသီးက အဆိပ်ဖြစ်နိုင်သည်ဆိုခြင်းကို သိကြရပါသည်။ ကျွန်တော်တို့က ဒိုင်နိုဆောများ ထပ်မံတွေ့ရှိသေးရာသော့ဒ်ဖွန်က မှန်ပြောင်းဖြင့်ကြည့်ပြီး ယခင်ကျွန်တော်တို့မြင်ခဲ့ပြီးသောအကောင်ကဲ့သို့ပင် အမှတ်အသားများရှိကြောင်း ပြောပြပါသည်။ ထိုအမှတ်အသားများ၏ အဓိပ္ပါယ်ကို ကျွန်တော်တို့မတွေးတတ်ကြပါ။ ကျွန်တော်တို့သည် သင်းခွေချပ်လို





ာဝက်လိုအကောင်ငယ်ခပ်များများကိုလည်း မြင်ကြရပါသည်။

ညနေတွင် ကျွန်တော်တို့၏အနာဂတ်ရေးကို ဆွေးနွေးကြပါသည်။ ထိုကိစ္စကို အစဖော်သူမှာ ဆမ်မာလီဖြစ်ပါသည်။

"ခင်ဗျားတို့အားလုံးက ဒီကမ္ဘာသစ်ထဲဝင်ရောက်ဖို့င့်လမ်းသာရှာကြတယ်၊ အမှန် ကျုပ်တို့လုပ်သင့်တာက ထွက်မ်းရှာဖို့ပဲဗျ"

"ကျုပ်တော့ အံ့သြပါရဲ့ဗျာ" ဟု ချလင်ဂျာကအသံကြီးင့် ပြောပါ၏။

"သိပ္ပံပညာရှင်တစ်ယောက်က ဒီလိုစကားမျိုးပြောတာပါဗျာ၊ အတိတ်ကာလတုန်းကရော ပစ္စုပ္ပန်ကာလမှာရော သိပ္ပံပညာရှင်တစ်ယောက်အဖို့ အခွင့်အလမ်းအသာဆုံးဒေသဟာနေရာကလွဲလို့ ဘယ်မှာမှမရှိဘူး၊ ဒီဒေသကို ကျုပ်တို့မစူးစမ်းလှလာရသေးဘူး၊ ခင်ဗျားက ပြန်ထွက်ဖို့ပဲ အကြံပေးနေပြီ၊ ရော်ဖက်ဆာဆမ်မာလီ ခင်ဗျားကိုပိုပြီး သင့်မြတ်တဲ့အရာကိုပ်မျှော်လင့်ပါတယ်"

"လန်ဒန်မှာ ကျုပ်ကိုစောင့်မျှော်နေကြတဲ့ တပည့်ကျောင်းသားတွေ အများကြီးရှိနေတာကိုလဲ သတိရဦးမှပေါ့အခါမှာ ကျုပ်အလုပ်ကို လူစားတစ်ဦး ဝင်လုပ်နေရတယ်လဲသိပ်ပြီး အံမကျဘူး၊ ဒါက ကျုပ်နဲ့ခင်ဗျားရဲ့ အနေအထား



www.burmeseclassic.com

www.burmeseclassic.com



ခြားနားမှုပဲ၊ ပရော်ဖက်ဆာချလင်ဂျာ ကျုပ်သိသရွေ့တော ခင်ဗျားမှာ ပညာရေးလုပ်ငန်းနဲ့ ပတ်သက်လို့ ဘာတာဝန်တစ်ခု မှ မရှိခဲ့တာပဲ"

"ဟုတ်ပေ့ဗျာ" ချလင်ဂျာကဆို၏။ "ကျုပ် ဦးနှောက် မျိုးကို စာသင်ကြားရာမှာ သုံးမယ်ဆိုရင် ဘယ်ဟုတ်တော့မလဲဗျ အဲဒါကြောင့် ပညာရေးလုပ်ငန်းတစ်ခုကိုမှ ကျုပ်လက်မခံခဲ့တာ ပဲ"

"ဘယ်သူကကော ခင်ဗျားကို အလုပ်တစ်ခုပေးခဲ့လို့လဲ" ဟု ဆမ်မာလီက သရော်ဟန်ဖြင့် မေးပါသည်။ သို့သော် လော်ဒ်ဂျွန်က စကားလမ်းကြောင်း ပြောင်းလိုက်ပါသည်။

"ကျွန်တော်ပြောပါရစေ၊ ဒီနယ်မြေအကြောင်း ဒီထက် ပိုပြီး မသိရသေးခင်မှာ ကျွန်တော်တော့ လန်ဒန်ကို မပြန်ချင် သေးပါဘူး"

"ကျွန်တော်လဲ မက္ကာဒယ်လ်ကို မျက်နှာချင်းမဆိုင် ဘူး၊ သတင်းစာအတွက် အကြောင်းအရာပြည့်ပြည့်စုံစုံမရှင် ပြန်လာရင် ခွင့်လွှတ်မှာ မဟုတ်ဘူး။ ဒါပေမယ့် ကျွန်တော် ပြန်ဆင်းချင်ကြတယ်ထားဦး ဆင်းမှမဆင်းနိုင်ကြတာပဲ" ဟု ကျွန်တော်က ပြောလိုက်ပါသည်။

လျှို့ဝှက်ဆန်းကြယ် မဂ္ဂဇင်းတိုက်



"ကျုပ်တို့မိတ်ဆွေကလေးဟာ သိပ္ပံပညာအကြောင်း မသိပါဘူး၊ ဒါပေမယ့် သူ့မှာဆင်ခြင်တုံတရားရှိတယ်၊ သူ့အနီ ဋ္ဌာရုံလုပ်ငန်းတော့ ထားလိုက်ပေါ့လေ၊ သို့ပေမယ့် သူပြောသလို ပဲ ဘယ်နည်းနဲ့မှ ဆင်းစရာလမ်းမရှိဘဲ ဒီအကြောင်းဆွေးနွေး နေတာဟာ အချိန်ဖြုန်းတာပဲပေါ့"

ဆမ်မာလီက ဆေးတံခဲလျက် ပြောပါ၏။

"ဘာအကြောင်းကို ဆွေးနွေးဆွေးနွေး အဲဒါဟာ အချိန် ဖြုန်းတာပဲ၊ ကျုပ်တို့ဘာကြောင့် ဒီရောက်လာကြရသလဲဆိုတာ ခင်ဗျားကို သတိပေးပါရစေ၊ ပရော်ဖက်ဆာချလင်ဂျာရဲ့ စာတမ်း မှန်မမှန် စူးစမ်းဖို့လာခဲ့ကြတာ မဟုတ်လား၊ ကျုပ်တို့ စူးစမ်းပြီး ကြပြီ၊ သူမှန်တယ် ဒါကြောင့် ကျုပ်တို့လုပ်ငန်းပြီးဆုံးပြီ၊ ဒီ တောင်ကလပ်ကို ကျကျနနစူးစမ်းလေ့လာဖို့ဆိုရင် အထူးကရိယာ တန်ဆာပလာများနဲ့ လူအရေအတွက်များများ လိုလိမ့်မယ်။ ကျုပ်တို့ဘာသာ ကြိုးစားမယ်ဆိုရင် ကျုပ်တို့လုံးလုံးပြန်နိုင်ကြမှာ မဟုတ်ပဲ ကျုပ်တို့ဘာတွေ တွေ့ရတယ်ဆိုတာ ကမ္ဘာကြီးကသိ မှာ မဟုတ်တော့ဘူး၊ ဒီတောင်ကလပ်ပေါ်တက်ဖို့ ပရော်ဖက်ဆာ ချလင်ဂျာ လမ်းရှာတွေ့ခဲ့ပါတယ်။ အခုဆင်းလမ်းရှာပေးဖို့ ကျုပ်အကြံပြုပါရစေ"

လျှို့ဝှက်ဆန်းကြယ် မဂ္ဂဇင်းတိုက်

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်အနေဖြင့် ဝန်ခံရလျှင် ဆမ်မာလီသူ့ရှုထောင့်ကတင်ပြချက်မှာ ကြောင်းကျိုးညီညွတ်သည်ဟု လက်ခံပါသည်။ သူပြိုင်ဘက်များက သူ့စာတမ်းမှန်ကန်ကြောင်း မသိကြပဲဖြစ်မည်ဆိုသည့်အချက်ကို တွေးမိလျှင် ချလင်ဂျာပင်ထိခိုက်ဟန်ရှိပါ၏။

"တောင်အောက်ဆင်းဖို့ လမ်းရှာဖွေရေးဟာ ခက်ခဲလှတယ်" ဟု ချလင်ဂျာကပြော၏။ "ဒါပေမယ့် မြော်မြင်ဉာဏ်ရှိတဲ့ ဦးနှောက်ဟာ ပြဿနာအတွက် အဖြေကျူပ်သဘောတူပါတယ်။ ဒါပေမယ့် အတော်အတန် မလေ့လာရသေးပဲ ပြန်ဖို့ကိုတော့ ငြင်းရပါလိမ့်မယ်။ ကျုပ်တို့နဲ့အတူ မြေပုံတော့ ရေးယူသွားသင့်တာပေါ့"

"ဒီမှာ ကျုပ်တို့နှစ်ရက်ရှိခဲ့ပြီ"ဟု ဆမ်မာလီက စိတ်မရှည်ပဲပြောလိုက်၏။ "ဒါပေမယ့် တောင်ကလပ်ရဲ့ ပုံသဏ္ဌာန်ဘယ်လိုဆိုတာ လုံးလုံးမသိကြရသေးဘူး၊ ဒီတောင်ပေါ်မှာ သစ်တွေအများကြီးရှိတယ်၊ ဖြတ်သန်းစူးစမ်းဖို့ လနဲ့ချီပြီးကြာမယ်၊ ဘယ်လိုလုပ်မြေပုံဆွဲမလဲ၊ ဗဟိုမှာ တောင်ကုန်းမြင့်ရှိရင်တော့ တစ်မျိုးပေါ့၊ ဒါပေမယ့် ကျုပ်တို့သိရသလောက်တော့ မြေအနေအထားက အလယ်ဘက်နိမ့်ဆင်းသွားတယ်၊ ဝေးငေးသွားလေ ပတ်ဝန်းကျင်မြင်ကွင်းက ကျဉ်းသွားလေပဲ"





ထိုစဉ် ကျွန်တော်၏ဦးနှောက်အတွင်း၌ လက်ခနဲတောက်ပသွားပါသည်။ ကျွန်တော်တို့၏စခန်းကို မိုးနေသည့်ကြီးမား၍ အလွန်မြင့်မားရပေမည်။ ထို့ပြင် တောင်ကလပ်၏အမြင့်ဆုံးအပိုင်းဖြစ်သည့် အစွန်းနေရာ၌ ပေါက်နေခြင်းဖြစ်၏။ ကျွန်တော်သည် သစ်ပင်တက်ကျွမ်းကျင်ဖြစ်၏။ ကျွန်တော်က ထိုသစ်ပင်ကြီးပေါ်တက်မည်။ အမြင့်မှဆိုလျှင် တောင်ကလပ်၏အနေအထားကို ကောင်းစွာမြင်နိုင်မည်ဟု တင်ပြသည်။ ထိုအကြံကို အားလုံးက နှစ်သက်ကြပါသည်။ ချလင်ဂျာကပြောပါသည်။

"ကျုပ်တို့မိတ်ဆွေလေးက သူ့ထက်ပိုပြီးကြံ့ခိုင်ပုံရတဲ့ ဒါမှမဟုတ် အရေးပါပုံရတဲ့သူထက် ပိုပြီး သစ်ပင်တက်ကောင်းပါလိမ့်မယ်"

လော့ဒ်ဂျွန်ကလည်း ကျွန်တော်၏အကြံကို နှစ်သက်ပါသည်။ ထို့ကြောင့် ကျွန်တော် သစ်ပင်တက်ရာတွင် ပထမကိုင်းခွဲရောက်အောင် သူတို့ကကူညီတွန်းတင်ပေးကြပါသည်။ ဆက်လက်၍ အမြင့်သို့ခပ်သွက်သွက် တက်ရောက်ခဲ့ရာ အောက်မှမြေပြင်မြင်ကွင်းပင် ပျောက်သွားပါသည်။ သစ်ပင်မှာကြီးမားလွန်းလှပါ၏။ ကောင်းကင်ကိုပင် ထိုးဖောက်မမြင်ရပေ။ ရုတ်တရက်အားဖြင့် အုံ့ဆိုင်းခြင်း၊ ထိတ်လန့်ခြင်းတို့ဖြင့်



www.burmeseclassic.com

www.burmeseclassic.com



ပေါ်ပေါက်လာသည့် တုန်လှုပ်မှုကြောင့် ကျွန်တော်သည် သစ်ပင်ပေါ်မှ လိမ့်ကျမတတ်ဖြစ်သွားပါ၏။

မျက်နှာတစ်ခုသည် တစ်ပေခန့်အကွာမှ ကျွန်တော့်အား စူးစိုက်ကြည့်နေပါသည်။ လူများဖြစ်ပါ၏။ သို့မဟုတ် ကျွန်တော်မြင်ဖူးသမျှသော မျောက်မျက်နှာတို့ထက် ပို၍လူနှင့်တူသောမျက်နှာဖြစ်ပါ၏။ မျက်နှာကသွယ်သွယ်၊ ဖြူရော်ရော် အနီပြောက်များပါရှိ၏။ နှာခေါင်းကပြားပြီး မေးရိုးကအရှေ့ ဘက်ငေါ်နေ၏။ မျက်လုံးကကြမ်းကြုတ်ဟန်ပေါ်ပြီး တိရစ္ဆာန် မျက်လုံးနှင့် တူကြ၏။ သွားတို့က ကွေး၍ချွန်တက်သည်။ အစတွင် မျက်လုံး၌ မုန်းတီးသည့်အမူအရာပေါ်လွင်ပြီး နောက်ပိုင်း၌ ရုတ်တရက်အကြီးအကျယ် ထိတ်လန့်ပုံပြောင်းလဲ သွား၏။ သစ်ကိုင်းများကျိုးသံပေါ်ထွက်လာပြီး ၎င်းသည် အစိမ်း ရောင်ပတ်ဝန်းကျင်အတွင်း တိုးဝင်ပျောက်ကွယ်သွား၏။ အမွှေး အမျှင်ဖုံးနေသော ဝက်ကိုယ်နှင့်ဆင်ဆင်တူသည့် ထိုအရာကို ခဏမျှမြင်လိုက်ရပြီး လုံးဝပျောက်ကွယ်သွားလေသည်။

"ဘာဖြစ်တာလဲ"ဟု ရော့စတန်က အောက်မှအော် မေး၏။

"အဲဒါကိုမြင်လိုက်သလား"ဟု ကျွန်တော်က သစ်ကိုင်း ကို ဖက်ရင်းပြန်မေးလိုက်၏။





"အသံကြားလိုက်တယ် မင်းခြေချော်တာလားလို့"

ရုတ်တရက် လူလိုလိုမျောက်လိုလို သတ္တဝါကိုမြင်တွေ့ လိုက်ရသောကြောင့် တုန်လှုပ်လှလေရာ ပြန်ဆင်း၍မြင်တွေ့ရ သည့်အကြောင်း မိတ်ဆွေများကို ပြောပြရန်ပင် စိတ်ကူးမိပါ သေး၏။ သို့သော် ကျွန်တော့်မှာ အတော်မြင့်မြင့်ကြီးရောက်နေ ပြီဖြစ်၍ ဆက်လက်သာတက်ရပါတော့သည်။ ကျွန်တော်သည် ချက်သင့်ရုံသာ အားထုတ်မှုဖြင့်ပင် သစ်ပင်ထိပ်ရောက်ခဲ့ပါသည်။ ထိုနေရာမှနေ၍ ကျွန်တော်တို့ရောက်ရှိနေကြသော နယ်ပယ်သစ် ၏ အံ့သြဖွယ်မြင်ကွင်းကို မြင်ရပါတော့၏။

တောင်ကလပ်မှာ အလျားမိုင် (၃၀)၊ အနံမိုင်(၂၀)ခန့် ရှိပါသည်။ တောင်ကလပ်သည် အလယ်ခေါင်ရေကန်တစ်ကန် ရှိရာသို့ နိမ့်လျောသွားပါသည်။ ရေကန်သည် အချင်းသုံးမိုင် ခန့်လောက်ကျယ်၍ ခပ်ဝိုင်းဝိုင်းသဏ္ဌာန်ရှိကာ ကမ်းစပ်တစ် လျှောက်၌ မြက်နှင့်အပင်ငယ်စိမ်းစိမ်းစိုစိုရှိနေပါသည်။ ညနေ ချိန်၏အလင်းရောင်တွင် ရှုခင်းကလှပလှပါသည်။ ရေမျက်နှာ ပြင်တွင် သဲသောင်များထွန်းလျက်ရှိပြီး ထိုသဲသောင်များပေါ်တွင် အမျိုးအမည်မကွဲပြားသော်လည်း သက်ရှိဖြစ်သည့်ရှည်မျောမျော အကောင်များကို မြင်ရပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့ရှိနေရာမှ သစ်တောအုပ်သည် ဗဟိုရေကန် ရှိရာဘက်သို့ ငါးမိုင် သို့မဟုတ် ခြောက်မိုင်ခန့်လောက် ပြန့် ဆင်းသွားပါသည်။ သစ်တောအလယ်ကွက်လပ် ကာရိဒက်တိုင် လ်တို့ရှိသည့်နေရာကိုလည်း လှမ်းမြင်ရပါ၏။ ရေကန်၏တစ် ဖက်ရှိနေရာကား များစွာခြားနားမှုရှိပါသည်။ အနီရောင် ကျောက်ကမ္ဘားရံများရှိ၍ မှန်ပြောင်းနှင့်ကြည့်ရာတွင် ကမ္ဘားရံ၌ ဂူပေါက်ဝဟု မှတ်ထင်ရသောကွင်းမည်းမည်းများကို မြင်ရပါ သည်။ နေဝင်သည်အထိ သစ်ပင်ထိပ်၌နေကာ မြေပုံကြမ်းတစ် ခုရေးဆွဲ၍ သစ်ပင်ခြေရင်းမှ ကျွန်တော့်ကိုစိတ်အားထက်သန် စွာစောင့်မျှော်နေကြသည့် မိတ်ဆွေများထံ ဆင်းသက်ခဲ့ပါသည်။ သူတို့သည် ကျွန်တော်တစ်ဦးတည်း အတွေးပေါ်ကာ တစ်ဦးတည်း အကောင်အထည်ဖော်ခဲ့သည့် လုပ်ရပ်အတွက် ပီတိဖြစ်နေကြ ပါသည်။ ကျွန်တော်တို့ မသိမမြင်နိုင်သော အန္တရာယ်များကို ရင်ဆိုင်၍ မြေပြင်လျှောက် လုပ်ကိုင်လျှင် တစ်လခန့်ကြာဖွယ် ရှိသော မြေပုံကို ကျွန်တော်တို့ ရရှိကြပေပြီ။ သူတို့တစ်ဦးစီက ကျွန်တော့်ကို အလေးအနက်လက်ဆွဲနှုတ်ဆက်ကြပါသည်။ သို့သော် မြေပုံအကြောင်း အသေးစိတ် မဆွေးနွေးကြခင် ကျွန်တော် က "မျောက်လူ"အကြောင်း သူတို့ကို ပြောပြရပါသည်။

"အဲဒီမှာ တစ်ချိန်လုံးရှိနေတာပဲ" ဟု ကျွန်တော်က ပြော





လိုက်ပါသည်။

"ဘယ်လိုလုပ်သိသလဲ" ဟု လော့ဒ်ဂျွန်က မေးပါသည်။

"ကျွန်တော်ပြောခဲ့တဲ့အတိုင်းပေါ့ .. တစ်ခုခုက ကျွန် တော့်ကို စောင့်ကြည့်နေတာပဲ"

"မိတ်ဆွေလေးက အဲဒီလိုပြောခဲ့တာပဲ"ဟု ချလင်ဂျာက ဝင်ပြောပါသည်။

"ပြောစမ်းပါဦး . . . အဲဒီသတ္တဝါဟာ သူ့လက်မကို လက်ဝါးပေါ် ကန့်လန့်ဖြတ်ထားနိုင်သလား"

"ဟင့်အင်း"

"သူ့မှာ အမြီးရှိသလား"

"မရှိဘူး"

"သစ်ကိုင်းတွေကို ခြေနဲ့ပါကိုင်နိုင်သလား"

"ခြေနဲ့ပါမကိုင်တွယ်နိုင်ရင် ဒီလောက်မြန်မြန်ပျောက် ကွယ်သွားမယ် မထင်ဘူး"

"တောင်အမေရိကမှာတော့ အင်း . . ဂျူပ်အမှတ်မလွဲ ဘူးဆိုရင်ဖြင့် ပရော်ဖက်ဆာဆမ်မာလီကတော့ ပြောနိုင်ပါ လိမ့်မယ်။ အဲဒီမှာ မျောက်အမျိုးအစားပေါင်း (၃၆)မျိုးရှိတယ် ဒါပေမယ့် မောင်မြင်တွေ့ခဲ့တဲ့ အမျိုးအစားကတော့ ကျုပ်တို့ မြေပြင်ကမ္ဘာက မသိကြသေးတဲ့အမျိုးပဲ၊ အဲဒီသတ္တဝါဟာ



www.burmeseclassic.com

www.burmeseclassic.com



မျောက်နဲ့ပိုနီးစပ်သလား၊ လူနဲ့ပိုနီးစပ်သလားဆိုတာ ကျုပ်တို့အဆုံးအဖြတ်ပေးရမယ်၊ နောက်တစ်ခုက ပြင်ပကမ္ဘာမှာ မတွေ့ဖူးသေးတဲ့လူနဲ့မျောက်စပ်ကြားသတ္တဝါ ဖြစ်ချင်လဲဖြစ်မယ်၊ ဒီပြဿနာရဲ့အဖြေကို ဖော်ထုတ်ဖို့ဟာ ကျုပ်တို့ရဲ့ပထမဆုံးတာဝန်ပဲ"

"မဟုတ်ဘူး"ဟု ဆမ်မာလီက ခပ်ပြတ်ပြတ်ပြောလိုက်၏။

"အခုဆိုရင် မစ္စတာမကိုနီရဲ့ တွေးခေါ်မှုနဲ့စွမ်းအင်ကြောင့် ကျုပ်တို့မြေပုံရကြပြီ၊ သူပြောတဲ့အတိုင်း ဖော်ပြရခြင်းအတွက် ကျွန်တော့်ကိုခွင့်လွှတ်ပါ၊ ကျုပ်တို့ရဲ့ပထမဆုံးတာဝန်ဟာ အန္တရာယ်များပြားတဲ့ ဒီနေရာက ဘေးရန်ကင်းရှင်းစွာနဲ့ ဆင်းသက်ကြဖို့ဖြစ်တယ်"

"သူက လူ့ယဉ်ကျေးမှုဆီ ပြန်ချင်တာကိုး"ဟု ချလင်ဂျာက ဝမ်းနည်းစွာပြော၏။

"ကျုပ်တို့မြင်တွေ့သမျှ အစီရင်ခံရမှာက ကျုပ်တို့တာဝန်ပါဗျာ၊ ပိုပြီးလေ့လာစူးစမ်းဖို့ကို လက်ဆင့်ကမ်းရမှာပေါ့၊ဒါကိုသဘောတူတယ် မဟုတ်လား"

"ဟုတ်ပေ့ဗျား . . ကျုပ်တို့မြင်တွေ့သမျှ တစ်ခြားလူတွေကို ပြန်တင်ပြဖို့ သေချာတယ်ဆိုတာ သိရရင်၊ ကျုပ်စိတ်





ပြီး သက်တောင့်သက်သာဖြစ်မှာ အမှန်ပဲ၊ ဒီနေရာက ဘယ်လိုပြန်ပြီး ဆင်းရမလဲဆိုတာ ကျုပ်မှာ စိတ်ကူးမရှိသေးပါဘူး၊ ဘယ်လိုပဲဖြစ်ဖြစ် ရင်ဆိုင်ကြုံတွေ့လာရတဲ့ပြဿနာတိုင်းကို တော့ ကျုပ်ဖြေရှင်းနိုင်တာချည်းပါပဲ၊ မနက်ဖြန်ကစပြီး ကျုပ်ရဲ့ ဘာရုံကိုတောင့်ပေါ်က ပြန်ဆင်းဖို့အတွက် နည်းလမ်းရှာဖွေတဲ့ ဘက်ပြောင်းလဲလိုက်ပါမယ်လို့ ကတိပေးပါတယ်"

ကျွန်တော်မြင်တွေ့မှတ်မိသမျှ အရာအားလုံးကို ထိုညမြေပုံ၌အပြီးထည့်သွင်းကြပါ၏။

"ရေကန်ကိုဘယ်လို ခေါ်ကြမလဲ" ဟု ချလင်ဂျာက မေး၏။

"ချလင်ဂျာရေကန်လို့ ဘာပြုလို့ မခေါ်ရမလဲ"ဟု ဆမ်မာလီက ခပ်ချဉ်ချဉ်အမူအရာဖြင့် ပြောလိုက်၏။

"ဒါ့ထက်ပိုကောင်းတဲ့ဒခကြောင်းအရာနဲ့ ကျုပ်နာမည်တွင်ကျန်ရစ်မှာပါ"ဟု ချလင်ဂျာကပြော၏။ "ခပ်တုံးတုံးလူတွေသာ သူတို့နာမည်ကို တောင်တွေမြစ်တွေမှာ ပေးပြီး တွင်ကျန်ရစ်စေတာကိုးဗျ၊ ကျုပ်အဖို့ ဒီနည်းမလိုပါဘူး"

"ရေကန်ကို မင်းနာမည်ပေးသင့်တယ်" လော့ဒ်ဂျွန်က ကျွန်တော့်ကိုပြောပါသည်။

"မင်းက ပထမဆုံးမြင်တဲ့လူပဲ၊ မကိုနီကန်လို့ မှည့်ခေါ်



www.burmeseclassic.com

www.burmeseclassic.com



ရင် ကန့်ကွက်စရာ မရှိပါဘူး”

“ဟုတ်တာပေါ့ မိတ်ဆွေလေးက အမည်မှည့်ပါ”ဟု ချလင်ဂျာက ပြော၏။

“ဒါဖြင့်ရင် . . ဂလက်ဒစ်ကန်လို့ပဲ အမည်တွင်ပါစေ” ဟု ကျွန်တော်က ခပ်ရှက်ရှက်ဖြင့် ပြောလိုက်ပါသည်။

ချလင်ဂျာက ကျွန်တော့်ကိုကြည့်၍ ခပ်လှောင်လှောင် ခေါင်းယမ်းလိုက်ပါသည်။

“လှူငယ်ဟာ လူငယ်ပဲပေါ့လေ၊ ဂလက်ဒစ်ကန်ပဲ တွင်ပစေပေါ့” ဟု ပြောလိုက်ပါ၏။

* * * * * * *

လှိုင်ဓာတ်ဆန်းကြယ် မဂ္ဂဇင်းတိုက်

## အခန်း(၁၂)

## တောတွင်းမှ သေဘေး

တိုတောင်းလှသောအချိန်အတွင်း၌ မြေပုံပြီးစီးအောင် ဆောင်ရွက်နိုင်သောကြောင့် မိတ်ဆွေများက ချီးကျူးကြသည်ကို ကျွန်တော်များစွာ ပီတိဖြစ်မိပါ၏။ အဘယ်ကြောင့်ဆိုသော် ကျွန်တော်တို့အဖွဲ့၌ ကျွန်တော်မှာ အသက်အားဖြင့်လည်းကောင်း၊ အတွေ့အကြုံအားဖြင့်လည်းကောင်း အငယ်ဆုံး၊ အနည်းဆုံးဖြစ်လေရာ ဆွေးနွေးရာများနှင့် အလုပ်တာဝန်ခွဲဝေရာများတွင် ကျွန်တော်မှာ အရေးမပါဆုံးနေရာ၌သာ ရှိခဲ့ရသောကြောင့်ဖြစ်ပါ၏။

လှိုင်ဓာတ်ဆန်းကြယ် မဂ္ဂဇင်းတိုက်

www.burmeseclassic.com

www.burmeseclassic.com



သို့သော် ယခုအခါ ကျွန်တော်သည် လုပ်ငန်းတစ်ရပ်ကို တစ်ကိုယ်တည်း ဆောင်ရွက်ပြီးစီးခဲ့သဖြင့် မိမိတာသာမိမိပင် ဂုဏ်ယူမိပါသေးသည်။ ထိုခံစားမှုသည်ပင် ထိုညအဖို့ ကျွန်တော်အား သေဘေးနှင့်ရင်ဆိုင်စေရသော အကြောင်းခံဖြစ်ပါလေတော့၏။

ကျွန်တော်၏စွန့်စားအောင်မြင်မှုကြောင့် စိတ်လှုပ်ရှားနေ၍ပေလော မသိရ။ ကျွန်တော်မှာ အိပ်မပျော်နိုင်အောင် ဖြစ်နေရပါသည်။ ဆမ်မာလီက ကင်းစောင့်နေပြီး အခြားသူများမှာ အိပ်ပျော်နေကြပါသည်။ လပြည့်ညက ထွန်းလင်းတောက်ပနေလျက် တညှင်းညှင်းလေက အေးမြပါသည်။ လမ်းလျှောက်ရန် ကောင်းလှသောညံပေတည်း။ အကယ်၍ စခန်းမှတိတ်တဆိတ်ထွက်ခွာပြီး ရေကန်ကြီးဆီသို့ လျှောက်သွားမည်ဆိုပါလျှင် မေပယ်ဝှိုက်ကမ္ဘာမှ ကျွန်တော်တို့ပြန်ခွာသွားကြသောအခါ တောင်တလပ်၏ဇာပဟိုနေရာအကြောင်း အတွေ့အကြုံကို ကျွန်တော်တစ်ဦးတည်းသာ ရရှိပေလိမ့်မည်။

ဂလက်ဒစ်ပြောကြားခဲ့သော "ရဲရင့်သောအမှုပြုစရာသည် နေရာတိုင်း၌စောင့်လျက်ရှိသည်" ဆိုသည့်စကားကို ကျွန်တော်သတိရမိသည်။ မက္ကာဒယ်လ်ကိုလည်း အမှတ်ရပါသေးသည်။ သတင်းစာအတွက် ဆောင်းပါးကောင်းများရေးနိုင်လိမ့်မည်ဖြစ်ခြင်း၊ ကျွန်တော်ထင်ရှားကျော်စော ဖြစ်ရချေမည်။ ကျွန်တော်သည် အထူးစစ်သတင်းထောက် ဖြစ်လာရပေမည်။ ကျွန်တော်သည် သေနတ်တစ်လက်ဆွဲ၍ အသာလစ်ထွက်ခဲ့ပါတော့သည်။

ကျွန်တော်သည် ဝေးဝေးလံလံမရောက်မီ ခရီးအစလောက်ကတည်းက စိတ်အားငယ်ခဲ့လေပြီ။ ကျွန်တော်သည် အမှန်တကယ်အားဖြင့် ရဲရင့်လှသောသူမဟုတ်၊ စိတ်ကူးအယဉ်ကြီးယဉ်မိသူသာ ဖြစ်ပါ၏။ သို့သော် စခန်းပြန်လှည့်ရန်လည်း ရှက်မိပါ၏။ ထို့ကြောင့် စိတ်မပါပဲလျက်နှင့်ပင် ရှေ့သို့သာ ကိုးရပါတော့၏။ တောအတွင်း၌ သေဘေးကကြုံနိုင်ပါ၏။ သစ်ပင်များက ထူထပ်စွာပေါက်နေလေရာ လရောင်အနည်းသာ ထိုးဝင်နိုင်၍ မှောင်မည်းလှပါသည်။ တစ်ညတုန်းက ကြောက်မက်တုန်လှုပ်ဖွယ် အော်မြည်သံများနှင့် လော့ဒ်ဂျွန်က မီးစနှင့်ထိုးစည်ပြင်ခဲ့ရသော ညလည်ချေ့သည်ကြီး၏ သွေးပျက်စရာအသွင်ကြီးကိုသတိရမိပြန်ပါသည်။ ဤကား ထိုအကောင်ကြီး သားကောင်ရှာသည့်နေရာပေတည်း။ ကျွန်တော်က သေနတ်ကိုကြည့်လိုက်ပါ၏။ သို့သော် ကျွန်တော်ယူလာသော သေနတ်မှာ အငယ်စားဖြစ်နေသောကြောင့် တောကောင်ကြီးများနှင့်တွေ့





လျှို့ဝှက်ဆန်းကြယ် မဂ္ဂဇင်းတိုက်

www.burmeseclassic.com

www.burmeseclassic.com



လျှင် အသုံးမဝင်ကြောင်း တွေ့ရပါတော့၏။ စခန်းသို့ပြန်ရ
တွေးမိပြန်ပါသေး၏။ သို့သော် ကျွန်တော်ပြန်ဝင်လာသည်
မြင်တွေ့ကြလျှင် အကြောင်းစုံပြောပြနေရပေဦးမည်။ ခ
မှုတုံ့နှေးနေပြီးလျှင် ကျွန်တော်ရှေ့ဆက်ပါသည်။

ကျွန်တော်က စမ်းချောင်းအတိုင်း လိုက်ပါသည်။ ၎င်
က ကျွန်တော့်အား ရေကန်သို့လမ်းပြခေါ်သွားမည် ဖြစ်၍
တည်း။ ကာရိုဒက်ထွိုင်လ်တို့၏နေရာ ဖြတ်သန်းစဉ် ကာရိုဒ
တိုင်လ်တစ်ကောင်က ပျံသွားရာ ၎င်းပျောက်ကွယ်သွားသည်
ထိ ကျွန်တော်ငြိမ်သက်နေရပါသည်။ ထို့နောက်တွင် မြေပြင်
နွေးသောမည်းမည်းအရေများ ပွက်ထနေသည့် နေရာတစ်ခု
ဖြတ်ကျော်ခဲ့ရပါသည်။ ၎င်း၏မျက်နှာပြင်မှာ သဘာဝဓာတ်ငွေ့
တိုးထွက်နေသဖြင့် ပူဖောင်းများဖြစ်နေပြီး ၎င်းအထက်မှာ
မှာပူနေပါသည်။

ကျွန်တော်မှာ အချိန်မဖြုန်းနိုင်သဖြင့် ခပ်သွက်သွ
ထွက်ခဲ့ပါသည်။ တစ်ခါတစ်ရံ၌ ကြီးမားသည့်အရိပ်မည်
မည်းကြီးများ ကျွန်တော့်အနီး၌ ခြေသံမကြားရအောင် ဖြ
သန်းသွားပြီး တစ်ခါတစ်ရံ တိရစ္ဆာန်ကြီးတို့က သစ်ပင်ကိုချိုးဖြ
လိုက်သကဲ့သို့သော အသံကိုကြားရပါသည်။ နောက်ဆုံးတွ





ျွန်တော် ရေကန်သို့ဆိုက်ရောက်ပြီး ထိုင်ချလိုက်ကာ ကန်ရေ
တဝကြီး သောက်ပါသည်။

သစ်ပင်ကြီးပေါ်က တက်ကြည့်စဉ်မြင်ကွင်းကို ကျွန်တော်
ပြန်ခဲ့ရာ၌ ကန်တစ်ဖက်ကမ်းအားရုံများ၌ ဂူနှင့်တူသည့်အရာများ
သည်ဟု ပါရှိခဲ့ပါသည်။ ယခု ၎င်းအရပ်ဆီသို့ လှမ်းကြည့်လိုက်
မီးရောင်ကလေးများ မြင်ရသဖြင့် ကျွန်တော်အထူးအံ့သြမိ
တော့၏။ ဂူများ၌ မီးရောင်ရှိ၏။ မီးရှိလျှင် လူရှိရမည်သာ
ည်း။ ကျွန်တော်လာရောက်မိခြင်းအတွက် အဘယ်မျှဝမ်း
ာက်ဝမ်းသာ ဖြစ်ရပါသနည်း။ လန်ဒန်သို့ပြန်၍သယ်ဆောင်
သတင်းပေတကား။ တောင်ကလပ်ပေါ်၌ လူသားတို့ရှိ
၏။

ကျွန်တော်သည် မီးကိုအတန်ကြာ လှမ်းကြည့်နေမိပါ
ည်။ ထိုစဉ် ကိုယ်ထည်ကို သံချပ်အကျီဝတ်ထားသလိုထင်
တိရစ္ဆာန်ကြီးနှစ်ကောင် ရေသောက်ဆင်းလာကြပါသည်။
ာက် ရှင်ဘုရင်တမျှ ခံညားလှသော သမင်ကြီးတစ်ကောင်
 သမင်မနှင့် သားငယ်နှစ်ကောင်ကို ရှေ့ဆောင်လာ၍
င်တိရစ္ဆာန်ကြီးနှစ်ကောင်နောက်၌ ရေသောက်ကြ၏။
ပေါ်၌ ဤသမင်ကြီးမျိုး ဘယ်မှာမှ မရှိပါ။ ကျွန်တော်မြင်



www.burmeseclassic.com

www.burmeseclassic.com



ဖူးသမျှ အကြီးဆုံးအကောင်သည် ဤသမင်ကြီး၏ ပခုံး
ရောက်ပေလိမ့်မည်။ ရုတ်တရက်ခြောက်ကောင်လုံး ပြေးထွ
သွားကြလေသည်။

ကြီးမားထူးခြားလှသော အခြားတိရစ္ဆာန်ကြီးတစ်ကော
လာနေသည်။ ထိုအကောင်ကြီးကို ကျွန်တော် ယခင်ကမြင်
သည်ဟု ထင်မိပါသည်။ ထို့နောက် ကျွန်တော်သတိရလာ
သည်။ ထိုအကောင်ကြီးကား မေပယ်ဂိုက်စာအုပ်ထဲ၌ ရေး
ထားသည့် ပုံသဏ္ဌာန်မျိုးတည်း။ မေပယ်ဂိုက်မြင်ခဲ့သေ
အကောင်မှာ ဤတိရစ္ဆာန်ကြီးပင် ဖြစ်ကောင်းဖြစ်ပါလိမ့်မ
ရေသောက်ရန် တိရစ္ဆာန်ကြီးရှေ့တိုးလှမ်းလာစဉ် သူ၏အ
ချိန်ကြီးကြောင့် မြေပြင်မှာတုန်ခါနေပါသည်။ တိရစ္ဆာန်ကြီးသ
ကျွန်တော်လဲလျောင်းနေသော ကျောက်ဆောင်နှင့် နီးကပ်
လေရာ သူ့ကျောကြီးကို လှမ်းကိုင်လျှင်ပင် ထိနိုင်ပါလေသ
ထို့နောက် အကောင်ကြီးသည် လေးလံစွာထွက်ခွာရင်း ပျ
ပျောက်သွားတော့၏။

ကျွန်တော်၏နာရီကိုကြည့်လိုက်သောအခါ ညနှစ်န
ခွဲဖြစ်ကြောင်း တွေ့ရ၏။ ထို့ကြောင့် စမ်းချောင်းအတိုင်းလ
ကာပင် နောက်ကြောင်းခရီးပြန်ခဲ့ပါ၏။ စိတ်ဝင်စားဖွယ်သ
များပါရှိလာ၍ ကျွန်တော်ဝမ်းမြောက်ခဲ့ပါ၏။ အထူးသ





ဂူတွင်းမှ မီး၊ ကျွန်တော်မြင်လိုက်ရသော တိရစ္ဆာန်ကြီးလမ်း
လျှောက်ရင်း ကမ္ဘာပေါ်ရှိလူအနည်းငယ်ကလေးသာ ပိုမိုဆန်း
ကြယ်သော ညအချိန်ကိုအသုံးချနိုင်ပြီး လူသားတို့၏အသိဉာဏ်
တိုးစေသည့်အချက်ကို ဖြည့်စွက်ပေးနိုင်ကြကြောင်း တွေးမိ
ပါ၏။

ကျွန်တော့်နောက်မှ အသံတစ်ခုကိုကြားရသောအခါ
ကျွန်တော်သည် အပြန်ခရီးတစ်ဝက်ခန့်လောက် ရောက်နေပေပြီ။
အသံမှာခပ်အုပ်အုပ်နှင့် ကြောက်စရာအသံမျိုးဖြစ်ပါသည်။
သတ္တဝါတစ်ကောင်ကောင်ကား ကျွန်တော့်အနီး ရောက်နေလေ
ပြီ။ သို့သော် ဘာကိုမှုကား မမြင်ရ။ ထို့ကြောင့်ပင် ခပ်သွက်
သွက်နှင်ရပါတော့သည်။ နောက်မိုင်ဝက်ခန့်အရောက်တွင်
နောက်ဖက်မှ ထိုအသံကိုထပ်မံကြားရပြန်ပါသည်။ ယခင်က
ထက်ပို၍ အသံကျယ်ကာ ကြောက်စရာကောင်းလာပါ၏။
ထိုသတ္တဝါကြီး ကျွန်တော်၏နောက်သို့ ထပ်ကြပ်လိုက်နေပြီ
ဟု တွေးမိလိုက်သည်နှင့် ကျွန်တော်၏နှလုံးသွေးများ ရပ်သွား
သလိုဖြစ်ပြီး တစ်ကိုယ်လုံးအေးစက်သွားပါသည်။

စခန်းလာကပ်သောညက ကြောက်မက်ဖွယ်မျက်နှာ
ကြီးကို ပြန်သဲတိရမိပါ၏။ ကျွန်တော်က ဒူးတုန်နေသော်မှပင်
နောက်သို့ပြန်လှည့်ကြည့်မိလိုက်၏။ ဘာကိုမှုကားမမြင်ရ။



www.burmeseclassic.com

www.burmeseclassic.com



နောက်ထပ်အသံက ပေါ်လာ၏။ ပို၍ကျယ်လောင်ကာ [illegible] ခေါင်းသံကြီးကိုပင် ကြားလာတော့၏။ ဘာမျှသံသယ ဖြစ်[illegible] ရာမလိုတော့။ တစ်ခုခုကား ကျွန်တော့်ကိုကပ်လိုက်နေချေ[illegible] ထို့နောက် ကျွန်တော် လှမ်းမြင်ရတော့ပြီ။ ခပ်လှမ်းလှမ်း ချုံဖုတ်များအတွင်း၌ တစ်စုံတစ်ခုသည် လှုပ်ရှားနေ၏။ ထို့ နောက် မည်းမည်းသဏ္ဌာန်ကြီးတစ်ခုသည် ထွန်းလင်းကြည် လင်သောလရောက်အောက်သို့ ခုန်ထွက်လာပါတော့၏။ ဆင် ကြီးတစ်ကောင်ဟု ထင်ရ၏။

သို့သော် နောက်ခြေကို ʼအားပြုပြီး ခုန်၍လာသည် အကောင်အထည် ကြီးမားသလောက် ခွန်အားကလည်း ကြီး[illegible] ပုံရ၏။ အကောင်အထည်ကြီးလှသော်လည်း အကောင်ကြီး၏ လှုပ်ရှားမှုကား မြန်ဆန်လှပါ၏။ ထိုအကောင်ကြီးမှာ ကျွန် တော်တို့စခန်းလာခဲ့ဖူးသော အကောင်ကြီးကဲ့သို့ပင် ဗျက်ကျယ် ၍ ဖားပြုတ်မျက်နှာနှင့်တူသည့် မျက်နှာရှိပါသည်။ ကြမ်းကြုတ် ခြင်း၊ʼ အန္တရာယ်ကြီးခြင်းကား သေချာလှပါပေ၏။ ကမ္ဘာမြေ ပြင်ပေါ်ရှိသမျှတွင် အန္တရာယ်အကြီးဆုံး၊ ကြောက်ရွံ့စရာအ ကောင်းဆုံးဖြစ်သည့် အသားစားဒိုင်နိုဆောကြီး၏ လိုက်ခြင်းကို ကျွန်တော်ခံနေရချေပြီတကား။





ကျွန်တော် ဘာတတ်နိုင်အံ့နည်း။ လက်တွင်း၌ကား အသုံးမကျသော သေနတ်ရှိနေပါ၏။ ထိုသေနတ်က တစ်စုံတစ် ရာ အကူအညီမဖြစ်စေနိုင်ပါ။ ကျွန်တော်က ပတ်ဝန်းကျင်၌ သစ်ပင်ကြီးကြီးမားမားရှိလို ရှိငြားကြည့်လိုက်ပါသေး၏။ သို့ သော် မရှိ။ ညှိနေရာတစ်ဝိုက်တွင် ချုံဖုတ်တို့သာရှိသည်။ ထို့ အပြင် ကျွန်တော့်ကို လိုက်လံနေသော သတ္တဝါကြီးသည် သစ် ပင်ကြီးတစ်ပင်ကို ဟင်းရွက်ကန်စွန်းပင်ကလေးပမာ ဆွဲနှုတ် ချိုးဖဲ့နိုင်စွမ်းရှိပေသည်။ ကျွန်တော်၏ရှေ့တွင် တိရစ္ဆာန်တို့သွား လာထားသည့် လမ်းကြောင်းတစ်ခုကိုတွေ့ရပါသည်။

ကျွန်တော်သည် အပြေးသန်သူတစ်ယောက် ဖြစ်ပါ၏။ ထို့ကြောင့် ထိုလမ်းအတိုင်း အသက်လုပြေးပါ၏။ သုံးမဖြစ် သောသေနတ်ကိုကား လွှင့်ပစ်ခဲ့ပါတော့သည်။ ကျွန်တော်၏ အပြေးစံချိန်ကား ယခင်တုန်းက မရှိခဲ့သလို နောင်တွင်လည်း ရှိနိုင်မည် မဟုတ်သည့်အမြန်နှုန်းဖြစ်ပါ၏။ ထို့နောက် ရပ်တန့် ၍နားစွင့်လိုက်ရာ ကျွန်တော်၏နောက်ဖက်မှ တောတိုးသံကြီး ကြားရပြန်ပါ၏။ အကောင်ကြီးကား နီးကပ်လာပြန်ချေပြီ။ ကျွန်တော်တို့အဖို့ မျှော်လင့်ချက်မရှိတော့။

အစဦးက တိရစ္ဆာန်ကြီးသည် အနံ့ခံ၍ ကျွန်တော့်ကို



www.burmeseclassic.com

www.burmeseclassic.com



လိုက်နေရာမှ ယခုသော် ကျွန်တော့်ကိုမြင်တွေ့သွားလေပြ
လရောင်သည် သူ၏ကြီးမားသောမျက်လုံးနှင့် ပါးစပ်ဖွင့်ထား
၍ ပေါ်ထွက်နေသည့်သွားများအပေါ် ထွန်းလင်းနေလေသည်
ကျွန်တော်သည် ထိတ်လန့်တကြား တစ်ချက်အော်လိုက်က
ဂမ့်းရှူးထိုး တအားလှည့်ပြေးမိပါတော့၏။ တိရစ္ဆာန်ကြီး၏
အသက်ရှူသံပြင်းပြင်းကြီးကိုလည်း နောက်မှထပ်ကြားနေရပါ
၏။ အချိန်မရွေး ကျွန်တော့်ကိုဖမ်းဆီးမိတော့မည်ဟု အောက်
မေ့ထားရပါသည်။ ထို့နောက်တွင် ရုတ်တရက်ပြိုကွဲခြင်းတစ်
နှင့်တစ်ခုနှင့်အတူ ကျွန်တော်သည် ထိုးကျသွားပါတော့၏
အရာအားလုံး မှောင်မိုက်သွားပြီး ဘာကိုမျှမသိနိုင်တော့။

ကျွန်တော်ပြန်လည်သတိရလာသောအခါ အသက်ရှူ
လုမတတ်သော အနံ့ဆိုးကြီးကို သတိပြုမိပါသည်။ အမှောင်
တွင်း၌ ကျွန်တော်၏လက်ကို ဆန့်လိုက်သောအခါ အသားစိုင်
ကြီးနှင့်တူသည့်အရာကို ထိမိပါ၏။ အခြားလက်က အရိုးကို
ထိတွေ့ပါသည်။ အပေါ်တွင် မိုးကောင်းကင်အား စက်ဝိုင်းပုံ
သဏ္ဍာန်မြင်ရလေရာ ထိုအချက်က ကျွန်တော်တွင်းနက်တစ်
ခုအတွင်း ကျရောက်နေကြောင်း သိသာစေပါသည်။ ကျွန်တော်
မှတ်တပ်ရပ်၍ စမ်းသပ်ကြည့်ပါသည်။ သို့သော် တစ်စုံတစ်ခု





ကျိုးသွားဟန်မရှိ။ ခြေလက်များ လှုပ်ရှားနိုင်ပါသည်။ သို့သော်
တစ်ကိုယ်လုံး တောင့်တင်းနာကျင် ကိုက်ခဲနေပါသည်။ တိရစ္ဆာန်
ကြီးကို သတိရမိပါ၏။ သို့သော် သူ၏အရိပ်လက္ခဏာ အပေါ်
၌မမြင်မတွေ့ရတော့။ ကျွန်တော်က တွင်းကိုလေ့လာပါသည်။

အောက်ခြေမျက်နှာပြင်အကျယ်မှာ ပေနှစ်ဆယ်ခန့်ရှိ
ပါမည်။ မြေမျက်နှာပြင်အနှံ့ ပုပ်သိုးနေသောအသားတုံးများ
ပြန့်နေပါသည်။ လေက အဆိပ်အတောက်ဖြစ်ကာ ဆိုးဝါးလွန်း
လှပါ၏။ တွင်းအလယ်၌ ချောဆီများ ပေကျံနေသည်ဟု ယူဆ
ရသည့် တိုင်တစ်တိုင်စိုက်ထူထားပါသည်။ ကျွန်တော်၏အိတ်
ထဲတွင်း၌ မီးခြစ်ပါရှိသည်ကို သတိရ၍ မီးခြစ်တစ်ဆံခြစ်ကာ
အလင်းရောင်ရစေပါသည်။ ထိုအခါ ကျွန်တော်ကျရောက်နေ
သည့်နေရာကို ကောင်းစွာမြင်နိုင်ပါတော့သည်။ ဤကား
လူသားတို့၏ လက်ဖြင့်ပြုလုပ်ထားသော ထောင်ချောက်ပေ
တကား။ အလယ်၌စိုက်ထောင်ထားသည့်တိုင်မှာ ကိုးပေခန့်
ရှိ၍ ထိပ်ဖျား၌ချွန်ထက်နေ၏။

တိုင်မှာ ၎င်းအပေါ်ကျရောက်ခဲ့သော တိရစ္ဆာန်များ၏
သွေးတို့ဖြင့် မည်းနည်နေပါ၏။ တွင်းထဲမှ အသားစိုင်တို့မှာ
ထောင်ချောက်မိ တိရစ္ဆာန်တို့မှ ကျန်ခဲ့သည်များဖြစ်ပါ၏။ ဤ
ပျောက်ဆုံးနေသောကမ္ဘာတွင် လူသားတို့သည် တိရစ္ဆာန်များ



www.burmeseclassic.com

www.burmeseclassic.com



နှင့် မည်သို့ရင်ဆိုင်ကြသည်ကို နားမလည်နိုင်ဟု ချလင်ဂျာ ပြော ခဲ့ပါသည်။ ထိုအချက်မှာ ယခုသော်ရှင်းလေပြီ။ သူတို့၏ ဦးခေါက်များသည် တိရစ္ဆာန်ကြီးများ မဝင်နိုင်အောင် ကျဉ်းကျဉ်းကလေးတွေဖြစ်ကြသည်။ သူတို့၏ဉာဏ်ရှိသောဦးနှောက်က တိရစ္ဆာန်များသွားလမ်းတွင် ယခုလိုထောင်ချောက်ဆင်ရမည်ဟု ကြံဖန်နိုင်ကြသည်။ သို့ဖြင့် လူသားတို့က ရောခတိရစ္ဆာန်ကြီးများကိုပင် သုတ်သင်နိုင်ကြသည်။ လူသားကားထာဝစဉ်အရှင်သခင်သာတည်း။

ကျွန်းမာဖျတ်လတ်သူ လူရွယ်တစ်ဦးအဖို့ တွင်းထဲမှ အတက်ရန်မှာ လွယ်ကူသောအလုပ်ဖြစ်သော်လည်း ကျွန်တော်သည် တုံ့နှေးနေပါသေးသည်။ တိရစ္ဆာန်ကြီးတို့မှာ ဦးခေါင်းသေးငယ်၍ ဦးနှောက်နည်းပါးလှကြောင်း ချလင်ဂျာပြောဖူးသည်ကို သတိရမိပါသည်။ သူတို့အသိဉာဏ်ခေါင်းပါးခြင်းသည်ပင်လျှင် ကျွန်ကမ္ဘာအရပ်ရပ်၌ ၎င်းတို့မျိုးတုံးကွယ်ပျောက်ရခြင်း၏ အကြောင်းရင်းဖြစ်ပါ၏။ ထို့ကြောင့်ပင် ကျွန်တော့်အားစောင့်ဆိုင်းနေဖို့ တွေးမိလိမ့်မည်မဟုတ်ဟု တွက်ဆကာ သတ္တိမွေးရပါတော့သည်။ ကျွန်တော်က အပေါ်တက်၍ သတိနှင့်ကြည့်ရှုပါသည်။ ရန်သူတော်ကြီး၏အရိပ်အရောင်ကို မမြင်တွေ့ရ။ တောင်းကင်က ဖြူလွှင်နေပြီး နံနက်ခင်းလေအေးက ကျွန်တော်၏မျက်နှာကို ပက်ဖြန်းနေပါသည်။ ကျွန်တော်က နောက်ကြောင်းပြန်ကြည့်ရာ သေနတ်ကိုတွေ့ရပါသည်။ ထို့နောက် လမ်းချောင်းအတိုင်းလိုက်ကာ စခန်းသို့ပြန်ခဲ့ပါသည်။





လမ်းတွင် သေနတ်သံတစ်ချက် ကျွန်တော်ကြားလိုက်ရပါသည်။ အစတွင် မိတ်ဆွေများ အန္တရာယ်ကြုံလာပြီလားဟု ထင်မိပါ၏။ သို့သော် ကျွန်တော် မည်သည့်အရပ်သို့လာရမည်ကိုသိအောင် အသံပေးခြင်းဟု တွေးလိုက်ပြန်ပါသည်။ ယခုသော် ကျွန်တော်စခန်းမှ ပျောက်နေသည်ကို သူတို့သိကြပေတော့မည်။ သေနတ်မပစ်ဖောက်ကြရန် ဆုံးဖြတ်ထားသော်လည်း ကျွန်တော်အန္တရာယ်ကြုံနေပြီထင်လျှင် သူတို့နှောင့်နှေးကြမည် မဟုတ်ပါ။ ကျွန်တော် သုတ်ခြေတင်ပါတော့သည်။

စခန်းနှင့် နီးလာသော် ကျွန်တော်က အော်ခေါ်၏။ သို့သော် ပြန်ထူးသံမကြားရ။ ခြံစည်းရိုးသို့ ကျွန်တော်ရောက်လာ၏။ တံခါးပေါက်ကပွင့်နေလေသည်။ ကျွန်တော်ကပြေးဝင်သွားရာ ကြောက်မက်ဖွယ်မြင်ကွင်းကို တွေ့ရတော့၏။ ကျွန်တော်တို့ပစ္စည်းများက ပရမ်းပတာပြန့်ကျဲနေပြီး မိတ်ဆွေအားလုံးကွယ်ပျောက်နေကြ၏။ မီးဖိုအနီး၌ကား သွေးကွက်တစ်ကွက်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်က စခန်းတစ်ဝိုက်ပြေးလွှားရင်း မိတ်ဆွေများကို အော်ခေါ်ပါသည်။ တိတ်ဆိတ်သော အရိပ်များတွင်းမှ ပြန်ထူးသံက ပေါ်မလာ။ ကျွန်တော်သည် မိတ်ဆွေများကို ပြန်မတွေ့ရတော့ပဲ တုန်လှုပ်ဖွယ် ဤကမ္ဘာ၌ တစ်ယောက်တည်း နေကာ အထီးကျန်သေရတော့မည်ဟု ထင်မိပါ၏။ ခဏရှိသော် စဉ်းစားဆင်ခြင်ရန် ထိုင်ချလိုက်ပါသည်။

စခန်း၏ပုံပန်းအခြေအနေက အတိုက်ခိုက်ခံရကြောင်း ဖော်ပြပါသည်။ ကျွန်တော်ကြားလိုက်ရသော သေနတ်သံက အချိန်ကိုဖော်ပြပါသည်။ တိုက်ခိုက်မှုသည် အလွန်မြန်ဆန်စွာ ပြီးစီးခဲ့၏။ ထို့ကြောင့်သာ သေနတ်တစ်ချက်တည်း ပစ်နိုင်ခဲ့ခြင်းဖြစ်ရမည်။ ကျွန်တော်ရှေ့မြေပြင်၌ သေနတ်များကျနေပြီး လော့ဒ်ဂျွန်ပစ်ခတ်ခဲ့ကြောင်း သိရ၏။ ကျွန်တော်တို့၏ပစ္စည်းများ ပြန့်ကျဲနေသော်လည်း စားစရာမှအပ အခြားအရာများကို ယူဆောင်မသွားကြပါ။ စားစရာပင်လျှင် သံဗူးအတွင်း၌ဆိုလျှင် ကျန်နေရစ်ပါသည်။ ထို့ကြောင့်ပင် ရန်သူမှာ လူသားမဖြစ်နိုင်။ တိရစ္ဆာန်တစ်ကောင်သော်လည်းကောင်း၊ အများသော်လည်း ကောင်းဖြစ်ရပေမည်။ ကျွန်တော်၏မိတ်ဆွေများ ဘယ်မှာနည်း။ ကျွန်တော်အဖို့ စဉ်းစားလေလေ၊ အသိရခက်လေလေ ဖြစ်ရပါ တော့၏။





ထို့နောက် ဇမ်ဘိုကိုသတိရပါသည်။ တောင်ကလပ်စွန်း သွားရှ်ကြည့်လိုက်ပါသည်။ မျှော်လင့်သည့်အတိုင်း သူ့ကိုမြင်ရပါ၏။ သို့သော် သူနှင့်အတူ အင်ဒီယန်းတစ်ယောက်ကို မြင်ရ၍ အံ့သြမိပါသည်။ ကျွန်တော်က အော်ခေါ်၍ လက်ကိုင်ပုဝါ ဝှေ့ယမ်းပြပါသည်။ သူကမြင်သောအခါ လက်ယမ်းပြပြီး တစ်ဖက်ရှိ ကျောက်ဆောင်ထက် တက်လာပါသည်။ မကြာမီ သူသည် တစ်ဖက်ကျောက်ဆောင်ပေါ်မှ ကျွန်တော်ပြောသမျှ နားထောင်နေပါ၏။

"ဒါဟာ မကောင်းဆိုးဝါးတိုင်းပြည်ပါ မစ္စတာမကိုနီ ပြန်ဆင်းခဲ့ပါ" သူကဆို၏။

"ဘယ်လိုလုပ် ဆင်းမလဲ ဇမ်ဘို"

"လျှော်ကြိုးနဲ့လုပ်ပေါ့"

"အလေးချိန်ခံမယ့်အပင်နဲ့ လျှော်မရှိဘူး"

"မျှောနဲ့ ကြိုးလုပ်ပေါ့၊ ဒီဘက်က သစ်ငုတ်မှာချည် ပေးလိုက်ရင် ဖြတ်ကူးဖို့ တံတားပေါ့"

"အဲဒါစဉ်းစားကြတာပေါ့၊ အလေးချိန်ခံမယ့် အပင်နဲ့ လျှော်မရှိဘူး"

"ကြိုးသွားအယူခိုင်းပေါ့ မစ္စတာမကိုနီ"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်သူသွားမလဲ . . ဘယ်မှာကြိုးရနိုင်မလဲ"

"အင်ဒီယန်းရွာတွေပေါ့ . . အောက်က အင်ဒီယန်းကို လွှတ်လေ"

"သူက ဘယ်သူလဲ"

"ကျုပ်တို့ထဲက တစ်ယောက်ပေါ့၊ တစ်ခြားလူတွေက ရိုက်ပြီး သူ့ပိုက်ဆံယူလိုက်ကြတယ်၊ သူပြန်လာတယ်လေ ဘာနိုင်းနိုင်းလုပ်ဖို့ အဆင်သင့်ပါပဲ"

အကြံကောင်းပါပေ၏။ ထို့အပြင် မစ္စတာမက္ကာဒယ်လ်အတွက်စာလည်း ပေးလိုက်နိုင်ပါ၏။ ဇမ်ဘိုကို ညနေတစ်ခေါက်ပြန်လာရန် မှာလိုက်ပြီး ကျွန်တော်က တစ်နေ့လုံး ကျွန်တော်တို့၏အဖြစ်အပျက်ကို ရေးသားရပါသည်။ ထို့ပြင် တွေ့ရာကုန်သည်၊ သို့မဟုတ် သင်္ဘောကပ္ပတိန်ပေးရန် စာတစ်စောင်လည်း ရေးပေး၏။ စာ၌ ကြိုးများပို့ပေးရန်၊ ထိုကြိုးအပေါ်၌ ကျွန်တော်တို့၏အသက်များတည်နေကြောင်း ဖော်ပြထားပါသည်။ ကျွန်တော်က စာများနှင့်ငွေအနည်းငယ် ဇမ်ဘိုထံပေးလိုက်ပါသည်။ ဇမ်ဘိုက အင်ဒီယန်းကိုပေး၍ စေလွှတ်မည်ဖြစ်ပြီး သူ ကြိုးများနှင့်ပြန်လာခဲ့လျှင် ထို့ထက်ပိုများသောငွေကြေးရဦးမည်ဟု ပြောကြားလိုက်ပါသည်။



## အခန်း (၁၃)

### မမေ့နိုင်သောမြင်ကွင်း

စိတ်မချမ်းမြေ့ဖွယ်ကောင်းလှသော ထိုညနေပိုင်းတွင် နေဝင်စပြုလေပြီ။ ကျွန်တော်တို့အား ကယ်ဆယ်လာရေးအတွက် တစ်ခုတည်းသော မရေမရာမျှော်လင့်ချက်ဟု ဆိုရမည်။ ကျွန်တော်တို့သတင်းကို ယူဆောင်သွားသည့် တိုင်းရင်းသားတစ်ဦးကို အောက်ဖက်ရှိ ကျယ်ပြန့်လှသော လွင်ပြင်ကြီး၌ ကျွန်တော်က လှမ်းမျှော်ကြည့်နေမိပါသည်။ ညနေ၏နှင်းမှုန်တို့က အားကောင်း ထူထပ်လာသည်နှင့်အမျှ ကျနေ၏အလင်းရောင်က မှေးမှိန်သွားသည်ဖြစ်လေရာ ထိုတိုင်းရင်းသားသည် မြင်



www.burmeseclassic.com

www.burmeseclassic.com



ကွင်းမှပျောက်ကွယ် သွားပါတော့သည်။

*ကျွန်တော်က တောင်အောက်မှ စခန်းကလေးကို ပြန်*ကြည့်လိုက်ချိန်၌ လုံးဝမှောင်နေလေပြီ။ ဇမ်ဘို၏တဲအနီးမှ ရဲရဲနီသောမီးဖိုကို မြင်ရပါ၏။ သူ၏သစ္စာရှိမှုကို ဖော်ပြချက်သည် ကျွန်တော်၏ထိုင်းမှိုင်းလေးလံနေသည့်စိတ်ကို ထင်ဟပ်လာပါသည်။ ကျွန်တော်တို့အပေါ် ကျရောက်လာသော ဆိုးသွမ်းလှသည့်ထိုးနက်၏နောက်ဝယ် နှစ်သိမ့်မှုတစ်ရပ်ကား ခံစားလိုက်မိပါသည်။ ကျွန်တော်တို့၏စွန့်စားလုပ်ဆောင်ချက်များကို ကမ္ဘာကသိပေမည်။ ကျွန်တော်တို့အမည်များသည် ကျွန်တော်တို့၏ကိုယ်ခန္ဓာများ ပျက်စီးပျောက်ကွယ်သွားသလို ပျောက်ကွယ်သွားလိမ့်မည်မဟုတ်။ သားစဉ်မြေးဆက်ထင်ရှားတည်ရှိနေပေလိမ့်မည်။

ကြမ္မာဆိုးကျရောက်ခဲ့သည့် စခန်း၌ ညအိပ်ရမည်ကို ဝန်လေးပါ၏။ သို့တိုင်အောင် တောထဲဖြစ်သလို အိပ်စက်ရန်ကလည်း မလွယ်ပါ။ သို့သော် တစ်ခုခုကိုကား ရွေးချယ်ရမည်ဖြစ်ပါသည်။ ကျွန်တော်၏ အသိတရားက တစ်ဖက်မှ နိုးနိုးကြားကြားနေသင့်ကြောင်း နှိုးဆော်နေသော်လည်း အဆမတန်ပင်ပန်းနွမ်းနယ်နေခြင်းက ထိုအချက်ကို ငြင်းဆန်နေပါလေသည်။ ကျွန်တော် သစ်ပင်ကြီးတစ်ပင်ပေါ် အိပ်စက်ရန်တက်ကြည့်ပါ





သေး၏။ သို့သော် စိတ်ချရလောက်သောနေရာမရှိ။ အိပ်ငိုက်လိုက်သည်နှင့် တစ်ပြိုင်တည်း လိမ့်ကျဖက်ကျိုးဖွယ်ရှိနေလေသည်။ သို့ဖြင့် သစ်ပင်ပေါ်မှမြန်မြန်ဆင်းခဲ့ရပါသည်။ နောက်ဆုံးတွင် စခန်းတွင်းဝင်ကာ ဆူးတပ်စည်းရိုးကိုပိတ်၍ မီးပုံသုံးပုံဖိုပြီးလျှင် ညစာကိုအားပါးတရစားပြီး နှစ်နှစ်ခြိုက်ခြိုက် အိပ်လိုက်မိပါတော့သည်။ နံနက်မိုးလင်းလျှင်လင်းချင်း စောစောစီးစီးမှာပင် လက်တစ်ဖက်က ကျွန်တော်၏လက်မောင်းကို လာကိုင်၏။ ကျွန်တော်က ဇဝေဇဝါဖြင့် သေနတ်ကိုလိုက်စမ်းရင်း မော့ကြည့်လိုက်ရာ ကျွန်တော့်ဘေး၌ဒူးထောက်လျက်ရှိသည့် လော့ဒ်ဂျွန်ကိုမြင်လိုက်ရသောအခါ ဝမ်းပန်းတသာ အော်လိုက်မိပါသည်။

လော့ဒ်ဂျွန်ကား ယခင်မူလလော့ဒ်ဂျွန်နှင့် လုံးဝမတူကွဲပြားနေပါသည်။ ယခင်က သူသည် အဝတ်အစား သပ်ရပ်ရပ်နှင့် အေးဆေးတည်ငြိမ်စွာ ရှိခဲ့ပါသည်။ ယခုသော် သူ့မှာ ဖြူဖတ်ဖြူရော်နှင့် မျက်ကလဲဆံပြာဖြစ်နေပါသည်။ အဝေးကြီးမှ တရကြမ်းပြေးလွှားလာရသလို အသက်ရှူသံကလည်း ပြင်း၍မြန်ပါသည်။ သူ့မျက်နှာတွင် အပွန်းအပဲ့နှင့် သွေးစများရှိနေကာ အဝတ်ကလည်း အစုတ်စုတ်အပြဲပြဲဖြစ်နေပါသည်။ ကျွန်တော်



www.burmeseclassic.com

www.burmeseclassic.com



က တအံ့တသြကြည့်နေမိပါသည်။ သူက ကျွန်တော် တစ်စုံတစ်ရာမေးမြန်းရန် အချိန်မပေးတော့။ ကျွန်တော်တို့ပစ္စည်းများကို သိမ်းကျုံးယူရင်း အရေးတကြီးပြောပါသည်။

"မြန်မြန်ဟေ့ ကိုယ့်လူ . . မြန်မြန် စက္ကန့်တိုင်းအရေးကြီးတယ်၊ ရိုင်ဖယ်တွေယူ နှစ်လက်လုံး၊ ငါ့ဆီမှာ နှစ်လက်ရှိပြီ ရနိုင်သလောက် ကျည်ဆန်တွေစုယူဟေ့၊ အိတ်တွေထဲ အားလုံးထည့် ဟုတ်ပြီ၊ စားစရာတွေယူဦး . . သံဗူး . . ခြောက်လုံးလောက် ဆိုရင်ရပြီ တော်ပြီ၊ ဟုတ်ပြီ . . ဘာမှတွေးလား မေးလား လုပ်မနေနဲ့ မြန်မြန်ထွက်ကြစို့ . . နို့မဟုတ်ရင် သေဖို့ပဲ"

အခုထိ ကျွန်တော့်မှာ ဇဝေဇဝါနှင့် အဓိပ္ပါယ်မပေါက်သေးပါ။ ကျွန်တော်သည် ချိုင်းကြားနှစ်ဖက်၌ ရိုင်ဖယ်သေနတ်တစ်လက်စီကို ညှပ်၍ လက်တွင်း၌ ပစ္စည်းမျိုးစုံကိုင်ရင်း သူ့နောက်မှနေပြီး တောတွင်း၌ ကွေ့ကွေ့ကောက်ကောက် ပြေးလိုက်နေရပါသည်။ အလွန်ထူထပ်သော ချုံဖုတ်ကြီးတစ်ခုသို့ရောက်လျှင် စူးရှမည့်ဆူးကြီးများကို ဂရုမစိုက်နိုင်ဘဲ အတင်းတိုးဝင်၍ အလယ်ခေါင်ရောက်လျှင် ကျွန်တော့်ကိုဘေးထိုင်စေပါသည်။ သူကမောကြီးပန်းကြီးနှင့် ပြောပါသည်။

"အေး . . ဒီမှာတော့ လုံခြုံမယ်ထင်တာပဲ၊ သူတို့စခန်းကိုသာ သွားကြမှာပါ၊ ပထမဆုံး အဲဒီစိတ်ကူးပဲရကြမယ်၊ အဲဒီ





မှာမတွေ့မှ အတွေးရခက်ကြမှာ"

"ဘယ်လိုဖြစ်ကြတာလဲ၊ ပရော်ဖက်ဆာကြီးတွေကော၊ ကျွန်တော်တို့နောက်လိုက်ကြမှာကတော့ ဘယ်သူတွေလဲ"ဟု ကျွန်တော်က မေးလိုက်ပါသည်။

"လူတစ်ပိုင်းမျောက်တစ်ပိုင်းကောင်တွေ၊ ဘုရား ဘုရား ဘုရား . . တကယ်ရက်စက်ကြမ်းကြုတ်တဲ့ကောင်တွေ၊ တိုးတိုးပြော . . သူတို့က နားပါတယ်၊ မျက်စိလဲလျင်တယ်၊ ငါသိသလောက်တော့ သူတို့ဟာ အနံ့ခံနိုင်စွမ်း မရှိဘူး၊ တို့အနံ့ကိုရမှာမဟုတ်ဘူး . . မင်းဘယ်သွားနေတာလဲ၊ မင်းလွတ်သွားတာကံကောင်းတာပဲ"

ကျွန်တော်က လေသံဖြင့် အဖြစ်အပျက်ကို အတိုချုံးပြောပြလိုက်ပါသည်။ ဒိုင်နိုဆောထောင်သောတွင်းကြီးထဲ ကျသည့်အကြောင်း ကြားရပြီးသော် သူကပြောပါသည်။

"တော်သေးတာပေါ့ . . နေရာကောင်းတစ်ခုတော့ မဟုတ်ဘူးပေါ့ကွာ၊ ဒါဖြင့် ဟိုကောင်တွေ အဖမ်းခံရချိန်အထိ ဘာဖြစ်လိမ့်မလဲ တွေးနေတာ၊ တစ်ကြိမ်တုန်းက လူသားစားတဲ့ ပါပူယန်တွေ ငါ့ကိုဖမ်းမိသွားဖူးတယ်၊ ဒါပေမယ့် ခုကောင်တွေနဲ့စာလိုက်တော့ ဟိုကောင်တွေက ဘာမှမဟုတ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုဖြစ်တာလဲ"

"အစောကြီးကွ . . ပညာရှိပရော်ဖက်ဆာကြီးများ အိပ်ရာထရုံရှိသေးတယ်၊ ငြင်းတောင်မငြင်းကြရသေးဘူး ဖြုန်းခနဲ လူတစ်ပိုင်းမျောက်တစ်ပိုင်းကောင်တွေ ကျလာကြတာပဲ၊ သစ်သီးတွေ တရဟောကြွေကျသလို ထုထယ်ကြီးကြီးမားမားပဲဗျာ ညကတည်းက သစ်ပင်ပေါ်မှာ အပြည့်အသိပ်စုဝေးနေကြပုံပဲ ငါက တစ်ကောင်ကိုပစ်ချလိုက်တယ်။ ဒါပေမယ့် ဘာမှကွဲကွဲပြားပြား မသိရခင် သူတို့က အလုံးအရင်းနဲ့ စီးမိကြပြီ။ သူတို့ကို မျောက်လို့ပြောရပေမယ့် သူတို့လက်ထဲမှာ တုတ်တွေခဲတွေ ကိုင်လာတယ်။ အချင်းချင်း ကွိကွိကွကွနဲ့ ပြောကြဆိုကြတယ်။ တို့ကို နှယ်ကြိုးတွေနဲ့ချည်နှောင်လိုက်တယ်။ ငါမြင်တွေ့ဖူးသမျှတော့ ဒီကောင်တွေဟာ တိရစ္ဆာန်တွေထဲမှာ အဆင့်အတန်းအမြင့်မားဆုံးပဲကွ၊ လူတစ်ပိုင်းမျောက်တစ်ပိုင်းကောင်တွေ၊ ဒါဟာ ပျောက်ကွယ်နေတဲ့ကွင်းဆက်ပဲ . . အေး . . ဒီကွင်းဆက်ပျောက်ကွယ်နေစေချင်ပါတယ်ကွာ၊ သူတို့ရဲ့ဒဏ်ရာရပြီး သွေးတရဟောထွက်နေတဲ့အကောင်ကတော့ သေဆုံးသွားတယ်။ သူတို့က ဝိုင်းပြီးတိုက်ကြတယ်။ ကျောစိမ့်လောက်တဲ့ သေမင်းမျက်နှာကို မြင်ဖူးတယ်လို့ ပြောရင် အဲဒါဟာ သူတို့မျက်နှာတွေပဲ။ သူတို့

လျှို့ဝှက်ဆန်းကြယ် မဂ္ဂဇင်းတိုက်



ဟာ လူအရွယ်လောက်ကြီးမားတယ်။ ပိုပြီးသန်စွမ်းကြတယ်၊ သူတို့ရဲ့မှန်သားနဲ့တူတဲ့ မျက်လုံးညိုညိုကြီးတွေနဲ့ တို့ကိုစူးစိုက်ကြည့်နေကြတယ်။ ချလင်ဂျာဟာ ရဲရင့်တဲ့လူတစ်ယောက်ပဲ ဒါပေမယ့် သူတောင်စိတ်မထိန်းနိုင်တော့ဘူး၊ အတင်းရုန်းကန်ဖို့ ကြိုးစားပြီး တစ်ခါတည်း သတ်ပစ်လိုက်ဖို့ အော်ဟစ်ပြောတယ်။ အဲဒီခဏမှာတော့ သူ သတိလက်လွှတ်ဖြစ်သွားတယ်ထင်တယ်။ အရူးတစ်ယောက်လို အော်ဟစ်ဆဲဆိုတော့တာပဲ၊ ဒီကောင်တွေဟာ သူ့အချစ်တော် သတင်းစာဆရာတွေဖြစ်ဦးတော့ သူ့အဖို့ ခုထက်ပိုပြီး ဆိုးဆိုးဝါးဝါးဆဲစရာ မရှိတော့ဘူး"

"ပြီးတော့ သူတို့က ဘာလုပ်ကြသေးလဲ" သူ လေသံအုပ်အုပ်နှင့် ပြောပြသည့်အဖြစ်ဆန်းကို အထူးစိတ်ဝင်စားနေသဖြင့် ကျွန်တော်ကမေးလိုက်ပါသည်။ တစ်ချိန်လုံး၌ သူသည် သေနတ်ကိုမြဲမြဲကိုင်ထားပြီး မျက်စိတို့ကလည်း ကျိုးကန်းတောင်းမှောက် ဘက်ပေါင်းစုံသို့လှမ်းကြည့်နေပါသည်။

"ငါကတော့ တို့တစ်တွေ ဇာတ်သိမ်းပြီလို့ထင်လိုက်တာ၊ ဒါပေမယ့် အဲဒီလိုမဟုတ်ဘူးကွ၊ သူတို့တွေစုပြီး ကွိကွိကွကွနဲ့ ပြောနေကြတယ်။ ပြီးတော့ တစ်ကောင်က ချလင်ဂျာအားမာရပ်လိုက်တယ်။ မင်းကတော့ ပြုံးမှာပဲကွ . . ဒါပေမယ့် သူတို့နှစ်

လျှို့ဝှက်ဆန်းကြယ် မဂ္ဂဇင်းတိုက်

www.burmeseclassic.com

www.burmeseclassic.com



ယောက်ဟာ သားချင်းတွေပဲလို့ ငါပြောချင်တယ်။ ငါ့မျက်စိနဲ့ တပ်အပ် မမြင်ရရင် ငါလဲယုံနိုင်မှာ မဟုတ်ဘူး။ သူတို့ရဲ့အကြီး အကဲ လူတစ်ပိုင်းမျောက်တစ်ပိုင်း အကောင်ကြီးဟာ ချုလင်ဂျာ အနီရောင်ကြီးပဲကွ . . အရေးကြီးတဲ့အစိတ်အပိုင်းအားလုံး ချုလင်ဂျာနဲ့တူတယ်။ ကိုယ်ခန္ဓာကလဲ တုတ်တုတ်ခိုင်ခိုင်၊ ပခုံးကကျယ်ကျယ်၊ ရင်အုပ်ကြီးကလုံးလုံး၊ ဂုတ်ပိုးမရှိဘူး၊ မုတ်ဆိတ်ဖွားဖွားကြီးနဲ့ မျက်ခုံးမွေးက ထူထူ၊ မျက်လုံးကြည့်ပုံကလဲ တစ်ဖက် သားကို လူမထင်တဲ့အကြည့်မျိုးကွ၊ အဲဒီကောင်ကြီးက ချုလင်ဂျာ ပခုံးပေါ် လက်တင်လိုက်တဲ့အခါမှာတော့ သူတို့နှစ်ယောက် တာထယ်ချွတ်စွပ်ပဲဟေ့ .. ချုလင်ဂျာဟာ စိတ်မထိန်းနိုင်တော့ ဘူး ပြုံးရာက ရယ်လာတယ်။ လူတစ်ပိုင်းမျောက်တစ်ပိုင်း ကောင်ကလဲ ရယ်တယ်။ အဲဒီနောက်တော့ တို့ကို တောထဲဆွဲ ခေါ်သွားတော့တာပါပဲ၊ ကြောက်လို့လား မသိဘူး၊ သေနတ်နဲ့ ပစ္စည်းတွေကို မသိကြဘူး၊ ပွင့်နေပြေနေတဲ့ စားစရာတွေကို တော့ယူငင်ကြတယ်။ ငါနဲ့ဆမ်မာလီကို ကြမ်းကြမ်းတမ်းတမ်း ဆွဲခေါ်ကြတယ်။ ငါ့အဝတ်အစားနဲ့ အပွန်းအပဲ့တွေ မြင်တဲ့အ တိုင်းပေါ့ တို့ကို ဆူးချုံတွေတိုးဖြတ် ခေါ်တာကိုး၊ သူတို့အရေက တော့ သားရေလိုထူတယ်၊ ကြမ်းတယ်။ ဒါပေမယ့် ချုလင်ဂျာက တော့ ဇိမ်ပဲ၊ သူတို့လူတစ်ပိုင်းမျောက်တစ်ပိုင်းကောင်က ထမ်း





ခေါ်တာ၊ တကယ့်ရောမဘုရင်ကြီး ကျနေတာပဲ၊ အလို . . ဘာ လဲဟေ့"

ခပ်လှမ်းလှမ်းဆီမှ ထူးခြားသောအသံတို့ကို သဲ့သဲ့ကြား ရပါသည်။

"သူတို့သွားကြပြီ" လော့ဒ်ဂျွန်က သေနတ်ခွဲကျည်အ ပြည့်ထည့်ရင်း ပြောပါသည်။

"ကျည်ဆန်တွေအပြည့်ထည့်ထားနော် ကိုယ့်လူ၊ သူတို့ လက်ထဲအသက်ရှင်လျက် ပါမသွားစေနဲ့၊ တို့ကိုမတွေ့ရင် ဒေါသ ပုန်ထကြဦးမယ်၊ အသံတွေကြားသေးလားဟေ့"

"သိပ်ဝေးသွားပြီ"

"အင်း . . သူတို့ရှာဖွေရေးအဖွဲ့တွေကတော့ တစ်တော လုံးအနှံ့ရှိမှာပဲ၊ အင်း . . တို့ဒုက္ခသုက္ခတွေအကြောင်း ဘယ် ရောက်သွားပလဲ . . သူတို့မြို့ခေါ်သွားတယ်၊ သစ်ပင်ကြီးတွေ ပေါ်မှာ သစ်ခက်သစ်ရွက်တွေနဲ့ အသိုက်အအုံလုပ်ထားတာပေါ့၊ ကမ္ဘားစွန်းကြီးအနားမှာ၊ ဒီကနေ သုံးလေးမိုင်လောက်ဝေးလိမ့် မယ်။ ဒီငညစ်ပတ်တွေက ငါ့ကိုဝိုင်းပြီးကိုင်ကြထိကြတော့ ငါ့ ကိုယ်ကို ဘယ်တော့မှ သန့်စင်အောင် ဆေးကြောလို့ရမယ် မထင်တော့ပါဘူး၊ တို့ကိုသစ်ပင်တစ်ပင်အောက်မှာ ကြိုးနဲ့တုပ်



www.burmeseclassic.com

www.burmeseclassic.com



ထားပြီး တင်းပုတ်ကိုင်လူတစ်ပိုင်း မျောက်တစ်ပိုင်းက စောင့်နေ
တယ်။ "တို့"လို့ပြောတာဟာ ဆမ်မာလီနဲ့ငါ့ကိုသာ ပြောတာနော်
ချလင်ဂျာကတော့ သစ်ပင်ပေါ်မှာ စားလိုက်သောက်လိုက်နဲ
ဖိမ်ကျလို့ သူက တို့စားဖို့သစ်သီးတွေ အသာချပေးတယ်၊ ချည်
ထားတဲ့ကြိုးတွေကိုလဲ ရသလောက်ဖြေပေးတယ်။ သူတို့အဲ့
ညီအစ်ကို သစ်ကိုင်းပေါ်မှာထိုင်ပြီး သီချင်းဆိုနေတာ မြင်ရရင်
မင်းရယ်လိမ့်မယ်။ ဒါပေမယ့် တို့အဖို့တော့ မရယ်နိုင်ပါဘူးကွာ
သူတို့က ချလင်ဂျာကို လိုက်လျောတာကလဲ အတိုင်းအတာနဲ့ကွ
သူတို့က တို့ကိုအာရုံစိုက်နေတယ်။ တို့အဖို့တော့ မင်းလွှတ်
မြောက်နေသေးတဲ့အတွက် သိပ်ပြီးကျေနပ်ကြရတယ်"

"အေး . . အခု မင်းအံ့သြစရာ ပြောပြမယ်။ လူသား
တွေရဲ့လက်ရာထောင်ချောက်၊ မီး စသည်တို့ကို မင်းမြင်ခဲ့
တယ်လို့ ပြောတယ်၊ အေး . . . တို့က ဒီကအရပ်သားတွေ
ကိုယ်တိုင်မြင်ရတယ်ဟေ့ . . သူတို့ဟာ အလုံးအထည် ခပ်သေး
သေး ညိုးညိုးငယ်ငယ်နဲ့ သနားစရာတွေပဲ၊ ဒီလိုလဲဖြစ်ထိုက်
အခြေအနေပဲကွ၊ ဒီလိုနဲ့တူတယ် . . မင်း ဂူတွေမြင်ရတဲ့ ဟိုဘက်
ပိုင်းကို လူတွေပိုင်ဆိုင်ထားပြီး ဒီဘက်ပိုင်းကိုတော့ လူတစ်ပိုင်း
မျောက်တစ်ပိုင်းတွေက အုပ်စိုးနေပြီး သူတို့နှစ်ဘက်ကြားမှာ





သွေးချောင်းစီးစစ်ပွဲဟာ အမြဲဖြစ်နေပုံရတယ်။ ဒါကတော့ ငါတွေး
ဆူလို့ရသရွေ့ပဲကွ၊ မနေ့ကတုန်းက လူတစ်ပိုင်းမျောက်တစ်ပိုင်း
တွေက လူဆယ့်နှစ်ယောက်ကို ဖမ်းလာခဲ့တယ်။ အကျဉ်းသား
အဖြစ်ထားကြတယ်။ သူတို့ ကွိကွိကွကွပြောကြတာတွေ အော်
ဟစ်တာတွေမျိုးကို မင်းတစ်သက်မှာ ကြားဖူးမယ်မထင်ဘူး။
လူတွေက အသားနီနီခပ်သေးသေးတွေ၊ အကိုက်အကုတ်အဖွဲ့
ခံထားကြတော့ လမ်းတောင်မနည်း လျှောက်ကြရတယ်။ လူတစ်
ပိုင်းမျောက်တစ်ပိုင်းတွေရဲ့ လက်ချက်နဲ့ နှစ်ယောက်သေသွား
တယ်။ တစ်ယောက်ရဲ့လက်မောင်းတစ်ဖက်ကို ဆွဲဖြုတ်ပစ်လိုက်
တယ်။ ဘယ်လောက်များကြမ်းကြုတ်သလဲ ငနဲလေးတွေကလဲ
အာဂသတ္တိပဲ၊ လန့်အော်သံသဲ့သဲ့မှ ပေါ်မလာဘူး၊ တို့အဖို့တော့
စိတ်မချမ်းသာစရာကြီးပဲ .. ဆမ်မာလီဆိုရင် သတိလစ်တော့
မတတ်ပဲ၊ ချလင်ဂျာတောင်မှ မနည်းကြီးစိတ်တင်းထားရပုံရ
တယ်။ အကောင်တွေ မရှိတော့ဘူး ထင်တယ် . . ဟုတ်ရဲ့လား"

ကျွန်တော်တို့ ဂရုစိုက်နားထောင်ကြသော်လည်း
တော၏တိတ်ဆိတ်အေးချမ်းမှုတွင် ငှက်မြည်သံမှအပ တစ်ခြား
ဘာကိုမျှ မကြားကြရပါ။ လော့ဒ်ဂျွန်က သူတို့အဖြစ်အပျက်ကို
ဆက်ပြောပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"မင်းဟာ အသက်သေးက လွတ်ခဲ့တယ်နော် ငါ့လူ၊ အဲဒါဟာ သူတို့ အဲဒီအင်ဒီယန်းလေးတွေကို ဖမ်းမိခဲ့လို့ကွ၊ ဒါကြောင့် မင်းကိုမေ့နေကြတာ၊ နို့မို့ရင် စခန်းကိုပြန်ပြီး မင်းကို စောင့်ဖမ်းမှာ သေချာတယ်။ အစကတည်းက မင်းပြောခဲ့သလိုပဲ သူတို့ဟာ သစ်ပင်ပေါ်က တို့ကိုစောင့်ကြည့်နေကြမှာမို့လို့ အထဲက တစ်ယောက်လျော့နေတာကို ကောင်းကောင်းသိမယ်။ သူတို့စိတ်ဝင်စားစရာ အသစ်ရှိနေလို့သာပေါ့၊ ဒါကြောင့်သာ ခုမနက် လူတစ်ပိုင်းမျောက်တွေ မင်းဆီရောက်မလာပဲ ငါရောက်လာတာပေါ့၊ နောက်ပိုင်းမှာ တို့အဖို့တော့ သွေးပျက်စရာတွေပဲဟေ့၊ တောင်ခြေက အဖျားချွန်နဲ့ကြိမ်တောကြီးထဲမှာ အမေရိကန်တစ်ယောက်ရဲ့အရိုးတွေ တွေ့ခဲ့တာ မင်းမှတ်မိမယ်။ အဲဒါဟာ လူတစ်ပိုင်းမျောက်တွေရဲ့မြို့အောက်ဘက်ပဲကွ၊ အဲဒါဟာ သူတို့အကျဉ်းသားတွေ ခုန်ချရတဲ့နေရာ၊ တို့သာ ရှာဖွေကြည့်ခဲ့ရင် အဲလိုအရိုးစုတွေအများကြီး တွေ့ရလိမ့်မယ်။ အဲဒီအပေါ်မှာ အခမ်းအနားကျင်းပတဲ့ကွင်းပြင်လေးတစ်ခု ရှိတယ်။ အဲဒါကို သင့်တော်အောင်အသုံးချကြတယ်။ သနားစရာကောင်းတဲ့ အကျဉ်းသားတွေက တစ်ယောက်ပြီးတစ်ယောက် ခုန်ချကြရတယ်။ သူတို့အဖို့က ခုန်ချတဲ့လူတွေ အစိတ်စိတ်အမွှာမွှာကျိုး





ပဲ့ကုန်သလား၊ ဒါမှမဟုတ် အဖျားချွန်တဲ့ကျူပင်တွေမှာ တံကျင်လျှိုသလိုကျသလား အဲဒါကို ပြေးကြည့်ကြတာပဲကွ၊ တို့ကိုလဲ ခေါ်ထုတ်အကြည့်ခိုင်းတယ်၊ လူတစ်ပိုင်းမျောက်တွေက ကမ္ဘားစွန်းမှာ တန်းစီနေကြတယ်။ အင်ဒီယန်းလေးယောက် ခုန်ချရပြီး ကျူပြင်တွေက သူတို့ကိုယ်ကို တံကျင်လျှိုသလို စူးဝင်ကုန်ကြတယ်။ တို့တွေ့ရတဲ့ အမေရိကန်ရဲ့အရိုးစုမှာ နံရိုးကြားထဲ ကျူပင်စူးဝင်နေတာ မဆန်းဘူးပေါ့။ အဲဒီလုပ်ရပ်ဟာ ချောက်ချားစရာကြီးပဲ၊ ဒါပေမယ့် သူတို့ခုန်ချ တာကြည့်နေရင်း နောက်တစ်ခါ တို့အလှည့်ပဲဆိုတာလဲ တွေးမိတယ်ကွ"

"ဒါပေမယ့် တို့အလှည့်ချက်ချင်း ရောက်မလာဘူးကွ၊ ခြောက်ယောက်ကို တစ်နေ့အတွက် ချန်ထားတယ်။ ငါတွေးရသလောက်ပေါ့ကွာ၊ အဲဒီပွဲမှာတော့ တို့ကအဓိကဇာတ်လိုက်တွေဖြစ်ရလိမ့်မယ်ထင်တယ်။ ချလင်ဂျာတော့ လွယ်မှာပဲကွ၊ ငါနဲ့ဆမ်မာလီကတော့ လွတ်မှာမဟုတ်ဘူး။ သူတို့ဘာသာစကားက လက်ရိပ်ခြေရိပ်ပြတာ တစ်ဝက်ဆိုတော့ နားလည်ဖို့သိပ်မခက်ဘူး၊ ဒီတော့ တစ်ခုခုလုပ်မှဖြစ်တော့မယ်ဆိုတာ ငါသိလိုက်တယ်။ ဒီကိစ္စမှာ ဆမ်မာလီဟာ အားမကိုးရဘူး။ ချလင်ဂျာလဲ အတူတူပဲ။ သူတို့နှစ်ယောက် အတူတူဆုံးဆည်းခွင့်ရလိုက်



www.burmeseclassic.com

www.burmeseclassic.com



တာနဲ့ ဒီလူတစ်ပိုင်းမျောက်တွေ ဘယ်မျိုးနွယ်က ဆင်းသက်လာတယ်ဆိုတာ အမြင်ချင်းမတူပဲ ငြင်းကြခုံကြတာပဲကွ၊ ဘယ်လောက်များရှုးကြသလဲကွာ၊ ငါတော့ နှစ်ယောက်လုံးကို အရူးလို့ပဲဆိုချင်တယ်။ ငါဟာ အသုံးဝင်မယ့်အချက်နှစ်ချက်လောက်ကို တွေးမိတယ်။ တစ်ခုက ဒီလူတစ်ပိုင်းမျောက်တစ်ပိုင်းတွေဟာ ကွင်းပြင်ထဲမှာ လူတွေလောက်မြန်မြန်ဆန်ဆန် မပြေးနိုင်ကြဘူး။ သူတို့ကခြေထောက်တိုတယ်။ ခြေခွင်တယ်။ ကိုယ်ခန္ဓာလေးလံတယ်။ သူတို့အထဲက အပြေးအသန်ဆုံးလူကိုတောင် ချလင်ဂျာက အသာလေးနိုင်နိုင်တော့ မင်းတို့ငါတို့လိုဆိုရင် ပြောစရာမလိုတော့ ဘူးပေါ့၊ နောက်တစ်ချက်က သူတို့ဟာ သေနတ်အကြောင်း ဘာမှမသိကြဘူးကွ၊ သူတို့အထဲကတစ်ကောင်ကို ငါပစ်ချလိုက်တာကိုတောင် ဘယ်လိုကြောင့် ဒဏ်ရာရတယ်ဆိုတာ သူတို့သိပုံမရဘူး။ တို့လက်ထဲမှာ သေနတ်တွေသာရှိရင် တို့ဘာလုပ်နိုင်တယ်ဆိုတာ အထူးပြောစရာ မလိုတော့ဘူး။ ဒါကြောင့် ဒီနေ့မနက်စောစောမှာ အစောင့်ဗိုက်ကိုပစ်ကန်လိုက်တာ တစ်ခါတည်းငြိမ်ကျသွားလေရဲ့၊ ငါလဲ စခန်းကို တရကြမ်းပြေးလာခဲ့တာ မင့်ကိုတွေ့၊ သေနတ်တွေယူပြီး ဒီရောက်လာခဲ့တော့တာပေါ့ကွ"

"ပရော်ဖက်ဆာကြီးအတွေတွက်ကကော"ဟု ကျွန်တော်





က အလန့်တကြားမေးလိုက်မိပါသည်။

"အေးလေ . . တို့ခုချက်ချင်း ပြန်သွားပြီး သူတို့ကိုခေါ်ထုတ်ရမှာပေါ့၊ ငါနဲ့တစ်ပါတည်း ခေါ်လာဖို့မဖြစ်ဘူးကွ၊ ချလင်ဂျာက သစ်ပင်ပေါ်မှာ ဆမ်မာလီကလဲ အခြေအနေမဟန်ဘူး။ တစ်ခုတည်းမျှော်လင့်ချက်က သေနတ်တွေအရယူပြီး သူတို့ကိုကယ်ဆယ်ဖို့ပဲ၊ လက်စားချေတဲ့အနေနဲ့ ချက်ချင်းတစ်ခုခုလုပ်ပစ်မှာလဲ စိုးရတယ်။ ချလင်ဂျာကိုတော့ ထိကြမှာမဟုတ်ဘူး။ ဆမ်မာလီအဖို့တော့ မပြောနိုင်ဘူး။ ဒါကြောင့် အခြေအနေပိုဆိုးအောင်ငါမလုပ်ခဲ့ဘူး။ ဒါပေမယ့် တို့က သူတို့ကိုပြန်ကယ်မယ်ဆိုရင် ဂုဏ်ယူစရာလုပ်ရပ်ပဲ၊ ကယ်မရလဲ သူတို့နဲ့အတူတူ အန္တရာယ်ကိုရင်ဆိုင်မယ်မေ့၊ ကိုင်း . . ဒီတော့ ငါ့လူ မင်းဘာသာဆုံးဖြတ်ပေတော့၊ ညနေမတိုင်ခင် တစ်ခုမဟုတ်တစ်ခုတော့ ဖြစ်မှာပဲကွ"

ကျွန်တော်သည် လော့ဒ်ဂျွန်အပြောကို အားကျမိပါသည်။သူပြောသောဝါကများက အင်အားပါပါသည်။ လေသံရှင်ရှင်နှင့် အရေးမကြီးသည့် အသံနေအသံထားမျိုးလည်းဖြစ်ပါသည်။ သို့သော် သူကား ခေါင်းဆောင်ဇာတာပါသူတစ်ယောက်ဖြစ်ပါ၏။ အန္တရာယ်ကြီးမားလေလေ အရေး



www.burmeseclassic.com

www.burmeseclassic.com



မစိုက်သလို ပေါ့ဆဆအမူအရာက ပေါ်လွင်လေဖြစ်ပါသည်။ သူ့အပြောတို့က စိတ်တက်ကြွစရာဖြစ်ပြီး သူ၏အေးစက်သော မျက်လုံးတို့က တဖိတ်ဖိတ်အရောင်တောက်ကာ အသက်ရှင်နိုးထလာကြသလို ရှိပါသည်။

ထိုမျှမက နှုတ်ခမ်းမွေးတို့ပင် ထောင်ထလာကြပါသည်။ သူသည် အန္တရာယ်ကိုရင်ဆိုင်လိုသူဖြစ်ပါ၏။ စွန့်စားခြင်း၏အရသာကို လေးလေးနက်နက် ခံစားတတ်သူဖြစ်ပါ၏။ သူ့အမြင်၌ အသက်အန္တရာယ်မကင်းသောကစ္စတိုင်းသည် ကစားခုန်စားမှုတစ်မျိုးဖြစ်၏။ ကံကြမ္မာနှင့် မိမိအကြားပေါ်ပေါက်လာသည့် ကြမ်းတမ်းသောလောင်းကစားမှုဖြစ်၏။ ယခုလိုကာလမျိုး၌ သူလိုလူနှင့် လက်တွဲရသည်မှာ အားရှိစရာကောင်းလှပါသည်။ ယခုလိုကိစ္စမျိုး၌ သူလိုလူနှင့် ပူပေါင်းဆောင်ရွက်ရမည်ကို ကျွန်တော်ဝမ်းပန်းတသာ လိုလားပါ၏။ ကျွန်တော်တို့ချုံဖုတ်အလယ်ပုန်းအောင်းနေရာမှ ထကြမည်အပြု သူက ကျွန်တော့်လက်ကို ဆုပ်ကိုင်လိုက်ပါသည်။

"ဘုရား . . ဘုရားရေ သူတို့လာနေကြပါလား" ဟု သူကတိုးတိုးပြော၏။ စိမ်းလန်းသောသစ်ခက်သစ်ကိုင်းများပင်စည်များကြားမှ လမ်းမြောင်လိုဖြစ်နေသည့် လမ်းကြောင်း





ကို ကျွန်တော်တို့လှမ်းမြင်ရပါသည်။ ထိုလမ်းကြောင်းတစ်လျှောက်၌ လူတစ်ပိုင်းမျောက်တို့ဖြတ်သွားနေကြသည်။ တစ်ကောင်စီတန်းစီပြီး ခြေခွင်ခွင်၊ခါးကိုင်းကိုင်းနှင့်လျှောက်နေကြရင်း ရံဖန်ရံခါ လက်များက မြေကြီးကိုထိကြသည်။ လျှောက်သွားနေကြစဉ် ဦးခေါင်းများကို ဘယ်ညာလှည့်ကြည့်သွားကြသည်။ သူတို့ကုန်းကုန်းကွကွနေပုံကြောင့် သူတို့အရပ်အမြင့်ကို သိရခက်ခဲသယောင်ရှိပါ၏။ သို့သော် ငါးပေခန့်မြင့်မည်ဟု ကျွန်တော်မှန်းမိပါသည်။ လက်တံကရှည်လျားပြီး ရင်အုပ်များကြီးလှပါသည်။ သူတို့အများစုသည် တုတ်များကိုင်ဆွဲထားကြသည်။ အဝေးမှလှမ်းမြင်ရသောအခါ သူတို့သည် အမွေးအမျှင်ထူထပ်၍ ပုံပျက်ပန်းပျက်ဖြစ်နေသည့် လူသားများဟုပင် ထင်ရပါ၏။ ခဏတာမျှ သူတို့သေသေချာချာမြင်လိုက်ရပြီး သူတို့သည် ချုံဖုတ်များအတွင်းပျောက်ကွယ်သွားကြပါသည်။

လော့ဒ်ဂျွန်က သေနတ်ကိုကိုင်ရင်း ပြောပါသည်။

"ခုတော့ မဟုတ်သေးဘူးပေါ့ကွာ၊ တို့အဖို့အကောင်းဆုံးလမ်းက သူတို့ရှာဖွေရေးကို လက်လျှော့သွားတဲ့အထိ ငြိမ်ငြိမ်လေးပုန်းနေရမယ်။ ပြီးတော့မှ သူတို့မြို့ကို အရောက်သွားပြီး သူတို့ကို အထိနာဆုံးတိုက်ခိုက်ကြရမယ်။ သူတို့ကို အချိန်တစ်



www.burmeseclassic.com

www.burmeseclassic.com



နာရီလောက်ပေးပြီး တို့သွားကြတာပေါ့”

ထိုအတွင်း စည်သွပ်ဗူးများကို ဖောက်ကာ နံနက်စာ စားသောက်ကြပါသည်။ လော့ဒ်ဂျွန်မှာ ယမန်နေ့နံနက် အဖမ်းခံရသည်မှစ၍ သစ်သီးအနည်းငယ်မျှစားခဲ့ရသေးရာ ဆာမွတ်နေသူပီပီ စားသောက်ပါသည်။ ပြီးလျှင်ကား ကျွန်တော်တို့၏ အိတ်များတွင် ကျည်ဆန်များ ဖောင်းကားနေအောင်ထည့်ကာ လက်တစ်ဖက်၌ သေနတ်တစ်လက်စီကိုင်ပြီး ကယ်ဆယ်ရေးလုပ်ငန်းအတွက် နေရာမှထွက်ခဲ့ကြပါသည်။ မထွက်ခွာမီတွင် ကျွန်တော်တို့၏ လျှို့ဝှက်နေရာကလေးကို ကောင်းစွာမှတ်သားကြပါသည်။ လိုအပ်လျှင် ထိုမှတစ်ဆင့် ချလင်ဂျာခံတပ်သို့ ရောက်နိုင်ပါသည်။ ကျွန်တော်တို့သည် တိတ်ဆိတ်စွာ ချုံဖုတ်များမှထွက်ခဲ့ကြပြီး ယခင်စခန်းဟောင်းဘက် ကမ္ဘာ့စွန်းဆီသို့ လျှောက်ခဲ့ကြပါသည်။ ထို့နောက် ခဏရပ်နားကာ လော့ဒ်ဂျွန်က သူ့စိတ်ကူးကိုပြောပြပါသည်။

“သစ်တောထဲမှာဆိုရင် ဒီအမျိုးယုတ်တွေက ဟိုဘက်အခွင့်အရေးသာတယ်ကွ၊ သူတို့က တို့ကိုမြင်နိုင်ပြီး တို့ကသူတို့ကို မမြင်နိုင်ဘူး၊ ဒါပေမယ့် ကွင်းပြင်ထဲဆိုရင် အခြေအနေက ပြောင်းလဲသွားမယ်။ အဲဒီမှာ တို့ကပိုပြီး မြန်မြန်ဆန်ဆန်လှုပ်ရှားနိုင်တယ်။ ဒါကြောင့် တတ်နိုင်သမျှ ကွင်းပြင်ဘက်ကို လိုက်





ကြရမယ်။ တောင်ကလပ်ရဲ့အစွန်းပိုင်းက အတွင်းပိုင်းထက်ပိုပြီး သစ်ပင်ပါးတယ်။ ဒီဘက်ကနေသွားကြမယ်၊ ဖြည်းဖြည်းသွား မျက်စိလျင်ပစေ၊ သေနတ်အသင့်ရှိပစေ . . အရေးကြီးဆုံးကတော့ ကျည်ဆန်တစ်ထောင့်ကျန်တဲ့အထိ မင်း သူတို့ရဲ့အကျဉ်းသား အဖြစ်မရောက်စေနဲ့၊ ဒါဟာ ငါ့ရဲ့နောက်ဆုံးစကားပဲနော် ကိုရင်လေး”

ကမ္ဘာ့စွန်းရောက်အောင် အောက်ဖက်ငုံ့ကြည့်လိုက်သောအခါ သစ္စာရှိလှသောဇမ်ဘိုတစ်ယောက် ကျောက်တုံးပေါ်ထိုင်လျက် ဆေးလိပ်သောက်နေသည်ကို မြင်ရပါသည်။ ကျွန်တော်က အော်ဟစ်နှုတ်ဆက်ပြီး အဖြစ်အပျက်ကိုပြောပြလိုက်ချင်ပါ၏။ သို့သော် ထိုသို့ပြုလုပ်ရန်မှာ အန္တရာယ်များလွန်းလှပါသည်။ ကျွန်တော်တို့အသံကိုကြားသွားနိုင်သည်။ လူတစ်ပိုင်းမျောက်တို့၏ ကွီကွီကွကွအသံများကို မကြာခဏကြားကြားနေရသဖြင့် တစ်တောလုံး သူတို့ချည်းပြည့်နေသည် ထင်ရပါ၏။ ထိုအခါမျိုးတွင် ကျွန်တော်တို့သည် နီးရာချုံဖုတ်များအတွင်း တိုးဝင်လိုက်ကာ သူတို့အသံများ ပျောက်သွားသည်အထိ ငြိမ်သက်နေကြပါသည်။

ထို့ကြောင့် ကျွန်တော်တို့သွားနှုန်းမှာ နှေးကွေးလှပါ



www.burmeseclassic.com

www.burmeseclassic.com



သည်။ လော့ဒ်ဗျွန်၏အထူးသတိထားသော အမူအရာကိုမြင်ရခြင်းအားဖြင့် ကျွန်တော်တို့ရည်မှန်းရာဒေသနှင့် နီးကပ်ပြီဟု သိရသောအခါ အချိန်နှစ်နာရီခန့် ကုန်လွန်ခဲ့လေပြီ။ သူက ကျွန်တော်ငြိမ်သက်စွာ နေရစ်ခဲ့ရန်လက်ပြပြီး ရှေ့သို့တိုး၍ သွားပါသည်။ တစ်မိနစ်အတွင်း သူပြန်လာ၏။ သူ့မျက်နှာတွင် စိတ်အားထက်သန်သော အမူရာများပေါ်လွင်နေသည်။

"လာဟေ့ . . မြန်မြန်၊ ဘုရားမလို့ တို့နောက်မကျသေးဘူး ထင်ပါရဲ့"

ကျွန်တော်သည် ရှေ့သို့တွားသွားပြီး သူ့ဘေး၌ရပ်လိုက်စဉ် စိတ်ကအထူးလှုပ်ရှားနေပါ၏။ ချုံဖုတ်တွင်းမှ လှမ်းကြည့်လိုက်သောအခါ ကျွန်တော့်တို့ရှေ့၌ ကွင်းပြင်တစ်ခုကို မြင်ရပါသည်။

ထိုမြင်ကွင်းကား ကျွန်တော်မသေမချင်း မေ့ပျောက်၍ ရနိုင်မည်မဟုတ်သော မြင်ကွင်းပါတည်း။ ထိုမျှကံကြမ္မာရှိခြင်း၊ ထိုမျှစိတ်ကူးနိုင်ဖွယ်မရှိခြင်းတို့ကြောင့် ထိုအဖြစ်အပျက်ကို အခြားသူယုံကြည်နိုင်အောင် မည်သို့တင်ပြရမည်ကိုပင် မသိတော့ပါ။ အကယ်၍ နောက်နှစ်အနည်းငယ်အတွင်း ကျွန်တော်သည် ဆဲဗေ့ဂျ်ကလပ်အတွင်းထိုင်ကာ အပြင်မှမှိုင်းပြာသောတာမ်ကြီးကို ကြည့်နေစဉ်၌ ထိုအဖြစ်ကို ကျွန်တော်ကိုယ်

လျှို့ဝှက်ဆန်းကြယ် မဂ္ဂဇင်းတိုက်



တိုင်မှပြန်၍ယုံကြည်နိုင်ပါမည်လော၊ ထိုအဖြစ်အပျက်မှာ အမင်းလုံးတစ္ဆေခြောက်ခြင်းနှင့်လည်းကောင်း၊ သေငယ်အောနှင့်မျောနေရာမှ ကယောင်ကတန်းမြင်မိမြင်ရာမြင်ခြင်းနှင့်လည်းကောင်း တူလိမ့်မည်ဟု ကျွန်တော်သိပါသည်။

သို့ရာတွင် ကျွန်တော်၏မှတ်ဉာဏ်အတွင်း၌ ထိုဖြစ်ရပ်လတ်လတ်ဆတ်ဆတ်မှတ်မိနေစဉ် ကျွန်တော်မှတ်တမ်းတင်ပါမည်။ အကယ်၍ ကျွန်တော်သည် မဟုတ်မမှန်လုပ်ကြံရေးသားသည်ဆိုငြားအံ့၊ အနည်းဆုံး ကျွန်တော်ဘေးမြက်တောထဲ၌လှဲလျက်ရှိ သူတစ်ဦးသာ သိမည်သာဖြစ်ပါသည်။

ကျွန်တော်တို့ရှေ့ကိုက်တစ်ရာကျော်လောက်တွင် အတော်ကျယ်ပြန့်သော ကွင်းပြင်တစ်ခုရှိပါသည်။ တစ်ကွင်းလုံး စိမ်းစိုသောမြက်နှင့် ကျောက်ခက်ပင်တို့က ကမ္ဘားစွန်းအထိ ပေါက်ရောက်ဖုံးလွှမ်းနေကြပါသည်။ ကွင်းပြင်ကို သစ်ပင်ကြီးများက စက်ဝိုင်းခြမ်းအနေအထား ဝတ်ထားပြီး သစ်ပင်များပေါ်တွင် သစ်ရွက်သစ်ခက်တို့ဖြင့် ဆောက်လုပ်ထားသည့် အသိုက်အအုံများပြွတ်သိပ်နေပါသည်။ ကျီးသိုက်များနှင့်ပင်တူပါတော့သည်။ ထိုအသိုက်အအုံများနှင့် သစ်ကိုင်းပေါ်ရှိ လူတစ်ပိုင်းမျောက်များကို သူတို့၏အရွယ်အစားအရ အမများနှင့်သားငယ်များဟု မှန်းဆမိပါသည်။ သူတို့သည် ကွင်းပြင်ထဲမှ အခင်းအရာ

လျှို့ဝှက်ဆန်းကြယ် မဂ္ဂဇင်းတိုက်

www.burmeseclassic.com

www.burmeseclassic.com



ကိုစိတ်အားထက်သန်စွာ လှမ်းကြည့်နေကြသည်။ ထိုအချိန် အရာက ကျွန်တော်တို့ကို စိတ်နောက်ကျချောက်ချားစေပါသည်။

ကမ္ဘာ့အစွန်းအနီး ကွင်းပြင်ထဲ၌ကား လူတစ်ပိုင်းမျောက်တို့ တန်းစီလျက်ရှိကြပါသည်။ အချို့မှာကြီးထွားသန်စွမ်းလှ၍ ကြောက်လန့်စရာ ကောင်းလှပါသည်။ သူတို့၌ စည်းကမ်းချမှတ်ထားမှုရှိကြောင်း သိသာပါသည်။ တန်းစီပုံစံပျက်အောင် တစ်ကောင်ကမျှ မပြုလုပ်ကြပါချေ။ ၎င်းတို့၏ရှေ့တွင်ကား လူငယ် သေးသေးနီနီနှင့် အင်ဒီယန်းတစ်စု ရပ်လျက်ရှိကြပါသည်။ သူတို့၏ အသားရောင်မှာ ထွန်းလင်းသောနေရောင်၌ အရောင်တောက်ထားသည့် ကြေးနီနှင့်တူနေပါတော့သည်။ သူတို့ဘေး၌ ဝိန်ဖြူ ရှည်ရှည်မျက်နှာဖြူတစ်ယောက် ရပ်လျက်ရှိပါသေးသည်။ သူ့ ခေါင်းက ငိုက်နေပြီး လက်ပိုက်ထားပါသည်။ သူ့အမူအရာမှာ အားငယ်စိတ်ပျက်နေကြောင်း ဖော်ပြနေ၏။ ထိုသူကား ပုံမကျ ပန်းမကျနှင့် ပရော်ဖက်ဆာဆမ်မာလီပင် ဖြစ်ပါတော့သည်။

ထိုမျှော်လင့်ချက်မဲ့ ဖြစ်နေသောလူစု၏ ရှေ့နှင့်သော ပတ်လည်တွင် လူတစ်ပိုင်းမျောက်တို့က နီးစပ်စွာစောင့်ကြည့် နေကြရာ လွတ်မြောက်ရန် မဖြစ်နိုင်သော အခြေအနေပေတည်း။ ၎င်းတို့နှင့် ခပ်ကွာကွာကမ္ဘာ့အစွန်းအနီးမှ ထူးဆန်း၍ရယ်မောဖွယ်





ကောင်းလှသည့် ပုဂ္ဂိုလ်နှစ်ဦးက ကျွန်တော့်စိတ်ကိုဆွဲဆောင်လိုက်ပါသည်။ တစ်ဦးကား ကျွန်တော်တို့၏ရဲဘော်ကြီး ပရော်ဖက်ဆာချလင်ဂျာပင်ဖြစ်ပါတော့၏။ သူ၏ရုပ်အင်္ကျီမှာ စုတ်ပြတ်ကုန်ပြီဖြစ်သော်လည်း အပေါ်ကုတ်အင်္ကျီကမူ စုတ်ပြဲ၍ ပခုံးမှာဖားလျားကျနေပါသည်။ သူ၏မည်းနက်ရှုပ်ထွေးသော မုတ်ဆိတ်မွေးဘုတ်သိုက်ကြီးက ကျယ်ပြန့်သောရင်ဘတ်ပေါ်၌ ရှိနေပါသည်။ သူ့တွင် ဦးထုပ်လည်းမရှိတော့။ ကျွန်တော်တို့ခရီးတစ်လျှောက်တွင် ရှည်လျားလာခဲ့သော ဆံပင်တို့က လည်း ဖယိုဖရဲလွင့်ပျံနေပါ၏။ တစ်နေ့တာတည်းဟူသော အချိန်ပိုင်းက လူယဉ်ကျေးတို့၏ အမြင့်မားဆုံးကုန်ပစ္စည်း တစ်ရပ်ကို တောင်အမေရိက၏ အရိုင်းအစိုင်းတစ်ခုအဖြစ်သို့ ပြောင်းလဲပစ်လိုက်သည်သို့ ရှိပါသည်။ ဘေးတွင်ကား သူ၏ ဆရာဖြစ်သော လူတစ်ပိုင်းမျောက်ဘုရင်ကြီး ပေတည်း။

လော့ဒ်ဂျွန်ပြောခဲ့သည့်အတိုင်းပင် သူကားချလင်ဂျာ၏ ရုပ်ပွားတစ်ခုပင်ဖြစ်ပါတော့၏။ အသားအရောင်သာ ချလင်ဂျာလိုမနက်ပဲနီနေပါသည်။ အရပ်နိမ့်နိမ့်တုတ်တုတ်ခိုင်ခိုင်၊ ကြီးမားသောပခုံး၊ ရှည်လျားသောလက်တံ၊ အမွေးထူသော ရင်ဘတ်ပေါ်ကျနေသည့် မုတ်ဆိတ်ကြီးများ၊ မျက်လုံးအထက်တွင်



www.burmeseclassic.com

www.burmeseclassic.com



သာ ခြားနားမှုပေါ်လွင်ပါသည်။ လူတစ်ပိုင်းမျောက်ဘုရင်၏ နဖူးကနောက်သို့လန်ကာ နိမ့်သွားပြီး ချလင်ဂျာက ကျယ်ပြန့်မြင့်မောက်ပါသည်။ အခြားအချိုးအစားများအနေဖြင့်ကား လူတစ်ပိုင်းမျောက်သည် ချလင်ဂျာကို ရယ်ဖွယ်ရာဖြစ်အောင် ရုပ်ပြောင်ပြုလုပ်ထားသည်နှင့်ပင် တူတော့၏။

ထိုမြင်ကွင်းသည် ကျွန်တော့်ကို စက္ကန့်အနည်းငယ်မျှ ဖမ်းညှို့သော်လည်း ပြန်လည်ရေးသားရာတွင်ကား ပြည့်စုံအောင် အတော်ရေးရပါလိမ့်မည်။ ထို့နောက်တွင်ကား ခြားနားလှသော ဖြစ်ရပ်က ပေါ်ပေါက်လာပါတော့၏။ လူတစ်ပိုင်းမျောက်နှစ်ကောင်သည် အကျဉ်းသားအုပ်စုထဲမှ အင်ဒီယန်းတစ်ယောက်ကို ဆွဲဖမ်းလိုက်ပြီး ကမ္ဘားစွန်းဆီသို့ ခေါ်သွား၏။

မျောက်ဘုရင်က အချက်ပြ၍လက်မြှောက်ပြသည်။ လူတစ်ပိုင်းမျောက်နှစ်ကောင်က အင်ဒီယန်းကို လက်နှင့်ခြေတို့မှ မြှောက်ကာ အရှိန်ပြင်းပြင်းနှင့် ရှေ့နောက်သုံးကြိမ်လွှဲယမ်းသည်။ ပြီးလျှင် ကြောက်ခမန်းလိလိအားဖြင့် သနားစရာသတ္တဝါကို ကမ္ဘားစွန်းအပြင် လွှင့်ပစ်လိုက်လေသည်။ ပစ်အားကြီးလှသဖြင့် အင်ဒီယန်းခမျာ အထက်သို့မြှောက်တက်သွားပြီးမှ ထိုးကျသွားရှာလေတော့သည်။

အပစ်ခံရသူ မြင်ကွင်းမှပျောက်ကွယ်သွားလျှင် အစောင့်





များမှအပ အခြားလူတစ်ပိုင်းမျောက်တို့သည် ကမ္ဘားစွန်းသို့ပြေးသွားကြကာ တိတ်ဆိတ်မှုကြီးစွာဖြင့် စောင့်ကြ၏။ ပြီးလျှင် တပျော်တပါးအရူးအမူးအော်ဟစ်သံများ ဟိန်းထွက်လာ၏။ သူတို့သည် အမွေးထူလက်များကို ဝှေ့ယမ်း၍ခုန်ပေါက်ကာ ဝမ်းသာရွှင်မြူးအော်မြည်နေကြသည်။ ထို့နောက် ကမ္ဘားစွန်းမှ ပြန်ခွာ၍ တန်းစီကာ နောက်တစ်ယောက်ပစ်ချမည်ကို စောင့်မျှော်ကြပြန်သည်။

ယခုတစ်ကြိမ်ကား ဆမ်မာလီ၏အလှည့်ဖြစ်ပါသည်။ အစောင့်နှစ်ယောက်က သူ့ကိုလက်ကောက်ဝတ်မှကိုင်ကာ ခပ်ကြမ်းကြမ်းဆွဲခေါ်ကြသည်။ သူသည် ခြင်းထဲမှဆွဲထုတ်ခံရသော ကြက်တစ်ကောင်ပမာ သေးသွယ်ရှည်လျားသော ကိုယ်လက်များနှင့် ရုန်းကန်နေလေသည်။ ချလင်ဂျာက မျောက်ဘုရင်ဘက်လှည့်ကာ လက်များကိုသွက်သွက်ခါအောင် လှုပ်ယမ်းပြနေသည်။ သူသည် ဆမ်မာလီ၏အသက်ကို ချမ်းသာပေးစေရန် အရေးတကြီးတောင်းပန်တိုးလျှိုနေသည်။ သို့သော် မျောက်ဘုရင်က သူ့ကခပ်ကြမ်းကြမ်းတွန်းဖယ်ပစ်လိုက်ပြီး ခေါင်းခါပြလေသည်။

ဤကား မျောက်ဘုရင်၏အသိနှင့်ယှဉ်သော နောက်



www.burmeseclassic.com

www.burmeseclassic.com



ဆုံးလှုပ်ရှားမှုပေတည်း။ လော့ဒ်ဂျွန်၏ သေနတ်က မြည်ဟိန်းသွားပြီး မျောက်ဘုရင်သည် မြေပြင်၌လဲကျသွားလေသည်။

"သူတို့အုပ်စုအထူထပ်ဆုံးနေရာကို ပစ်ထည့် . . ပစ်ဟေ့ . . ငါ့လူပစ်ပေး" ဟု ကျွန်တော်၏မိတ်ဆွေကြီးက အော်ပြောလိုက်ပါသည်။

လူတိုင်းလိုလိုပင် တိုက်ခိုက်သတ်ဖြတ်လိုစိတ်သည် မသိမသာကိန်းအောင်းနေတတ်ပါသည်။ ကျွန်တော်သည် ပင်ကိုအားဖြင့် စိတ်မာတင်းနူးညံ့သိမ်မွေ့သူ ဖြစ်ပါ၏။ ဒဏ်ရာရသောယုန်တစ်ကောင်၏ အော်မြည်သံကိုကြားရရုံနှင့်ပင် မျက်ရည်ဝဲ တတ်သူတစ်ယောက်ဖြစ်ပါ၏။ သို့သော် လောလောဆယ်တွင်ကား ကျွန်တော်သည် ပြင်းပြစွာသွေးဆာနေပါသည်။ ကျွန်တော်သည် မတ်တပ်ရပ်၍ မဂ္ဂဇင်းဘောက်အတွင်းမှ ကျည်ဆန်များကုန်သည်အထိ တရစပ်ပစ်ခတ်နေမိပါ၏။ ကျည်ဆန်ကုန်သွားလျှင် အလျင်အမြန်ထပ်မံ ကျည်ဖြည့်၍ ဆက်လက်ပစ်ခတ်ပြန်ပါသည်။ ထိုသို့ရက်ရက်စက်စက် ပစ်ခတ်သတ်ဖြတ်နေရင်းလည်း စိတ်တက်ကြွမြူးထူးစွာဖြင့် အားပါးတရဟစ်အော်နေမိပါသေးသည်။ သေနတ်လေးလက်ဖြင့် ကျွန်တော်တို့နှစ်ယောက်သည် ရန်သူများကို အကျအဆုံး





များပြားလှအောင် ချေမှုန်းနိုင်ကြပါသည်။ ဆမ်မာလီကို ဖမ်းချုပ်ခဲ့သောအစောင့်နှစ်ကောင် လဲကျသေဆုံးခဲ့ပါပြီ။ သို့သော် ဆမ်မာလီမှာ အရက်မူးနေသူတစ်ယောက်ပမာ ကယီမ်းကယိုင်ဖြစ်နေပြီး သူ့ကိုယ်သူ လွတ်မြောက်သွားသည့်လူတစ်ယောက်ဟု မသိနိုင်သေးပဲ ရှိနေပါသည်။

လူတစ်ပိုင်းမျောက်တစ်ပိုင်းကား ဖရိုဖရဲသွေးရူးသွေးတန်းပြေးလွှားနေကြပါသည်။ အဖြစ်အပျက်ကို နားမလည်နိုင်ကြ။ သေမင်းမုန်တိုင်းကြီး မည်သို့မည်ပုံကျရောက်လာသည်ကို မသိနိုင်ကြပါ။ သူတို့သည် ဆူညံစွာအော်မြည်ရင်း လက်ပြခြေပြနှင့် လဲကျသေဆုံးနေသူတို့အပေါ် ဖြတ်ကျော်ပြေးလွှားနေကြပါသည်။ ထို့နောက်တွင်ကား ဒဏ်ရာရကာ လဲကျနေသောသူတို့အကောင်များ ပြည့်နေသည့်ကွင်းပြင်ကိုစွန့်ကာ အကာအကွယ်ရစေရန် သစ်ပင်များဆီသို့ တစ်ဟုန်ထိုးပြေးလွှားကြပါသည်။ သူတို့၏အကျဉ်းသားများကား ကွင်းပြင်ထဲ၌ရပ်လျက်သားကျန်ရစ်ကြပါသည်။

ချလင်ဂျာ၏ထက်မြက်သော ဦးနှောက်က အခြေအနေကို ချက်ချင်းရိပ်စားမိလိုက်၏။ သူ ကယောင်ကတန်းဖြစ်နေသူ ဆမ်မာလီကို လက်မှဆွဲကာ ကျွန်တော်တို့ရှိရာဘက်သို့ ပြေး



www.burmeseclassic.com

www.burmeseclassic.com



လာကြပါသည်။ သူတို့နောက်လိုက်လာသော အစောင့်နှစ်ယောက်မှာ လော့ဒ်ဂျွန်၏ကျည်ဆန်နှစ်တောင့်ကြောင့် လဲကျသွားကြပါသည်။ ကျွန်တော်တို့နှစ်ယောက်က သူတို့ထံပြေး၍တွေ့ဆုံကာ ကျည်ထည့်ထားသော သေနတ်များကို တစ်ယောက်တစ်လက်စီ ထိုးပေးလိုက်ပါသည်။ သို့သော် ဆမ်မာလီမှာ အားအင်ကုန်ခမ်းလျက်ရှိပါတော့သည်။ သူသည် အနိုင်နိုင်မျှ ကယိမ်းကယိုင်လျှောက်နေရပါသည်။ ယခုအခါတွင် လူတစ်ပိုင်းမျောက်တို့သည် အကြောက်ပြေလာကြလေပြီ။ သူတို့သည် ချုံနွယ်ပိတ်ပေါင်းများစွာအတွင်းမှထွက်လာကာ ကျွန်တော်တို့အား ခြိမ်းခြောက်နေပြန်လေပြီ။

လူတစ်ပိုင်းမျောက်တို့ ချုံများအတွင်းမှ ခေါင်းပြူလာတိုင်း လော့ဒ်ဂျွန်က ပစ်ခတ်ကာကွယ်နေစဉ် ကျွန်တော်နှင့် ချလင်ဂျာတို့က ဆမ်မာလီကိုတစ်ဖက်တစ်ချက်မှဆွဲကာ ပြေးကြရပါသည်။ တစ်မိုင်ကျော်ကျော်ခန့်အထိ သူတို့က ထပ်ကြပ်မကွာလိုက်လာခဲ့ကြသေးသည်။ နောက်ပိုင်းတွင်ကား လိုက်အားလျော့သွားပါသည်။ ကျွန်တော်တို့၏အစွမ်းနှင့် သေနတ်တို့၏ထိရောက်မှုကို ရင်မဆိုင်နိုင်တော့၍ ဖြစ်ပါသည်။ နောက်ဆုံးကျွန်တော်တို့စခန်းပြန်ရောက်၍ နောက်ပြန်ကြည့်လိုက်သော





အခါ ရန်သူပါမလာတော့ပဲ ကျွန်တော်တို့ချည်းရှိနေသည်ကို တွေ့ရပါ၏။

ကျွန်တော်တို့ချည်းရှိသည်ဟူသော အထင်မှာ မှားပါသည်။ ကျွန်တော်တို့သည် စခန်းမှဆူးတပ်တံခါးကို ပင်ပန်းကြီးစွာပိတ်လိုက်ပြီး စမ်းချောင်းဘေးမြေပြင်၌ တစ်ယောက်လက်ကို တစ်ယောက်ဆုပ်ကိုင်ထားရင်း ခြေပစ်လက်ပစ် အမောဖြေနေကြပါသည်။ ထိုစဉ်မှာပင် တံခါးအပြင်ဘက်မှ ခြေသံနှင့်ရှိက်သံတို့ကိုကြားရပါတော့သည်။ လော့ဒ်ဂျွန်က သေနတ်ဆွဲကိုင်ရင်း တံခါးကိုဖွင့်လိုက်ပါသည်။ အပြင်ဘက်၌ ဝမ်းလျားမှောက်မျက်နှာအောက်ချလျက်နှင့် အသက်ရှင်ကျန်ရစ်ခဲ့သူ အင်ဒီယန်းလေးယောက်ကို တွေ့ရပါသည်။ ကျွန်တော်တို့ကို ကြောက်ရွံ့သဖြင့် တုန်လှုပ်နေလျက်နှင့်ပင် ကျွန်တော်တို့၏ ကာကွယ်စောင့်ရှောက်မှုကို တောင်းခံနေပါသည်။ ၎င်းတို့အထဲမှ တစ်ယောက်က ပတ်ပတ်လည်မှ တောအုပ်ကိုလက်ညွှန်ပြပြီး အန္တရာယ်များကြောင်းကို ဖော်ညွှန်းပြပါသည်။ ထို့နောက် သူက ရှေ့သို့ပြေးခန့် ထိုးလိုက်ကာ လော့ဒ်ဂျွန်၏ခြေထောက်ကိုဖက်၍ မျက်နှာနှင့်ခြေထောက်အပ်ထားလိုက်ပါသည်။

"ဘုရားရေ . . ဒီလူစုနဲ့ကျုပ်တို့က ဘာလုပ်ရမှာပဲ၊ ထ



www.burmeseclassic.com

www.burmeseclassic.com



ကွာ . . ချာတိတ်ကလေး၊ မင့်မျက်နှာကို ခြေထောက်ပေါ်က ဖယ်လိုက်စမ်းပါကွာ" လော့ဒ်ဂျွန်က စိတ်ရှုပ်သလို နှုတ်ခမ်းမွှေး ဆွဲရင်း ပြောလိုက်ပါသည်။ ဆမ်မာလီက ထိုင်လျက်မှ သူ၏ဆေး တံအိုကြီးအတွင်း ဆေးများသိပ်ထည့်နေ၏။

"သူတို့ကို ဂရုစိုက်ကြည့်ရမှာပဲကွ၊ မင်းကတော့ တို့အား လုံးကို သေမင်းခံတွင်းထဲက ဆွဲထုတ်ခဲ့တာပဲ၊ ဒါဟာ အလွန်ကြီး မြတ်တဲ့အလုပ်ပဲ"

"တကယ့်ချီးကျူးစရာကြီးပါပဲ"ဟု ချလင်ဂျာကဆို၏။

"ချီးကျူးစရာကြီးပါ၊ ကျုပ်တို့ပုဂ္ဂိုလ်အရသာ မဟုတ်ပါ ဘူး၊ မောင်ရင်ရဲ့လုပ်ဆောင်ချက်အတွက် သိပ္ပံလောကကြီးကပါ အတိုင်းမသိ ကျေးဇူးတင်ရမှာပါ၊ ပရော်ဖက်ဆာဆမ်မာလီနဲ့ ကျုပ်သာ ပျောက်ကွယ်သွားမယ်ဆိုရင်ဖြင့် ခေတ်သစ်တိရစ္ဆာန် မနုဗေဒသမိုင်းမှာ ရောမကွက်လပ်ကြီး ဖြစ်သွားတော့မှာပါ ဟောဒီမိတ်ဆွေကလေးနဲ့ မောင်ရဲ့ဆောင်ရွက်ချက်ကတော့ ကောင်းမြတ်လှပါပေတယ်"

သူက ကျွန်တော်တို့ကို ပြုံးကြည့်လိုက်ပါသည်။ သို့ သော် အနောက်တိုင်းသိပ္ပံပညာရှင်တို့သည် အနာဂတ်၏ရွေး လင့်ချက်ဟုဆိုနိုင်သော သူတို့ရွေးချယ်စေလွှတ်လိုက်သည့် ပရော်ဖက်ဆာကြီးကို ဤပုံအတိုင်းမြင်ရလျှင် ရင်သပ်ရှု





ဖြစ်ကြပါလိမ့်မည်။ ဆံပင်များက ရှုပ်ထွေးညစ်ပတ်နေပါသည်။ အဝတ် က အမြှောမြှာစုတ်ပြဲနေပြီး ရင်ဘတ်က ဟာလာဟင်းလင်း၊ သူ၏ဒူးနှစ်လုံးကြားတွင် အသားဘူးတစ်ခုကို ညှပ်ထားပြီး လက်တွင်း၌ ဩစတြေးလျပြည်မှလာသော အေးစက်နေသည့် အသားတုံးတစ်ခုကိုကိုင်လျက် ထိုင်နေပါသည်။ အင်ဒီယန်းက သူ့ကိုလှမ်းကြည့်ပြီး တစ်ချက်အော်လိုက်ကာ မြေ၌ဝပ်၍ လော့ဒ်ဂျွန်ထံတိုးကာ ခြေထောက်ဖက်ထားပါသည်။

"မကြောက်ပါနဲ့ ချာတိတ်ရာ" လော့ဒ်ဂျွန်က သူ့ခေါင်း ကိုအသာပုတ်ရင်း ပြောလိုက်ပါသည်။

"ခင်ဗျားရုပ်ကိုကြည့်ပြီး လန့်နေတာ ချလင်ဂျာ၊ အင်း အံ့ဩစရာတော့ မဟုတ်ပါဘူးလေ၊ ဟော့ . . ချာတိတ် သူလဲ တို့ အားလုံးလို လူပါပဲကွာ"

"အစစ်ပါပဲဗျာ" ဟု ပရော်ဖက်ဆာက ပြောလိုက်ပါ သည်။

"သာမန်လူတွေထက် ထူးခြားတာဟာ ခင်ဗျားအတွက် ကံကောင်းတာပဲ ချလင်ဂျာ၊ တကယ်လို့သာ သူတို့ဘုရင်နဲ့ ခု လောက်မတူဘူးဆိုရင် . . ."

"လော့ဒ်ဂျွန်ရောက်စတန် . . မောင်ရင်ဟာ ကိုယ့်ကိုယ် ကို ပေါက်လွှတ်ပဲစားဖြစ်အောင် လုပ်တာကိုး"

www.burmeseclassic.com

www.burmeseclassic.com



"ဒါကတော့ အရှိအတိုင်းပါပဲ ခင်ဗျာ"

"စကားလမ်းကြောင်းပြောင်းဖို့ ကျုပ်က တောင်းပန်ရ မှာပဲ မောင်ရင်ရဲ့မှတ်ချက်က ဆင်ခြင်တုံတရားနည်းပြီး မဆီမ ဆိုင် လက်ပံသားဓားနဲ့ချိုင်သလို ဖြစ်နေတယ်၊ ကျုပ်တို့ရှေ့ မှောက်ရောက်နေတဲ့ ပြဿနာက ဒီအင်ဒီယန်းတွေကိစ္စ ဘယ်လို လုပ်ကြမလဲ ဆိုတာပဲ၊ သေချာတာကတော့ သူတို့ဘယ်မှာနေ တယ်ဆိုတာသိရင် ကျုပ်တို့က စောင့်ရှောက်ပြီး ပြန်ပို့ပေးဖို့ ဖြစ်တယ်"

"ဒီကိစ္စက မခက်ပါဘူး၊ သူတို့ဟာ ရေကန်ကြီးရဲ့ ဟို ဘက်မှာရှိတဲ့ ဂူတွေထဲမှာနေကြတယ်"ဟု ကျွန်တော်က ပြော လိုက်ပါသည်။

"ကျုပ်တို့မိတ်ဆွေလေးက သူတို့နေရာသိသကိုး၊ နေရာ က အတော်ဝေးတယ်ထင်ပါရဲ့"

"မိုင်နှစ်ဆယ်တော့ အသာလေးပဲခင်ဗျာ"

ဆမ်မာလီထံမှ ညည်းသံတစ်ချက် ထွက်လာပါသည်။

"ကျုပ်တစ်ယောက်ကတော့ လိုက်နိုင်မှာ မဟုတ်ဘူး၊ ဟို အရိုင်းကောင်တွေ လိုက်နေသေးတဲ့အသံကို ကြားနေသေးတယ်"

ဆမ်မာလီ ပြောနေစဉ်မှာပင် တောအုပ်များထဲမှ လူတစ် ပိုင်းမျောက်တစ်ပိုင်းတို့၏ အော်မြည်သံများကို ကြားရပါသည်။





အင်ဒီယန်းတို့ ကြောက်ကြောက်လန့်လန့်နှင့် ငိုရှိုက်ကြပြန် သည်။

"ကျွန်တော်တို့သွားကြရမယ်၊ မြန်မြန်သွားကြရအောင်" ဟု လော့ဒ်ဂျွန်ကပြောပါသည်။

"ကိုယ့်လူ . . မင်းဆမ်မာလီကိုဆွဲခေါ်၊ အင်ဒီယန်း တွေက ပစ္စည်းတွေသယ်လိမ့်မယ်၊ ကိုင်း . . သူတို့မမြင်တွေ့ခင် သွားကြစို့ရဲ့"

နာရီဝက်မကြာမီ ကျွန်တော်တို့ပုန်းအောင်းရာ ချုံဖုတ် ကြီးသို့ရောက်ပါသည်။ တစ်နေ့လုံးလိုလို ကျွန်တော်တို့၏စခန်း ဟောင်းဆီမှ လူတစ်ပိုင်းမျောက်တို့၏အသံများကို ကြားနေကြ ရပါသည်။ သို့သော် ကျွန်တော်တို့ရှိရာဘက်သို့ကား ရောက်မ လာပါ။ ပင်ပန်းနွမ်းနယ်နေကြသော ကျွန်တော်တို့နှင့် အင်ဒီယန်း တို့မှာ နှစ်ခြိုက်စွာအိပ်ပျော်ကြပါသည်။ ညနေပိုင်းတွင် တစ်စုံ တစ်ယောက် ကျွန်တော်၏အင်္ကျီကိုလာဆွဲ၍ ဖဝေဖဝါနိုးလာ သည့်အခါ ဘေး၌ဒူးထောင်လျက်သား ချလင်ဂျာကိုတွေ့ရပါ သည်။

"မောင်ဟာ ဒီအဖြစ်အပျက်တွေ မှတ်တမ်းတင်ထားပြီး တစ်နေ့မှာ ပုံနှိပ်မယ် မဟုတ်လား မစ္စတာမကိုနီ"ဟု ချလင်ဂျာ



www.burmeseclassic.com

www.burmeseclassic.com



က တူန္ဒြေကြီးဖြင့် မေးပါသည်။

"ကျွန်တော်ဟာ ဒီမှာတစ်ယောက်တည်းသော သတင်း ထောက်ပဲ"

"ဟုတ်ပါတယ် . . မောင်ဟာ လော့ဒ်ဂျွန်ရဲ့မိုက်မဲရ တဲ့မှတ်ချက်ကို ကြားမိမှာပေါ့၊ ကျုပ်ဟာ ဘယ်သူနဲ့ရုပ်လက္ခဏာ ချင်းတူသလိုလို ဆိုတာလေ"

"ဟုတ်ကဲ့ . . ကျွန်တော်ကြားလိုက်ပါတယ်"

"အဲဒီအချက်အလက်မျိုး လူထုဆီတင်ပြမယ်ဆိုရင် ကျုပ်ကိုထိခိုက်မှာပေါ့၊ ပြီးတော့ မောင်ရင်ရဲ့တင်ပြချက်တွေ ပေါ့ပျက်ပျက်ဖြစ်သွားမယ်ဆိုတာလဲ ပြောစရာလိုမှာ မဟုတ်ဘူး"

"ကျွန်တော် အဖြစ်အပျက်မှန်လောက် ရေးမှာပါ"

"လော့ဒ်ဂျွန်ရဲ့တစ်ချို့အယူအဆတွေဟာ သိပ်ရယ်စရာ ကောင်းတယ်၊ ဒီအဆင့်အတန်းနိမ့်နေသေးတဲ့ အကောင်တွေက နဲ့ညားထယ်ဝါတဲ့လူတစ်ယောက်ကို ရိုရိုသေသေပြုမူတဲ့အပေါ် မှာ သူတွေးထင်ပုံက တစ်မျိုးဖြစ်နေတယ်၊ ကျုပ်ဆိုလိုတာကို သဘောပေါက်ပါတယ်နော်"

"ပေါက်ပါတယ် ခင်ဗျာ"

"မောင်ရဲ့ အမြော်အမြင်ရှိမှုကို ကျုပ်သိပါတယ်လေ"





ဆို့နောက် ခဏတာ စကားရပ်နေပြီးမှ ဆက်ပြော၏။

"လူတစ်ပိုင်းမျောက်ဘုရင်ဟာ တကယ်ထူးခြားတဲ့အ ကောင်ကြီးပဲ၊ ကြည့်လို့ကောင်းတယ်၊ အသိဉာဏ်ရှိတာရော ကိုယ်ရည်ကိုယ်သွေးရော ထူးခြားပါပေတယ် မောင်သတိပြုမိ ရဲ့မဟုတ်လား"

"တကယ်ထူးခြားတဲ့ အကောင်ကြီးပါပဲ ခင်ဗျာ"

စိတ်ချမ်းသာမှု ရသွားသော ပရော်ဖက်ဆာကြီးသည် တရေးပြန်မေးလိုက်ပါတော့သည်။

* * * * * * *



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၄)

### တကယ့်အောင်ပွဲများ

ကျွန်တော်တို့ပုန်းအောင်းနေသော ချုံဖုတ်ကြီးကို ရန်သူ တစ်ပိုင်းလူတစ်ပိုင်းမျောက်တို့ လုံးဝမသိဟု ကျွန်တော်ထင်မှတ်ခဲ့ကြပါသည်။ သို့သော် ကျွန်တော်တို့အထင်မှားယွင်းကြောင်း ကြာမီသိရပါသည်။ တစ်တောလုံးတိတ်ဆိတ်နေပါသည်။ သစ်ရွက်ကလေးတစ်ရွက်မှ မလှုပ်ခတ်ပဲ ကျွန်တော်တို့ပတ်ဝန်းကျင်မှာ အေးချမ်းနေပါသည်။ သို့သော် လူတစ်ပိုင်းမျောက်တို့သည် ၎င်းတို့အခွင့်အလမ်းပေါ်လာသည်အထိ မည်မျှစိတ်ရှည်ရှာ၊ တိတ်ဆိတ်စွာ စောင့်ဆိုင်းနိုင်သည် သိရသောအတွေ့အကြုံတစ်ရပ်သည် ပေါ်ပေါက်လာခဲ့ပါလေသည်။ ကျွန်တော်၏



www.burmeseclassic.com

www.burmeseclassic.com



တစ်သက်တာဘဝတွင် ကျွန်တော့်အဖို့ ထိုနေ့နံနက်က လောက် သေဘောနှင့်နီးသော ဖြစ်ရပ်မကြုံဖူးသေးပါ။ ထိုဖြစ်ရပ်ကို အစီအစဉ်အတိုင်း ဖော်ပြပါမည်။

ယမန်နေ့က ခံစားခဲ့ရသော စိတ်လှုပ်ရှားမှုများဖြင့် မဝတဝစားခဲ့ရသော ညနေစာနောက်ပိုင်း အိပ်စက်ပြီး ယခုနံနက်နိုးလာသောအခါ ကျွန်တော်တို့အခြေနေမှာ မကောင်းသေးပါ။ ဆမ်မာလီမှာ အားနည်းလှသေးရာ မတ်တပ်ရပ်ရန် အကူအညီပေးရပါသေးသည်။ သို့သော် အဘိုးကြီးမှာ လေ့ခွက်ချည်းကျန် အလံမလှဲဟူသော အနိုင်မခံစိတ်ဓာတ်မျိုး ပြင်းပြသူဖြစ်လေရာ အရှုံးပေးရာရောက်သည့် စကားမျိုးမပြောပါချေ။ 'ကျွန်တော်တို့တစ်တွေ ဆွေးနွေးပြီး ကျွန်တော်တို့ တစ်နာရီနှစ်နာရီမျှ ဤနေရာတွင် တိတ်ဆိတ်စွာနေကြဦးမည်။ နံနက်စာ စားကြမည်။

ထို့နောက် ကန်ကြီးကိုပတ်၍ တစ်ဖက်ရှိ အင်ဒီယန်းတို့နေထိုင်ရာဝူများဆီသို့ သွားကြမည်ဟု သဘောတူကြပါသည်။ ထိုဒေသရှိ ကျန်အင်ဒီယန်းတို့က ကျွန်တော်တို့အား မည်မျှအလေးထားလက်ခံမည်၊ လက်မခံမည်မှာမူ ကျွန်တော်တို့ကယ်ဆယ်ခဲ့သည့်လူတစ်စု၏ ပြောစကားအပေါ်၌ တည်ပါလိမ့်မည်။ ထို့နောက်တွင်ကား မေပယ်ဝှိုက်တောင်ကလပ်၏ လျှို့ဝှက်ချက်





များကို အတော်ကြီးသိရှိရပြီဖြစ်သော ကျွန်တော်တို့သည် အဓိကပြဿနာဖြစ်သည့် မြေအောက်ကမ္ဘာသို့ပြန်နိုင်ရေးကို အာရုံစိုက် ကြတော့မည်။ ချလင်ဂျာကပင် ကျွန်တော်တို့လာရောက်ခြင်း ကိစ္စတာဝန်ကို ဆောင်ရွက်ပြီးပြီဖြစ်၍ အံ့မခန်းတွေ့ရှိချက်များကို လူယဉ်ကျေးလောကသို့ ပြန်လည်သယ်ဆောင်ရန်သာရှိ တော့သည်ဟု သဘောတူညီပါသည်။

ယခုအခါ ကျွန်တော်တို့ကယ်ဆယ်ခဲ့သော အင်ဒီယန်းများကို စိတ်အေးလက်အေး အသေးစိတ်ပို၍ လေ့လာနိုင်ပါသည်။ သူတို့မှာ အလုံးအထည်သေးသော်လည်း ကြံ့ခိုင်၍ဖျတ်လတ်ပါသည်။ ပျော့ပျောင်းနက်မှောင်သောဆံပင်ကို နောက်ဖက်၌ သားရေကြိုးနှင့် စုစည်းထားပါသည်။ ခါးတွင်လည်း သားရေချပ်ကိုပင်ပတ်၍ ဝတ်ထားပါသည်။ သူတို့၏မျက်နှာမှာ အမွေးအမျှင် ကင်း၍ကြည့်ပျော်ကာ ဖော်ရွေပုံရပါသည်။ သူတို့၏နားရွက်များမှာပဲ့ပြီး သွေးစွန်းနေပါသည်။ သူတို့သည် အဆင်တန်ဆာအတွက် နားဖောက်ကြပြီး သူတို့ကိုဖမ်းဆီးခဲ့သူတို့က ဆွဲဖြတ်ခဲ့ဟန်တူပါသည်။ ကျွန်တော်တို့နားမလည်သော်လည်း သူတို့ပြောကြသောစကားမှာ ကြွယ်ဝပုံရပါသည်။ သူတို့အချင်းချင်းလက်ညွှန်ကာ "အက်ကလာ"



www.burmeseclassic.com

www.burmeseclassic.com



ဟူသော စကားလုံးကို ခဏခဏပြောကြသဖြင့် ထိုစကားလုံး မှာ သူတို့လူမျိုးအမည်ဟု သဘောပေါက်ရပါသည်။ ရံဖန်ရံခါ တွင် ကြောက်ရွံ့ခြင်းနှင့်မုန်းတီးခြင်းအမူအရာ ရောယှက်နေ သော မျက်နှာများဖြင့် လက်သီးဆုပ်ကို တောအုပ် ဆီယမ်း ရင်း''ဒိုဒါ . . ဒိုဒါ''ဟု ပြောဆိုကြလေရာ သူတို့ရန်သူ ဆိုလိုဟန်ရှိပါသည်။

လော့ဒ်ဂျွန်က စကားစပါသည်။

''သူတို့ကိုဘာလုပ်မလဲ ချလင်ဂျာ၊ တစ်ခုတော့သေချာ တယ်ဗျ . . ထိပ်ပိုင်းက ဆံပင်တွေရိတ်ထားတဲ့ ချာတိတ်ကလေး ဟာ သူတို့အထဲမှာ ခေါင်းဆောင်ဗျ''

ထိုအချက်မှာ ထင်ရှားပါသည်။ သူသည် အခြားသူများ နှင့် ခွဲခြားရပ်နေသည်။ အခြားသူများက သူ့ကိုလေးလေးစားစား အရိုအသေပြုပြီးမှသာ စကားပြောကြသည်။ သူသည် ၎င်းတို့ အထဲ၌ အသက်အငယ်ဆုံး ဖြစ်ပုံရသော်လည်း စိတ်ဓာတ်မြင့် မားပုံနှင့် ဝံ့ထည်ပုံက ပေါ်လွင်သည်။ ချလင်ဂျာက သူ့လက်ကြီး ကို ထိုသူငယ်ခေါင်းပေါ် တင်လိုက်ရာ သူငယ်မှာ သံစူးနှင့်အထ ခံလိုက်ရသော မြင်းတစ်ကောင်ပမာ လူ့ပ်ရှားသွားပါသည်။ မည်းနက်သောမျက်လုံးများနှင့် ဖျတ်ခနဲတစ်ချက်ကြည့်လိုက်ပြီး





ချလင်ဂျာနှင့်ဝေးရာသို့ နေရာရွှေ့လိုက်ပါသည်။ ထို့နောက် လက်ပိုင်ကာ ခန့်ခန့်ရပ်ရင်း နှုတ်မှလည်း''မာရီတာ''ဟူသော စကားလုံးကို ထပ်ပြန်တလဲလဲပြောနေပါသည်။ သို့သော် ဘာကို မျှ အရေးထားပုံမရသော ပရော်ဖက်ဆာကမူ အနီးဆုံးရှိ အင်ဒီ ယန်းတစ်ယောက်ကို ပခုံးမှဖမ်းကိုင်ကာ သူ့အကြောင်းပညာပေး ဟောပြောချက်စပါတော့သည်။ ထိုအင်ဒီယန်းကို စာသင်ခန်းထဲ မှ ဖန်အိုးထဲထည့်ထားသည့် နမူနာပြပစ္စည်းမျှလောက် သဘော ထားပုံရပါသည်။ ချလင်ဂျာအသံကြီး ပေါ်လာပါသည်။

''ဒီလူမျိုးစုကို ဦးခေါင်းအနေအထားအရဖြစ်စေ၊ မျက် နှာသွင်ပြင်အရဖြစ်စေ၊ တစ်ခြားတစ်နည်းနည်းနဲ့ဖြစ်စေ စမ်းသပ် ပြီး ဘယ်လိုဆုံးဖြတ်ဆုံးဖြတ် သူတို့ကိုအဆင့်အတန်း နိမ့်ကျတယ် လို့ ပြောနိုင်မှာ မဟုတ်ဘူး၊ တောင်အမေရိကမှာ တွေ့ရတဲ့ တိုင်း ရင်းသားလူမျိုးစုတစ်ချို့ထက် အဆင့်အတန်းမြင့်တဲ့ လူမျိုးစုရှိ နေအောင် အဆင့်ဆင့်ပြောင်းလဲတိုးတက်လာတဲ့ အီဗော်လူး ရှင်းတရား ဖြစ်ပေါ်တယ်ဆိုတာကတော့ မရှင်းလင်းနိုင်တဲ့ပြဿ နာပဲ၊ ကမ္ဘာဦးသတ္တဝါကနေပြီး ဒီတောင်ကလပ်ပေါ်မှာတင် ဒီအဆင့်အထိ တိုးတက်လာတာ မဖြစ်နိုင်ဘူး''

''ဒါဖြင့် သူတို့ဘယ်က ရောက်လာကြတာလဲ''ဟု လော့ဒ်



www.burmeseclassic.com

www.burmeseclassic.com



ဋ္ဌါန်က မေးပါသည်။

"ဒီပြဿနာကတော့ ဥရောပနဲ့ အမေရိကန်မှာ ရှိသမျှ သိပ္ပံအဖွဲ့အစည်းတိုင်းက စိတ်ပါလက်ပါဆွေးနွေးရမယ့် အကြောင်းအရာဆိုတာ သံသယဖြစ်စရာ မလိုပါဘူး။ ဒီအခြေ အနေပေါ်မှာ ကျုပ်သုံးသပ်လို့ရတာကတော့ . . ." ချလင်ဂျာ သည် ရင်ဘတ်ကြီးမောက်လာအောင် အသက်ရှူသွင်းလိုက်ပြီး ပတ်ပတ်လည်ကို စူးစူးရဲရဲကြည့်လိုက်ပါသည်။

"အီဗော်လူးရှင်းတရားဟာ ဒီတောင်ကလပ်ပေါ်မှာ ထူးခြားတဲ့အခြေအနေနဲ့ ကျောရိုးရှိသတ္တဝါအဆင့်အထိ တိုးတက် စေခဲ့တယ်ထင်တယ်၊ ကျောရိုးရှိသတ္တဝါဆိုတာ သက်တမ်းရှည်ခဲ့ ပေမယ့် မျိုးဆက်မသုန်းဘူး၊ အသစ်ဖြစ်လာတဲ့ သတ္တဝါတွေနဲ့ အတူ အသက်ရှင်လျက်ပဲ ရှိနေတယ်။ ဥပမာ . . ကြွံသူတော် သူရဲ့မျိုးနွယ်ဆက်သက်တမ်းဟာ မနည်းကြီးရှည်ခဲ့ပြီး တွားသွား သတ္တဝါထဲမှာပါဝင်တဲ့ သင်းခွေချပ်ဟာလဲ ဒီလိုပဲ၊ ဒီအထိတော့ ရှင်းပြီ၊ အခုလူတစ်ပိုင်းမျောက်တွေနဲ့ အင်ဒီယန်းတွေကိုကြည့် ကြရအောင် သူတို့တွေ့ရှိရတာကို သိပ္ပံအမြင်နဲ့ ဘယ်လိုသုံးသပ် မလဲ၊ ကျုပ်သဘောအရတော့ သူတို့ဟာ ပြင်ပကမ္ဘာက ရောက်ရှိ လာကြတာ ဖြစ်ရမယ်။ နှစ်ပေါင်းများစွာတုန်းက တောင်အမေ





ရိကမှာ အသက်ရှင်နေခဲ့ကြတဲ့ လူဝံတစ်မျိုးဟာ ဒီကိုရောက်လာ ကြလိမ့်မယ်။ ဒီမှာ အဆင့်အတန်းတိုးမြင့်လာပြီး လူတစ်ပိုင်း မျောက်တစ်ပိုင်းအဆင့် ရောက်လာမယ်။ သူတို့ရဲ့ပုံပန်းနဲ့ အသိ ဉာဏ်ဟာ မြင့်မားတယ်၊ အင်ဒီယန်းတွေကတော့ အဲဒီရဲ့နောက် မှ ဒီကိုရောက်လာကြမှာပေါ့၊ အစာရေစာချောင့်ဖြစ်စေ၊ တစ်ခု ခုကြောင့်ဖြစ်စေ တောင်ပေါ်တက်လာကြမယ်၊ သူတို့မမြင် တွေ့ဖူးခဲ့တဲ့ သတ္တဝါကြီးတွေကို တွေ့ရပြီး ဂူထဲမှာနေထိုင်ကြ မယ်၊ ဒီမှာနေထိုင်နိုင်ဖို့အတွက် သတ္တဝါကြီးတွေနဲ့ တိုက် ခိုက်ရမယ်။ အထူးသဖြင့်တော့ သူတို့ကို ကျူးကျော်သူ တွေအဖြစ်မြင်ထားပြီး အသိဉာဏ်လဲမြင့်မားတဲ့လူတစ်ပိုင်း မျောက်တွေနဲ့ ကြောက်ခမန်းလိလိစစ်ပွဲကြီးတွေ ဆင်နွဲကြရ လိမ့်မယ်။ ဒါကြောင့် သူတို့လူဦးရေက နည်းနေတာဖြစ်မယ်၊ ဘယ့်နှယ်ရှိစ လူကြီးမင်းများခင်ဗျာ၊ ပဟေဠိရဲ့အဖြေကို ကျုပ်က ထုတ်ပြလိုက်ပါပြီ၊ အချက်အလက်များနဲ့ ပတ်သက်လို့ မေးမြန်းစရာရှိပါသလား။

ဆွေးနွေးငြင်းခုံရန်အတွက် အားမရှိတော့သော ပရော် ဖက်ဆာဆမ်မာလီမှာ ချလင်ဂျာအာဘော်အပေါ် သဘောမတူ ကြောင်းကို ခေါင်းယမ်း၍သာ ပြနိုင်ပါတော့သည်။ ကျွန်တော်က မူ လက်ငင်းလုပ်ငန်းအပေါ် စူးစိုက်လေ့ရှိသည့်အတိုင်း အင်ဒီ



www.burmeseclassic.com

www.burmeseclassic.com



ယန်းတစ်ယောက် လျှော့နေသည့်ကိစ္စကို ပြောလိုက်ပါသည်။

"သူ . . ရေခပ်သွားနေတယ်" ဟု လော့ဒ်ဂျွန်ရောက်စတန်က ပြောပါသည်။

"စခန်းဟောင်းကိုလား" ဟု ကျွန်တော်က မေးလိုက်သည်။

"မဟုတ်ပါဘူး . . စမ်းချောင်းကိုပါ၊ ဟိုသစ်ပင်အုပ်ထဲမှာပါ၊ ကိုက်နှစ်ရာလောက်ဝေးတော့ မပေါ့၊ ဒါပေမယ့် ဒီကောင် အချိန်ကြာလွန်းတယ်"

"ကျွန်တော်လိုက်ကြည့်လိုက်ဦးမယ်"

ကျွန်တော်သည် သေနတ်ကိုဆွဲ၍ စမ်းချောင်းဘက် လျှောက်ခဲ့ပါသည်။ နည်းပါးသောရိက္ခာကို အပေါင်းအသင်းများအတွက် ထားခဲ့ပါသည်။ ကျွန်တော်လုံခြုံသောနေရာမှ ဆင်ကန်းတောတိုးထွက်သွားသည်ဟု ယူဆနိုင်ပါသည်။ သို့သော် ကျွန်တော် သိသလောက်၌ လူတစ်ပိုင်းမျောက်တို့၏မြို့နှင့် မိုင်အတော် ကွာဝေးသည်။ ကျွန်တော်တို့နေရာကို သူတို့မသိသေး။ ကျွန်တော့်လက်တွင်း၌လည်း သေနတ်နှင့်ဖြစ်၍ သူတို့ရန် မစိုးရိမ်မိ ပါ။ ယခုထိ ကျွန်တော်သည် သူတို့၏စဉ်းလဲဉာဏ်နှင့် စွမ်းအားကို တိကျစွာမသိသေးခဲ့။

ကျွန်တော့်ရှေ့ဆီမှ စမ်းရေစီးသံသဲ့သဲ့ကို ကြားရပါသည်။





သို့သော် စမ်းချောင်းနှင့် ကျွန်တော့်စပ်ကြား၌ ထူထပ်သော သစ်ပင်များနှင့် ချုံဖုတ်များရှိနေပါသည်။ သို့ဖြင့် ကျွန်တော်သည် မိတ်ဆွေများ၏မြင်ကွင်းမှ ပျောက်ကွယ်ကာ သစ်ပင်ကြီးတစ်ပင်အောက် ရောက်ခဲ့ပါသည်။ ထိုစဉ် ချုံတွင်းမှ နီနီအရာဝတ္ထုတစ်ခုကို သတိပြုမိလိုက်ပါ၏။ ကျွန်တော် အပါးကပ်သွား၍ ထိုအရာမှာ ပျောက်နေသော အင်ဒီယန်း၏အလောင်းဖြစ်နေကြောင်း သိရလျှင်ကား ကျွန်တော့်မှာ အတုန်လှုပ်ကြီးတုန်လှုပ်သွားရပါတော့သည်။ သူသည် စောင်းလျက်လဲနေပါသည်။ သူ့ခေါင်းကို လိမ်ထားလေရာ ပခုံးမှကျော်၍ နောက်သို့ပြန်ကြည့်နေသလိုလို ရှိပါသည်။ ကျွန်တော်က မိတ်ဆွေများအတွက် သတိပေးအော်ဟစ်လိုက်ကာ ရှေ့သို့ပြေးသွားပြီး အလောင်းကို ငုံ့ကြည့်လိုက်ပါသည်။ ကျွန်တော်၏ကိုယ်စောင့်နတ်သည် ကျွန်တော်နှင့်အတူ ရှိနေသည်ထင်ပါ၏။

အဘယ်ကြောင့်ဆိုသော် ကျွန်တော်သည် သိမ့်ခနဲကြက်သီးထသွားပြီး သို့မဟုတ် မဖြစ်စလောက်သော သစ်ရွက်လှုပ်ခတ်သံကြားရပြီး အပေါ်သို့ မော့ကြည့်လိုက်မိပါသည်။ နိမ့်သော သစ်ရွက်စိမ်းများကြားမှ အမွှေးအမျှင်နီများနှင့် လက်ကြီးနှစ်ချောင်းက ကျွန်တော့်၏လည်ပင်းကို ဖမ်းညှစ်ပါတော့သည်။ ကျွန်တော်က ခုန်၍နောက်ဆုတ်လိုက်ပါသည်။ သို့သော် လည်



www.burmeseclassic.com

www.burmeseclassic.com



များက ကျွန်တော့်ထက်ပို၍ မြန်ပါသည်။ ကျွန်တော်ရုတ်တရက်ခုန်ထွက်လိုက်သောကြောင့် ချက်ကောင်းကိုကား မိမသွားပါ။ လက်တစ်ဖက်က ဂုတ်ကိုကိုင်မိပြီး တစ်ဖက်က မျက်နှာကိုကိုင်မိပါသည်။ ကျွန်တော်က လက်များကိုမြှောက်၍ လည်ပင်းကို ကာကွယ်လိုက်ပါသည်။ မျက်နှာမှလက်ကြီးက လျှောဆင်းလာကာ ကျွန်တော့်လက်များပေါ် ရောက်လာပါသည်။ ကျွန်တော်သည်မြေပေါ်မှ ကြွတက်သွားပါသည်။ ကြီးမားသန်စွမ်းလှသောအင်အားဖြင့် ကျွန်တော် ဦးခေါင်းကိုနောက်ကျောဘက်သို့ လှည့်နေပါသည်။ ခဏအတွင်းမှာပင် ကျွန်တော်၏လည်ပင်းအရိုးသည် မခံမရပ်နိုင်လောက်အောင် ဝေဒနာကိုခံစားရပါတော့သည်။

ကျွန်တော်မှာ သတိလစ်တော့မတတ် ဖြစ်နေပါပြီ။ သို့သော် ကျွန်တော့်မေးစေ့မှ လက်များလွတ်ထွက်သွားအောင်ကား ကုတ်ဖဲ့ဆွဲယမ်းနေမိပါသည်။ အပေါ်သို့ကြည့်လိုက်သောအခါ ကြောက်စရာမျက်နှာကြီးမှာ အေးစက်ပြာလဲ့သော မျက်လုံးအစုံက ကျွန်တော့်အားစိုက်ကြည့်နေသည်ကို မြင်ရပါသည်။ ထိုမျက်လုံးများတွင်း၌ ညှို့နိုင်စွမ်းပါသည်ထင်ပါ၏။ ကျွန်တော် ဆက်သက် မရုန်းနိုင်တော့ပါ။ သူ၏ညစ်အားက ပိုလာစဉ်တွင် သူ့ပါးစောင်နှစ်ဖက်မှ အစွယ်ဖြူဖြူများကို ရိပ်ခနဲမြင်လိုက်ရပါသည်။





ကျွန်တော်၏မျက်စိများ မှုန်ဝေလာသလို နားထဲ၌လည်း ဆည်းလည်းသံများလိုလို ကြားလိုက်ရသည် ထင်ပါ၏။ ဝေးကွာလှသောအရပ်ဆီမှ သေနတ်သံတစ်ချက်ကို ကြားလိုက်ရပြီး ကျွန်တော့်ကို မြေပေါ်လွှတ်ချလိုက်သလို ခံစားရကာ သတိမေ့သွားပါတော့သည်။

ကျွန်တော် သတိပြန်ရလာသောအခါ ကျွန်တော်တို့ပုန်းအောင်းရာ ချုံဖုတ်အလယ်မှ မြက်ခင်းပေါ် ပြန်ရောက်နေသည်ကိုတွေ့ရပါသည်။ တစ်စုံတစ်ယောက် ချောင်းမှခပ်ယူလာသောရေဖြင့် လော့ဒ်ဂျွန်က ကျွန်တော့်ကို ပက်ဖြန်းပေးနေပြီး ပရော်ဖက်ဆာကြီးနှစ်ဦးက ကျွန်တော့်ကို ထူပေးထားရင်း စိုးရိမ်သောအမူအရာများဖြင့် ငုံ့ကြည့်နေကြပါသည်။ အခိုက်အတန့်မျှ သူတို့၏သိပ္ပံမျက်နှာဖုံးနောက်မှ လူသားဆန်သော ခံစားမှုကို ကျွန်တော်မြင်တွေ့လိုက်ရပါသည်။ ကျွန်တော် သတိလစ်သွားရသည်မှာ ထိခိုက်ဒဏ်ရာရမှုထက် ထိတ်လန့်တုန်လှုပ်မှုကြောင့် ဖြစ်ပါသည်။ ထို့ကြောင့် နာရီဝက်အတွင်း၌ ကျွန်တော်သည် ခေါင်းကိုက်၍ ဇက်ခိုင်နေရုံမှအပ ဘာမှကြီးကျယ်စွာ မဖြစ်ဘဲ တစ်စုံတစ်ရာ လုပ်ကိုင်ဆောင်ရွက်ရန် အသင့်ဖြစ်နေပါသည်။ လော့ဒ်ဂျွန်က ပြောပါသည်။

"အင်း . . မင်းအသက်ဘေးက လွတ်ခဲ့ပြီပေါ့ ကိုရင်လေး . . . မင်းအော်သံကြားလို့ ပြေးလာတော့ မင်းလည်ပင်းတစ်



www.burmeseclassic.com

www.burmeseclassic.com



ဝက်လိမ်နေပြီး ခြေထောက်လေးထဲမှာ ကန်ကျောက်နေတာမြင်ရတော့ တို့ထဲက တစ်ယောက်တော့ သွားပြီလို့ထင်လိုက်တာ ငါ့စိတ်က အစိုးရိမ်ကြီးပြီး မှုန်နေတော့ အဲဒီကောင်ကို ကျည်ဆန်လွဲသွားတယ်။ ဒါပေမယ့် မင်းကိုလွှတ်ချပြီး လျှပ်ပြက်သလို လစ်ပြေးတော့တာပဲ၊ တကယ်ပါပဲကွာ . . ရိုင်ဖယ်ကိုယ်စီနဲ့

လစ်ပြေးတော့တာပဲ၊ တကယ်ပါပဲကွာ . . ရိုင်ဖယ်ကိုယ်စီနဲ့
လူငါးဆယ်လောက်လိုချင်တယ်၊ ဒီငရဲကိုဏ်းသားတွေကို ရှင်းပစ်လိုက်ရအောင်၊ အဲဒီလိုဆိုရင် ဒီတောင်ကလပ်ကို တို့တွေ့ရတဲ့ အခြေအနေထက် ပိုပြီးရှင်းရှင်းလင်းလင်း တွေ့နိုင်ကြမယ်"

လူတစ်ပိုင်းမျောက်တို့က ကျွန်တော်တို့နေရာကိုသိသွားကြပြီး စောင့်ကြည့်နေမည်မှာ သေချာပါသည်။ နေ့အချိန်တွင် သူတို့ရန်ကို ကြောက်ရွံ့စရာမလိုလှသော်လည်း သူတို့က ညအချိန်မတော် ဝင်ရောက်စီးနင်းတိုက်ခိုက်မည်ကိုမူ စိုးရိမ်ရပါသည်။ ထို့ကြောင့် သူ့ကိုမျက်စိအောက်မှ မြန်မြန်ထွက်ခွာသွားနိုင်လေကောင်းလေဖြစ်ပါတော့သည်။ အရပ်သုံးမျက်နှာမှာ တောအုပ်ဖြစ်နေ၍ ထိုဘက်များသို့သွားလျှင် ချောင်းမြောင်းတိုက်ခိုက်ခံရမည်မှာ သေချာပါသည်။ သို့ရာတွင် ရေကန်ကြီးဆီသို့ နိမ့်ဆင်းသွားသည့် စတုဗ္ဗမျက်နှာစာဘက်တွင်ကား သစ်ပင်ကြီးများတဲ့

လျှို့ဝှက်ဆန်းကြယ် မဂ္ဂဇင်းတိုက်



၍ ချုံဖုတ်ငယ်တို့သာရှိပြီး အချို့နေရာများတွင် ကွက်လပ်ငယ်များဖြစ်နေကြပါသည်။ ထိုလမ်းကြောင်းကိုသာ ကျွန်တော်တို့ရွေးချယ်ရမည်ဖြစ်ပြီး အင်ဒီယန်းတို့နေထိုင်ရာဂူများဆီသို့လည်း ဦးတည်နေသဖြင့် အဆင်ပြေပါ၏။ ထို့ကြောင့် ကျွန်တော်တို့ ထိုလမ်းအတိုင်း လိုက်ကြရပါမည်။

ကျွန်တော်တို့တွင် စိတ်မကောင်းစရာတစ်ချက်ကားရှိပါ၏။ စခန်းဟောင်းကို စွန့်ခွာခဲ့ကြရမည်။ ကျန်ရစ်သောပစ္စည်းများအတွက် မဟုတ်ပါ။ ပြင်ပကမ္ဘာနှင့် တစ်ခုတည်းသောကွင်းဆက်ဖြစ်သည့် ဇမ်ဘိုနှင့်ပါ မဆက်သွယ်နိုင်တော့သည့်အတွက် ဖြစ်ပါ၏။ မည်သို့ပင်ဖြစ်စေ ကျွန်တော်တို့ထံ၌ သေနတ်များနှင့် ကျည်ဆန်များများစားစား ရှိနေသေးရာ အခိုက်အတန့်မျှဖြစ်စေ၊ ကျွန်တော်တို့ကိုယ်ကို စောင့်ရှောက်နိုင်ကြပြီး မကြာမီ ဇမ်ဘိုနှင့် ပြန်လည်ဆက်သွယ်နိုင်လိမ့်မည်ဟုလည်း မျှော်လင့်ရပါသည်။ သူက ထိုနေရာမှ စောင့်နေပါမည်ဟု ကတိပေးထားရာ သူသည် ကတိတည်မည့်သူတစ်ယောက်ဖြစ်ကြောင်း ကျွန်တော်တို့ကောင်းစွာသိကြပါသည်။

မွန်းမတည့်မီ ကျွန်တော်တို့ခရီးစထွက်ခဲ့ကြပါသည်။ အင်ဒီယန်းခေါင်းဆောင်လေးက လမ်းပြအဖြစ် ရှေ့ဆုံးမှသွားပါ

လျှို့ဝှက်ဆန်းကြယ် မဂ္ဂဇင်းတိုက်

www.burmeseclassic.com

www.burmeseclassic.com



သည်။ သို့သော် ပစ္စည်းတစ်စုံတစ်ရာသယ်ယူရန် ခပ်တည်တည်ပင် ငြင်းဆန်ပါသည်။ သူ့နောက်တွင် အင်ဒီယန်းနှစ်ယောက်က ကျွန်တော်တို့၏ပစ္စည်းအနည်းအကျဉ်းကို သယ်ပိုး၍လိုက်ပါသည်။ နောက်ပိုင်းမှ ကျွန်တော်တို့လူဖြူလေးဦးက ကျည်အပြည့်နှင့်သေနတ်များ အသင့်ကိုင်လျက်လိုက်ကြပါသည်။ ကျွန်တော်တို့ထွက်ခွာကြသည်နှင့်တစ်ပြိုင်နက် တိဘ်ဆိတ်နေသောတောကြီးထဲမှ လူတစ်ပိုင်းမျောက်တို့၏ အူသံကြီးကို ရတ်တရက်ကြားကြရပါသည်။ ကျွန်တော်တို့ထွက်ခွာသွား၍ စိတ်ချရပြီဟု ဆိုလိုသလား၊ ကျွန်တော်တို့ထွက်ပြေး၍ လှောင်ပြောင်လိုသလား မသိနိုင်ပါချေ။ နောက်ပြန်ကြည့်သော် ထူထပ်သောတောမှအစဘာကိုမျှ မမြင်ရပါ။ သို့သော် သူတို့၏အူသံမြည်သံအရှည်ကြီးကိုကြားရသဖြင့် ရန်သူအရေအတွက် များပြားလှမည်ဟု မှန်းဆနိုင်ပါသည်။ ကျွန်တော်တို့နောက်လိုက်လာသည့် လက္ခဏာမတွေ့ရပါ။ ကွင်းပြင်များသို့လည်း ရောက်ရှိလာပြီဖြစ်ရာ သူတို့ရန်ကို ကြောက်မက်ဖွယ်မရှိတော့ပါ။

ကျွန်တော်သည် အဖွဲ့၏နောက်ဆုံးမှလိုက်ပါသူ ဖြစ်ပါ၏။ ရှေ့မှသွားနေကြသော မိတ်ဆွေကြီးသုံးဦး၏ပုံကိုကြည့်ရင်း ကျွန်တော်ပြုံးမိပါတော့သည်။ ထိုသူကား တစ်ကြိမ်တုန်းက အ

လျှို့ဝှက်ဆန်းကြယ် မဂ္ဂဇင်းတိုက်



ဝတ်အစားကို ကျနသပ်ရပ်စွာ ဝတ်ဆင်ထားပြီး စည်းစိမ်ရှိလှသောအခန်းထဲ၌ထိုင်ကာ လန်ဒန်မြို့၌ ကျွန်တော်တို့စကားပြောခဲ့သူ လော့ဒ်ဂျွန်ရောက်စတန် ဟုတ်ပါလေစ၊ ထိုသူကား တစ်ခါတုန်းက သူ၏ရောမစားပွဲကြီးနောက်မှ ကျွန်တော့်ကိုဟိန်းခဲ့ဟောက်ခဲ့သော ပရော်ဖက်ဆာချလင်ဂျာ ဟုတ်ပါလေစ၊ တတိယပုဂ္ဂိုလ်မှာကော . . လန်ဒန်မြို့အစည်းအဝေးခန်းမထဲ၌ နေရာမှထကာ ချလင်ဂျာကို မေးခွန်းများထုတ်ခဲ့သူ ဟုတ်ပါ၏လော။ ဆာရီလမ်းကြား၌ တွေ့ရသောသူတောင်းစားများပင်လျှင် ဤသုံးဦးထက်ပို၍ ညစ်ပတ်နိုင်မည် မဟုတ်တော့ပါချေ။

ကျွန်တော်တို့ တောင်ကလပ်ပေါ်ရောက်ခဲ့ကြသည်မှာ တစ်ပတ်သာရှိပါသေး၏။ ကျွန်တော်တို့၏ဝတ်စုံအပိုများမှာ တောင်အောက်စခန်း၌ ကျန်ရစ်၏။ ဤတစ်ပတ်ဟူသောအချိန်ကလေးကလည်း ကျွန်တော်တို့အဖို့ ကြမ်းတမ်းခက်ထန်လွန်းလှပါသည်။ သို့တိုင်အောင် ကျွန်တော်တစ်ယောက်မှာနေဖြင့်မူ လူတစ်ပိုင်းမျောက်တို့၏ ထိပါးနှိပ်စက်ခြင်းမှ အင်းလွတ်ခဲ့ပါသေးသည်။ မိတ်ဆွေသုံးဦးကား ဦးထုပ်များ ရှိကြတော့။ လက်ကိုင်ပုဝါများကိုသာ ဦးခေါင်း၌ စည်းထားကြရပါသည်။ ကိုယ်မှအဝတ်အစားများက အမွှာမွှာ စုတ်ပြဲနေ

လျှို့ဝှက်ဆန်းကြယ် မဂ္ဂဇင်းတိုက်

www.burmeseclassic.com

www.burmeseclassic.com



ကြပြီး နှုတ်ခမ်းမွေး၊ မုတ်ဆိတ်မွေးမရိတ်ရှင်းရသော သူတို့မျက်နှာများကို မှတ်မိရန်ပင် ခပ်ခက်ခက်ဖြစ်ပါလေသည်။ ချလင်ဂျာနှင့် ဆမ်မာလီတို့ လေးလံစွာထော့နဲ့ထော့နဲ့နှင့် လမ်းလျှောက်နေကြသလို ကျွန်တော်လည်း မနက်ကခံစားခဲ့ရသော ဒဏ်ချက်ကြောင့် အားအင်နည်းနည်းနှင့်ပင် လျှောက်နေရပါသည်။ ကျွန်တော်တို့အဖွဲ့ အခြေမလှဖြစ်နေရာ ရှေ့မှအင်ဒီယန်းတို့က မကြခဏဆိုသလို အံ့သြဟန်၊ ထိတ်လန့်ဟန်ဖြင့် လှည့်၍ကြည့်ကြခြင်းကို ထူးဆန်းသည်ဟု မဆိုသာပါချေ။

မွန်းလွဲပိုင်းတွင် ကျွန်တော်တို့ ရေကန်ကြီးအစပ်သို့ ရောက်ကြပါသည်။ ချုံဖုတ်များမှထွက်၍ ရှေ့တွင်ကန်ရေပြင်ကြီးကိုမြင်ရသည်နှင့်တစ်ပြိုင်နက် အင်ဒီယန်းတို့က ရှေ့သို့လက်ညွှန်ကာ ဝမ်းသာအားရအော်ဟစ်ကြပါတော့သည်။ ကျွန်တော်တို့၏ရှေ့မှ မြင်ကွင်းကလည်း အံ့သြလောက်ပါပေသည်။ အဝေး၌လှေငယ်တစ်စုတဝေးသည် ရေပြင်ကိုဖြတ်သန်းကာ ကျွန်တော်တို့ရှိရာ ကမ်းဆီသို့ ဦးတည်လာနေကြပါသည်။

စမြင်ရစဉ်က ဝေးသော်လည်း လှေတို့ပြေးနှုန်းက မြန်လှလေရာ ချက်ချင်းလိုပင် နီးကပ်လာပြီး လှေပေါ်မှလူများက ကျွန်တော်တို့ မည်သူမည်ဝါ လူလုံးကွဲစွာမြင်နိုင်ပါတော့သည်။ သူတို့ထံမှ တစ်ခဲနက်ကြွေးကြော်သံများပေါ်ထွက်လာပြီး နေရာမှထကြကာ တက်များ၊ လှံများကို ဝှေ့ယမ်းကြသည်ကို





မြင်ရပါသည်။

တစ်ဖန် လှေကိုပြန်၍ အားစိုက်လှော်ခတ်ကြပြီး ကမ်းစပ်၌ထိုးဆိုက်ကြကာ ကျွန်တော်တို့ဆီကို တစ်ဟုန်ထိုးပြေးလာကြပြီး ဆူညံစွာနှုတ်ဆက်ကြရင်း အင်ဒီယန်းခေါင်းဆောင်လေးရှေ့၌ ဝပ်လိုက်ကြပါသည်။ နောက်ဆုံးတွင် အသက်ခပ်ကြီးကြီး လည်ပင်းနှင့်လက်တို့၌ ဖန်ပုတီးများဆွဲထားသည့် အင်ဒီယန်းကြီးတစ်ယောက် ပြေးလာကာ ကျွန်တော်တို့ကယ်ဆယ်လာသော ခေါင်းဆောင်ကလေးကို တယုတယပွေ့ဖက်လိုက်ကြပါသည်။ ထို့နောက် သူက ကျွန်တော့်ကိုကြည့်ပြီး မေးခွန်းအချို့မေးပါသည်။

ပြီးလျှင် ဂုဏ်ရွှေကြီးစွာဖြင့် ကျွန်တော်တို့ထံလာ၍ တစ်ယောက်စီကို ဖက်ယမ်းနှုတ်ဆက်ပါသည်။ သူ့အမိန့်ဖြင့် ကျန်အင်ဒီယန်းအားလုံးက ကျွန်တော်တို့ရှေ့၌ဝပ်ကာ အရိုအသေပေးကြပါသည်။ ထိုသို့အလေးပြုခံရသဖြင့် ကျွန်တော့်မှာ မျက်နှာပူပူဖြင့် မနေတတ်သလို ဖြစ်ရပါသည်။ လော့ဒ်ဂျွန်နှင့် ဆမ်မာလီတို့လည်း ထို့အတူ ဖြစ်ပုံရပါသည်။ သို့သော် ချလင်ဂျာကား နေရောင်ခြည်၌ ပွင့်လန်းသော ပန်းပွင့်ကြီးပမာ ကြွားကြွားဝင့်ဝင့် ရှိနေပါသည်။

ချလင်ဂျာက မုတ်ဆိတ်ကြီးကို သပ်ရင်းပြောပါသည်။



www.burmeseclassic.com

www.burmeseclassic.com



သူတို့ဟာ မဖွံ့ဖြိုးသေးတဲ့ လူမျိုးစုပဲ၊ ဒါပေမယ့် သူတို့ရဲ့အကြီးအကဲရှေ့မှာ ပြုမူတဲ့ သူတို့အပြုအမူကတော့ ခေတ်မီတိုးတက်တယ်ဆိုတဲ့ ဥရောပတိုက်သားတစ်ချို့အဖို့ သင်ခန်းစာယူစရာပဲ၊ သူ့သဘာဝအတိုင်း ဖြစ်ပေါ်လာတဲ့ အသိစိတ်ဟာ ဘယ်လောက်အံ့သြဖို့ ကောင်းသလဲ"

ထိုအင်ဒီယန်းများ စစ်ပွဲနွှဲရန် ရည်ရွယ်ချက်ဖြင့် လာခဲ့ကြခြင်းမှာ သိသာထင်ရှားလှပါ၏။ လူတိုင်း၌လှံပါသည်။ ဓား၏ထိပ်၌ အရိုးကိုချွန်ထက်သောအသွားအဖြစ် တပ်ဆင်ထား၏။ လေးနှင့်မြားပါကြ၏။ ပြီးလျှင် တင်းပုတ်ဖြစ်စေ၊ ကျောက်ပုဆိန်ဖြစ်စေ ခါး၌ချိတ်ဆွဲထားကြသည်။ သူတို့က ကျွန်တော်တို့ ထွက်လာခဲ့သော တောအုပ်ဆီသို့ ဒေါသတကြီးကြည့်ရင်း ဒိုဒ်ဟူသော စကားလုံးကို ထပ်ပြန်တလဲလဲ ရွတ်ဆိုနေကြရာ သူတို့ခေါင်းဆောင်ကြီး၏သားကို ကယ်ဆယ်ရန် သို့မဟုတ် သူ့အတွက် လက်စားချေရန် ထွက်လာကြခြင်းဖြစ်ကြောင်း သိနိုင်ပါသည်။

သူတို့အားလုံး ဆောင့်ကြောင့်ထိုင်ကြကာ စည်းဝေးကြသည်ကို ကျွန်တော်တို့က မလှမ်းမကမ်းမှ ထိုင်ကြည့်နေကြပါသည်။ စစ်သည်နှစ်ဦးသုံးဦးခန့် စကားပြောပြီးနောက် ကျွန်တော်တို့ကယ်ဆယ်ခဲ့သော ခေါင်းဆောင်လေးက စိတ်ပါလက်ပါ ဟန်လက်ဟန်တို့ဖြင့် ပြောပါသည်။ သူ၏အပြောနှင့်အမူအရာ





တို့က ကောင်းလှလေရာ ကျွန်တော်တို့ပင် သူတို့ဘာသာစကား တတ်ကျွမ်းသည့်အလား နားလည်ရပါသည်။

"လှည့်ပြန်ကြလို့ ဘာအသုံးကျမှာလဲ၊ အနေးနဲ့ဖြစ်စေ အမြန်ဖြစ်စေ တိုက်ကိုတိုက်ကြရမှာပဲ၊ ကျွန်တော်တို့ရဲ့ဘော်တွေ အသက်ခံခဲ့ကြပြီး ကျွန်တော်တစ်ယောက် ဘေးကင်းပြန်ရောက်လာလို့ ဘာအကြောင်းထူးမှာလဲ၊ တစ်ခြားသူတွေ သေကြေပျက်စီးနေရတဲ့အခါမှာ ကျွန်တော်တို့တစ်တွေအတွက် လုံခြုံရေးဆိုတာ ဘယ်တော့မှ စိတ်မချရဘူး၊ အခု ကျွန်တော်တို့စုစည်းမိနေပြီ၊ တိုက်ဖို့အသင့်ဖြစ်နေပြီ (ဤနေရာ၌ ကျွန်တော့်တို့ဘက်လက်ညွှန်ပြလိုက်ပါသည်) ဒီထူးဆန်းတဲ့လူတွေဟာ ကျွန်တော်တို့ မိတ်ဆွေတွေပါ။ သူတို့ဟာ တကယ့်လူစွမ်းကောင်းကြီးတွေဖြစ်ပြီး လူတစ်ပိုင်းမျောက်တွေကို ကျွန်တော်မုန်းသလို မုန်းကြပါတယ်။ သူတို့ဟာ (သူကကောင်းကင်ကို လက်ညွှန်ပြလိုက်ပါသေးသည်) လျှပ်စပ်မိုးကြိုးကို အမိန့်ပေးစေခိုင်းနိုင်ကြတယ်။ ဒီအခွင့်အရေးမျိုးကို ဘယ်တော့ထပ်ရနိုင်မလဲ၊ အခုရှေ့တက်တိုက်ပြီး သေချင်သေပစေ နောက်အမြဲတမ်း စိတ်ချလက်ချနေနိုင်မယ် ကျွန်တော်တို့ မိန်းမတွေဆီကို မရှက်မကြောက် ဂုဏ်ရှိတဲ့နည်းနဲ့ပြန်သွားရအောင်ဆုံးဖြတ်ပါ"



www.burmeseclassic.com

www.burmeseclassic.com



စစ်သားများမှာ စကားဖြစ်တော်ဝင်စားနေ၏။ စကားအဆုံး၌ ဩဘာသံကြီးဟိန်းထွက်လာရုံမက သူတို့၏လက်နက်ကိုဝှေ့ယမ်းကြပါသေးသည်။ အင်ဒီယန်းခေါင်းဆောင်ကြီးက ကျွန်တော်တို့ထံ လာရောက်ကာ မေးခွန်းအချို့မေးမြန်းပါသည်။ မေးခွန်းထုတ်ရင်းလည်း တောအုပ်ဆီလက်ညွှန်ပြပါသည်။ လော့ဒ်ဂျွန်က ခဏစောင့်ရန်အချက်ပြခဲ့ပြီး ကျွန်တော်တို့ဘက်လှည့်ပါသည်။

"ဒီကိစ္စကတော့ ခင်ဗျားတို့သဘောအတိုင်း ဆုံးဖြတ်လုပ်ကိုင်ဖို့ပါပဲ၊ ကျွန်တော့်အနေနဲ့ကတော့ ဒီလူတစ်ပိုင်းမျောက်တွေကို ရန်ကြွေးဆပ်စရာ ရှိနေပါတယ်။ ဒီမြေပြင်ပေါ်က သူတို့ကိုဖယ်ရှားပစ်လိုက်မယ်ဆိုရင် သူတို့နဲ့ပတ်သက်သမျှ မကောင်းမှုတွေ ချုပ်ငြိမ်းသွားမှာပါပဲ၊ ကျွန်တော်တော့ အင်ဒီယန်းတွေနဲ့တွဲပြီးစစ်တိုက်မယ်၊ လူတစ်ပိုင်းမျောက်တွေကို အပြီးသတ်ချေမှုန်းမယ်၊ ကိုင်း . . ကိုရင်လေးက ဘယ်လိုဆုံးဖြတ်မလဲ"

"ကျွန်တော်လိုက်ပြီးတိုက်မယ်"

"ချလင်ဂျာ . . ခင်ဗျားကော"

"ဟာ . . သေသေချာချာ ပါတာပေါ့"

"ဆမ်မာလီကော ခင်ဗျာ"





"ကျုပ်တို့လာခဲ့တဲ့ ရည်ရွယ်ချက်နဲ့သိပ်ဝေးကွာနေပြီထင်တယ် လော့ဒ်ဂျွန်၊ ကျုပ်တို့လန်ဒန်မြို့က ထွက်လာခဲ့ကြတာဟာ လူတစ်ပိုင်းမျောက်တွေကို တိုက်ခိုက်ဖို့မဟုတ်ဘူးထင်ပါတယ်"

လော့ဒ်ဂျွန်က ပြုံး၍ပြောလိုက်ပါသည်။

"ဒါပေမယ့် တိုက်ရမဲ့အခြေအနေ ဖြစ်နေပါတယ်။ ခင်ဗျားဘယ်လိုဆုံးဖြတ်ပါမလဲ"

"အင်း . . တော်တော်အငြင်းပွားရမယ့်ကိစ္စပဲ၊ ဒါပေမယ့် ခင်ဗျားတို့အားလုံးလိုက်ပြီး တိုက်ကြမှတော့ ကျုပ်တစ်ယောက်ဘယ်နေရစ်လို့ဖြစ်မလဲ"ဟု ဆမ်မာလီက အားမတန်မာန်လျှော့ချဟန်မျိုးဖြင့် ပြောလိုက်ပါသည်။

"ဒါဖြင့် အားလုံးသဘောတူကြပြီပေါ့"ဟု လော့ဒ်ဂျွန်က ပြောကာ အင်ဒီယန်းခေါင်းဆောင်ကြီးဘက်လှည့်၍ ခေါင်းညိတ်ပြပြီး သူ့သေနတ်ကိုပါ ပုတ်ပြလိုက်ပါသည်။ ခေါင်းဆောင်ကြီးက ကျွန်တော်တို့တစ်ယောက်စီကို လက်ဆွဲနှုတ်ဆက်ပြီး ကျန်လူများက တစ်ခဲနက်ဟစ်ကြွေးကြပါသည်။ ယနေ့အဖို့ ချီတက်ရန်အချိန်နှောင်းသွားပြီဖြစ်ရာ ဤနေရာတွင်ပင် ညအဖို့စခန်းချကြရပါသည်။ နေရာများစွာတွင် မီးပုံများဖို၍ မီးရောင်လက်လက်၊



www.burmeseclassic.com

www.burmeseclassic.com



မီးနိုးအူအူဖြစ်နေပါသည်။ စောစောက တောထဲဝင်သွားကြသော အင်ဒီယန်းအချို့သည် ဒိုင်နိုဆောအကောင်ငယ်တစ်ကောင်ကို မောင်းနှင်၍ပြန်ရောက်လာကြပါသည်။ ထိုဒိုင်နိုဆော၏ပခုံးထက်၌လည်း အမှတ်ကြီးတစ်ခုပါပါသည်။ အင်ဒီယန်းတစ်ယောက်ရှေ့ထွက်လာပြီး ပိုင်နိုင်သောအမူအရာဖြင့် ထိုအကောင်ကို သတ်ခွင့်ပြုလိုက်ပါသည်။

ထိုအခါမှ ကျွန်တော်တို့တွေးမရခဲ့သော ထိုအမှတ်အသားမှာ ပိုင်ရှင်၏တံဆိပ်သာဖြစ်ပြီး ကျွန်တော်တို့ဆီ၌ ကျွဲနွားများပိုင်သလို ဤအကောင်တို့မှာလည်း ပုဂ္ဂလိကပိုင်များဖြစ်ကြကြောင်းကို နားလည်ရပါတော့သည်။ ထိုသစ်ရွက်စားဒိုင်နိုဆောမှာ အကောင်ထည်ကြီးမားသော်လည်း ဦးနှောက်သေးငယ်ကာ ထုံထိုင်းသော သတ္တဝါဖြစ်၍ ကလေးငယ်တစ်ယောက်ပင် ဖမ်းဆီးမောင်းနှင်နိုင်ပါသည်။ မိနစ်အနည်းငယ်အတွင်း၌ သတ်ဖြတ်ပြီး သူ၏အသားများကို ရေကန်ထဲမှ လှေဖြင့်ထိုးဖမ်းရသောငါးများနှင့်အတူ မီးပုံများ၌ ကင်ကြပါသည်။

ဆမ်မာလီသည် သဲပြင်ပေါ်၌ ကိုယ်လက်ဆန့်ကာ အိပ်စက်သွားပြီ။ သို့သော် ကျွန်တော်တို့ကျန်လူများကား ဤဒေသအကြောင်းသိနိုင်သမျှ သိရအောင်လျှောက်ကြည့်ကြပါသည်။ ကျွန်တော်တို့ ကာရီဒက်တိုင်လ်ငှက်ကြီးများ၏ ရွှံ့နွံတွင်းနေရာ၌





တွေ့ခဲ့ရသော ရွှံ့စေအပြာကွင်းနှစ်ကွင်း တွေ့ရပါသည်။ အမှန်တော့ ဤနေရာသည် မီးတောင်ပေါက်ကြီး နေရာဖြစ်ပါသည်။ မည်သည့်အတွက်ကြောင့် မသိရသော်လည်း လော့ဒ်ဂျွန်သည် အထူးစိတ်အားထက်သန်နေပါသည်။

ချလင်ဂျာ၏စိတ်ကို ဆွဲဆောင်ထားသည့်အရာမှာကား ရွှံ့နွံတွင်းမှ အချို့နေရာများတွင် သဘာဝဓာတ်ငွေ့များထွက်ကာ မျက်နှာပြင်၌ ပူဖောင်းများဖြစ်စေခြင်းပင် ဖြစ်ပါသည်။ သူက အဆစ်မပါသော ကျူတံတစ်ချောင်းကို ဓာတ်ငွေ့ထွက်ရာတွင်ထိုးထည့်လိုက်ပါသည်။ ပြီးလျှင် ထိပ်ဝမှထွက်လာသည့် ဓာတ်ငွေ့များကို မီးခြစ်ရှို့ကြည့်ရာ ဟုတ်ခနဲအသံမြည်သွား၍ ပြာလဲ့လဲ့မီးတောက် ဖြစ်ပေါ်လာပါသည်။ ချလင်ဂျာ ကျောင်းသားကလေးတစ်ယောက်ပမာ ဝမ်းသာအားရအော်လိုက်ပါသည်။ သူ့ကိုပို၍မြူးတူးစေခြင်းမှာ သားရေအိတ်ကလေးတစ်ခုကို ကျူတံထိပ်၌စွပ်၍ ဓာတ်ငွေ့များဖြည့်သွင်းကာ ကောင်းကင်သို့တက်အောင် လွှတ်ကြည့်ရခြင်းပင်ဖြစ်ပါ၏။

"မီးလောင်လွယ်တဲ့ သဘာဓာတ်ငွေ့ပဲ၊ လေထက်ပိုပြီးပေါ့တယ်၊ ဟိုက်ဒရိုဂျင်ဓာတ်များများ ပါဝင်တယ်လေ၊ ဂျော့အက်ဒဝပ်ချလင်ဂျာရဲ့ စွမ်းရည်ကတော့ မလျော့ပါးသေးဘူး မိတ်ဆွေများရဲ့၊ တကယ့်ပညာရှင်တစ်ယောက်ဟာ သဘာဝစွမ်း



www.burmeseclassic.com

www.burmeseclassic.com



အင်ကို အမြဲတမ်းအသုံးချနိုင်တယ်ဆိုတာ ကျုပ်ပြလိုက်တာပဲ"

သူက လျှို့ဝှက်ရည်ရွယ်ချက်တစ်ခုခုဖြင့် ပြောလိုက်ပုံရပါသည်။ ဘယ်အကြောင်းဟူ၍ကား ကျွန်တော်တို့မသိပါ။

မည်သို့ဆိုစေ ရေကန်ကြီးသည် ကျွန်တော်တို့အဖို့ စိတ်ဝင်စားစရာ အကောင်းဆုံးဖြစ်ပါသည်။ တစ်ခါတစ်ရံ ထူးဆန်းလှသောသတ္တဝါများအပြည့်ရှိနေပါသည်။ တစ်ခါတစ်ရံ ရေမျက်နှာပြင်ထက်၌ မွဲပြာရောင်ကျောကုန်းကြီးများကို ပုံပန်းသဏ္ဌာန်အမျိုးမျိုးနှင့် တွားသွားသတ္တဝါကြီးတစ်ကောင်သည် လေးလေးကန်ကန်နှင့်ပင် ခုန်၍ခုန်၍ ရေကန်ဆီသို့သွားနေပါသည်။

ကန်ရေပြင်၌ ဟိုနေရာသည်နေရာများတွင် ရေမြွေခေါင်းကြီးများပေါ်ထွက်လာပြီး လျင်မြန်စွာရွေ့လျားသွားကြရာတွင် လှိုင်းခေါင်းဖြူကလေးများ ဖြစ်စေပါသည်။ ရေကန်ကြီးမှနေ၍ ပရော်ဖက်ဆာနှစ်ဦးကို ခေါ်မရနိုင်ဖြစ်နေပါသည်။ (ယခုအခါ ဆမ်မာလီသည် ကျွန်တော်တို့ထံ ရောက်နေပြီဖြစ်ပါသည်။) ကျွန်တော်တို့လှမ်းမြင်နေရသော ရေထဲမှ သတ္တဝါတို့၏အသံများကို ကြားနေရပါသည်။

"ဒီသတ္တဝါကြီးတွေကို မြင်ရကြည့်ရဖို့ လူဖြစ်လာတာများလာဗျာ၊ ကမ္ဘာတည်ကတည်းက ကနေ့အထိ တိရစ္ဆာန်ဗေဒ





ပညာရှင်တွေထဲမှာ ကျုပ်တို့ဟာ ကုသိုလ်အထူးဆုံးပဲဗျ" ဟု ဆမ်မာလီက ပြောလိုက်ပါသည်။

ညဥ့်နက်၍ မီးဖိုရဲရဲကျွန်တော့သောအခါမှ သိပ္ပံပညာရှင်ကြီးနှစ်ဦးကို ရေကန်မှခေါ်လာ၍ ရပါတော့သည်။ ကျွန်တော်တို့ သဲပြင်ထက်၌ လှဲအိပ်နေရာမှပင် ထိုသတ္တဝါကြီးတို့ လှုပ်ရှားသံ၊ မြည်သံများကို တစ်ချက်တစ်ချက် ကြားရပါသည်။

အရုဏ်တက်လျှင်ပင် ကျွန်တော်တို့စခန်းသည် အသက်ဝင်လှုပ်ရှားလာပါသည်။ နောက်တစ်နာရီခန့်ရှိလျှင်ကား ကျွန်တော်တို့ချီတက်ကြပါသည်။ ယခင်က ကျွန်တော်သည် စစ်သတင်းထောက် တာဝန်ထမ်းဆောင်ရန်ဆန္ဒ မကြာခဏပေါ်ပေါက်ခဲ့ပါသည်။ ယခုကား အကြမ်းကြုတ်ဆုံးသော စစ်ပွဲသတင်းကို ဖော်ပြရပါတော့မည်။

ညပိုင်းက ဂူများမှ အင်ဒီယန်းများ ထပ်မံရောက်ရှိအားဖြည့်နိုင်လေရာ နံနက်ပိုင်း ကျွန်တော်တို့ချီတက်ကြသောအခါ အင်ဒီယန်းအင်အားမှာ ငါးရာခန့်လောက် ဖြစ်နေပါသည်။ ရှေ့ပိုင်းတွင် ကင်းထောက်တပ်ဖွဲ့ကလေးများစေလွှတ်၍ နောက်ပိုင်းမှ တပ်အလုံးအရင်းဖြင့် လိုက်ခဲ့ကြရာ တောစပ်နှင့်အနီးကပ်လာပါသည်။ ဤနေရာတွင် လှံကိုင်စစ်သားများ၊ လေးမြားကိုင်စစ်သားများကို စုဝေးနေရာမှ တပ်ဖြန့်ပစ်လိုက်ပါသည်။ ကျွန်



www.burmeseclassic.com

www.burmeseclassic.com



တော်နှင့် ချလင်ဂျာတို့က ဝဲဘက်တောင်ပံမှ နေရာယူကြကာ ရောက်စတန်နှင့် ဆမ်မာလီတို့က ယာဘက်တောင်ပံမှ နေရာယူကြပါသည်။ ကျွန်တော်တို့တစ်တွေ ကျောက်ခေတ်က စစ်ပွဲများ၌ ပါဝင်ဆင်နွှဲရပေဦးတော့မည်။

ရန်သူများကို ကျွန်တော်တို့ သိပ်မစောင့်လိုက်ရပါ။ တောစပ်မှ အော်ဟစ်သံများ တစ်ခဲနက်ထွက်ပေါ်လာပြီးနောက် တင်းပုတ်နှင့် ကျောက်တုံးကျောက်ခဲများကို ကိုင်စွဲထားကြသည့် လူတစ်ပိုင်းမျောက်အုပ်ကြီးသည် တစ်ဟုန်ထိုးပြေးထွက်လာကြပါ၏။ သူတို့သည် အင်ဒီယန်းတပ်၏ အလယ်ဗဟိုဆီသို့ဦးတည်ပြေးဝင်လာကြပါသည်။ သူတို့၏တိုက်ပွဲဝင်က ရဲရင့်လွန်းလှပါသည်။ တစ်နည်းဆိုရလျှင် မိုက်ရူးရဲလုပ်ရာလည်း ကျပါ၏။

အဘယ်ကြောင့်ဆိုသော် ခြေချင်သောသူတို့က လေးလံစွာ လှုပ်ရှားနေစဉ် သူတို့ရန်သူများက ကြောက်မက်ဖွယ် သွက်လက်ဖျတ်လတ်စွာ တိုက်ခိုက်နိုင်ကြသောကြောင့်ဖြစ်ပါ၏။ မီးတောက်လုမတတ် မျက်လုံးများနှင့် ဒေါမာန်ကြီးလှ၍ ပါးစပ်မှပင် အမြုပ်တစီစီထွက်ရင်း တိုက်ခိုက်ရန်၊ ကုတ်ဖဲ့ရန်သတ်ဖြတ်ရန် တရကြမ်းပြေးဝင်လာကြသော အရိုင်းကောင်များကို မြင်ရသည်မှာ ချောက်ချားဖွယ်ရာကောင်းလှပါသည်။ သို့သော် သူတို့ကား ရည်မှန်းရာသို့မရောက် အင်ဒီယန်းတို့ပစ်လွှတ်သော





မြားတို့က တစ်စင်းပြီးတစ်စင်း သူတို့ခန္ဓာကိုယ်တွင်း ဝင်စိုက်ကြသည်။ မြားအစင်းတစ်ဒါဇင်လောက် ရင်ဘတ်နှင့်နံရိုးကြားတို့၌ စိုက်ဝင်နေသည့် လူတစ်ပိုင်းမျောက်အကောင်ကြီးတစ်ကောင်သည် မချိမဆန့်ဝေဒနာကြောင့် အော်ဟစ်ရင်း ကျွန်တော့်အပါးမှ ဖြတ်ပြေးပါသည်။ ကရုဏာသက်၍ပင် ကျွန်တော် သူ့ခေါင်းအတွင်း ကျည်ဆန်တစ်တောင့် ပစ်သွင်းလိုက်ပါသည်။ ဤစစ်ပွဲတွင် တစ်ချက်တည်းပစ်ခတ်ခဲ့ရသော သေနတ်အသံပင်ဖြစ်ပါ၏။ အဘယ်ကြောင့်ဆိုလျှင် သူတို့က အင်ဒီယန်းတပ်၏ဗဟိုကို ဦးတည်ဝင်ရောက်ခဲ့ရာ မြားဒဏ်ကို ရေရေလည်လည်ကြီးခံကြရလေရာ ကျွန်တော်တို့အကူအညီကိုပင် အင်ဒီယန်းတို့ မလိုသလောက် ဖြစ်နေပါသည်။ ကျွန်တော့်အထင်အားဖြင့် ကွင်းပြင်သို့ထွက်လာ တိုက်ခိုက်သော လူတစ်ပိုင်းမျောက်တို့မှာ တစ်ကောင်မှအသက်ရှင် မကျန်ရစ်ပါချေ။

သို့သော် ကျွန်တော်တို့ သစ်တောထဲရောက်သွားသောအခါ၌ကား တိုက်ပွဲသည် ပိုမိုပြင်းထန်ကြမ်းကြုတ်လှပါတော့သည်။ တောတွင်းတိုက်ပွဲမှာ တစ်နာရီကျော်ကျော်ကြာ၍ ကျွန်တော်တို့ပင်လျှင် အသက်နှင့်ကိုယ် အိုးစားမကွဲအောင် ခက်ခဲကြမ်းတမ်းစွာ တိုက်ခိုက်ကြရပါသည်။ သစ်ကိုင်းကြားမှ ခုန်ဆင်း



www.burmeseclassic.com

www.burmeseclassic.com



လာကြသော လူတစ်ပိုင်းမျောက်တို့သည် လှံချက်မိ၍မသေမီအတွင်း အင်ဒီယန်းသုံးလေးယောက်ကို အတုံးအရုံးလဲကျအောင် သူတို့၏တင်းပုတ်ကြီးများဖြင့် ထုနှက်နိုင်ခဲ့ကြလေသည်။ လူတစ်ပိုင်းမျောက်တစ်ကောင် တင်းပုတ်ဖြင့်ရိုက်လိုက်ရာ ဆမ်မာလီ၏ရိုင်ဖယ်မှာ ကျိုးပဲ့သွား၏။ နောက်တင်းပုတ်ချက်က ဆမ်မာလီ၏ဦးခေါင်းကို မခွဲနိုင်မီကလေးအတွင်း အင်ဒီယန်းတစ်ယောက်၏လှံသွားက ထိုအကောင်၏ရင်ဝသို့ စူးဝင်သွားခဲ့လေသည်။ သစ်ပင်ပေါ်မှ အချို့အကောင်များက ကျောက်တုံးကျောက်ခဲများ၊ သစ်တုံးများနှင့် ကျွန်တော်တို့ကို ပစ်ချကြပါသည်။ အချို့အကောင်များက ကျွန်တော်တို့တပ်တွင်း ခုန်ဆင်းကာ သေဆုံးသွားသည်အထိ ကြောက်ခမန်းလိလိ တိုက်ခိုက်ခဲ့ပါသည်။ တစ်ကြိမ်၌ လူတစ်ပိုင်းမျောက်တို့၏ ပြင်းထန်သောတိုက်စစ်ကြောင့် ကျွန်တော်တို့၏ မဟာမိတ်များ အခြေအနေများစွာဆိုးသွားပါသည်။ အကယ်၍ ထိုအခိုက်အတန့် ကျွန်တော်တို့၏ရိုင်ဖယ်သေနတ်တို့ကသာ ထိရောက်လှစွာ ရန်သူကိုမချေမှုန်းနိုင်ခဲ့လျှင် အင်ဒီယန်းတို့ ဆုတ်ပြေးရမည့်ကိန်း ဧကန်ကြုံကြိုက်ရမည်ဖြစ်ပါသည်။

သို့သော် သူတို့ခေါင်းဆောင်ကြီး၏ ဦးဆောင်မှုဖြင့် ရဲရဲ





ရင့်ရင့်ပြန်လှည့်တိုက်ခိုက်ကြရာ နောက်ဆုံး၌ လူတစ်ပိုင်းမျောက်တို့ တိုက်ခိုက်ရှိန်လျော့ပါးသွားရပါသည်။ ယခုအခါ၌ ဆမ်မာလီမှာ လက်နက်မဲ့ဖြစ်နေပြီး ကျွန်တော်ကမူ မြန်နိုင်သမျှ အမြန်ဆုံးသေနတ်ဖြင့် ပစ်ခတ်နေ၍ တစ်ဖက်တောင်ပံမှ ရဲဘော်ကြီးများ၏လက်ရာသေနတ်သံများကို တရစပ်ကြားနေရပါသည်။ ဤတွင် လူတစ်ပိုင်းမျောက်တို့ အရေးနိမ့်သွားကြလေပြီ။ ကြောက်စိတ်က သူတို့ကို လွှမ်းမိုးသွားလေပြီ။ သူတို့သည် ခြေဦးတည့်ရာဘက်သို့ တစ်ဟုန်ထိုးထွက်ပြေးကြရာ အောင်ပွဲရအင်ဒီယန်းတို့က စစ်ကြွေးကြော်သံများကို တစ်ခဲနက်ဟစ်ကြွေးရင်း နောက်မှထပ်ကြပ်မကွာ ပြေးလိုက်ချေမှုန်းကြပါသည်။

ဘိုးစဉ်ဘောင်ဆက်က စလာခဲ့သောရန်ညိုး၊ သူတို့၏ကမ္ဘာကျဉ်းကျဉ်းကလေးထဲမှ ကြီးမားလှသောအမုန်းနှင့် ရက်စက်ကြမ်းကြုတ်မှု၊ အစဉ်အဆက်ကြုံတွေ့ခဲ့ရသော ခါးသီးမှုတို့နှင့်ပတ်သက်၍ ယနေ့အပြတ်ရှင်းလင်းပစ်ကြမည့်ပုံပင် ဖြစ်ပါလေသည်။ နောက်ဆုံးတွင် လူသည်သာလျှင် အကြီးမြင့်ဆုံးဖြစ်သည်။ တိရစ္ဆာန်တစ်ပိုင်း လူတစ်ပိုင်းအဆင့်သည် သူ၏အတိုင်းအတာတစ်ရပ်ထိသာ စွမ်းဆောင်နိုင်သည်ဟူသော အချက်ကထင်ရှားရပါတော့သည်။ အသက်ဘေးမှအလွတ်ပြေးကြရာသော



www.burmeseclassic.com

www.burmeseclassic.com



လူတစ်ပိုင်းမျောက်တို့မှာ နေ့ကွေးလေးလံကြလေရာ ဖျတ်လတ်သွက်လက်လှသော အင်ဒီယန်းတို့လက်မှ မလွတ်နိုင်ကြပါ။ အရပ်ရှစ်မျက်နှာတိုင်းရှိ တောထဲမှ အင်ဒီယန်းတို့၏ စစ်အော်သံကိုလည်းကောင်း၊ လေးကြိုးခတ်သံကိုလည်းကောင်း၊ သစ်ကိုင်းကျိုးသံနှင့် မရှေးမနှောင်း လူတစ်ပိုင်းမျောက်တို့ အုန်းခနဲဖြစ်ပြင်ထက်ကျလာသံကိုလည်းကောင်း ကြားနေကြရပါသည်။

ကျွန်တော် တိုက်ပွဲများဆီ လျှောက်လာစဉ် တစ်ဖက်မှလာကြသော လော့ဒ်ဂျွန်နှင့် ဆမ်မာလီတို့ကို လမ်းခုလတ်၌ဆုံတွေ့ရပါသည်။ လော့ဒ်ဂျွန်က ပြောပါသည်။

"တိုက်ပွဲပြီးပါပြီ၊ အပြီးသတ်ချေမှုန်းဖို့ကတော့ သူတို့နဲ့ပဲ လွှဲလိုက်တာပေါ့၊ ဒီတိုက်ပွဲကိုမြင်တွေ့ရတာ နည်းလေ၊ ပိုပြီးဖြောင့်ဖြောင့် အိပ်စက်နိုင်လေ ဖြစ်ပါလိမ့်မယ်"

ချလင်ဂျာ၏မျက်လုံးများမှာမူ သွေးဆာသည့်အလားစူးရှတောက်ပြောင်နေကြပါသည်။ သူသည် တိုက်ကြက်ထောင်းကောင်ကဲ့သို့ ကြွကြွရွရွလျှောက်နေရာမှ စကားဆိုပါသည်။

"သမိုင်းမှာအဆုံးအဖြတ်ပြုတဲ့ စစ်ပွဲတစ်ပွဲရဲ့အတွေ့အကြုံရတာဟာ ကျုပ်တို့အဖို့ အခွင့်ထူးတစ်ရပ်ပဲ၊ ဒီစစ်ပွဲဟာ ...ရဲ့ကံကြမ္မာကို ဆုံးဖြတ်တဲ့စစ်ပွဲဖြစ်တယ်။ လူမျိုးတစ်မျိုး

လျှို့ဝှက်ဆန်းကြယ် မဂ္ဂဇင်းတိုက်



အခြားလူမျိုးကို စစ်နိုင်တယ်ဆိုတာ ဘာမှမထူးခြားဘူး၊ မိတ်ဆွေများရဲ့ အကျိုးသက်ရောက်မှုက အတူတူပဲ၊ ဒါပေမယ့် ကမ္ဘာဦးက ဂူတွေထဲမှာနေခဲ့ကြတဲ့ လူသားတွေက ကျားတွေဆင်တွေလို တောရဲသတ္တဝါကြီးတွေကို အောင်ပွဲဆင်နိုင်ခဲ့တာကတော့ လူသားလျှင် အရှင်သခင်ဖြစ်တယ်ဆိုတာ ဖော်ပြခြင်းပဲ၊ ဒါဟာ တကယ့်အောင်ပွဲတွေပဲ၊ အလေးထားရမယ့်အောင်ပွဲတွေပဲ၊ ကျုပ်တို့တစ်တွေဟာ ကံထူးလို့ ဒီစစ်ပွဲမျိုးကို တွေ့ရပါဝင်ရတာပဲ ခုအချိန်ကစပြီး ဒီတောင်ကလပ်ပေါ်မှာ လူသားတို့ချယ်လှယ်မှုသာ လွှမ်းမိုးသွားတော့မယ်"

စိတ်ထိခိုက်စရာ နိဂုံးချုပ်အတွက် စိတ်မာတင်းနိုင်မာကြောရန် လိုပါလိမ့်မည်။ ကျွန်တော်တို့ တောတွင်းဝင်သွားသောအခါ လှံတန်းလန်း၊ မြားတန်းလန်းနှင့် အစုအပုံလိုက်သေဆုံးနေကြသည့် လူတစ်ပိုင်းမျောက်တို့ကို မြင်တွေ့ရပါသည်။ တစ်ချို့နေရာများတွင် လူတစ်ပိုင်းမျောက်တစ်ကောင်တလေ အင်ဒီယန်းတစ်ဦးကို အကြောက်အကန်ခုခံသတ်ပုတ်ရင်း သေဆုံးသွားသည်များလည်း ရှိပါသည်။ ကျွန်တော်တို့ရှေ့တစ်လျှောက်မှ ဆော်ဟစ်ကြိမ်းမောင်းသံတို့ကို ကြားရခြင်းအားဖြင့် လိုက်လံချေမှုန်းနေခြင်းကို သိရပါသည်။ လူတစ်ပိုင်းမျောက်တို့သည်

လျှို့ဝှက်ဆန်းကြယ် မဂ္ဂဇင်းတိုက်

www.burmeseclassic.com

www.burmeseclassic.com



သူတို့မြို့သို့အရောက် ဆုတ်ခွာသွားရပြီး ထိုနေရာမှတစ်ဖန် အပြင်းအထန် ခုခံတိုက်ခိုက်ပြန်ရာတွင်လည်း ပြိုကွဲကြရပါသည်။ ကျွန်တော်တို့ ဆိုက်ရောက်သွားသောအခါ၌ ကြောက်မက်တုန်လှုပ်စရာ အကောင်းဆုံး၊ နောက်ဆုံးမြင်ကွင်းကို မြင်ကြရပါတော့သည်။ နောက်ဆုံးအသက်ရှင် ကျန်ရစ်ကြသော လူတစ်ပိုင်းမျောက်တစ်ရာနီးပါးကို လုံကိုင်အင်ဒီယန်းတို့က ကွင်းပြင်လေးကိုဖြတ်၍ ကမ္ဘာ့စွန်းသို့မောင်းထုတ်ကြပါသည်။

ထိုအလုပ်မှာ မိနစ်ကလေးအတွင်း၌ ပြီးသွားပါသည်။ သုံးလေးဆယ်ခန့်မှာ နေရာတွင်ပင် အသေခံသွားကြပါသည်။ ကျန်အကောင်များကား အော်ရင်းဟစ်ရင်း ကုတ်ကပ်ရင်းနှင့်ပင် ပေခြောက်ရာကျော်အမြင့်မှကျကာ မရှုမလှဇာတ်သိမ်းသွားကြပါတော့သည်။ ချလင်ဂျာပြောကြားခဲ့သလိုပင် မေပယ်ဝှိုက်တောင်ကလပ်၏အရှင်သခင်မှာ လူသားတို့ပင်ဖြစ်ရလေပြီ။ လူတစ်ပိုင်းမျောက်အထီးမှန်သမျှ ပြုတ်ပြုတ်ပြုန်းပြုန်းအောင် သတ်ဖြတ်ပစ်ကြ၏။ မြို့ကိုလည်းဖျက်ဆီးပစ်သည်။ အမများနှင့် အကောင်ငယ်များကိုကား ကျွန်အဖြစ်ခိုင်းစေရန် ဖမ်းဆီးခေါ်ဆောင်သွားကြပါသည်။ ရာစုနှစ်ပေါင်းများစွာ အားပြိုင်စစ်ဆင်ခဲ့ခြင်းကား သွေးချောင်းစီးလျက် အဆုံးသတ်ခဲ့လေပြီတည်း။

လျှို့ဝှက်ဆန်းကြယ် မဂ္ဂဇင်းတိုက်



အင်ဒီယန်းတို့အောင်ပွဲရခြင်းအတွက် ကျွန်တော်တို့အတွက်လည်း အမြတ်များစွာရပါသည်။ ကျွန်တော်တို့စခန်းသို့ ပြန်၍ပစ္စည်းများကို ယူနိုင်ပါသည်။ ဇမ်ဘိုနှင့်လည်း ဆက်သွယ်၍ရပါသည်။ တောင်ကလပ်ပေါ်မှ လူတစ်ပိုင်းမျောက်များနှင့် ခဲများပြိုကျသလိုကျလာသည်ကို မြင်ခဲ့ရသော ဇမ်ဘိုမှာ အထူးချောက်ချားထိတ်လန့်နေရှာပါသည်။

"သခင်တို့ဆင်းခဲ့ကြပါ၊ ဆင်းလာခဲ့ကြပါ" သူသ အော်ဟစ်ပြောပါသည်။ "သခင်တို့ အဲဒီမှာဆက်နေကြရင် မကောင်းဆိုးဝါးလက်ချက်နဲ့ သေကြလိမ့်မယ်"

"ဒါဟာ အမြော်အမြင်ရှိတဲ့စကားပဲ" ဟု ဆမ်မာလီကနိုင်မာသောအသံဖြင့် ပြောလိုက်ပါသည်။

"ကျုပ်တို့တစ်တွေဟာ ကျုပ်တို့အခြေအနေနဲ့ မလျော်တဲ့စွန့်စားခန်းတွေကို လုံလောက်အောင် တွေ့ခဲ့ကြရပြီ၊ ခင်ဗျားစကားကို ဆုပ်ကိုင်ရလိမ့်မယ် ချလင်ဂျာ၊ ခုအချိန်ကနောက်ပိုင်းမှာ ခင်ဗျားရဲ့အစွမ်းအစတွေကို ကျုပ်တို့တစ်တွေ ဒီချောက်ချားစရာကောင်းတဲ့တိုင်းပြည်ကနေပြီး လွတ်မြောက်လို့ လူ့ယဉ်ကျေးမှုရှိရာအရပ်ကို ပြန်ရောက်နိုင်ရေးအတွက်သာ အသုံးချပေတော့"

* * * * * * *

လျှို့ဝှက်ဆန်းကြယ် မဂ္ဂဇင်းတိုက်

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၁၅)

## လွတ်မြောက်ကြပြီ

အောင်ပွဲရပြီးသည့်နောက်ပိုင်း၌ အင်ဒီယန်းတို့က ကျွန်တော်တို့ကို ကြောက်ရွံ့ခြင်း၊ ကျေးဇူးတင်ခြင်းနှစ်ထွေရောနေသည့်အမူအရာဖြင့် ကြည့်ရှုဆက်ဆံကြပါသည်။ ကျွန်တော်တို့က လက်ဟန်ခြေဟန်ဖြင့် တောင်ကလပ်အောက်ဆင်းသက်လိုကြောင်းပြသသောအခါ သူတို့က ခေါင်းယမ်းကြပါသည်။ ကျွန်တော်တို့ဆင်းသက်ရေးကို မကူညီနိုင်ခြင်းလား၊ မကူညီခြင်းလားဆိုသည်ကို ကွဲပြားစွာ မသိနိုင်ကြပါချေ။

အများအားဖြင့် အမနှင့်အကောင်ငယ်များဖြစ်ကြသည့် လူဝံတစ်ပိုင်းမျောက်တို့ကို ဂူများသို့ခေါ်လာပြီး မျက်စိအောက်၌ထားကာ ကျွန်အဖြစ်ခိုင်းစေကြပါသည်။ ကျွန်တော်တို့သည် ကမ္ဘာ့ရဲ့အခြေ၌ စခန်းချကြပါသည်။ လော့ဒ်ဂျွန်က မြင့်မပြု၍



www.burmeseclassic.com

www.burmeseclassic.com



အင်ဒီယန်းတို့ဖိတ်ခေါ်သော ဂူများအတွင်းဝင်မနေကြပါ။ အကယ်၍ ဖိတ်ကြားချက်ကို ကျွန်တော်တို့လက်ခံလိုက်လျှင် သူတို့ဩဇာအောက်ရောက်သွားနိုင်သည်။ သူတို့သည် ကျွန်တော်တို့မိတ်ဆွေအဖြစ် တာဝရရှိနေလိမ့်မည်ဟုလည်း မသေချာ။ ကျွန်တော်တို့က ရံဖန်ရံခါဂူများသို့ အလည်သွားသော်လည်း ကိုယ့်စခန်းနှင့်ကိုယ်နေထိုင်ကြပါသည်။ ထိုနေရာများမှာ ထူးခြားလှသော်လည်း သဘာဝအလျောက်ဖြစ်တည်နေခြင်းလော၊ လူသားတို့လက်ရာလောဆိုသည်ကို မခွဲခြားနိုင်ကြပါချေ။ ဂူများအတွင်း၌ ခြောက်သွေ့နွေးထွေးနေပါသည်။ ဂူများသည် အတွင်းသို့တစ်ဖြောင့်တည်းဝင်သွားရာ၌ အတိမ်အနက်ချင်း မတူကြပါချေ။

ကျွန်တော်တို့စခန်းချပြီး သုံးရက်မြောက်သော ပရော်ဖက်ဆာချလင်ဂျာနှင့် ဆမ်မာလီတို့က ရေကန်ကြီးကိုပြန်သွားကြပါသည်။ ၎င်းတို့လှေလာလိုသော အကောင်များကို အင်ဒီယန်းတို့က လှံဖြင့်ထိုး၍ ဖမ်းပေးကြပါသည်။ လော့ဒ်ဂျွန်နှင့် ကျွန်တော်စခန်း၌နေထိုင်ကြပါသည်။ ရက်တရက်ထိတ်လန့်တကြား အော်သံထွက်ပေါ်လာပြီး ကျား၊ မ၊ ကလေးအားလုံး‌သည် လုံခြုံမှုရစိမ့်သောငှာ ဂူများဆီသို့ တရကြမ်းပြေးကြပါသည်။ ကျွန်တော်တို့သည် သေနတ်များဆွဲကိုင်၍ မည်သည့်အန္တရာယ်ဖြစ်

လျှို့ဝှက်ဆန်းကြယ် မဂ္ဂဇင်းတိုက်



လေသနည်းဟူ၍ ထွက်ကြည့်ပါသည်။ ဆယ့်လေးငါးယောက်ရှိ အင်ဒီယန်းတို့သည် တောအုပ်ထဲမှ ပေါ်ထွက်လာကြကာ အသက်လုပြေးနေကြပါ၏။ နောက်မှ ကြောက်မက်ဖွယ်သတ္တဝါကြီးနှစ်ကောင်က လိုက်နေ၏။ ကျွန်တော်တို့စခန်းရောက်ခဲ့သော အကောင်ကြီးမျိုး ကျွန်တော်တစ်ယောက်တည်းထွက်ခဲ့စဉ်လိုက်ခဲ့သောအကောင်ကြီးမျိုးပေတည်း။ ၎င်းတို့ကို ယခင်က နေရောင်၌ မမြင်ခဲ့ဖူးသေးပါ။ သို့သော် ယခုအချိန်၌ သူတို့၏ ထူးခြားသောပုံသဏ္ဍာန်ကို အကျယ်ချဲ့ရန်လည်း အချိန်မရပါပေ။ သူတို့သည် အင်ဒီယန်းများကို မီလာပြီး အင်ဒီယန်းများကို ၎င်းတို့၏ကိုယ်ကြီးဖြင့် ဖိသတ်ကြပါသည်။ အကောင်ကြီးတို့မှာ အကြီးဆုံးဆင်အရွယ်ထက်ပင် ပို၍ကြီးသဖြင့် အင်ဒီယန်းတို့မှာ ဘာမျှမတတ်နိုင်ကြပဲ ထိတ်လန့်တကြား အော်ကြရုံသာရှိကြပါ၏။ လော့ဒ်ဂျွန်နှင့် ကျွန်တော်က အကောင်ကြီးတို့အား အကြိမ်ကြိမ်သေနတ်ဖြင့် ပစ်ခတ်ကြ၏။ သို့သော် ၎င်းတို့ကိုယ်ပေါ်သို့ စက္ကူများနှင့် ပစ်သည်ထက်ပို၍ ထိရောက်ပုံမျိုး မရှိပါချေ။

သူတို့၏အသက်တည်ရာမှာ ဦးနှောက်တစ်နေရာတည်း၌တည်နေသည်မဟုတ်၊ ကျောရိုးတစ်လျှောက်နေရာများ၌တည်ရှိသည်ဖြစ်လေရာ ခေတ်ပေါ်လက်နက်များ အရောက်

လျှို့ဝှက်ဆန်းကြယ် မဂ္ဂဇင်းတိုက်

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်နေပါသည်။ သို့သော် တိုင်းရင်းသားတို့၏ အဆိပ်မြားတို့က ကျွန်တော်တို့သေနတ်များ မစွမ်းဆောင်နိုင်သည့်နေရတွင်ပင် စွမ်းဆောင်နိုင်ကြပါ၏။

အထူးသဖြင့် မြားအုပ်ကြီးကတစ်ပြိုင်နက်တည်း စူးဝင်သောအခါမျိုးတွင်ဖြစ်ပါ၏။ တိရစ္ဆာန်ကြီးများတန့်အသွားတွင် အင်ဒီယန်းတို့က ပို၍ထိရောက်စွာ ပစ်ခတ်နိုင်ကြပါသည်။ အင်ဒီယန်းများ ဆင်းသက်လာကြပြီး အသေကောင်ကြီးများကို ဝိုင်းပတ်ကခုန်ကြပါသည်။ ညပိုင်းတွင် အသေကောင်ကြီးများကို ခုတ်ထစ်ဖြတ်တောက်၍ ရွှေ့ပြောင်းပစ်ကြပါသည်။ သို့မဟုတ် ပါက ပုပ်ပွလာလျှင် ရောဂါဖြစ်ပွားမည်ကြောင့် ဖြစ်ပါ၏။

ကျွန်တော်တို့သည် အင်ဒီယန်းများနှင့် နေထိုင်စဉ် ရေကန်ကြီးမှ ထူးဆန်းသောသတ္တဝါများကို လေ့လာရင်း စိတ်ဝင်စားဖွယ်ရာများနှင့် အချိန်ကုန်စေခဲ့ပါသည်။ ထူးဆန်းသော သတ္တဝါတို့ကို စိတ်ဝင်စားခြင်းက ကျွန်တော်တို့ကို စွန့်စားမှုနှင့် အန္တရာယ်အချို့ကြုံတွေ့စေပါသည်။ ဥပမာတစ်ခုပြရလျှင် ဆယ့်နှစ်ပေခန့်မြင့်သော ငှက်ကြီးတစ်ကောင်က ချယ်လင်ဂျာကို လိုက်လံရန်ပြုရာ လော့ဒ်ဂျွန်က သေနတ်ဖြင့်ပစ်ခတ်သတ်လိုက် သောကြောင့်သာလျှင် ချလင်ဂျာအသက်ဘေးမှ လွတ်ခဲ့ခြင်းဖြစ် ပါ၏။





ကျွန်တော်တို့၏ပတ်ပတ်လည်တွင် သစ်သီးများ ပွင့်သိပ်သီးနေကြပါသည်။ ထူးဆန်းလှပသောပန်းများကလည်း ဘယ်နေရာကြည့်ကြည့် မြင်ရပါ၏။ လသာသောညများ၌ ကျွန်တော်တို့သည် မြက်ခင်းပေါ်လဲလျောင်းနေတတ်ကြပါသည်။ သို့မဟုတ် ရေကန်သို့သွားကာ ထူးဆန်းသောသတ္တဝါကြီးတို့ ကြောင့် ဖြစ်ပေါ်လာသည့် ရေမျက်နှာပြင်ပေါ်မှ စက်ဝိုင်းများကို ကြည့်နေတတ်ကြပါသည်။

ကျွန်တော်တို့ဘဝမှာ စိတ်ဝင်စားစရာအပြည့်ရှိကြပါ၏။ သို့သော် ကျွန်တော်တို့သည် နည်းနည်းဖြင့် မြေပြန့်ကမ္ဘာသို့ပြန်ဆင်းရန်ကား မျှော်လင့်နေကြပါသည်။ အင်ဒီယန်းတို့ကမူ ကျွန်တော်တို့အား လုံးဝမကူညီကြပါ။ ၎င်းတို့သည် အခြားနေရာများ၌ ကျွန်တော်တို့၏မိတ်ဆွေများ ဖြစ်ကြပါ၏။ သို့သော် ကျွန်တော်တို့ တောင်အောက်ဆင်းနိုင်စရာ အကူအညီနှင့်ပတ်သက်၍ တောင်းခံတိုင်းကား ယဉ်ကျေးစွာဖြင့် ငြင်းပယ်ပါသည်။ အင်ဒီယန်းအကြီးအကဲကိုယ်တိုင်ပင်လျှင် ဤသို့ငြင်းပယ်ပါ၏။

ကျွန်တော်တို့အသက်ကယ်ဆယ်ခဲ့သူ မာရီတာတစ်ယောက်သာလျှင် ကျွန်တော်တို့အတွက် ဝမ်းနည်းဟန်ရှိပြီးသူ



www.burmeseclassic.com

www.burmeseclassic.com



တစ်နိုင်သမျှ ကူညီမည့်ပုံရှိပါလေသည်။ ကျွန်တော်တို့က လူတစ်ပိုင်းမျောက်များကို တိုက်ခိုက်ရာ၌ ၎င်းတို့ကိုကူညီခဲ့ရာ ထူးဆန်းသောလက်နက်ပိုင်ရှင် ကျွန်တော်တို့မှာ အကူအညီကြီးစွာရနိုင်သူများဟု သိထားကြပြီး ကျွန်တော်တို့ရှိနေသမျှ သူတို့ကံကောင်းထောက်မနေကြမည်ဟု ယုံကြည်နေကြပါသည်။ ထို့ကြောင့်ပင် ကျွန်တော်တို့၏လွတ်မြောက်ရေးအစီအစဉ်များအားလုံးကို ၎င်းတို့မသိကြအောင် လျှို့ဝှက်ထားကြရမည်ဖြစ်ကြောင်း နားလည်ကြပါသည်။

ကျွန်တော် ဖမ်ဘိုထံသို့ နှစ်ကြိမ်သွား၍ ကျွန်တော်စေလွှတ်လိုက်သောရွာမှ အင်ဒီယန်းပြန်လာပြီလား၊ ကျွန်တော်တို့လွတ်မြောက်ရေးအတွက် အဓိကမျှော်လင့်ချက်ဖြစ်သောကြိုးများရောက်ပြီလားဟု ကြည့်ရှုပါသေးသည်။ သို့သော် နှစ်ကြိမ်လုံးမှာပင် အကူအညီမရောက်သေးကြောင်း တွေ့ရပါ၏။ ဒုတိယအခေါက် ကျွန်တော်ပြန်လာသောအခါတွင် ကာရီဒက်တိုင်လ်များ၏စားကျက်၌ ရောက်စတန်ကို တွေ့ရပါသည်။ သူသည် ခေါင်းဆောင်းသဏ္ဍာန်ရှိသော သစ်သားလှောင်အိမ်အတွင်းမှ လျှောက်နေသဖြင့် ကျွန်တော်အံ့သြရပါ၏။ ကျွန်တော်က သူ့ကိုမြင်သွား၍ သူ့အမူအရာမှာ တစ်မျိုးတစ်ဖုံဖြစ်သွားပုံရပါသည်။





"ဘာလုပ်နေတာလဲဗျ"

"ကျုပ်မိတ်ဆွေ ကာရီဒက်တိုင်လ်တွေဆီ အလည်လာတာလေ"

"ဘာကိစ္စ"

"စိတ်ဝင်စားစရာအကောင်တွေလေ . . မဟုတ်ဘူးလား၊ ဒါပေမယ့် လူစိမ်းဆိုရင် သိပ်ကြမ်းကြုတ်တယ်၊ ဒါကြောင့် သူတို့ရန်ကိုလွတ်အောင် ဒီလှောင်အိမ်သုံးရတာပေါ့"

"နေပါဦး ဒီနေရာမှာ ဘာလုပ်ချင်လို့လဲ"

သူက ကျွန်တော့်ကိုကြည့်ရင်း ဖြေရန်တုံ့နှေးနေပါသည်။

"ပရော်ဖက်ဆာမဟုတ်တဲ့ တစ်ခြားလူတွေလဲ ပတ်ဝန်းကျင်ကို စိတ်ဝင်စားနိုင်တယ်လို့ မင်းမယူဆဘူးလား၊ ငါ ဒီအကောင်တွေကို လေ့လာနေတာ ဒါလောက်ဆိုရင် လုံလောက်ပါပြီ"

"စိတ်မရှိပါနဲ့နော်"

"မရှိပါဘူး .. မရှိပါဘူး၊ ချလင်ဂျာအတွက် အကောင်လေးတစ်ကောင်ဖမ်းဖို့ အလုပ်တစ်ခုပဲကွာ၊ ငါနဲ့လိုက်မနေနဲ့ ငါက ဒီအထဲမှာ လုံခြုံမှုရှိတယ်၊ မင်းအဖို့မလုံခြုံဘူး၊ မိုးမချုပ်ခင် ငါပြန်ရောက်ပါမယ်"



www.burmeseclassic.com

www.burmeseclassic.com



ချလင်ဂျာသည် မနက်တိုင်းတစ်ယောက်တည်း ထွက်သွားတတ်ပါသည်။ တစ်ခေါက်တစ်ခေါက် ပြန်လာတိုင်း အမူအရာက ထူခြေကြီးလာပုံ အရေးကြီးလာပုံရပါသည်။ တစ်နေ့တွင် ကျွန်တော်တို့ကို သူ၏လျှို့ဝှက်အလုပ်စခန်းသို့ ခေါ်ဆောင်သွားပြီး သူ့အစီအစဉ်ကို ရှင်းလင်းပြသည်။

နေရာမှာ ကျွန်တော်ဖော်ပြခဲ့ဖူးသော သစ်ပင်များအလယ်ကွက်ဈပ် နွံနွံတို့ပွက်ထနေသည့် နေရာအနီးဖြစ်ပါသည်။ နွံပွက်အိုင်ဘေး၌လည်း သားရေအစအနများအပြင် ရေကန်မှ သတ္တဝါကြီးတစ်ကောင်၏အစာအိမ်ဟု ပြောပြသောအရာဝတ္ထုတစ်ခုလည်းရှိပါသည်။ အစာအိမ်ကြီး၏ထိပ်တစ်ဖက်ကို ချုပ်ထားပြီး အခြားတစ်ဖက်၌ အပေါက်ငယ်ချန်ထားပါသည်။

ကျွန်တော်တို့ရှေ့မှာပင် ထိုအစာအိမ်အိတ်ကြီးအတွင်းသို့ နွံပွက်အိုင်မှထွက်နေသော သဘာဝဓာတ်ငွေ့များ ဖြည့်သွင်းပါသည်။ ထိုအိတ်ကြီးက ပျံတက်တော့မည်အခြေအနေဖြစ်လာရာ ချလင်ဂျာက သားရေကြိုးများနှင့် သစ်ပင်၌ချည်နှောင်ထားလိုက်ပါသည်။ နာရီဝက်ရှိလျှင် သဘာဝဓာတ်ငွေ့များ ပြည့်သွားပါ၏။ ချလင်ဂျာသည် သားငယ်ကြည့်ပုံကြည့်နည်းမျိုးဖြင့် ကျွန်တော်တို့ကို ပြုံးကြည့်နေပါသည်။ သူ၏အကြံသစ်ဉာဏ်





သစ်အတွက် အထူးပီတိဖြစ်နေပါသည်။

"ကျုပ်တို့ဒါကြီးနဲ့ ပျံတက်သွားဖို့တော့ ခင်ဗျားမမျှော်လင့်သင့်ဘူး ချလင်ဂျာ"ဟု ဆမ်မာလီက ပြောပါသည်။

"မိတ်ဆွေကြီးဆမ်မာလီ သူ့အစွမ်းကိုမြင်ရတဲ့အခါမှာ ခင်ဗျားချက်ချင်း စိတ်ချလက်ချ ဖြစ်သွားမှာပါ"

"ကဲ . . ဘယ်အရာမှ ကျုပ်ကို အဲဒီလောက်အထိ ပေါ့အောင်မဆွဲဆောင်နိုင်ပါဘူး"

"ဒါသိပ်ပညာသားပါတာပဲ၊ ဘယ်လိုစွမ်းဆောင်တယ်ဆိုတာ ကြည့်ရအောင်ပါ"ဟု လော့ဒ်ဂျွန်ကပြောပါသည်။

"ကြည့်ရမှာပေါ့" ဟု ချလင်ဂျာက ပြောပါသည်။

"ကျုပ်တို့ အောက်ပြန်မဆင်းနိုင်ကြဘူး၊ မြေပြင်က ဆင်းလမ်းရှာမတွေ့ကြဘူး၊ တံတားလဲ မထိုးနိုင်ကြဘူး၊ ရက်အတော်ကြာ ကျုပ်ဦးနှောက်ကို လွတ်မြောက်ရေးအတွက်ပဲ အသုံးပြုခဲ့တယ်။ ဒီသဘာဝဓာတ်ငွေ့ထည့်စရာရဖို့ ခက်ခဲတယ်။ ဒါပေမယ့် အဖြေတွေ့တာပါပဲ၊ ဟောဒါက အဖြေပါပဲ"

"စိတ်ရှုပေါက်တာ" ဟု ဆမ်မာလီက ဆိုပါသည်။

"သိပ်ဉာဏ်ကောင်းတာပဲ မဟုတ်လားကွ"ဟု လော့ဒ်ဂျွန်က ကျွန်တော့်ကိုပြောပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် ချလင်ဂျာဘက်လှည့်၍ "ဒါပေမယ့် ထိုင်လိုက်စရာ ဘယ်လိုလဲ" ဟု မေးလိုက်ပါသည်။

"အဲဒါက နောက်ကိစ္စပါ၊ အဲဒါကို ဘယ်လိုလုပ်မယ်၊ ဘောလုံးမှာ ဘယ်လိုတပ်ဆင်မယ်ဆိုတာ စီမံပြီးသားပါ၊ အခု ဒီဘောလုံးက ကျုပ်တို့အသီးသီးရဲ့ ကိုယ်အလေးချိန်ကို သယ်ဆောင်နိုင်ကြောင်းပြပါမယ်"

"အားလုံး တစ်ပြိုင်တည်း မဟုတ်လား"

"ဟင့်အင်း . . ကျုပ်ရဲ့အစီအစဉ်က တစ်ယောက်စီဆင်းသက်ကြဖို့ဖြစ်တယ်၊ တစ်ယောက်ဆင်းပြီး နောက်တစ်ယောက်အတွက် ဘောလုံးကို ပြန်ဆွဲယူရမယ်၊ ကိုင်းကြည့်ကြစို့လား"

သူက ကျောက်ခဲကြီးတစ်လုံးယူ၍ ကျွန်တော်တို့ တောင်တက်ရာ၌ အသုံးပြုသောကြိုးနှင့် ဘောလုံး၌ချည်ပါသည်။ ဘောလုံးထိပ်၌ သားရေပတ်ခွေတပ်ထားပြီး အခြားသားရေစများဘေးဘက်၌ ချထားပါသည်။ ထိုအစများကို ဘောလုံးအောက်ဖက်၌စု၍ ကျောက်တုံး၌ချည်ပြန်ရာ အလေးချိန်ကဘောလုံး၏ တစ်စိတ်တစ်ပိုင်း၌သာ အားပြု နေတော့ပါ။ ကြိုးစအောက်၌ တန်းလန်းကျနေရာ ပင်





ဖက်ဆာချလင်ဂျာ၏လက်မောင်းကို သုံးပုတ်ပုတ်လိုက်ပါသည်။ သူကပြောလိုက်၏။

"ကိုင်း . . ကျုပ် မိုးပျံဘောလုံးရဲ့အစွမ်းကို ပြရတာပေါ့"

သူက သစ်ပင်၌ချည်ထားသော သားရေကြိုးကို ဓားဖြင့်ဖြတ်လိုက်၏။

ဤတစ်ကြိမ်ထက်ကြီးမားသောအန္တရာယ်ကို မည်သည့်အခါကမျှ ကျွန်တော်တို့မကြုံဖူးခဲ့ကြပါ။ ဘောလုံးကအရှိန်ကောင်းကောင်းနှင့် ထိုးတက်သွား၏။ ချလင်ဂျာလည်း မြောက်တက်ပါသွားလေသည်။ ကျွန်တော်က သူ့ကိုလှမ်းဖက်လိုက်၏။ ကျွန်တော်လည်း လေထဲမြောက်ပါလာသည်ကို သိလိုက်ရ၏။ လော့ဒ်ဂျွန်က ကျွန်တော်၏ခြေထောက်များကို ဖမ်းကိုင်လိုက်ရာ သူလည်း မြေပြင်မှလွတ်ထွက်လာသည်ကို သိလိုက်ရပါ၏။ ကံကောင်းထောက်မ၍ ကြိုးက ကျွန်တော်တို့ကို ကယ်ခဲ့ပါလေ၏။ ထောင်းခနဲကြိုးပြတ်သွားပြီး ကြိုးနှင့်အတူ ကျွန်တော်တို့သည် မြေပြင်ထက်၌ ပလုံးပထွေးစုပုံကျသွားကြပါသည်။ ကျွန်တော်တို့မတ်တပ်ရပ်မိကြသောအခါ ပြာလွင်သောကောင်းကင်အမြင့်ကြီး၌ မည်းမည်းအကွက်တစ်ခုကို လှမ်းမြင်ရပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"နိုင်ပေ့ဗျား" ချလင်ဂျာက လက်မောင်းကိုပွတ်ရင်း အော်ပြောလိုက်၏။

"ကျေနပ်စရာအတိပဲ၊ တကယ့်အောင်မြင်မှုပဲ . . တစ်ပတ်အတွင်းပေါ့ လူကြီးမင်းများခင်ဗျား . . ကျုပ်ကတိပေးပါတယ်။ ဒုတိယမိုးပျံဘောလုံးပြင်ဆင်ပြီးတော့ ကျုပ်တို့အားလုံးကို သက်တောင့်သက်သာနဲ့ ဘေးမခပဲအိမ်ပြန်ခရီးရဲ့ ပထမအဆင့်ကို ပို့ဆောင်ပေးစေရပါမယ်"

ထိုညနေပိုင်းတွင် ကျွန်တော်တို့၏ကုသိုလ်ကံအပြောင်းအလဲဖြစ်ခဲ့ပါသည်။ ဤပျောက်ဆုံးနေသော ကမ္ဘာပေါ်၌ ကျွန်တော်တို့ဆန္ဒမရှိပါပဲလျက် နေထိုင်ရခြင်းကို စိတ်မကောင်းဖြစ်နေသူ အကြီးအကဲ၏သားသည် ကျွန်တော်တို့စခန်းသို့ဆင်းလာကာ ၎င်းတို့စာရေးရာ၌ အသုံးပြုလေ့ရှိသော သစ်ပါးလွှာတစ်ခုကို ကျွန်တော့်အား ကမ်းပေးလိုက်ပါသည်။ ပြီးလျှင် ဂူများကိုညွှန်ပြပြီး သူ့နှုတ်ခမ်းကိုလက်ဖြင့်ထိ၍ လျှို့ဝှက်အထိမ်းအမှတ်ပြုပါသည်။ ကျွန်တော်က မီးရောင်ရှိရာသို့ယူသွားပြီး အားလုံးစူးစမ်းကြည့်ကြပါသည်။ ထိုအရာပေါ်တွင် အတိုအရှည်မညီညာသည့် မျဉ်းကြောင်းများကို တွေ့ရပါသည်။ တန်းစီနေသော သစ်ပင်များဟု ထင်ရပါသည်။ မျဉ်းကြောင်းတစ်ခုအောက်

လျှို့ဝှက်ဆန်းကြယ် မဂ္ဂဇင်းတိုက်



၌မူ ကြက်ခြေခတ်တစ်ခု ပါပါသည်။

"ဒါဟာ အရေးအသားတစ်မျိုးပဲ" ဟု ချလင်ဂျာပြောပါသည်။

"အလို . . ကျုပ်သိပြီဗျို့" ဟု လော့ဒ်ဂျွန်က ဆိုပါသည်။ "အဲဒီမှာ မျဉ်းအမှတ်အသား ဘယ်နှစ်ခုပါသလဲ၊ ဆယ့်ရှစ်ခုနော် . . ကောင်းပြီ . . အဲဒါကိုမှတ်ထား အပေါ်က ကမ္ဘားရံမှာရှိတဲ့ဂူတွေကလဲ ဆယ့်ရှစ်ခုပဲ"

"ဒီဟာပေးတော့ အပေါ်ကဂူတွေကိုလဲ လက်ညှိုးညွှန်ပြသွားတယ်" ဟု ကျွန်တော်က ပြောလိုက်ပါသည်။

"ပိုသေချာတာပေါ့ . . ဒါဟာ ဂူတွေတည်နေပုံပဲ၊ ကြက်ခြေခတ်ဖော်ပြထားတာက တစ်ခြားဂူတွေထက် ပိုပြီးနက်တယ်"

"တစ်ခုက တစ်ဖက်ကိုဖြာပြီး ထွက်သွားသေးတယ်" ဟု ကျွန်တော်က ပြောလိုက်၏။

"အင်း . . ကျုပ်တို့မိတ်ဆွေကလေးက ပြဿနာကိုရှင်းလိုက်ပြီထင်တယ်" ချလင်ဂျာကပြောပါသည်။

"သူက ဘာ့ကြောင့် ကျုပ်တို့ရဲ့အာရုံကို ဒီရောက်စေရသလဲ၊ သူက ကျုပ်တို့အပေါ် စေတနာကောင်းကောင်းထားတယ်၊

လျှို့ဝှက်ဆန်းကြယ် မဂ္ဂဇင်းတိုက်

www.burmeseclassic.com

www.burmeseclassic.com



တကယ်လို့ ဂူပေါက်က တောင်နံရံအထိ ပေါက်ထွက်ရင် အောက်ကိုဆင်းဖို့ ပေတစ်ရာအမြင့်လောက်ပဲ ရှိလိမ့်မယ်"

"ပေတစ်ရာလောက်" ဟု ဆမ်မာလီက သံသယဖြင့် ဆို၏။

"ဟုတ်ပါတယ် . . ကျွန်တော်တို့ကြိုးဟာ ပေတစ်ရာကျော်ရှိပါသေးတယ်၊ အောက်ဆင်းနိုင်ဖို့ သေချာတာပေါ့"ဟု ကျွန်တော်က ပြောလိုက်ပါသည်။

"ဂူထဲနေကြတဲ့ အင်ဒီယန်းတွေနဲ့ပ ဘယ်လိုလုပ်မလဲ" ဆမ်မာလီက မေးပြန်သည်။

"ဒီအပေါ်ကဂူတွေမှာ အင်ဒီယန်းတွေ မနေကြဘူး၊ ပစ္စည်းထားရုံပဲ အခြေအနေသိရအောင် အစုတက်ကြည့်ကြရအောင်လား" ဟု ကျွန်တော်က ပြောလိုက်ပါသည်။

ကျွန်တော်တို့သည် ပုံတွင်း၌အမှတ်အသားပြုထားသော ဂူသို့လာခဲ့ကြ၏။ အလင်းရောင်ရအောင် ထွန်းညှိရန်သစ်သားစများလည်း ယူဆောင်လာခဲ့ကြ၏။ ဂူတွင်းအတော်နက်နက် မရောက်မချင်း မီးမထွန်းညှိကြသေးပါ။ ကျွန်တော်တို့လုပ်ကိုင်ကြသည့် မည်သည့်နည်းနှင့်ဖြစ်စေ အင်ဒီယန်းတို့ မမြင်စေချင်ပါ။ ဂူမှာအညိုရောင်နံရံချောချောနှင့် ခြောက်သွေ့နေပါသည်။





ကျွန်တော်တို့ ခပ်သွက်သွက်သွားကြရာ ကျောက်နံရံတစ်ခုကို ထိတွေ့သောအခါမှ စိတ်ပျက်လက်ပျက်နှင့် ရပ်လိုက်ကြပါသည်။ လမ်းပေါက်မရှိတော့ပါတကား။

"ကိစ္စမရှိပါဘူး မိတ်ဆွေတို့ရယ်၊ မိုးပျံဘောလုံးနဲ့ ဆင်းလို့ရစေရမယ်"ဟု အရှုံးမပေးတတ်သူ ချလင်ဂျာက ပြောပါသည်။ ဆမ်မာလီက မသက်မသာ ညည်းညူလိုက်ပါသည်။

"ဂူများမှားဝင်ခဲ့ကြသလား"ဟု ကျွန်တော်ကပြောလိုက်၏။

"ဟင့်အင်း . . မမှားပါဘူး" ဟု လော့ဒ်ဂျွန်က မြေပုံပေါ်လက်ထောက်ရင်း ပြော၏။

ကျွန်တော်က သူလက်ထောက်ထားရာ ကြည့်လိုက်၏။ တစ်နေရာ၌ မျဉ်းကြောင်းဆွဲထွက်သွားသည်ကို မြင်ရ၏။ ကျွန်တော်က ပြောလိုက်၏။

"ကျွန်တော်သိပြီ . . လိုက်ခဲ့ကြပါ"

ကျွန်တော်သည် ပထမဦးဆုံးမီးညှိသည့်နေရာ အရောက်ခပ်သုတ်သုတ် ပြန်လျှောက်ခဲ့ပါသည်။

"အမှောင်ထဲမှာ ကျွန်တော်တို့ဟာ ခွဲထွက်သွားတဲ့လမ်းကြောင်းတစ်ခုကို ဖြတ်ကျော်ခဲ့ကြတယ်၊ အဲဒါကမှ ထွက်ပေါက်အမှန်ဖြစ်လိမ့်မယ်"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်ပြောသလိုပင် ပို၍ကျယ်သောဂူကိုတွေ့၍ အလောတကြီး လိုက်ခဲ့ကြပါသည်။ ရုတ်တရက် ကျွန်တော်တို့ ရှေ့အမှောင်ထဲ၌ အလင်းရောင်တစ်ခုကိုမြင်ရ၏။ ဤကား လရောင်ပေတည်း။ နံရံအပေါက်ဝရောက်သော် အပေါက်မှာ ပြ တင်းပေါက်တစ်ခုထက် ပို၍မကျယ်ဝန်းသည်ကို တွေ့ရ၏။ သို့သော် ကျွန်တော်တို့အဖို့ကား လုံလောက်ပါ၏။ အပေါက်မှ ငုံ့ကြည့်သော် ဆင်းသက်ရန်မခဲယဉ်းလှသည်ကို မြင်ရပါ၏။ အောက်မြေပြင်မှာ မဝေးကွာလှပါ။ အောက်ဖက်မှ လှမ်း၍မမြင် ခဲ့ကြသည်မှာလည်း မထူးဆန်း။ ကမ္ဘားရံက ငေါထွက်ဖုံးကွယ် နေသောကြောင့် ဖြစ်ပါ၏။ ကျွန်တော်တို့လက်ရှိကြိုးအကူအညီ နှင့်ပင် ဆင်းနိုင်သောလမ်း တွေ့ရပြီဖြစ်ပါ၏။ များစွာနှစ်သိမ့် ကျေနပ်ကြရပါသည်။ ထို့နောက် ပျော်ရွှင်စွာ စခန်းသို့ပြန်ခဲ့ကြ ပြီး နောက်ညအတွက် ပြင်ဆင်ကြပါတော့သည်။

လွတ်မြောက်အံ့ဆဲဆဲအချိန်၌ အင်ဒီယန်းတို့ သိရှိဟန် တားခြင်း မပြုနိုင်အောင် တိတ်တဆိတ်ဆောင်ရွက်ကြရပါသည်။ သေနတ်များမှအပ ကျန်ကျွန်တော်တို့ပစ္စည်းများကို စွန့်ထားခဲ့ နိုင်ပါသည်။ သို့သော် ချလင်ဂျာ၏ လေးလံသောအရာများဝါ ရှိပါ၏။ အထူးအားဖြင့် သူနှင့်တစ်ပါတည်းယူဆောင်ရန် စိတ်





သန်နေသော သေတ္တာကြီးတစ်လုံးပါပါသည်။ ထိုအတွက် ကျွန် တော်အဖို့ ဝန်လေးစေပါ၏။ သို့သော် မိုးချုပ်သည်နှင့် ထွက်ခွာ ရန် အသင့်ဖြစ်ကြပါပြီ။ ကျွန်တော်တို့သည် ပစ္စည်းများကို အသင့်သယ်ပိုးထားကြပြီးသော် ပြန်လှည့်ကြည့်၍ ထူးဆန်းလှ စွာ ဤကမ္ဘာကို အမှတ်တရ တစ်ဝကြီးကြည့်လိုက်ကြပါသည်။ ကျွန်တော်တို့များစွာ စွန့်စားခဲ့ရာဒေသ၊ စိတ်လှုပ်ရှားခံစားခဲ့ရ သောဒေသ၊ အသိဉာဏ်တိုးပွားစေရာဒေသ၊ ကျွန်တော်တို့ထာ ဝရအမည်ပေးရမည့် အိမ်မက်ကမ္ဘာတည်း။

ကျွန်တော်တို့၏ဝဲဘက်ရှိ ဂူများအတွင်းမှ မီးရောင်တို့ သည် အပြင်မှောင်ထုထဲသို့ တိုးထွက်နေ၏။ အင်ဒီယန်းတို့၏ ရယ်သံနှင့် သီချင်းဆိုသံတို့က လွင့်တက်လာကြ၏။ ခပ်လှမ်း လှမ်းတွင် သစ်တော၊ တောင်ကလပ်၏ဗဟိုတွင် ရေကန်ကြီး၊ ထူးဆန်းသောသတ္တဝါပေါင်းစုံတို့၏ မိခင်ရေကန်ကြီးပေတည်း။ ကြည့်ရှုနေကြစဉ် သတ္တဝါကြီးတစ်ကောင်၏ မှောင်ထဲမှာ အော်သံကို ပီသစွာကြားလိုက်ကြရ၏။ ဤကား မေပယ်ဝှိုက် ကမ္ဘာ၏နှုတ်ဆက်သံပေးတကား။ ကျွန်တော်တို့ ဂူတွင်းပြန်ဝင် လာကြ၏။ အိမ်ပြန်လမ်းပေတည်း။



www.burmeseclassic.com

www.burmeseclassic.com



နှစ်နာရီကြာပြီးသည့်နောက်တွင်ကား ကျွန်တော်တို့ပိုင် ပစ္စည်းများအားလုံးနှင့် ကျွန်တော်တို့တစ်တွေသည် တောင်က လပ်ခြေရင်းသို့ ရောက်လာကြလေပြီ။

ပစ္စည်းများကို ထိုနေရာ၌ပင်ထားခဲ့ပြီး ဇမ်ဘို၏စခန်း ရှိရာသို့ ထွက်ခဲ့ကြပါသည်။ စခန်းသို့နီးကပ်လာသော် မီးရောင် တစ်ခုအစား အများအပြားတွေ့မြင်ရ၍ အံ့သြကြရပါသည်။ ကယ်ဆယ်ရေးအဖွဲ့ ရောက်နေပြီဖြစ်ပါ၏။ ကျွန်တော်၏မှာ ကြားချက်အရ ကြိုးများ၊ တဲတားလုပ်ရန်လိုအပ်သောပစ္စည်း များနှင့် အင်ဒီယန်းနှစ်ဆယ် ရောက်ရှိနေပါသည်။ ကျွန်တော်တို့ ၏ပစ္စည်းများ၊ သေတ္တာများအတွက် အခက်အခဲ မရှိတော့။ နောက်တစ်နေ့အပြန်လမ်း အမေဇုန်ခရီး၌ သူတို့က ပစ္စည်းများ သယ်ပိုးနိုင်ကြပါလိမ့်မည်။

အံ့သြဖွယ်ရာအဖြာဖြာကို မျက်မြင်ကြုံခဲ့ရသည့် ထူး ဆန်းသောကမ္ဘာကို ကျွန်တော်တို့ခွဲခွာစေခဲ့ကြပါသည်။ ဤခံ စားမှုများနောက်၌ ကျွန်တော်တို့သည် ပို၍ပြည့်ဝသော၊ လေး နက်သောလူများအဖြစ် ရောက်လာကြသည်ထင်ပါ၏။

* * * * * *

# အခန်း (၁၆)

## ဘုရင်မခန်းမအစည်းအဝေးကြီး

ပြန်ခရီးတွင် ကျွန်တော်တို့အား ကြွင်နာစွာဖော်ရွေ စွာဖြင့် ကူညီခဲ့ကြသော အမေဇုန်ဒေသရှိမိတ်ဆွေများကို ကျေးဇူး တင်ကြောင်း ဤနေရာ၌မှတ်တမ်းတင်ပါသည်။ အတို အကျဉ်းဆိုရလျှင် ကျွန်တော်တို့ခရီးအတွက် အထူးအစီအစဉ်ဖြင့် ကူညီခဲ့ကြသော ဘရာဇီးအစိုးရအရာရှိများကို ကျေးဇူးတင်ရပါ သည်။ ကျွန်တော်တို့ မည်သည့်အရပ်ဒေသသို့ ရောက်ရှိခဲ့ ကြောင်း သူတို့ကို ဂဃနဏပြောမပြပါ။ သေချာသည်မှာ ပျောက်ဆုံးနေသောကမ္ဘာသို့ မိုင်တစ်ထောင်ဝန်းကျင်အတွင်း မည်သူတစ်ဦးတစ်ယောက်မျှ ရောက်မည်မဟုတ်ခြင်းပေတည်း။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်ဖြတ်သန်းရာ တောင်အမေရိကလမ်းတစ်လျှောက်တွင် ကျွန်တော်တို့၏ စူးစမ်းရေးခရီးနှင့်ပတ်သက်၍ စိတ်လှုပ်ရှားတက်ကြွစရာများ ကြုံရပါသေးသည်။ ကျွန်တော်တို့သတင်းသည် အင်္ဂလန်သို့ပင် ရောက်နေပြီဖြစ်ပါ၏။ ကျွန်တော်တို့ သင်္ဘောဖြင့်အင်္ဂလန်သို့ ပြန်လာကြစဉ် သတင်းစာတိုက်ကြီးများက ကျွန်တော်တို့၏အတွေ့အကြုံများ ရေးသားပေးရန် ငွေကြေးအမြောက်အမြားပေးမည်ဖြစ်ကြောင်း ဝိုင်ယာလက်ဖြင့်သတင်းပေးပို့ကြပါသည်။ သို့သော် ကျွန်တော်တို့အချင်းချင်း သဘောတူညီထားကြသည်မှာ ကျွန်တော်တို့ကို တာဝန်ပေးစေလွှတ်လိုက်သူများဖြစ်ကြသည့် တိရစ္ဆာန်ဗေဒအသင်းကြီးသို့ အစီရင်ခံချက်မပြီးမချင်း မည်သည့်သတင်းစာတိုက်ကိုမျှ ရေးသားထုတ်ဝေမပေးဘဲ ထားရန်ဖြစ်ပါ၏။ ပြည်သူလူထုအများသည် ကျွန်တော်တို့တက်ရောက်၍ အတွေ့အကြုံများကို တင်ပြသော နိဝင်ဘာလ(၇) ရက်အစည်းအဝေးတိုင်အောင် ကြားနာရန်စောင့်ကြရပါတော့သည်။

မှတ်တိုင်ကြီးတစ်ခုပမာ တင်ကျန်ရစ်မည့်လူထုအစည်းအဝေးအကြောင်းကို ပြည့်စုံပြောင်မြောက်အောင် ကျွန်တော်ဖော်ပြနိုင်အံ့လော။ ထိုအကြောင်းကို ကျွန်တော်တို့၏သတင်းစာ

လျှို့ဝှက်ဆန်းကြယ် မဂ္ဂဇင်းတိုက်



၌ ပုံနှိပ်ဖော်ပြထားသည့်အတိုင်း ဖောက်သည်ချရသော် အကောင်းဆုံးဖြစ်မည်ထင်ပါ၏။ ခေါင်းစီးနှင့်တကွ ဤသို့ဖော်ပြပါအံ့။

* * * * * * *

လျှို့ဝှက်ဆန်းကြယ် မဂ္ဂဇင်းတိုက်

www.burmeseclassic.com

www.burmeseclassic.com

## ကမ္ဘာ့သစ်

## ဘုရင်မခန်းမအစည်းအဝေးကြီး

## စိတ်လှုပ်ရှားဖွယ်ဖြစ်ရပ်

## အသို့နည်း

အကြိတ်အနယ်ဆွေးနွေးရသော တိရစ္ဆာန်ဗေဒအသင်းကြီး၏ အစည်းအဝေးကို ယမန်နေ့ညက ကျင်းပခဲ့၏။ အစည်းအဝေးကြီးတွင် ပရော်ဖက်ဆာချလင်ဂျာ၏ သမိုင်းမတင်မီကာလက တိရစ္ဆာန်ကြီးများ အသက်ထင်ရှားရှိနေသေးသည်ဆိုသည့် တင်ပြချက်စာတမ်းကို စစ်ဆေးရန်အတွက် ကော်မတီတစ်ရပ်ဖွဲ့စည်းကာ မနှစ်က တောင်အမေရိကသို့ စေလွှတ်ခဲ့သည့် အတွေ့အကြုံများကို ကြားနာကြရန်ဖြစ်ကြောင်း၊ အစည်းအဝေးကြီးမှာ ထူးခြားလှသောကြောင့် တက်ရောက်သူတိုင်း စေ့ပျောက်

ရှိ၊ ၅ တာဆန်းကြယ် မဂ္ဂဇင်းတိုက်

www.burmeseclassic.com

www.burmeseclassic.com



နိုင်ကြမည်မဟုတ်ပေ။ သတ်မှတ်ထားချိန်ထက် များစွာစော၍ ပရိသတ်သည် အခန်းထဲ၌ပြည့်ကျပ်နေကြောင်း၊ လက်မှတ်မရသူတို့အချို့က အတင်းတိုးဝင်ရာ အချို့သူများ ဒဏ်ရာအနာတရဖြစ်ကြရကြောင်း၊ စစ်မြင့်ပေါ်သို့ ခရီးထွက်ခဲ့ကြသူများရောက်အလာကို၊ စောင့်ဆိုင်းလျက်ရှိကြသည့်ပရိသတ်မှာ ငါးထောင်နီးပါးရှိလိမ့်မည်ဟု ယူဆရကြောင်း၊ သူတို့ဆိုက်ရောက်လာသောအခါ သူတို့နှင့်အတူ ဗြိတိန်နိုင်ငံ၏ ထင်ရှားသောတိရစ္ဆာန်ဗေဒပညာရှင်များနှင့် နိုင်ငံခြားမှပညာရှင်အများအတူပါရှိကြောင်း၊ သူရဲကောင်းလေးဦးရောက်အလာတွင် ပရိသတ်အားလုံး မတ်တတ်ရပ်၍ မိနစ်အတော်ကြာမျှ ဩဘာပေးကြကြောင်း၊ သို့သော် လူအနည်းငယ်က ယုံမှားသံသယရှိသည့်အမူအရာကို အထင်အရှားဖော်ပြကြကြောင်း။

ခရီးသည်လေးဦးမှာ ခရီးကြမ်းကြီး၏ဒဏ်ကို ခံစားခဲ့ကြရသော လက္ခဏာများပေါ်လွင်နေကြကြောင်း၊ ပရော်ဖက်ဆာချလင်ဂျာ၏မုတ်ဆိတ်ကြီးမှာ ပို၍ကြမ်းထော်လာပုံရှိကြောင်း၊ ပရော်ဖက်ဆာဆမ်မာလီ၏မျက်နှာမှာ အနည်းငယ်ချောင်ကျသွားကြောင်း၊ လော့ဒ်ဂျွန်ရောက်စတန်လည်း နွမ်းနယ်နေပုံရကြောင်း၊ သို့သော် နာမည်ကျော်သတင်းထောက် အက်ဒဝပ်ဒီမကိုနီမှာ အစဉ်အမြဲမြင်နေကျပုံအတိုင်း ကြံ့ခိုင်စွာရှိကြောင်း။

ပရိသတ်ငြိမ်သက်သွားလျှင် အခမ်းအနားသဘာပတိဖြစ်သူ ဒါဟန်မြို့စားကြီးက မိန့်ခွန်းပြောကြားကြောင်း၊ ၎င်းက ပရိသတ်ကြီးနှင့် ကြားနာရန်လာကြသော ထူးဆန်းလှသည့်ဖြစ်ရပ်များကြား၌ ဝင်ရပ်နေမည်မဟုတ်ပါကြောင်း၊ မည်သို့ပင်ဖြစ်စေ ခရီးသွားလေးဦး ဘေးမသီရန်မခပြန်ရောက်လာကြခြင်းအတွက်များစွာ ရွှင်လန်းရပါကြောင်း၊ ဤသို့မဟုတ်ပါလျှင် တိရစ္ဆာန်ဗေဒသိပ္ပံပညာရပ်အတွက် ဆုံးရှုံးမှုမှာ အတိုင်းမသိဖြစ်လိမ့်မည်ဖြစ်ကြောင်း၊ (ဩဘာလက်ခုပ်တီးကြရာတွင် ပရော်ဖက်ဆာချလင်ဂျာ ပါဝင်ပါကြောင်း)။

ပရော်ဖက်ဆာ ဆမ်မာလီမတ်တပ်ရပ်လိုက်သောအခါ အထူးအားရချီးကျူးသံကြီး ထွက်ပေါ်လာကြောင်း၊ ၎င်း၏ပြောကြားချက်အပြည့်အစုံကို နောက်ရက် ဤသတင်းစာ၌ ဖော်ပြမည်ဖြစ်ကြောင်း၊ ၎င်းအဖွဲ့၏စွန့်စားမှုအလုံးစုံကို ကျွန်ုပ်တို့အား မစ္စတာအက်ဒဝပ်ဒီမကိုနီက ရေးသားပေးမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ဤနေရာတွင် ဆမ်မာလီ၏ ပြောကြားချက်အကျဉ်းချုပ်ကိုသာ ဖော်ပြပါကြောင်း။

၎င်းတို့ခရီးလမ်းမှ အရေးကြီးဖြစ်ရပ်များကို ဖော်ပြရင်း







www.burmeseclassic.com

www.burmeseclassic.com



ဆမ်မာလီက စောစောပိုင်းက ပရော်ဖက်ဆာချလင်ဂျာ၏ စာတမ်းအပေါ် ၎င်းမယုံကြည်ဖြစ်ခဲ့ခြင်းအတွက် တောင်းပန်စကားပြောကြားကြောင်း၊ ထိုစာတမ်းအကြွင်းမဲ့မှန်ကန်ကြောင်းကို အခု သူသိရကြောင်း၊ ၎င်းက မြစ်ကြောင်းခရီးမှသည် တောင်ကလပ်ခြေရင်းရောက်သည်အထိ ခရီးလမ်းကြောင်းပြောပြကြောင်း။

ထို့နောက် တောင်ကလပ်ပေါ်တက်ရန် အမျိုးမျိုးကြိုးစား လမ်းရှာဖွေပုံ၊ နောက်ဆုံး မည်သို့အောင်မြင်ပုံ၊ တောင်ကလပ်ပေါ်တက်ရောက်ချိန် တံတားအောက်ကျသွား၍ မြေပြန့်ကမ္ဘာနှင့် အဆက်ပြတ်သွားပုံ၊ ထို့နောက်တွင် ထိုကမ္ဘာသစ်ရှိ ကြောက်မက်ဖွယ်ရာများအကြောင်းကိုလည်းကောင်း၊ စိတ်ဝင်စားစရာများအကြောင်းကိုလည်းကောင်း အသေးစိတ်ပြောပြကြောင်း၊ ဆမ်မာလီက ကိုယ်ရေးအကြောင်းအရာများကို အနည်းအကျဉ်းသာတင်ပြ၍ တောင်ကလပ်ပေါ်မှရရှိခဲ့သော သိပ္ပံပညာဆိုင်ရာ အသိပညာများအကြောင်းကိုသာ အလေးပေးပြောကြားကြောင်း၊ ထိုနေရာ၌ အသက်ရှင်လျက်ရှိကြသော ထူးဆန်းသည့်သတ္တဝါများ၏စာရင်းကို တင်ပြကာ အကယ်၍ကျကျနန လေ့လာနိုင်လျှင် ပိုမိုတွေ့ရှိဦးမည်မှာ





သံသယဖြစ်ဖွယ်မရှိကြောင်း၊ ၎င်းတို့အဖွဲ့သည် သိပ္ပံပညာလောကက လုံးဝမသိသေးသောသတ္တဝါမျိုး တစ်ဒါဇင်ထက်မနည်းကို မြင်တွေ့ခဲ့ကြကြောင်း၊ ၎င်းတို့ကို လေ့လာ၍ အမျိုးအစားခွဲခြားရန် အချိန်မီဆောင်ရွက်သင့်ကြောင်း။

ကံဆိုးရှာခဲ့သူ အမေရိကန်လူမျိုး ရေးဆွဲခဲ့သည့် ဧရာမသတ္တဝါကြီးတစ်ကောင်ကို မစ္စတာမကိုနီတွေ့ကြုံခဲ့ရကြောင်း၊ ထူးဆန်းသောကမ္ဘာသစ်ကို ပထမဦးဆုံးခြေချသူမှာ ထိုအမေရိကန်လူမျိုးဖြစ်ကြောင်း, ဂုဏ်ယူရမည့်အကြောင်း၊ သူက အသားစားဒိုင်နိုဆောကြီးအကြောင်းပြောပြသောအခါ ပရိသတ်လှုပ်ရှားမှုဖြစ်ကြကြောင်း၊ ထိုအကောင်ကြီးသည် ၎င်းတို့စခန်းကို တိုက်ခိုက်ခြင်း၊ လိုက်လံခြင်းပြုခဲ့၍ တောင်ကလပ်ပေါ်မှ အန္တရာယ်အကြီးဆုံး သတ္တဝါကြီးဖြစ်ကြောင်း တင်ပြကြောင်း။

ထို့နောက်တွင် လူတစ်ပိုင်းဟုဆိုရမည့် မျောက်လူများ၏နယ်မြေနှင့် တောင်ကလပ်ပေါ်ရှိ အင်ဒီယန်းတို့အကြောင်းနှင့် ၎င်းတို့အဖွဲ့က အင်ဒီယန်းတို့၏ ကြောက်မက်ဖွယ်အကောင်းဆုံးရန်သူ လူတစ်ပိုင်း "မျောက်လူ" များကို ချေမှုန်းရာ၌ ကူညီခဲ့ပုံများကိုပြောပြကြောင်း၊ သို့သော် ပရိသတ်ကိုအကြီးဆုံး အံ့အားသင့်စေသည်မှာ ရေကန်ကြီး၌မိုတင်းနေထိုင်လျက်ရှိကြသော



www.burmeseclassic.com

www.burmeseclassic.com



သတ္တဝါများအကြောင်း တင်ပြသည့်အခါဖြစ်ကြောင်း၊ ရေကန်ရှိ ထူးဆန်းသောသတ္တဝါကြီးများအကြောင်းကို ပညာရှင်ပရော်ဖက်ဆာကြီးက တည်ငြိမ်စွာပြောကြားသည်ကို ပရိသတ်မှာ မိမိနားမိမိ မယုံနိုင်အောင် ဖြစ်ကြရကြောင်း။

ဆမ်မာလီက ပရော်ဖက်ဆာချလင်ဂျာက လွတ်မြောက်ရေးအတွက် မိုးပျံဘောလုံးစီစဉ်ပုံ, လွတ်မြောက်ဖွယ်ရှိပုံ၊ သို့သော်မည်သို့အဆုံးသတ်သွားပုံ ပြောပြသောအခါ ပရိသတ်ရှင်မြူးရယ်မောကြကြောင်း၊ နောက်ဆုံး လူ့ယဉ်ကျေးနယ်ပယ်သို့ ပြန်ရောက်ရန်မည်သို့မည်ပုံ လမ်းတွေ့ရကြောင်း တင်ပြ၍ ၎င်း၏စကားကိုအဆုံးသတ်သွားကြောင်း။

လူအများက ဤနေရာ၌ အစည်းအဝေးကြီးပြီးဆုံးကာ ချီးကျူးကျေးဇူးတင်စကား ထွက်ပေါ်လာလိမ့်မည်ဟု မှတ်ထင်ကြောင်း၊ ပရိသတ်သည် အေးချမ်းစွာအိမ်ပြန်ကြ၍ ကြားခဲ့ရ သောထူးဆန်းထွေလာအကြောင်းများကို စားမြုံ့ပြန်စဉ်းစားကြလိမ့်မည်ဟု ထင်မှတ်ကြကြောင်း၊ သို့ရာတွင် အသင်းဝင်များအတွင်း၌ ဆန့်ကျင်သမားအချို့ရှိကာ ဆမ်မာလီ၏ပြောဟောချက်ကို မယုံကြည်သည့်လက္ခဏာများ ဖော်ပြကြကြောင်း၊ ပရော်ဖက်ဆာဆမ်မာလီ အဆုံးသတ်သောအခါ အီဒင်ဘတ်တက္ကသိုလ်မှ ပရော်ဖက်ဆာအီလင်ဝါ့သ် ထကာ တင်ပြချက်

လျှို့ဝှက်ဆန်းကြယ် မဂ္ဂဇင်းတိုက်



အားလုံးနှင့် သံသယဖြစ်သောအချက်များကို တင်ပြကြောင်း၊ ထိုအချက်က ဤအစည်းအဝေးကြီးကို မေ့ပျောက်သွားစေနိုင်ဖွယ်မရှိသော အဖြစ်အပျက်များ ဖြစ်ပေါ်စေခဲ့ကြောင်း။

* * * * * * *

လျှို့ဝှက်ဆန်းကြယ် မဂ္ဂဇင်းတိုက်

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၇)

### ဒေါက်တာအီလင်ဝါသ်၏သံသယ

ဒေါက်တာအီလင်ဝါ့သ်သည် ရှေးဦးစွာ ပရော်ဖက်ဆာ ဆမ်မာလီနှင့် ချလင်ဂျာတို့၏ သိပ္ပံပညာဆိုင်ရာလုပ်ရပ်များကို စိတ်ပါလက်ပါချီးကျူးခဲ့လေသည်။ သူဆက်လက်ပြောကြားမည့် စကားတို့သည် ပညာရှင်ပုဂ္ဂိုလ်ကြီးနှစ်ဦးအပေါ် ကိုယ်ရေးကိုယ်တာ အာဃာတထား၍ ပြောကြားခြင်းမဟုတ်ဟု ယုံကြည်ကြစေရန် မျှော်လင့်ပုံရှိလေသည်။ သူ၏အနေအထားမှာ ယမန်နှစ် အစည်းအဝေးတွင် ပရော်ဖက်ဆာဆမ်မာလီရပ်တည်ခဲ့သော အနေအထားမျိုးဖြစ်၏။ ထိုစဉ်က ပရော်ဖက်ဆာချလင်ဂျာ၏ စာတမ်းနှင့်ပတ်သက်၍ ဆမ်မာလီသည် အကြီးအကျယ်သံသယ ဖြစ်ခဲ့လေသည်။ ယခုသော် ထိုအချက်အလက်များနှင့် ပတ်သက်၍ မှန်ကန်ကြောင်း သူကပို၍ပင် တင်ပြခဲ့လေပြီ။

ရှိ၊၉ ကံသန်းကြွယ် မဂ္ဂဇင်းတိုက်

www.burmeseclassic.com

www.burmeseclassic.com



သို့သော် ထိုတင်ပြချက်တို့မှာ သက်သေခိုင်လုံသည်ဟု မဆိုသာ၊ လွန်ခဲ့သောတစ်နှစ်ကအကြောင်းအရာတစ်ရပ်ကို လူတစ်ဦးက တင်ပြခဲ့၏။ ယခုသော် ထိုအကြောင်းအရာကိုပင် သူလေးဦးက တင်ပြပြန်သည်။ ခရီးသွားတို့ပြောပြကြသော အတွေ့အကြုံများမှာ အမြဲတမ်းယုံကြည်လောက်သည်မဟုတ်ကြောင်း လူတိုင်းသိကြပါသည်။ လူ့သဘာဝမှာ တစ်နည်းမဟုတ်တစ်နည်းအားနည်းချက်ရှိစမြဲ။ ပညာရှင်ပရော်ဖက်ဆာကြီးများပင်လျှင် ထင်ပေါ်ကျော်ကြားလိုသောဆန္ဒကြောင့် မိမိကိုယ်မိမိလှည့်စားနိုင်ကြောင်း၊ လော့ဒ်ဂျွန်ရောက်စတန်လို မုဆိုးတစ်ယောက်သည် ၎င်း၏ပြိုင်ဘက်များထက်သာ၍ အကောင်ကြီးများကို ပစ်ခတ်နိုင်သည်ဟု ပြောနိုင်ကြောင်း၊ မစ္စတာမကိုနီလို သတင်းထောက်ကလေးတစ်ယောက်အဖို့ ဖာတ်လမ်းကောင်းကောင်းတစ်ခုမှာ ငွေကြေးအစုအပုံ ရရှိနိုင်ကြောင်း၊ ခရီးသွားများသည် ၎င်းတို့နှင့်အတူ မည်သည့်သက်သေခံအထောက်အထားကိုယူဆောင်ခဲ့ကြပါသနည်း။ သူတို့၏ဓာတ်ပုံအချို့ပါလာသည်ဆို၏။

သို့သော် ယနေ့ကာလတွင် ဓာတ်ပုံအတုဖန်တီးရန်မှာ လွယ်ကူလှကြောင်း၊ ၎င်းတို့က သတ္တဝါကြီးများမှာ လျင်မြန်စွာ





ထွက်ပြေးကွယ်ပျောက်သွားကြသောကြောင့် ဖမ်းဆီးယူဆောင်လာရန်မတတ်နိုင်ကြောင်း ပြောကြားကြသည်။ ဤသည်မှာ အကြောင်းပြချက်ကောင်းဖြစ်ပါသည်။ သို့သော် လူအများစုမှာ နားမလည်နိုင်ကြကြောင်း၊ လော့ဒ်ဂျွန်က သူ့ထံ၌ထူးဆန်းသောသတ္တဝါကြီး၏ဦးခေါင်းခွံရှိသည်ဟု ပြောကြောင်း၊ အကယ်၍ ထိုသတ္တဝါကြီးသာ အသက်ထင်ရှားရှိနေသေးလျှင် ၎င်း(ဒေါက်တာအီလင်ဝါ့သ်)က ကြည့်ရှုလိုကြောင်း။

လော့ဒ်ဂျွန် .... "ကျုပ်ကိုလူလိမ်လို့ ဆိုတာလား"

သဘာပတိ .... "အမိန့် .. အမိန့် .. ဒေါက်တာအီလင်ဝါ့သ်ခင်ဗျားစကားကို နိဂုံးချုပ်ပါတော့လို့ ကျုပ်မေတ္တာရပ်ခံပါလိမ့်မယ်။

ဒေါက်တာအီ... လင်ဝါ့သ် "ကျုပ်မှာ ထပ်ပြောစရာမရှိတော့ပါဘူး၊ ဒါပေမယ့် ပရော်ဖက်ဆာဆမ်မာလီရဲ့ စိတ်ဝင်စားစရာ တင်ပြချက်အတွက်တော့ ကျေးဇူးတင်စရာကောင်းပါတယ်။ ဒါပေမယ့် အကြောင်းအရာတစ်ရပ်လုံးဟာ သက်သေအထောက်အထား မခိုင်လုံပါဘူး။ ဒီကိစ္စကိုတစ်ခြားကော်မတီထပ်ဖွဲ့ပြီး စူးစမ်းသင့်ပါ



www.burmeseclassic.com

www.burmeseclassic.com



တယ်။ အားလုံးကယုံကြည်နိုင်မယ့် ပုဂ္ဂိုလ်မျိုးလိုပါတယ်"

ထိုဆွေးနွေးချက်များကြောင့် ဖြစ်ပေါ်လာသည့်အခြေအနေရှုပ်ထွေးမှုကို ဖော်ပြရန်ခက်ခဲလှကြောင်း၊ ခရီးသည်လေးဦး၏ရိုးသားမှုအပေါ် ယခုလိုတိုက်ခိုက်ခြင်းအတွက် အချို့အသင်းဝင်များက ပြင်းစွာအမျက်ထွက်ကြကြောင်း၊ သို့သော် တစ်ပိုင်းက ဒေါက်တာအီလင်ဝု့သ်ကို ဩဘာပေး၍ ၎င်း၏စကားကိုလက်ခံကြကြောင်း၊ ခန်းမကြီး၏နောက်ပိုင်းတွင် သတ်ပုတ်မှုများဖြစ်ပွားလာကြောင်း၊ အမျိုးသမီးပရိသတ်အများကြီးရှိနေသဖြင့်သာ ဆိုးဆိုးရွားရွား ဲပေါက်ကွဲမှုမဖြစ်ပေါ်ပဲ ရှိကြကြောင်း။

ရုတ်တရက်တိတ်ဆိတ်သွားကြရာမှ ပရိသတ်၏အသံမှာ လုံးလုံးငြိမ်သက်သွားကြကြောင်း၊ ပရော်ဖက်ဆာချလင်ဂျာမတ်တပ်ရပ်လိုက်သဖြင့် ၎င်း၏ပြောစကားကို ကြားနိုင်စေရန်နေရာတကျ နေရာယူလိုက်ကြကြောင်း။

ပရော်ဖက်ဆာ ချလင်ဂျာက . . .

"အခုတက်ရောက်လာကြတဲ့သူအချို့ဟာ အရင်တစ်ကြိမ်တုန်းက ကျုပ်က ခင်ဗျားတို့ရှေ့မှာရပ်ခဲ့တဲ့ ဒီအဖြစ်မျိုးကိုကောင်းကောင်းမှတ်မိကြလိမ့်မယ်လို့ ယုံကြည်ပါတယ်။ အဲဒီ



BURMESE CLASSIC .com



တုန်းက ကျုပ်ရဲ့စာတမ်းကိုငြင်းချက်ထုတ်ခဲ့တဲ့ ပုဂ္ဂိုလ်ဟာ ပရော်ဖက်ဆာဆမ်မာလီဖြစ်ပါတယ်။ သူဟာ သူ့အမှားကိုမြင်တွေ့ပါပြီ။ ဒါပေမယ့် အခုထိုင်နေတဲ့ပုဂ္ဂိုလ်တွေ နားလည်မှုရဖို့ကိုတော့ ဘယ်အရာကမှ မပြုလုပ်နိုင်ခဲ့ပါဘူးထင်ပါတယ်။ ပရော်ဖက်ဆာဆမ်မာလီဟာ ယခုည ခင်ဗျားတို့ကို ဟောပြောဂုဏ်ယူနိုင်ခဲ့ပါတယ်။ ဘာပြုလို့လဲဆိုတော့ သူဟာ ကျုပ်စာတမ်းကို စစ်တမ်းထုတ်ဖို့ ရွေးချယ်ထားတဲ့သူ ဖြစ်လို့ပါပဲ။ ဒါပေမယ့် ပရိသတ်ကြီးသိတဲ့အတိုင်းပဲ အမေဇုန်မြစ်ဝှမ်းကနေပြီး ပျောက်ဆုံးနေတဲ့ကမ္ဘာကို ဒီအဖွဲ့ဦးဆောင်သွားတဲ့သူဟာ ကျုပ်ကိုယ်တိုင်ဖြစ်ပါတယ်။ ကျုပ်တို့ပြန်ရောက်တဲ့အခါ အားလုံးက ယုံကြည်ကြလိမ့်မယ်လို့ မျှော်လင့်ခဲ့ကြပါတယ်။ ကျုပ်တို့ရဲ့ဓာတ်ပုံအများနဲ့ကင်မရာများ ပျက်စီးခဲ့တာဟာလဲ အမှန်ပါပဲ။ (ရယ်သံများနှင့်ဓာတ်လမ်းကောင်းပဲဗျို့ဟူသော သရော်အော်ဟစ်သံတို့ ပေါ်လာကြသည်) လူတစ်ပိုင်းမျောက်များအကြောင်းကို ခင်ဗျားတို့ကြားခဲ့ကြပါပြီ၊ သူတို့အသံဗလံတွေဟာ အခုကျုပ်တို့ကြားရတဲ့အသံတွေနဲ့ ထပ်တူပါပဲ (တအုန်းအုန်းရယ်သံနှင့် ထောက်ခံသူတို့၏ဩဘာလက်ခုပ်သံပေါ်လာသည်) ဓာတ်ပုံအများအပြားပျက်စီးခဲ့ပေမယ့် ပျောက်ဆုံးနေတဲ့ကမ္ဘာပေါ်က သက်ရှိမျိုးဘာဝကို



www.burmeseclassic.com

www.burmeseclassic.com



အသေးစိတ်ဖော်ပြနိုင်တာတစ်ချို့ ကျုပ်တို့မှာရှိပါသေးတယ်။ အဲဒါတွေဟာ လုပ်ကြံထားတဲ့မာတ်ပုံတွေလို့ စွပ်စွဲမယ့်လူရှိပါသလား (ရှိတယ် . . ဟုအော်သံနှင့်အတူ လူအချို့ခန်းမအပြင်ဘက်ထွက်ခွာသွားကြသည်) ဒါပေမယ့် ကျုပ်တို့မှာ တစ်ခြားသက်သေခံအထောက်အထား ရှိပါသေးတယ်။ ပရော်ဖက်ဆာဆမ်မာလီဟာ ပိုးမွှားများစွာ စုဆောင်းယူလာခဲ့ပါတယ်၊ အတော်များများဟာ သိပ္ပံလောကက လုံးဝမသိသေးပါဘူး''

ဒေါက်တာအီလင်ဝါ့သ် (နေရာမှထ၍) . . .

''ဒီစုဆောင်းမှုမျိုးကို သမိုင်းမတင်မီဒေသ တောင်ကလပ်မှာထက် တစ်ခြားနေရာမှာ လုပ်လဲရပါတယ်''

ချလင်ဂျာက . . .

''ခင်ဗျားပြောတာ မှန်ပါပေတယ်ဗျာ၊ ဒါပေမယ့် ကျုပ်တို့ရဲ့ ကာရိုဒက်တိုင်လ်ရဲ့မာတ်ပုံက လူတိုင်းယုံကြည်လောက်အောင် ကောင်းမွန်ပါတယ်''

အီလင်ဝါ့သ်က . . .

''ဘယ်ဓာတ်ပုံကမှ ကျုပ်တို့ကို ဘယ်အကြောင်းအရာမှ ယုံကြည်အောင် မလုပ်နိုင်ပါဘူး''

ထိုအခါ ချလင်ဂျာက . . .

လျှို့ဝှက်ဆန်းကြယ် မဂ္ဂဇင်းတိုက်



''ခင်ဗျားက ပကတိအကောင်အတိုင်း မြင်ချင်တယ်ဆိုပါတော့''

အီလင်ဝါ့သ်က ''ဟုတ်ပါတယ် မြင်ချင်ပါတယ်''

''ဒီလိုဆိုရင် . . အဲဒါကိုအထောက်အထားအဖြစ် ခင်ဗျားလက်ခံမယ်ပေါ့''

''ကျုပ်လက်ခံပါတယ်''

ထို့နောက်တွင် ထိုညအဖို့ အထူးခြားဆုံးဖြစ်ရပ်ပေါ်ပေါက်လာကြောင်း ပရော်ဖက်ဆာချလင်ဂျာက အချက်ပြလက်မြှောက်လိုက်ရာ မစ္စတာမကိုနီသည် နေရာမှထ၍ စင်မြင့်နောက်ဘက်ဝင်သွားကြောင်း၊ ထို့နောက် ထွားကျိုင်းလှသော လူမည်းကြီးတစ်ယောက်နှင့်အတူ ပြန်ဝင်လာ၍ နှစ်ယောက်သား သစ်သားသေတ္တာကြီးတစ်လုံးကို မယူလာကြကြောင်း၊ သေတ္တာကြီးလေးလံလှကြောင်းမှာ သိသာ၏။

နှစ်ယောက်သား သတိကြီးစွာဖြင့် တဖြည်းဖြည်းသယ်ယူလာကြရကြောင်း၊ သူတို့သေတ္တာကြီးကို ပရော်ဖက်ဆာချလင်ဂျာ၏ ရှေ့မှောက်ချထားကြကြောင်း၊ ခန်းမအတွင်းရှိလူတိုင်းတိတ်ဆိတ်နေကြပြီး မျက်လုံးများက သေတ္တာကြီးကို စူးစိုက်ကြည့်နေကြောင်း၊ ပရော်ဖက်ဆာချလင်ဂျာက အဖုံးကိုဖွင့်လိုက်

လျှို့ဝှက်ဆန်းကြယ် မဂ္ဂဇင်းတိုက်

www.burmeseclassic.com

www.burmeseclassic.com



ပြီး လက်ဖျောက်တီးကာ ငြင်သာသောအသံဖြင့် . . . "ကိုင်း . . အလှကလေးရေ လာခဲ့စမ်း" ဟု ခေါ်လိုက်ကြောင်း။

ခဏအတွင်း၌ တုန်လှုပ်ကြောက်လန့်ဖွယ်အကောင်းဆုံးသတ္တဝါကြီးတစ်ကောင်သည် သေတ္တာအတွင်းမှ တဖြည်းဖြည်းထွက်လာပြီး သေတ္တာစွန်း၌နားနေကြောင်း၊ ထိုထူးဆန်းသောသတ္တဝါကြီးကို ကြည့်နေစဉ် ပရိသတ်မှာ အသက်ပင်မရှူနိုင်ကြကြောင်း၊ ၎င်း၏တောင်ပံကြီးသည် မိန်းမအိုကြီးပမာ ကွေးညွတ်နေပြီး ညိုမှိုင်းသောအဝတ်ခြုံထားသည်နှင့်တူကြောင်း၊ ၎င်း၏ကြီးမားကြောက်ရွံ့ဖွယ်ပါးစပ်ကြီးကို ဟထားရာ ထက်လှသောသွားတန်းနှစ်တန်းကို မြင်ရကြောင်း၊ ၎င်းထံမှ ညစ်ပတ်စက်ဆုပ်ဖွယ်အနံ့ကြီးက တစ်ခန်းလုံးပြန့်နေကြောင်း။

ရှေ့တန်းမှအမျိုးသမီးနှစ်ဦး သတိမေ့ကာ ကုလားထိုင်ပေါ်ကျသွားကြကြောင်း၊ ဒါဟန်မြို့စားကြီးမှာ ကုလားထိုင်မှ တစ်ဝက်ခန့်မျှထလိုက်စဉ်ပင် ရှေ့သို့ထိုး၍လဲကျသွားကြောင်း။

* * * * * * *



BURMESE CLASSIC .com

## အခန်း (၁၈)

### ဇာတ်သိမ်းပိုင်း

ပရိသတ်ထဲမှ အသင်းဝင်အချို့မှာ တစ်ဟုန်တည်းထ၍ တံခါးဆီသို့ပြေးလွှားကြကြောင်း၊ ၎င်းတို့၏မျက်နှာများပေါ်တွင် ကြောက်လန့်ခြင်း အမူအရာမှာ ထင်ရှားပေါ်လွင်လှကြောင်း၊ ၎င်းတို့ခန်းမအတွင်းမှ တရကြမ်းအလုအယက် ပြေးထွက်ကြခြင်းကြောင့် မည်မျှထိခိုက်သေဆုံးခြင်း ဖြစ်နိုင်သည်ကို ထိုအချိန်က မည်သူမျှမပြောနိုင်ကြချေ။ သို့သော် ပရော်ဖက်ဆာချလင်ဂျာက လက်ကို ဆန့်တန်း၍ တစ်ခဲနက်အသံကြီးဖြင့် ပရိသတ်ငြိမ်သက်စေရန် အော်ပြောရာ အတိုင်းအတာတစ်ရပ်အထိ အောင်မြင်မှုရရှိကြောင်း၊ သို့ရာတွင် ပရိသတ်ကို ငြိမ်သက်အောင်ပြုလုပ်ခြင်း



www.burmeseclassic.com

www.burmeseclassic.com



သည် သတ္တဝါကြီးကို ချောက်ချားစေကြောင်း၊ သတ္တဝါကြီး၏ ပခုံးမှ အညိုရောင်အရေပြားကြီးသည် ရောမတောင်ပံကြီးနှစ်ခုပမာ တဖြည်းဖြည်းဖြန့်ထွက်လာကြောင်း၊ ပရော်ဖက်ဆာချလင်ဂျာက အကောင်ကြီး၏ခြေထောက်မှ ကိုင်ဖမ်းရန် ကြိုးစားသေးသော်လည်း နောက်ကျသွားကြောင်း၊ အကောင်ကြီးသည် ဖြည်းညှင်းစွာလေထဲပျံတက်သွားပြီးနောက် ဘုရင်မခန်းမကြီးအတွင်း လှည့်ပတ်ပျံသန်းနေကြောင်း၊ ၎င်း၏စဉ်းလဲပုံရသော မျက်လုံးနီကြီးတို့က တောက်ပြောင်နေပြီး အနံ့ဆိုးကြီးက ပို၍စူးရှလာကြောင်း၊ အမိုးနှင့်နီးသောအမြင့်ပိုင်း ထိုင်ခုံများမှ ပရိသတ်တို့မှာ မျက်လုံးနီကြီးနှင့် ကြောက်ခမန်းလိလိနှုတ်သီးကြီး ၎င်းတို့ထံနီးကပ်လာသောအခါ ထိတ်လန့်တကြားအော်ဟစ်ကြကြောင်း၊ အကောင်ကြီးသည် အရှိန်ပြင်းစွာပျံသန်းလာရင်း လွတ်မြောက်စေရန်အလို့ငှာ နံရံကိုနှုတ်သီးဖြင့် အချည်းနှီးဖောက်သေးကြောင်း။

"ပြတင်းပေါက်တွေ . . ပြတင်းပေါက်တွေ ပိတ်လိုက်ကြပါ"ဟု ပရော်ဖက်ဆာချလင်ဂျာက အော်ဟစ်ပြောကြားကြောင်း၊ သို့သော် သူ၏သတိပေးချက်မှာ များစွာနောက်ကျသွားကြောင်း၊ သတ္တဝါကြီးသည် တစ်ဝက်ပွင့်နေသည့် ပြတင်း





ပေါက်တစ်ခုကိုတွေ့သွားပြီး အစွန်း၌နားကာ ဘေးတင်းစွာဖြင့် အပြင်သို့တိုးထွက်သွားကြောင်း၊ သတ္တဝါကြီးလွတ်မြောက်သွား၍ ရာပေါင်းများစွာသောသူတို့၏ သက်မချသံမှာ ဟိန်းထွက်လာကြောင်း။

ပရော်ဖက်ဆာချလင်ဂျာသည် သူ၏ကုလားထိုင်ပေါ်ပစ်ကျသွားကာ မျက်နှာကိုလက်နှစ်ဖက်ဖြင့်အုပ်ထားကြောင်း၊ စိတ်ထိခိုက်ခြင်း၊ စိတ်ပျက်ခြင်းမှာ ပေါ်လွင်လှကြောင်း၊ သို့သော် ၎င်းအားဤသို့နေရန် အခွင့်မပြုကြကြောင်း၊ သူ့အပေါ် အစဉ်ယုံကြည်ခဲ့သူများနှင့် ယခင်ကသူ့အပေါ်အယုံအကြည်မရှိခဲ့ကြသူများသည် သူနှင့်သူ့အဖော်သုံးဦးထံသို့ တစ်ဟုန်ထိုးပြေးဝင်ကြကြောင်း၊ တစ်ခဲနက်ချီးကျူးသံကြီးက ဘုရင်မခန်းမဆောင်ကြီး၏အမိုးကိုပင်တုန်လှုပ်စေကြောင်း၊ သူနှင့်သူ၏အဖော်သုံးဦးကား ပရိသတ်၏သူရဲကောင်းကြီးများဖြစ်တော့ကြောင်း။

"ထမ်းကြဟေ့ . . ထမ်းကြဟေ့"ဟု ရာပေါင်းများစွာသောအသံတို့ပေါ်လာပြီး ထိုပုဂ္ဂိုလ်လေးဦးသည် ပရိသတ်ကြီး၏ဦးခေါင်းများပေါ်ရောက်ရှိသွားကြောင်း၊ ၎င်းတို့က လွတ်မြောက်အောင်ကြိုးစားရာ အရာမထင်ဖြစ်ရကြောင်း၊ သူတို့လွတ်မြောက်



www.burmeseclassic.com

www.burmeseclassic.com



ရန်ကြိုးပမ်းသည်နှင့်အမျှ သူတို့သည် ဦးခေါင်းများ၊ ပခုံးများပေါ်၌သာ ခြေချရသည်အထိ ပရိသတ်များက များပြားပြွတ်သိပ်လှကြောင်း။

"လမ်းလျှောက်ပွဲဟေ့ . . စီတန်းလမ်းလျှောက်ပွဲ၊ ရီဂျင့်လမ်းကို ရီဂျင့်လမ်းကို" ဟု အော်ဟစ်ကြကြောင်း။

ပရိသတ်ကြီးက သူရဲကောင်းလေးဦးကို ပခုံးများထက်တင်၍ ခန်းမကြီးမှ တဖြည်းဖြည်းဆင်းကြကြောင်း၊ တံခါးမကြီးမှ ထွက်၍ လမ်းမပေါ်ရောက်ကြကြောင်း၊ စည်းဝေးခန်းမကြီးအတွင်း ဝင်ရောက်နိုင်ခြင်း မရှိခဲ့သည့်ထောင်ပေါင်းများစွာသော ပရိသတ်ကြီးက ၎င်းတို့ထွက်ပေါ်အလာတွင် တစ်ခဲနက်ဩဘာပေးကြပြီး လမ်းလျှောက်ပွဲ၌ ပူပေါင်းပါဝင်ကြကြောင်း၊ လမ်းလျှောက်ပွဲကြီးသည် မြို့တော်၏ထင်ရှားသောလမ်းမကြီးများ၌ လှည့်လည်သွားကြကြောင်း၊ မကြာခဏဆိုသလို လှုပ်ရှားမှုများဖြစ်ပွားကြောင်း၊ ခရီးသွားယာဉ်များ ရပ်တန့်သွားကြရပြီး ပုလိပ်တို့က လမ်းလျှောက်ပွဲကို လူစုခွဲရန်ကြိုးစားရာမှ တိုက်ခိုက်ပွဲများစွာဖြစ်ပွားရကြောင်း၊ သန်းခေါင်ယံကျော်သောအခါမှ သူရဲကောင်းလေးဦးမှာ ၎င်းတို့၏အိမ်များသို့ ပြန်ခွင့်ရရှိကြတော့ကြောင်း။

လျှို့ဝှက်ဆန်းကြယ် မဂ္ဂဇင်းတိုက်



လန်ဒန်မြို့တော်၏ ညမြင်တွေ့ရသမျှတွင် ထူးခြားဆုံးသောဖြစ်ရပ်ကား ဤသို့အဆုံးသတ်ခဲ့လေသည်။

ဤကား ကျွန်တော်၏သတင်းစာ၌ ဖော်ပြခဲ့ချက်ဖြစ်ပြီး တော်တည့်မှန်ကန်သော ရေးသားချက်လည်းဖြစ်ပါသည်။ ကာရီဒက်တိုင်လ်ကြီးကို မြင်တွေ့လိုက်ရခြင်းသည် ပရိသတ်အဖို့ အထူးတလည်အံ့ဩရသော်လည်း ကျွန်တော်တို့အဖို့ကား မထူးတော့ပါချေ။ ကျွန်တော်တို့၏ခရီးလမ်းတစ်လျှောက်၌ ထိုအကောင်ကြီးကို လျှို့ဝှက်ယူဆောင်ရခြင်းမှာ အဘယ်မျှခက်ခဲလှကြောင်း ကျွန်တော့်မှာပြောမပြတတ်အောင် ရှိရပါတော့သည်။ သူ့ကိုကျွေးမွေးရန် အစာအဖြစ် ပုပ်နေသောငါးများကိုပေး၍ ယူဆောင်ခဲ့ကြရပါသည်။

ယခုသော် အကောင်ကြီးသွားလေပြီ။ ကျွန်တော်တစ်ယောက်တည်းအနေဖြင့်ကား ဝမ်းမနည်းပါချေ။ ထိုအကောင်ကြီးမည်သို့ ဖြစ်သွားသည်ဆိုခြင်းကို ရေရေရာရာ မသိရပါ။ သို့သော် အင်္ဂလန်ပြည်အနောက်ဖက်ကမ်းရိုးတန်း ပင်လယ်တွင်းမှ သင်္ဘောတစ်စင်းပေါ်မှ နောက်တစ်နေ့နံနက် (၉) နာရီခန့်တွင် ကြောက်မက်ဖွယ်သတ္တဝါကြီးတစ်ကောင်ပျံသန်းသွားသည်ကိုမြင်လိုက်ရကြောင်း သတင်းရရှိပါသည်။ ထိုအကောင်ကြီး

လျှို့ဝှက်ဆန်းကြယ် မဂ္ဂဇင်းတိုက်

www.burmeseclassic.com

www.burmeseclassic.com



သည် အနောက်အရပ်သို့ အရှိန်ပြင်းစွာဖြင့် ပျံသန်းသွားသည်ဆို၏။ ထိုကဲ့သို့ဆိုလျှင် အတ္တလန္တိတ်တစ်နေရာတွင် ဥရောပမှ နောက်ဆုံး ကာရိဒက်တိုင်လ် အသက်ပျောက်သွားဖွယ်ရာ ရှိချေသည်။

သို့သော် ဂလက်ဒစ်၊ ကျွန်တော်၏ ဂလက်ဒစ်ရှိပါသေး၏။ သူ့အတွက်ပင် ကျွန်တော်သည် စွန့်စားခန်းများကို ရှာဖွေခဲ့ပြီး သေမင်းနှင့်ရင်ဆိုင်ခဲ့ရသည် မဟုတ်ပါလော။ ပြန်ရောက်လာသော် သူမ၏သူရဲကောင်းကို နှုတ်ဆက်ရန် စောင့်မျှော်နေလေပြီလော။ ထို့နောက် လက်ထပ်အခြေချကာ ဘဝခရီးကို အတူလျှောက်ကြတော့မည် မဟုတ်လော။ မဟုတ်ပါချေ။

ကျွန်တော်ပြန်အရောက်၌ ကျွန်တော်အတွက် စာတစ်စောင်တစ်လေမျှ ရောက်မနေနှင့်ပါ။ ထို့ကြောင့်ပင် အခွင့်သာလျှင်သာခြင်း ကျွန်တော်သည် ဂလက်ဒစ်တို့မိသားစုနေထိုင်ရာ အိမ်သို့သွားရောက်ခဲ့ပါသည်။ ပန်းခြံကလေးကို အလျင်အမြန် ဖြတ်သန်းခဲ့၏။ အိမ်အပြင်ကတည်းက သူမအသံကိုကြားရ၏။ တံခါးကိုတွန်းဖွင့်၍ ဧည့်ခန်းသို့အလောတကြီး ဝင်ရောက်ခဲ့ပါသည်။ စန္ဒရားခုံ၌ ဂလက်ဒစ်ရှိနေပါသည်။ မီးရောင်မှိန်ပျပျတွင် အလွန်လှပနေပါ၏။ ခြေလှမ်းသုံးလှမ်းတည်းနှင့် အခန်း





ကိုဖြတ်ကျော်ပြီး ဂလက်ဒစ်၏လက်နှစ်ဖက်ကို ဆုပ်ကိုင်လိုက်ပါသည်။

"ဂလက်ဒစ်" ကျွန်တော်က အားပါးတရ ခေါ်လိုက်၏။

"ဂလက်ဒစ် ဆန္ဒပြည့်ပြီနော်"

သူကမ ကျွန်တော့်ကို အံ့သြတကြီးကြည့်ရင်း လက်ကို အွဲရုတ်လိုက်ပါသည်။

"ဘာကိုဆိုလိုတာလဲ" ဟု သူမကမေး၏။

"ဂလက်ဒစ် . . ဘယ်လိုအဓိပ္ပါယ်လဲကွယ်၊ မင်းဟာ မောင်ရဲ့ဂလက်ဒစ် မဟုတ်တော့ဘူးလားကွယ်၊ လစ်တဲလ်-ဂလက်ဒစ် ဟန်ဂါတန်"

"မဟုတ်ပါဘူး"ဟု သူမက ဆို၏။

"ကျွန်မ ဂလက်ဒ်ပေါလ်ပါ ရှင့်ကို ကျွန်မခင်ပွန်းနဲ့ မိတ်ဆက်ပေးပါရစေ"

ဘဝကာ ဆန်းကြယ်စွတကား၊ ကျွန်တော်သည် ဆံပင်နီနီနှင့် လူသေးသေးတစ်ဦးနှင့် လက်ဆွဲနှုတ်ဆက်နေရပါ၏။ ထိုသူသည် ကုလားထိုင်ကြီးတစ်လုံး၌ထိုင်ရင်း မြုပ်ကွယ်နေခဲ့လေသည်။

"ကျွန်မတို့အိမ်မရခင်လေးမှာ အဖေက ဒီမှာနေခွင့်ပေး



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



ထားပါတယ်” ဟု ဂလက်ဒစ်ကပြော၏။

ကျွန်တော်က သူမအား ခွဲခွာထားခဲ့ပြီး အခြားကမ္ဘာတစ်ခုသို့သွားရောက်နေလေရာ သူမကိုမချစ်၍ ထွက်ခွာသွားခြင်းဖြစ်သည်ဟု ယူဆခဲ့သည်ဆိုသော ဂလက်ဒစ်၏စကားကို ကြားရသောအခါ ဤအိမ်မှ မြန်မြန်ထွက်ခွာလေ ကောင်းလေဖြစ်မည်ဟု သိလိုက်ရပါတော့သည်။ ထို့ကြောင့် ကျွန်တော် ထွက်ခွာခဲ့ပါသည်။ သူမ ချမ်းမြေ့ပျော်ရွှင်မှု ရလိမ့်မည်ဟု မျှော်လင့်ပါသည်။ သူမ၏ခင်ပွန်းမှာ ရှေ့နေတစ်ဦး၏စာရေးတစ်ယောက်ဖြစ်၍ ဘဝတစ်သက်တာတွင် မည်သည့်စွန့်စားမှုမျိုးမှ မရှိခဲ့ပါချေ။

တစ်ည၌ အစာစားအပြီးတွင် လော့ဒ်ဂျွန်ရောက်စတန်၏သက်တောင့်သက်သာရှိလှသောအခန်းတွင် ကျွန်တော်တို့ လေးဦးထိုင်မိကြပါသည်။ လော့ဒ်ဂျွန်က ကျွန်တော်တို့ကို တင်ပြစရာအချက်အလက်ရှိသည်ဟု ဆိုပါ၏။

“ကဲ . . ကာရိဒက်တိုင်လ်တွေရဲ့နေရာကို သတိရတယ်မဟုတ်လား၊ အဲဒီနေရာမှာ အပြာရောင်ရွှံ့တွေရှိတယ်လေ၊ အဲဒီရွှံ့တွေက ကင်ဘာလေဒေသက ဒီဘီယာစိန်မိုင်းကိုသွားပြီး သတိရစေတယ်။ အဲဒီစိန်မိုင်းမှာလဲ အပြာရောင်ရွှံ့တွေရှိနေ





တယ်။ အကောင်ကြီးတွေရန်ကလွတ်အောင် လှောင်ချိုင့်တစ်ခုထဲဝင်ပြီး အဲဒီနေရာပြန်သွားကြည့်တယ်လေ၊ ကျွန်တော်ရခဲ့တာက ဒါတွေပေါ့”

သူက သေတ္တာတစ်ခုဖွင့်၍ စားပွဲပေါ်သွန်ချလိုက်ရာ ကျောက်ရိုင်းတုံးနှစ်ဆယ် သုံးဆယ်ခန့်ထွက်ပေါ်လာပါ၏။

“အဲဒီတုန်းကတော့ ဒါတွေဟာ အဖိုးတန်မယ် မတန်မယ်မသိပါဘူး၊ ဒါပေမယ့် ဒီရောက်တော့ မိတ်ဆွေတစ်ဦးဆီ ကျောက်ရိုင်းတစ်တုံးယူသွားပြီး ဖြတ်သွေးပြီး တန်ဖိုးဖြတ်ခိုင်းကြည့်တယ်”

သူသည် အိတ်အတွင်းမှ ဘူးကလေးတစ်ခုထုတ်လိုက်ပြီး ၎င်းအတွင်းမှ တောက်ပသောစိန်တုံးကလေးကို ထုတ်ပြပါသည်။ ကျွန်တော်မြင်ဖူးသမျှတွင် အရည်အသွေးအကောင်းဆုံးဖြစ်ပါသည်။

“အဖြေကတော့ ဒါပဲ၊ စိန်အားလုံးကို သူက ပေါင်နှစ်သိန်းလို့ တန်ဖိုးဖြတ်တယ်၊ ဒါကို ကျွန်တော်တို့ခွဲဝေကြရမှာပေါ့ . . ဒီမယ် ချလင်ဂျာ ခင်ဗျားရဲ့ပေါင်ငါးသောင်းကို ဘာလုပ်မလဲ”

“ကိုယ်ပိုင်ပြတိုက်တစ်ခုတည်ဖို့ အိပ်မက်ခဲ့တာ



www.burmeseclassic.com

www.burmeseclassic.com



ကြာပြီလေ"

"ဆမ်မာလီကကော ခင်ဗျာ"

"စာပေပို့ချရာက အငြိမ်းစားယူမယ်လေ၊ သိပ္ပံပညာလုပ်ငန်းတွေမှာ အများကြီးရှိနေတယ်"

"ကျွန်တော့်ဝေစုကိုတော့ တောင်ကလပ်ကို နောက်တစ်ခေါက်သွားဖို့ စရိတ်အဖြစ် အသုံးပြုပါမယ်"ဟု လော့ဒ်ပွန်က ပြောသည်။

"ဘယ့်နှယ်လဲ ကိုလူပျို . . မောင်ရင်ကတော့ လက်ထပ်ပွဲစရိတ်အတွက် သုံးမှာသေချာတာပေါ့"

"အခုမဟုတ်သေးပါဘူး" ကျွန်တော်က မချိပြုံးနှင့်ပြောလိုက်ရပါ၏။ "တကယ်လို့ ခင်ဗျားကသာ လက်ခံမယ်ဆိုရင် ခင်ဗျားခရီးမှာ အတူလိုက်ပါချင်ပါသေးတယ်"

ရောက်စတန်က တစ်စုံတစ်ရာ မပြောပါ။ သို့သော် သူ၏ညိုမောင်းသောလက်တစ်ဖက်ကို စားပွဲပေါ်မှကျော်၍ ကျွန်တော့်အား ကမ်းပေးလိုက်ပါလေသည်။

ပြီးပါပြီ

လျှို့ဝှက်ဆန်းကြယ်စာတည်းတစ်ဦး

လျှို့ဝှက်ဆန်းကြယ် မဂ္ဂဇင်းတိုက်

BURMESE CLASSIC .com

www.burmeseclassic.com